

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဂမ္ဘီရလောက မဂ္ဂဇင်း




ဂမ္ဘီရလောကမဂ္ဂဇင်းအား *Apple News Stand* တွင်
*i-pad Version* ဖြင့် ဝယ်ယူရရှိနိုင်ပါပြီ။
*Quality Publishing House* နှင့် ဆုပြည့်စုံထွန်းစာပေမှ
ထုတ်ဝေထားသော စာအုပ်များကို

သို့ 8 NOV 2013

မှ

Quality Publishing House
အမှတ် ၅၀၈/၅၁၂ (၂-ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကုန်တိုက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။

www.burmeseclassic.com

www.burmeseclassic.com




Quality Publishing House
အမှတ် ၅၀၈/၅၁၂ (၂-ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။

http://Quality.myanmaronlinesales.com တွင်
တိုက်မှ ထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com


**ဒဂုန်ရွှေမျှား**

ကံတော့အကျိုးပေး ၆

**ဆင်ဖြူကျွန်း အောင်သိန်း**

လူသတ်သမားမော့ ဝက်မှုသိကြို ၂၇

**မင်းရဲကျော်**

အကြောင်းနာနှလုံးသား ရင်ဖြတ်ဝယ် ၃၈

**မြဝတီ**

ပင်လယ်မှသိုးကြောခံ ၅၃

**စိုးဝေ**

လက်တုံ့ပြန်ခွင့် ၆၃

**ရဲမြတ်တင်**

နှင်းမှုန်ကြားမှာကြွယ် ၈၀

**စိုး(မှုဆယ်)**

ထားမုလင်းမနေမင်းခေါင်နှင့် ခေါင်းဖြတ်အဖလောင်းကြီး ၁၁၆

**ဝသုန်ဟိန်းထက်**

စိတ်ဆင်ရိုင်း ၁၅၇

**ဇေယျမင်းသျှင်**

အရိုးရွဲ့ဓား ၁၇၀

**ဟိန်းထက်ဇော်**

အစေခံခွင့်ပြု ၁၉၅

**ဗဟိုဇော**

ချိုကြီးတံ့တာဝ ၂၂၅

**ဆောင်းလှလင်**

ခိုးခိတ်အစပ်မိုးတော မီးရှို့လမ်း ၂၃၈

**Preview** ၅


107

DECEMBER 2013

BURMESE CLASSIC .com

www.burmeseclassic.com

အယ်ဒီတာချုပ်
ကိုမြင့်ထွန်း (Quality)
တာဝန်ခံအယ်ဒီတာ
ဒေါ်မြင့်မြင့်အောင် (ဝ၄ ၃၁၁၁၆၉၉၉)
သုံးသပ်ချက်အယ်ဒီတာ
မောင်မာရှု
အယ်ဒီတာအဖွဲ့
ဉာဏ်လင်းထက်
ရုံးအဖွဲ့
ကိုမိုးသိန်း၊ ထွန်းထွန်းလှိုင်၊ ဇင်နိုင်ထွန်း၊ မင်းထွန်း၊ ရှိုင်းကို၊ နေဇင်လတ်၊
မြမြလင်း၊ သဉ္ဇာဝေ၊ ဝင်းဝင်းမေ၊ ဝင်းဝင်းမာ၊ ဒီမြူ၊ ပိုပို၊ မီမီ၊ နှင်းသက်ဝေ၊
ထုတ်ဝေသူ
ဦးမြင့်ထွန်း (မြ-ဝ၄၂၂၀) Quality Publishing House
အမှတ် - ၅၀၈/၅၁၂ (၂၈)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်(သရဖီကွန်ဒို)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးဒီဇိုင်း
ဉာဏ်လင်းထက်
အတွင်းသရုပ်ဖော်
ကံကောင်း၊ အောင်စိုးမြင့်၊ အောင်နိုင်လတ်၊ ကျော်စိုးညိမ်း၊ မောင်နေကြည်
လှသစ်အောင်(အင်းလျား)၊ မြတ်မင်းသာနိ၊ ကိုကိုကြီး၊ ရှန့်နိုင်ဦး၊ ချစ်သူ၊ မေမှုန်လင်း၊ ဝေါ်ကာ။
ကွန်ပျူတာနှင့် ပေ့ဂ်
Quality
ပုံနှိပ်သူ
မြိုးဝေ့ပုံနှိပ်တိုက်
ဒေါ်ယုယုမွန်၊ ဆန်စက်အပိုင်းစုညီးစက်ရုံဝင်း၊ အထက်ပုဇွန်တောင်လမ်း
စက်ဆန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
စာအုပ်ချုပ်
တင်မေထွန်း
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀၀
စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း
အမှတ် - ၅၀၈/၅၁၂ (၂၈)လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၁၈၃၆၆၄၊ ၁၈၆၆၁၃၃။

# NEXT MONTH PREVIEW




ဝင်လယ်တားပြဲ၏
အလွှာသိုက်
အကျင့်လွှားများ

ပုန်းဆိုးတောမှာ
ပျောက်ကြမယ်
ဗျင်းကြီးသား တင်ဝင်းဦး







ပြောင့်ချက်
မင်းရွှေသိန်း(ဝင်းကျြက်)

www.burmeseclassic.com

www.burmeseclassic.com



# ကံ၏အကျိုးပေး

ဒဂုန်ရွှေမျှား

**၁၉၃၈-ခု၊** ဇူလိုင်လ (၁၃)ရက်နေ့ ည(၇)နာရီအချိန်ခန့် မိုးဖွဲကလေးများ တဖြောက်ဖြောက် ကျလျက်ရှိစဉ် ဦးကာစင်၏အဟောင်းဆိုင်ကလေးအတွင်း မိုးရေများ ရွဲရွဲစိုလျက်ရှိသော မိုးကာအင်္ကျီနှင့် လူတစ်ယောက် ဝင်လာလေသည်။ ဝင်လာသူမှာ အသက်(၄၀)ခန့်မျှ ရှိပြီဟု ခန့်မှန်းရ၍ အသားညိုညို၊ ဆံပင်ကောက်ကောက်နှင့် ခိုင်ခံ့သော မေးရိုးများရှိပြီးလျှင် ကြမ်းတမ်းခက်ထန်သော အမူအရာ အသွင်အပြင်ရှိသူတစ်ယောက်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

ရုပ်ထုံးများမှာလည်း အလွန်ရှုရှ၍ မြေပေါက်၏မျက်လုံးများကဲ့သို့ အသက်မပျောက် ရှိသည်။

ဦးကာစင်၏ဆိုင်မှာ အလယ်ပိုင်း အနော်ရထာလမ်းပေါ်တွင်ရှိသော (၁၀)ပေခန့်မျှ မျက်နှာစာရှိ၍ ကြွေအိုးကြွေထည် ဇန်ဘူးဇန်ခွက် လက်ကောက် ပုတီး၊ နားတောင်း၊ အထူးအဆန်း ပစ္စည်းကလေးများ၊ အဖိုးမထိုက်လှသော ရွှေထည်ငွေထည်ကလေးများ၊ ကြေးနီကြေးဝါ သတ္တုတွင်းထွက်ကျောက်၊ ရုက်ကျောက်အမျိုးမျိုးမှစ၍ တိုလီမိုလီပစ္စည်းများ ရောင်းချသော "အပေါင်းပစ္စည်းဆိုင်"ကလေးတစ်ဆိုင် ဖြစ်၏။ ကျူလီယာလူမျိုးတစ်ယောက်ဖြစ်သော်လည်း မြန်မာပြည်တွင် နှစ်ပေါင်း(၂၀)ကျော် (၃၀)မျှ နေခဲ့သူဖြစ်၍ ငါးပါးသီလ ဘုရားရှိခိုး နမက္ကာရကိုပင် သွက်လက်စွာ ရွတ်တတ်သည်အထိ မြန်မာရည်လည်သူတစ်ယောက် ဖြစ်လေသည်။

ဦးကာစင်၏ဆိုင်မှာ အမြင်အားဖြင့် မပြောပလောက်သော်လည်း တစ်ခါတစ်ရံ အလွန်ဝင်ငွေကောင်းခဲ့၏။ မတရားသောနည်းလမ်းများဖြင့် ရှာဖွေရခဲ့သော ပစ္စည်းများသည် ဦးကာစင်၏ ဆိုင်ကလေးသို့ ရောက်လာတတ်၏။ ဦးကာစင်မှာ ဤနေရာမျိုးတွင် ပါးနပ်သူတစ်ယောက်ဖြစ်သည့်အတိုင်း လူအမျိုးမျိုးနှင့် ပေါင်းသင်းဆက်ဆံရာတွင်လည်း အဆင်ပြေအောင် ပေါင်းသင်းဆက်ဆံတတ်သူဖြစ်လေသည်။ ထိုခေတ်က ပုလိပ်အဖွဲ့ အမှုထမ်း အရာထမ်းအချို့၏ ပျော့ညံ့မှု၊ မရိုးသားမှုများသည်လည်း ဦးကာစင်၏အပေါင်းဆိုင်ကလေးကို ရပ်တည်ရန် အားပေးသကဲ့သို့ ရှိနေလေသည်။

ဆိုင်တွင်းသို့ ဝင်လာသူမှာ ယခင်အဆက်ဆက်ကလည်း ဦးကာစင်၏ ဆိုင်သို့ သုံးလေးခေါက်မျှ ရောက်ခဲ့ဖူးသည်ဖြစ်ရာ ဦးကာစင်နှင့် သိပေါင်းကျွမ်းပေါင်း တစ်ယောက်လည်း ဖြစ်၏။ သူ၏လက်ထဲတွင်လည်း အတော်လေးသော သားရေအိတ် ခပ်နွမ်းနွမ်းတစ်လုံးကိုလည်း ကိုင်ထားလေသည်။ ထိုသူသည် ဦးကာစင်၏မျက်နှာကို မြင်လိုက်သည်နှင့်တစ်ပြိုင်နက် မသိမသာပြုံးလိုက်သည်။ ဦးကာစင်က –



"အင်း – ခင်ဗျား ရောက်လာပြန်မှကိုးဗျ – ကိုမိုးသီး။ ထိုင်ပါ – ထိုင်ပါ"

ကိုမိုးသီးဆိုသူသည် မိုးကာအကျႌကို ချွတ်၍ သံချောင်းတစ်ချောင်း၌ ချိတ်ထားလိုက်ပြီးလျှင် ခုံတန်းလျားတစ်ခုပေါ်၌ ထိုင်လေ၏။ သားရေအိတ်ကြီးကိုမူ သူ၏နံဘေး၌ ချထားလိုက်လေသည်။ ဦးကာစင်ဆိုင်သို့ ပထမအကြိမ် လာရောက်စဉ်က သူသည် အင်းစိန်ထောင်တွင် ဖောက်ထွင်းမှုတစ်ခုဖြင့် (၃)နှစ်ကျခံလျက်ရှိရာမှ မကြာသေးမီက လွတ်လာသူဖြစ်ကြောင်းဖြင့် ပြောပြပြီးလျှင် ဦးကာစင်အား တစ်မတ်သားခန့်ရှိ ရွှေလက်စွပ်ကလေးတစ်ကွင်းကို ငွေ(၁၀)ကျပ်ဖြင့် ရောင်းချခဲ့ဖူး၏။ နောက်တစ်ကြိမ်၌ အဖိုးငွေ(၁၀၀)ကျပ်ခန့်တန်သော လက်ပတ်နာရီတစ်လုံးကို ဦးကာစင်အား ငွေ(၂၀)ကျပ်နှင့် ယူပါဟု တိုက်တိုက်တွန်းတွန်း ရောင်းချခဲ့ဖူး၏။ နောက်လေးငါးရက်အကြာတွင် တစ်ဖန်လာရောက်ပြန်၍ ဦးကာစင်ဆိုင်မှ (၁၀)ကျပ်၊ (၁၅)ကျပ်မျှသာတန်သော လက်စွပ်တစ်ကွင်းကို (၃၀)ကျပ်ပေး၍ယူသွားခဲ့ဖူး၏။ ထိုသူလာတိုင်း အမြတ်အစွန်းရလိုက်သောကြောင့် ဦးကာစင်မှာ ထိုသူနှင့် ထောင်ထွက်လူဆိုးတစ်ယောက် ဖြစ်သည့်အတိုင်း ယခုကဲ့သို့ မပြောပလောက်သော ပစ္စည်းကလေးများ အရောင်းအဝယ်မှ အစပြုပြီးလျှင် (၅၀၀ – ၁၀၀၀)ကျပ် ရနိုင်မည့် အခွင့်အရေးများ နောက်တစ်နေ့နေ့တွင် ရရှိလိမ့်မည်ဟု မျှော်လင့်သည်။ ကိုမိုးသီးကလည်း တိုက်ရိုက်ပင် မဟုတ်သော်လည်း သွယ်ဝိုက်သောနည်းအားဖြင့် စောင်းပါးရိပ်ခြည် ပြောခဲ့ဖူး၏။

•• ♠ ••

ဦးကာစင်သည် ကိုမိုးသီးအား နှုတ်ဆက်ကာ နေရာထိုင်ခင်းများ ပေးလျက်ရှိစဉ် သူ၏မျက်လုံးများမှာ ကိုမိုးသီး၏နံဘေးတွင် ချထားသော သားရေအိတ်ဆီသို့သာ ရောက်လျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဩော် - ခင်ဗျား၊ ကျုပ်ကို နှုတ်ဆက်ရအောင် လာတာလား၊ အရင်တစ်ခါတုန်းက ပြည်ဘက်ကို ခင်ဗျား သွားတော့မယ်လို့ ပြောဖူးတယ်လေ"

"ဟုတ်တယ် - သွားမလို့ပဲ ဦးကာစင်၊ အခုညပဲ သွားမှာ၊ နို့ပေမဲ့ - ဒီကို အခုလာတာက ခင်ဗျားနဲ့ စကားပြောစရာကလေးတစ်ခု ရှိလို့ဗျ။ ကိစ္စက အရေးကြီးတဲ့ကိစ္စ"

"ဆိုစမ်းပါဦးဗျာ - ကိုမိုးသီး"

"ဆိုင်ကို ခဏပိတ်ထားလိုက်ရင် ကောင်းမယ်ဗျ၊ အရေးကြီးတဲ့ စကားပြောနေတုန်း ဆိုင်ထဲ လူဝင်လာရင် မကောင်းဘူးဗျာ"

"ကဲ - ဒါဖြင့် ပိတ်လိုက်ပါ့မယ်ဗျာ"

ဦးကာစင်သည် ဆိုင်ခေါင်းတစ်ဖက်တစ်ချက်မှ ခေါက်တံခါးများကို ပိတ်လိုက်ပြီးလျှင် အတွင်းမှ ကန့်လန့်ထိုးလိုက်၏။ သူထိုင်သော ကုလားထိုင်ကိုလည်း ကိုမိုးသီးထိုင်နေသော တန်းလျားအနီးသို့ ဆွဲယူ၍ ထိုင်လိုက်လေသည်။

"ကဲ - ဆိုစမ်းပါဦး ကိုမိုးသီး၊ ဘယ်လိုကိစ္စများ ပြောချင်လို့လဲ"

"ဒီမှာဗျ၊ ကျုပ်က ထောင်ကလွတ်တာ မကြာသေးတော့ ပုလိပ်ကလည်း ကျုပ်နောက်ကို လိုက်နေချင်နေမှာပဲ၊ အခုချက်ချင်း လက်ငင်းတော့ မဟုတ်သေးပါဘူး။ ဒါပေမဲ့ - သူတို့က ကျုပ်ကို မျက်မှန်းတန်းမိနေတော့ ဘယ်အချိန်မှာနေနေ အချုပ်ထဲမှာ တစ်ခုခုဖြစ်ရင် ကျုပ်ကို စွပ်စွဲပြီးသားပဲ၊ ဒီတော့ - ပြည်ဘက်ကလှည့်ပြီး ကျုပ်ဇာတိဖြစ်တဲ့ သရက်မြို့တောလက်ကို ပြန်နေမယ်လို့ ကြံတယ်၊ အနည်းဆုံး ဟိုမှာ လေးငါးနှစ်လောက်တော့ သွားပြီ ခြေရာဖျောက်လိုက်မယ်၊ နောက်တော့မှ ရန်ကုန်ပြန်ပြီးနေချင်နေ၊ ဒါမှ မဟုတ်လည်း တောမှာပဲ အရိုးထုတ်တော့မယ်ပေါ့ဗျာ"

"အင်း - ခင်ဗျား အကြံကောင်းသားပဲ၊ နို့ပေမဲ့ - ဒီအတောအတွင်းမှာ နေရေးထိုင်ရေးအတွက် အတော်ကလေးများ ဖူလုံရဲ့လား"



"ရှိသင့်သလောက်တော့ ရှိပါတယ်ဗျာ၊ များများစားစားတော့ မဟုတ်လှပါဘူး။ ပြီးတော့ - ကျုပ်တလည်းကိုယ့်အစွမ်းကိုယ့်အားကိုးတဲ့အကောင်ပဲ ဟုတ်တယ်လားဗျ"

"ဟုတ်ပါတယ်လေ၊ ခင်ဗျားအကြောင်း ကျုပ်သိပါတယ်"

ကိုမိုးသီးသည် သူ၏လက်ပတ်နာရီကို ကြည့်လိုက်ပြီးနောက် -

"ကဲ - ကျုပ်ကိစ္စကို ပြောမယ်၊ အချိန်က သိပ်မရှိဘူး၊ မီးရထားက (၉) နာရီခွဲ ထွက်မယ်၊ အခု (၆)နာရီ မိနစ်(၅၀)ဆိုတော့ (၂)နာရီကျော်ကျော် လောက်ပဲ အချိန်ရှိတယ်"

"အင်း - ဒီတော့ ဘာဖြစ်သလဲ"

"ဟိုတုန်းက မင်းကြီးကတော် ဒေါ်မြသွင်ဆိုတာ ကြားဖူးတယ်မဟုတ်လား"

"ဟုတ်ကဲ့ - ကြားဖူးပါတယ်"

"လူကိုတော့ မြင်ဖူးသလား"

"မမြင်ဖူးပါဘူးဗျာ"

"သူ့အရင်ယောက်ျားက စက်ရှင်မင်းကြီး ဦးဘကလေးတဲ့၊ အဲဒီမင်းကြီးကတော် ဒေါ်မြသွင်မှာ အမိုးတန် လက်ဝတ်လက်စားတွေ အများကြီးရှိတယ် - ဦးကာစင်ရဲ့၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က စက်ရှင်မင်းကြီး ဆုံးသွားတော့ ဦးဘိုးသာဆိုတဲ့လူတစ်ယောက်နဲ့ အကြောင်းပါတယ်၊ ဒီ ဦးဘိုးသာဆိုတာက သူ့ယောက်ျား စက်ရှင်မင်းကြီးလုပ်တုန်းက ရှေ့ဇာတ်စာရေးကြီးပေါ့။ ဒီလူက ပထမရခါစတုန်းကတော့ လူရိုးလူကောင်းကြီးတစ်ယောက်၊ ခုတော်တတ်တဲ့ကြောင်လိုနေပြီးနောက်တော့ သူ့အကျင့်တွေ တဖြည်းဖြည်း ပေါ်လာတော့တာပေါ့၊ ဟိုတယ်တက်၊ အရက်သောက်၊ ဖဲရိုက်၊ မြင်းလောင်းနဲ့ အဲဒီကြားထဲမှာ မယားငယ် ယူလိုက်သေးတယ်၊ အခုတော့ မြှုတ်မြှုတ်



www.burmeseclassic.com

www.burmeseclassic.com

ပြန်းပါပြီ၊ လက်ထဲမှာ အတွင်းပစ္စည်းကလေး နည်းနည်းပါးပါးနဲ့ သူတို့နေတဲ့မြို့ကြီးပဲ ကျန်တော့တယ်။ အဲဒီမြို့ကြီးလည်း ရွှေဘုံသာလမ်းက ကုလားသူဌေး မစ္စတာပတေးဆီမှာ (၃၀၀၀၀)နဲ့ ပေါင်ထားရတယ်၊ ဒီတော့ သူ့မှာကျန်တဲ့ အတွင်းပစ္စည်းထဲက သူ့ အင်မတန်နမြောစုံမက်တဲ့ စိန်ရင်ထိုးကသာသည့်ရှေးစိန်လက်ဟောင်းဆိုတော့ အဖိုးတန်တာပေါ့ဗျာ၊ ဒီစိန်ရင်ထိုးမှာ စိန်(၁၃)လုံးရှိတယ် – ဦးကာစင်၊ တစ်လုံးကို နှစ်ရတီလောက်ရှိတယ်"

"အောင်မယ် – ကိုမိုးသီးက တယ်ပြီး နိုက်နိုက်ချွတ်ချွတ် သိပါကလား"

"မသိဘဲ နေပါ့မလားဗျာ၊ ကျုပ်အလုပ်က ဒါပဲ မဟုတ်လားဗျ"

"အဲဒါ ဘာဖြစ်သလဲဗျ – ကိုမိုးသီးရဲ"

"အဲဒီစိန်ရင်ထိုးကို အခု မီးရထားမထွက်ခင် နှစ်နာရီအတွင်းမှာ ရအောင်ယူရမယ်"

"အပြောက လွယ်လိုက်တာဗျာ၊ ဟား – ဟား – ဟား – ခင်ဗျားပြောတာက ငှက်ပျောသီး အခွံနွှာစားသလိုကိုးဗျ၊ ဒီလောက် အဖိုးတန်တဲ့ပစ္စည်း အိမ်မှာထားမတဲ့လား – ကိုမိုးသီးရယ်၊ ဘဏ်တိုက်မှာ ထားမှာပေါ့"

"ဘဏ်တိုက်မှာ ထားတာတော့ မှန်တယ်၊ နို့ပေမဲ့ – မနေ့မနက်က ဘဏ်တိုက်က ထုတ်သွားလို့ အိမ်မှာ ရောက်နေပြီဗျ၊ သူ့ယောက်ျားက နောက်ဆုံး ဒီစိန်ရင်ထိုးကိုပဲ ရောင်းဖို့ စီမံနေတယ်၊ မိန်းမဟာ ဘယ်လောက်ပဲ ပစ္စည်းကို မက်မက် နောက်ဆုံးမယ် ယောက်ျားက ရှော့တော့ပါရတာပေါ့"

"နေပါဦး – ဒီရင်ထိုးကို ဘဏ်တိုက်က ထုတ်သွားတာ ခင်ဗျားကို ဘယ်သူပြောသလဲ"

"သူများပြောတာ မဟုတ်ဘူး – ဆရာကြီးရေ၊ ကျုပ်ကိုယ်တိုင် မျက်စိနဲ့ တပ်အပ်မြင်တာ၊ ဒီပစ္စည်းကို ဘဏ်တိုက်က ထုတ်သွားတုန်းက ကျုပ်ကိုယ်တိုင် ဘဏ်တိုက်မှာ ရှိတယ်၊ ကျုပ်က အင်မတန် သေချာတဲ့အကောင်း၊ ဘာပဲဖြစ်ဖြစ် မသေချာဘဲ ကျုပ်မလုပ်ဘူး"



"ဒီပစ္စည်း ဘဏ်မှာထားတာ ဘာဖြစ်လို့ ထုတ်ရတာလဲ"

"အသုံးအစွဲကြပ်လာလို့ ရောင်းမယ်ဆိုပြီး ထုတ်တာဖြစ်မှာပေါ့ဗျာ၊ မိန်းမက ကိုယ့်ပစ္စည်းနဲ့ကိုယ် ယောက်ျားကို ကြောက်နေရတော့ မပြောဝံ့ဘဲ ကြည့်နေတာ ဖြစ်မှာပေါ့၊ အေးလေ – ဘာပဲဖြစ်ဖြစ် ဒီပစ္စည်းဟာ သူ့အိမ်က သံသေတ္တာထဲမှာ အခုရှိတယ်ဆိုတာ သိဖို့ အရေးကြီးတာပဲ၊ သူတို့လင်မယားမှာ ဟန်သာရှိတယ်၊ အဆံမရှိတော့ဘူးဗျ၊ ကြွေးပတ်လည်ဝိုင်းနေပြီ၊ အိမ်ထောင်ပရိဘောဂတွေတောင် တစ်ဝက်သာသာ ရောင်းပြီးပြီလို့ ကျုပ်ကြားတယ်၊ သူ့ယောက်ျားကိုတော့ ခင်ဗျား မြင်ဖူးသလား"

"ဟင့်အင်း – မမြင်ဖူးပါဘူး၊ နေပါဦး၊ ဒီတော့ – ခင်ဗျား ဘာလုပ်မှာလဲ"

"ဘာလုပ်ရမလဲ၊ ဒီပစ္စည်းကို ကျုပ်တို့ရအောင် ယူမှာပေါ့"

"အင်း – ခင်ဗျားပြောတော့ သိပ်လွယ်တာပဲ၊ အိမ်မှာ သူ့တို့လင်မယား ရှိတယ်မဟုတ်လား"

"ဒီကနေ့ည မရှိဘူးဗျ၊ (၆)နာရီခွဲ ရုပ်ရှင်သွားကြည့်ကြတယ်"

"အစေခံတွေကောဗျာ၊ အိမ်စောင့်တဲ့လူတွေကောဗျာ"

"ဘယ်သူမှမရှိဘူး၊ အစေခံလည်း အရင်ကလို များများစားစား မထားနိုင်ပါဘူး၊ တစ်ယောက်တည်းရှိပါတယ်၊ အဲဒီလူကလည်းမနေ့ကတည်းက တောကို ပြန်သွားလို့ အိမ်မှာ သူတို့လင်မယားချည်း ရှိတယ်၊ ဒီတော့ အိမ်ကို သော့ခတ်သွားမှာပေါ့၊ ဒီပြင့် ဘာရှိဦးမလဲ"

"တယ်သေချာပါကလား"

"ကျုပ်တို့အလုပ်က သေချာရတယ် – ဦးကာစင်ရဲ့၊ အိမ်တစ်အိမ်ကို ဖြဲမယ်ဆိုရင် အိမ်ရှင် ရှိ၊ မရှိ အိမ်မှာ အိမ်သား ဘယ်နယောက်ရှိတယ်၊ အိမ်မှာ ယောက်ျား ဘယ်နယောက်နေတယ်၊ ဘယ်သူက ဘယ်နေရာမှာ အိပ်တယ်၊ သူတို့အိမ်မှာ ဘယ်လိုလက်နက်မျိုးရှိတယ်၊ သူတို့အိမ်မှာ ကိုက်တတ်တဲ့ ခွေးမရှိဘူး၊ ရှိတယ်၊ အိပ်နားနီးချင်းတွေက ဘယ်သူ ဘယ်ဝါ၊ ဘယ်



www.burmeseclassic.com

www.burmeseclassic.com

အချိန်မှာ သူတို့အိပ်တတ်တယ်ကစပြီး အသေးစိတ် သိထားရတယ်၊ ဒါမှလည်း ကျုပ်တို့ အကြံစည်ဟာ ချောချောမောမော အောင်မြင်နိုင်တာကိုးဗျ"

"ခေါင်းဆောင်ကြီးရဲ့၊ ကျုပ်တို့ဆိုတာက ခင်ဗျားနဲ့ ဘယ်သူနဲ့ ဒီကိစ္စကို ကြံစည်တာလဲ"

"ခင်ဗျားနဲ့လေ"

"ခင်ဗျား - ဘာကိုဆိုလိုတာလဲ ကိုမိုးသီး"

"ဒီမယ်ဗျာ - ဦးကာစင်၊ ခင်ဗျားနဲ့ကျွန်တော် အလုပ်ကလေးလုပ်တာ နှစ်ခါသုံးခါရှိပြီ၊ ဘာမှအဖိုးတန်တာ မဟုတ်ဘူး၊ (၁၀)ကျပ် (၁၅)ကျပ် ကိစ္စကလေးတွေ ကလေးကစားသလောက်ပဲ ရှိတယ်၊ ဒီတော့ ခင်ဗျားမှာလည်း သိပ်ပြီး အကျိုးမရှိလှဘူး၊ ကျုပ်မှာလည်း မှန့်ဖိုးပဲဖိုးပဲရတယ်၊ ဒီတော့ - အခုတစ်ခါ နှစ်ယောက်စလုံး မြိုက်မြိုက်ကလေး စားကြရအောင် ကျုပ်က ကြံတာဗျ"

"ကျုပ်ပါ လိုက်ရမယ်ဆိုတာလား"

"ဒါပေါ့ဗျ၊ တံခါးဖွင့်ဖို့ အိမ်ကိုဖောက်ဝင်ဖို့ အထဲမှာရှိတဲ့ မီးခံသေတ္တာကို ဖွင့်ဖို့ဟာတွေက ကျုပ်တာဝန်ထား၊ ခင်ဗျားက ကျုပ်အလုပ်လုပ်နေတုန်း လူသူလေးပါး လာ၊ မလာ စောင့်ကြည့်ရုံပဲ"

"တစ်ခါမှလည်း မလုပ်ဖူးဘူးဗျာ၊ ဖြစ်ပါ့မလား"

"ဘာဖြစ်လို့ မဖြစ်ရမှာလဲဗျ - ယောက်ျားပဲ၊ မိခြင်းမိရင် ကျုပ်ကိုမိမှာ၊ ပြီးတော့ ကျုပ်က နာမည်ပျက်ရှိတဲ့လူတစ်ယောက်ဆိုတော့ ထောင်ကျတောင် ကျုပ်က ပိုကျဦးမယ်၊ ဒါဟာ စကားအဖြစ်သာ ပြောတာပါ၊ မိလည်း မမိနိုင်ပါဘူး၊ လူမရှိတဲ့ အိမ်ထဲဝင်ပြီး အသာကလေး ယူရုံပဲ၊ လွယ်ပါတယ်"

ဦးကာစင်သည် ကိုမိုးသီးပြောသော စကားများကို အတော်အတန် နားဝင်လာပြီဖြစ်၍ -



"ဖြစ်မှဖြစ်ပါ့မလား - ကိုမိုးသီးရယ်"

"ဖြစ်ပါတယ်ဗျာ၊ ဘာမှကြောက်စရာမရှိပါဘူး၊ ကျုပ်က ဘယ်ဟာကြံစည်ကြံစည် ဘယ်သူ့ကိုမှ မယုံဘူးဗျ၊ လူတွေက သစ္စာမရှိတဲ့လူများတယ်၊ အဲ - ခင်ဗျား ပါလာရင်တော့ ကျုပ် စိတ်ချတယ်"

"ဒီမှာဗျ - ကိုမိုးသီး၊ ကျုပ်က ပစ္စည်းသာ လက်ခံတာ၊ ဒီလို ကျုပ်ကိုယ်တိုင်တော့ မလုပ်ဘူး"

"ဒီကနေ့ည စမ်းကြည့်ပေါ့ဗျာ၊ ပြီးတော့ - ခင်ဗျားကိုယ်တိုင်လည်း လုပ်ရတာမှမဟုတ်ဘဲ"

"တခြားလူခေါ်လို့ မဖြစ်ဘူးလားဗျာ"

"တခြားလူခေါ်ချင်ရင် ခင်ဗျားဆီတောင် ကျုပ်မလာဘူး၊ ဟောဒီသားရေအိတ်ကြည့်စမ်း၊ အိတ်ထဲမှာ ဘာပါတယ်ထင်သလဲ၊ အထူဆုံး သံပြားကို ဖောက်နိုင်တဲ့ "အီလက်ထရစ် ဘလိုးလင့်" ပါတယ်ဗျ၊ ဘယ်သေတ္တာမျိုးမှ မခံနိုင်ဘူး၊ ကျုပ်တစ်ခုစိုးရိမ်တာက အဲဒီလို ဘလိုးလင့်နဲ့ ဖောက်နေတဲ့အခါ အသံကို အပြင်ဘက်ကလူ ကြားမှာပဲ စိုးရိမ်တယ်၊ ပြီးတော့လည်း အဲဒီလျှပ်စစ်မီးရောင် အပြင်ဘက်က မြင်သွားမှာကိုလည်း ကြောက်ရတာပေါ့ဗျာ၊ ဒီတော့ - ခင်ဗျားပါလို့ ခင်ဗျားက စောင့်ကြည့်နေမယ်ဆိုရင် ဒီဟာတွေ ဘာမှစိုးရိမ်စရာ မရှိတော့ဘူး၊ စိတ်အေးလက်အေးနဲ့ ကျုပ်လုပ်နိုင်တာပေါ့"

"နေပါဦး - မျက်နှာချင်းဆိုင် အိမ်က မြင်ရင်ကောဗျာ"

"မျက်နှာချင်းဆိုင်မှာ အိမ်မရှိဘူးဗျ၊ ကွပ်ဖျစ်တစ်ခု ရှိတယ်၊ အဲဒီကွပ်ဖျစ်ရဲ့ ဟိုဘက်က ဂိုဒေါင်ရဲ့ အုတ်နံရံကြီးပဲရှိတယ်၊ ဒီမှာ ဦးကာစင် ကျုပ်ပြောတာ နားထောင်ပါဦး၊ ခင်ဗျား ကျုပ်ခေါ်တာ ငြင်းနေရင်တော့ ကျုပ်ရတဲ့ ပစ္စည်း ခင်ဗျားကို မပေးဘူး၊ တခြားလူဆီ သွားပြီး ရသမျှနဲ့ ရောင်းလိုက်မှာပဲ၊ မတတ်နိုင်ဘူး - ဦးကာစင်၊ ကျုပ်မှာ ချက်ချင်းငွေလိုတော့ လုပ်ရမှာပဲ၊

www.burmeseclassic.com

ခင်ဗျားမှာ ငွေလည်းရှိတယ်၊ အဖိုးတန်ပစ္စည်းတစ်ခုကို ဈေးချောင်ချောင် လည်းရရမယ်၊ ခင်ဗျားမှာလည်း ဘာမှမဖြစ်စေရဘူးလို့ ကျုပ် အာမခံတာပဲ၊ အဲဒီတောင် ခင်ဗျား ငြင်းနေရသေးသလား - ဦးကာစင်"

"ကျုပ်တော့ ခင်ဗျားခေါ်လို့သာ လိုက်ရင်လိုက်မယ်၊ ကြောက်တယ်ဗျာ"

"ဘာဖြစ်လို့ကြောက်ရမှာလဲဗျ၊ ကျုပ်တစ်ယောက်လုံး ရှိသေးသားဖဲ၊ ဒီလိုပဲ စွန့်မှရမှာပေါ့၊ လောကမှာ မစွန့်ဝံ့တဲ့လူ ကြောက်တဲ့လူဟာ ဘယ်တော့မှ မြက်မြက်စားရမှာလဲ"

"ဒီတော့ - ကျုပ်က ဘာလုပ်ရမှာလဲ - ဒါပဲလား"

"ကျုပ် ပြောပါပြီကော၊ ကျုပ် အလုပ်ထဲမှာ ဘာမှဝင်ပါကူညီနေဖို့ မလို ဘူး၊ ခင်ဗျားက လူသွားလူလာ အသံဗလံ အရိပ်အခြေ စောင့်ကြည့်နေရုံပဲ၊ အပြင်က ရှုတ်စနဲ့ အသံကြားရင် ကျုပ်ကို အရျက်ပြလိုက်ရမယ်၊ ဒါပဲလို တယ်၊ ဦးကာစင် - ခင်ဗျား မလိုက်ရင်လည်း ကျုပ်တစ်ယောက်တည်းသွား တော့မှာပဲ၊ ဒီစိန်ရင်ထိုးဟာ နစ်သောင်းကျော်တန်တယ်ဗျ၊ ဒါလည်း စဉ်း စားဦး၊ ကျုပ်ကို လိုက်ပြီး ခင်ဗျား ကူညီရင် ငါးထောင်တည်းနဲ့ ခင်ဗျားကို ကျုပ်ပေးခဲ့မယ်၊ အဲဒါ နောက်ဆုံးစကားပဲ၊ ခင်ဗျား လိုက်ချင်လိုက် မလိုက် ချင်နေ - ဒါပဲ"

"ကဲဗျာ - လိုက်ပါတော့မယ်၊ တစ်ခါမှတော့ ကျုပ်တစ်သက်မှာ ဒီလို မလုပ်ဖူးဘူးဗျို့"

"ကဲ - ဒါဖြင့် မြန်မြန်လုပ် အချိန်မရှိဘူး၊ ခင်ဗျားကို ရှင်းလင်းပြီး ပြောနေ ရတာနဲ့ မိနစ်နှစ်ဆယ်လောက် အချိန်ကုန်သွားပြီ၊ ငွေကိုတော့ တစ်ခါတည်း ယူခဲ့နော်၊ ဈေးပတ္တမြားဈေးနက်းပဲ၊ ပြီးတော့ - ကျုပ်က ဒီကို တစ်ခါပြန်မလာ နိုင်ဘူး၊ ဘူတာရုံကျ တစ်ခါတည်း ဆက်ပြီးလစ်ရမှာ"



ဦးကာစင်သည် ဆိုင်အတွင်းဘက်အခန်းထဲသို့ ဝင်သွားပြီးနောက် ကိုမိုးသီးနှင့်အတူ လိုက်ပါရန် ပြင်ဆင်လျက်ရှိလေ၏၊ တစ်ခဏမျှကြာ၍ အပြင်သို့ ထွက်လာသောအခါ ကုတ်အင်္ကျီအနက် ဘောင်းဘီအနက်ကို ဝတ်ထားပြီးလျှင် သူ၏ဘောင်းဘီအိတ်ထဲ၌လည်း ငွေစက္ကူထုပ်ကြီးတစ်ထုပ် ပါလာသဖြင့် ခပ်ဖောင်းဖောင်း ရှိနေလေသည်၊

"ကဲ - သွားကြမယ်"

••🔥••



တစ်အိမ်လုံးမှာ တိတ်ဆိတ်လျက်ရှိပြီးလျှင် နံဘေးခြံများဘက်မှလည်း အသံဗလံဟူ၍ တစ်စုံတစ်ရာ မကြားရဘဲ ရှိနေလေသည်။ ဤသို့ ကိုမိုးသီးက အသံခပ်အုပ်အုပ်ဖြင့် အော်လိုက်သောအခါ ဦးကာစင်မှာ ဒူးများပင် တုန်လျက်ရှိတော့၏။



www.burmeseclassic.com

www.burmeseclassic.com

ဦးကာစင်သည် ဆိုင်တံခါးကို ပိတ်ခဲ့ပြီးလျှင် ကိုမိုးသီးနှင့်အတူ လမ်းထိပ်သို့ ထွက်ခဲ့လေ၏။ လမ်းထိပ်သို့ ရောက်သောအခါ တက္ကစီတစ်စီး ခေါ်ပြီးလျှင် ဗတန်းသို့ လာခဲ့ကြလေသည်။ ကားပေါ်၌ ကိုမိုးသီးမှာ အလွန်အေးဆေးသောအမူအရာရှိပြီးလျှင် စီးကရက်ကိုသာ တစ်လိပ်ပြီးတစ်လိပ် သောက်လျက်ရှိ၏။ ကားမောင်းသွားစဉ် ကိုမိုးသီးက တစ်စုံတစ်ရာစ၍ ပြောဆည်ဖြစ်ရာ ဦးကာစင်က ကားသမားကြားမည်စိုးသဖြင့် အချက်ပြလိုက်သောကြောင့် ကိုမိုးသီးမှာ ဆိတ်ဆိတ်နေလိုက်ရလေသည်။

ကမ္ဘာအေးလမ်းအတိုင်း မြောက်ဘက်သို့မောင်းခဲ့၍ဗဟန်းသို့ရောက်သောအခါ ကားကို ရပ်စေ၍ ကိုမိုးသီးသည် ကားဆရာအား ငွေရှင်းပေးလိုက်၏။

မင်းကြီးကတော် ဒေါ်မြသွင်၏အိမ်မှာ အတွင်းဘက်သို့ ကိုက်(၁၀၀) ခန့်မျှဝင်ရသေးသဖြင့် ကိုမိုးသီးက ရှေ့မှခေါင်းဆောင်ပြီးလျှင် မှောင်ရိပ်များတိုရှိ၍ သွားကြ၏။ အချိန်မှာ (၇)နာရီသာသာခန့်သာ ရှိသေးသော်လည်း မိုးတဖျောက်ဖျောက်ကျနေသဖြင့်လမ်းကလေးမှာလူသွားလူလာရှင်းလျက်ရှိ၏။ ခြံသို့ရောက်သောအခါ ကိုမိုးသီးသည် ယခင်ကထက် သတိထား၍ သွားပြီးလျှင် ခြံ၏နောက်ဘက်သို့ လှည့်သွားပြီး နောက်ခြံစည်းရိုးတွင် ပေါက်နေသော အပေါက်တစ်ပေါက်မှ ခြံတွင်းသို့ ဝင်လေရာ ဦးကာစင်လည်း နောက်မှ လိုက်ပါသွားလေ၏။

ခြံဝတွင် ကိုမိုးသီးသည် နံဘေးပတ်ဝန်းကျင်မှအသံများကို နားထောင်ရင်း ခေတ္တမျှ ဆိုင်းငံ့နေပြီးနောက် မည်သည့်အသံမှ မကြားရသည်နှင့် နောက်ဖေးဆောင် တံခါးရှိရာသို့ လျှောက်သွားကြလေသည်။ တံခါးမှာ အပြင်မှ သော့ခတ်ထားသဖြင့် ကိုမိုးသီးသည် အကျီအိတ်ထဲတွင် ပါလာသော့ သော့တွဲမှ သော့များကို ရွေးပြီးလျှင် သော့တစ်ချောင်းဖြင့် ဖွင့်လေရာ တံခါးပွင့်သွားလေသည်။



ဦးကာစင်အား လမ်းဖယ်ပေးသော်လည်း ဦးကာစင်သည် ခပ်တွန့်တွန့်လုပ်နေသဖြင့် ကိုမိုးသီးလည်း ရှေ့မှ ဝင်သွား၏။ ကိုမိုးသီးသည် လက်နှိပ်ဓာတ်မီးကလေးကို လက်ကိုင်ပုဝါဖြင့်အုပ်၍ ထိုးသဖြင့် ထိုအလင်းရောင်ကလေးနှင့်ပင် ကောင်းစွာမြင်ကြရလေသည်။

မီးဖိုမှ အိမ်အတွင်းသို့ဝင်သော တံခါးမှာ ပျဉ်ချောင်းတစ်ချပ်ဆွေး၍နေသဖြင့် ကိုမိုးသီးသည် သားရေအိတ်အတွင်းမှ တစ်ထွာသာသာမျှသာရှိသော လွှကလေးတစ်ချောင်းကိုယူပြီးလျှင် ကျင်လည်စွာတိုက်ဖြတ်လေရာ ပျဉ်ချောင်းပြတ်သွားသည်နှင့်တစ်ပြိုင်နက် အတွင်းမှ သံချောင်းကန့်လန့်ကို အလွယ်တကူ ဖြုတ်ယူလိုက်လေသည်။ ထိုတံခါး၏အခြားဘက်သို့ ဝင်မိသောအခါ အိမ်မအတွင်းသို့ ရောက်လာပြီဖြစ်၍ ကိုမိုးသီးသည် ခေါင်းရင်းဘက် အခန်းတစ်ခန်းအတွင်းသို့ဝင်သွားလေရာ ဦးကာစင်သည် ဖင်းနောက်မှ ထက်ကြပ်မကွာလိုက်သွားလေ၏။ အခန်း၏ထောင့်၌ မတ်ရပ်သံ သေတ္တာကြီးတစ်လုံး ရှိလေသည်။

ဦးကာစင်က တီးတိုးလေသံဖြင့် –

“တယ်သေချာပါကလားဗျ”

“ကျုပ် ပြောပါပြီကော – ကျုပ်က သေချာမှ လုပ်တဲ့အကောင်လို့”

“အိမ်သားတွေ တစ်ယောက်မှ မရှိဘူးနော်”

“မရှိပါဘူးဗျာ။ ဆယ်နာရီလောက်မှ ပြန်လာကြမှာပါ။ ခင်ဗျားက မယုံလို့လား၊ အိမ်သားတွေ ရှိကြသလားဗျို့”

ကိုမိုးသီးသည် နောက်ဆုံးစကားကို အသံခပ်အုပ်အုပ်ဖြင့် ဟစ်ခေါ်လိုက်၏။ သို့သော် မည်သည့်အသံကိုမျှ မကြားရချေ။ တစ်အိမ်လုံးမှာ တိတ်



www.burmeseclassic.com

www.burmeseclassic.com

ဆိတ်လျက်ရှိပြီးလျှင် နံဘေးခြံများဘက်မှလည်း အသံဗလံဟူ၍ တစ်စုံတစ်ရာ မကြားရဘဲ ရှိနေလေသည်။ ဤသို့ ကိုမိုးသီးက အသံစပ်အုပ်အုပ်ဖြင့် အော်လိုက်သောအခါ ဦးကာစင်မှာ ဒူးများပင် တုန်လျက်ရှိတော့၏။

"ဟေ့လူ - ဘယ်နယ့်လုပ်တာလဲဗျ။ လူမရှိဘူးဆို - တော်ရောပေါ့"

"ခင်ဗျား ယုံအောင်လို့ လုပ်ရတာလေ"

"ခင်ဗျားပြော - ယုံပါတယ်ဗျာ"

"ကိုင်း - ခင်ဗျားက ဟိုနောက်ဖေးပေါက်နားသွားပြီး နံဘေးနံဘီကြည့်၊ နားကလည်း အသံကို နားထောင်။ လူသံကြားရင် ကျွန်ုပ်ဆီလာပြီး ချက်ချင်းသတိပေး။ ကြားလား - ဦးကာစင်"

"ကြားပါပြီဗျာ"

"ကဲ - သွားပေတော့။ သံသေတ္တာ ကျွန်ုပ်ဖွင့်မယ်"

ဦးကာစင် ထွက်သွားသောအခါ ကိုမိုးသီးသည် ဖောက်လျက်ရှိလေရာ (၁၀)မိနစ်သာသာခန့်အကြာတွင် သံသေတ္တာတံခါးကို တအံ့တဩ ကြည့်ရှုလျက်ရှိလေသည်။

"ပွင့်သွားပလား"

"ပွင့်သွားပြီလေ။ ခင်ဗျားမြင်တဲ့အတိုင်းပဲ။ အပြင်က ဘာသံများ ကြားရသေးလဲ"

"ဘာသံမှ မကြားရပါဘူးဗျာ။ သိပ်ကျင်လည်တာပဲဗျို့။ ကဲ - ဖွင့်ပါဦး"

"ခဏနေဦးလေ။ မီးရှိန်နဲ့ ပူသေးတယ်"

သံသေတ္တာတံခါးမှာ ဟ၍သွားသော်လည်း အလွန်ပူနေသဖြင့် လက်ဖြင့် မကိုင်နိုင်သေးချေ။ သို့နှင့် ကိုမိုးသီးသည် သားရေအိတ်လက်အိတ်ကို ယူ၍ စွပ်ပြီးလျှင် တံခါးကို အသာအယာဖွင့်လေသည်။ သံသေတ္တာအပေါ်ထပ်၌ကား ငွေဖလား လေးငါးလုံးကို တွေ့ရ၍ ဦးကာစင်က လှမ်း၍ယူမည်ပြု၏။ ထိုအခါ ကိုမိုးသီးက -



"မလုပ်နဲ့လေ။ ဒီလိုအသေးအမွှားမျိုးက စပြီးပေါ်တတ်တယ် - ဦးကာစင် - သတိထား"

"ဟုတ်ပါတယ်ဗျာ။ မယူပါဘူး။ ခင်ဗျား သတိပေးတာ ကျေးဇူးတင်ပါတယ်"

ပထမအံဆွဲအတွင်း၌ လယ်မြေ၊ အိမ်ဂရန်များနှင့်တူသည့် စာချုပ်စာတမ်းများကို တွေ့ရ၏။ ကိုမိုးသီးသည် လုံးဝကိုင်တွယ်ခြင်း မပြုချေ။ ဒုတိယအံဆွဲမှာမူ သော့ခတ်ထားသဖြင့် ကိုမိုးသီးသည် သူ၏အိတ်ထဲမှ သော့တူများကို ရွေးပြီးလျှင် ပင်ပန်းကြီးစွာ ဖွင့်ရ၏။ သို့သော် (၁၅)မိနစ်ခန့် ဖွင့်သောအခါ ပွင့်သွားလေသည်။

ထိုအံဆွဲအတွင်းတွင် အခြားရွှေငွေပစ္စည်း တစ်စုံတစ်ရာ မတွေ့ရဘဲ (၄)လက်မခန့် ရှည်သည့် အဝါရောင်ကတ္တီပါအိတ်ကလေးတစ်လုံးကို တွေ့ရ၏။ ကိုမိုးသီးသည် အိတ်ကလေးကို ဆွဲယူ၍ ဇစ်ကို ဖွင့်လိုက်ရာ အတွင်းမှ မင်းကြီးကတော် ဒေါ်မြသွင်၏ အဖိုးတန်စိန်ရင်ထိုးကို တွေ့မြင်ကြရလေ၏။ ဦးကာစင်မှာ အံ့သြခြင်း၊ လောဘထွက်ခြင်း၊ နှစ်သက်တပ်မက်ခြင်းတို့ဖြင့် တစ်ကိုယ်လုံး တုန်လှုပ်လျက်ရှိ၏။ ကိုမိုးသီးကိုယ်တိုင်ပင် လက်များ တဆတ်ဆတ် တစ်ကိုယ်လုံး တုန်လှုပ်လျက်ရှိ၏။ ရင်ထိုးကလေးမှာ လိပ်ပြာတောင်ကလေးတစ်ဖက်သဏ္ဌာန်ရှိ၍ အလွန်လှပသော ရွှေထည်ပန်းခက်ဖြင့် ခြယ်ကွပ်ထားရာ နှစ်ရတီခန့်မျှရှိသော စိန်(၁၃)လုံးမှာ စပ်အုပ်အုပ်ထားသော လက်နိပ်ဓာတ်မီးရောင်တွင် ပိုးစုန်းကြူးပျံသကဲ့သို့ တဖိတ်ဖိတ်တောက်ပလျက်ရှိလေသည်။ ဦးကာစင်က ကိုမိုးသီး၏လက်ထဲမှ ရင်ထိုးကို လောဘတကြီး လှမ်း၍ယူမည်ပြုသေး၏။ သို့သော် ကိုမိုးသီးက သူ၏ အင်္ကျီအတွင်းအိတ်ထဲသို့ ဖျတ်ခနဲ ထည့်လိုက်လေသည်။

"ဘယ်မလဲ - ခင်ဗျား ငွေငါးထောင်"



www.burmeseclassic.com

www.burmeseclassic.com

သုံးဝင်တာပိုတရှိနိုင် အသက်(၄၀)ကျော်ခန့်
မိန်းမခပ်ချောချောတစ်ယောက် ဆင်းလာလေသည်။
သူမ၏ ရင်ဘတ်၌ကား အရောင်တဖိတ်ဖိတ်တောက်သည့်
လိပ်ပြာတောင်သဏ္ဍာန် စိန်ရင်ထိုးတစ်ချောင်းကို ထိုးထားလေသည်။



"ပါပါတယ်ဗျာ – ရော့"

ဦးကာစင်သည် သူ၏ဘောင်းဘီအိတ်ထဲမှ ငွေစက္ကူထုပ်ကြီးကို ထုတ်ရှ်ပေးလေသည်။ ငွေစက္ကူများမှာ တစ်ဆယ်တန်နှင့် ငါးကျပ်တန်များဖြစ်၏။

"ခင်ဗျားနှယ် – အိတ်လေးအောင်ဗျာ၊ တစ်ရာတန်တွေ ယူခဲ့ရောပေါ့"

"မရှိမှ မရှိဘဲဗျ၊ ဈေးရောင်းရလို့ စုထားတဲ့ငွေက အနုပ်ချည်းပဲ"

"အင်းလေ – ရှိပါစေတော့၊ ရော့ – ဆံထိုး။ ထုခွဲတဲ့နေရာမှာ သတိထားနော်၊ အဲဒါ အရေးကြီးတယ်။ အရာတတ်ပေမယ့် အသိမတတ်ရင် အရှုံး



အနီးပဲတဲ့၊ စကားပုံရှိတယ် – ဦးကာစင်၊ ပေါ်ရင် ဒီဟာမျိုးက စပေါ်တတ်တယ်၊ သတိထားပါ – ဦးကာစင်၊ မီးနိုးကြွက်လျှောက်လိုက်နေပါဦးမယ်"

"စိတ်ချပါဗျာ၊ ကိုမိုးသီးကလည်း ကျုပ် ဒီဟာမျိုး လုပ်နေကျပါဗျ၊ ပိုက်ဆံကို ရေမကြည့်တော့ဘူးလား"

"မကြည့်ပါဘူးဗျာ၊ ခင်ဗျားကို ယုံပါတယ်"

အိမ်အပြင်သို့ သတိကြီးစွာဖြင့် ထွက်ခဲ့ကြပြီးနောက် လမ်းမကြီးပေါ်သို့ ရောက်သောအခါ အငှားကားတစ်စီး တွေ့ရသဖြင့် ကိုမိုးသီးက ငှားမည်ပြုရာ ဦးကာစင်က စိုးရိမ်သည်နှင့် –

"ကျုပ်တော့ မစီးတော့ဘူးဗျာ၊ ခင်ဗျား သွားပေတော့"

"ဒါဖြင့်လည်း နေရစ်ပေတော့လေ၊ ကဲ – သွားမယ် ဦးကာစင်၊ သတိစိရိုယနဲ့ သွားနော်"

"စိတ်ချပါဗျာ"

ကိုမိုးသီး၏ကားကလေးသည် မီးရထားဘူတာရုံသို့ လျင်မြန်စွာ မောင်းလျက်ရှိရာ ဦးကာစင်မှာ အတော်ဝေးဝေး လျှောက်ခဲ့ပြီးနောက် လံချားတစ်စီး တွေ့ရသည်နှင့် မြို့ထဲသို့ လံချားဖြင့် လာခဲ့လေ၏။ အင်္ကျီအိတ်ထဲမှ စိန်ရင်ထိုးကလေးကို မကြာခဏ စမ်းသပ်ကြည့်ပြီးလျှင် အမျိုးမျိုး စိတ်ကူးယဉ်နေမိတော့၏။

•• ❦ ••

တက္ကစီဖြင့် မီးရထားဘူတာရုံသို့ ထွက်ခဲ့သော ကိုမိုးသီးသည် တစ်မိုင်ကျော်ကျော်ခန့်မှ ရောက်သောအခါ ကားမောင်းသမားအား –

"ဟေ့ – ဝဟန်းပြန်မောင်းဦးကွာ၊ ငါ့အိမ်မှာ ပိုက်ဆံအိတ် မေ့ကျန်ရစ်ခဲ့လို့"



www.burmeseclassic.com

www.burmeseclassic.com

ဟု အချိုင်ဘာအား ပြောလိုက်သဖြင့် ကားကလေးသည် ဇဟာန်းသို့ ပြန်ခဲ့လေ၏။ လမ်းထိပ်သို့ရောက်သောအခါ ကားသမားအား ငွေစက္ကူ ငါးကျပ်အနုတ်ချပ်ထုတ်ပေးလိုက်ပြီးနောက် -

"တဲတွာ - ပိုတဲ့ နှစ်ကျပ်လည်း ပြန်မအမ်းပါနဲ့တော့၊ ငါမသွားတော့ပါဘူး၊ မိုးတလည်း သည်းလာပြန်ပါပြီ"

ဟုပြောကာ ကားကို ပြန်လွှတ်လိုက်လေ၏။

ကိုမိုးသီးသည် လွန်ခဲ့သော မိနစ်အနည်းငယ်က ဖောက်ထွင်းဝင်ခဲ့သော မင်းကြီးကတော် ဒေါ်မြသွင်၏ အိမ်ခြံအတွင်းသို့ ယခင်က ဝင်ခဲ့သော လမ်းအတိုင်း ပြန်၍ ဝင်ခဲ့ပြီးလျှင် အိမ်မ၏ အောက်ထပ်အခန်းသို့ ရောက်သောအခါ ယခင်တစ်ကြိမ်သကဲ့သို့ -

"အိမ်သားတွေ မရှိကြဘူးလားဗျို့"

ဟု ခပ်ကျယ်ကျယ် အော်လိုက်လေသည်။

ထိုအကြိမ်၌ကား အံပေါ်ထပ်မှ ချောင်းဟန့်သံတစ်သံ ကြားရပြီးလျှင် ညဝတ်အင်္ကျီကိုဝတ်ကာ ဆံပင်ကပိုကရို့နှင့် အသက်(၄၀)ကျော်ခန့် မိန်းမခပ်ချောချောတစ်ယောက် ဆင်းလာလေသည်။ သူမ၏ ရင်ဘတ်၌ကား အရောင်တဖိတ်ဖိတ်တောက်သည့် လိပ်ပြာတောင်သဏ္ဍာန် စိန်ရင်ထိုးတစ်ချောင်းကို ထိုးထားလေသည်။

"ဘယ့်နယ့်လဲ - ကိုမိုးသီး၊ အကြံအောင်ရဲ့လား"

"အောင်ခဲ့ပါတယ်ကွယ်၊ ရော့ငွေ - ဒီနာမည်ကြီးရေခါပြီး လူကို နောက်မနေစမ်းပါနဲ့ မြသွင်၊ ဒီနာမည်ကြားရတိုင်း ကျွပ်ကြွက်သီးထလွန်းလို့"

ကိုမိုးသီး အမည်ခံ ကိုဘသာသည် ဇနီးဖြစ်သူ ဒေါ်မြသွင်အား ငွေစက္ကူထုပ်ကြီးကို လှမ်း၍ပေးလိုက်၏။

"ဖတ်မို့ - ကြံကြံစည်စည်လုပ်တတ်တယ် - ကိုဘသာ၊ ငွေထုပ်ထဲမှာ ဘယ်လောက်ပါသလဲ"



"ငါးထောင် - စက္ကူတွေကို ရေတောင် မကြည့်ပါဘူးကွယ်၊ သူပေးတဲ့အတိုင်း ယူခဲ့တာပဲ၊ ဒီလူကြီး မဟုတ်တာတော့ လုပ်မယ်မထင်ပါဘူး"

"ဟုတ်ပါပြီလေ၊ ဒါနဲ့ ရင်ထိုးကို ယူတုန်းက သူ မရိပ်မိဘူးလား"

"ဘယ်ရိပ်မိမလဲကွယ်၊ အတုလုပ်ထားတဲ့ ပစ္စည်းကလည်း မင်းရင်ဘတ်မှာ ထိုးထားတာနဲ့ ချွတ်စွပ်တူနေတာပဲ၊ ပြီးတော့ - ကိုကလည်း သူ့ကို အနားကပ်မကြည့်ရအောင် လက်နိပ်ဓာတ်မီးနဲ့ ခပ်ဝေးဝေးက ထိုးပြတာကိုး"

"အေးလေ - ဘာပဲဖြစ်ဖြစ် ကျုပ်တို့တစ်နှစ်စာလောက်တော့ ဖူလုံပါပြီ၊ မောင်လည်း နောက်ထပ် မြင်းမလောင်းရဘူးနော် - ဒါပဲ"

"မလောင်းတော့ပါဘူး - မိန်းမရေ၊ ပိုက်ဆံကလေး ဘာကလေးပဲ နည်းနည်းပါးပါး ခေါင်းပါတော့မယ်၊ ဒီငွေကလေး ငါးထောင်လောက်ရဖို့ဟာ သုံးလလောက် ကြံစားရပြီး ထောင်ထွက်နဲ့တူအောင် ခေါင်းတုံးတောင် ရိတ်လိုက်ရသေးတယ်"

"ဒါကတော့ ရှင်မြန်းလို့ကုန်တဲ့ငွေတွေအစားရအောင်နည်းနည်းပါးပါးတော့ ပြန်လုပ်ဦးမှပေါ့ - ကိုဘသာရဲ့"

"ကဲပါလေ - အပေါ်ထပ်တက်ကြရအောင်၊ ဝီစကီကလေးတစ်ခွက်သောက်ပြီး ဒီည အေးအေးဆေးဆေးပဲ အိပ်ပါတော့မယ်"

•• ❦ ••

နံနက်လင်း၍အိပ်ရာမှနိုးသောအခါကိုဘသာနှင့်မြသွင် ဇနီးမောင်နှံ ည် ယမန်ညနေက ဦးကာစင်ထံမှရခဲ့သော ငွေစက္ကူထုပ်ကိုဖြေ၍ကြည့် ဦးကာစင် ပေးလိုက်သောငွေများမှာ ငွေစက္ကူအစစ်မဟုတ်ဘဲ ဂျပန်ခေတ် ငွေစက္ကူအတုများဖြစ်နေသည်ကို တအံ့တဩ တွေ့ရှိကြရလေ၏။

www.burmeseclassic.com

ဦးကာစင်မှာလည်း နောက်တစ်နေ့ နံနက်လင်းမှပင် ကိုမိုးသီးထံမှ ယမန်ညဦးက မိမိရရှိခဲ့သော ရင်ထိုးမှာ မင်းကြီးကတော် ဒေါ်မြသွင်၏ စိန်ရင်ထိုး အစစ်မဟုတ်ဘဲ အဖိုးမတန်သော ကျောက်များဖြင့် မြုလုပ်ထားသည့် ကြေးရင်ထိုးတစ်ချောင်းဖြစ်သည်ကို သိရလေသည်။

>>> ဒဂုန်ရွှေမျှား


စာပေမျိုး
မေးမိုးလိုမဂ္ဂ

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖိုစွန့်စားခန်း
အမှတ် (၅၀၈/၅၁၂)၊(၂/စ)၊ ပထမထပ်
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။


# လူသတ်သမားသေမျှ သက်ပွယ်ကြုံ
# အံ့ဖြူကျွန်းမြို့ဟောင်း



www.burmeseclassic.com

www.burmeseclassic.com

“ မကောင်းသောစိတ်ဖြင့်

လူသတ်ရန် ကြံစည်သူတစ်ယောက်၏

စိတ်မငြိမ်မသက်မှုကို ဖော်ပြသည့် — ”

‘**ထစ်နွံထဲ** – သာလိုက်တာနော်၊ လူသတ်ဖို့ကောင်းလိုက်တာ’

မကောင်းသောစိတ် လွှမ်းမိုးနေသည့် ကျော်မြတ်မင်းအတွက် မြင်မြင်သမျှသည် မကောင်းသော အပြုအမူများသာ ဖြစ်တော့သည်။ သူသည် ကိုထွန်းကျော်တို့အိမ်ဘက်သို့ မျှော်ကြည့်၏။ ငွေလဝန်းကို မော့ကြည့်၏။ ငွေလဝန်းသည် ချမ်းမြေ့ဖွယ်ကောင်းသည်ဟု ထင်ရလောက်အောင် မှိုင်းငွေတောက်နေသည်။

ကျော်မြတ်မင်းသည်ဓားမြှောင်တစ်ချောင်းကိုဆွဲထုတ်၏။အသွားချွန်းသက်သက် မြောက်လက်မရှိ၏။အရိုးနှင့်ဝေါင်းသော်တစ်ပေမပြည့်တပြည့် ဖြစ်သည်။ လရောင်ဖြင့် လက်ခနဲပြက်သွားသော ဓားသွားသည် လူသွေးကို တောင်းဆိုနေ၏။

ကျော်မြတ်မင်းသည် ဓားမြှောင်ကို အိမ်ထရံတွင် ထိုးစိုက်လိုက်၏။ ထရံမှာ သုံးလွှာဝါးထရံဖြစ်သည်။ ဓားမြှောင်တစ်ချောင်း ထိုးစိုက်ရန် အခက်အခဲမရှိပေ။ သို့သော် သူ၏ မြောက်လက်မဓားမြှောင်ကို စိုက်ကြည့်နေရာက ကျော်မြတ်မင်း ခေါင်းယမ်း၏။



“သည်ဓားမြှောင်ဟာ ကိုထွန်းကျော်ရဲ့အသည်းကို ထိပါ့မလား”

တီးတိုးရေရွတ်ရင်း ... ကျော်မြတ်မင်း ဖြေ၏။

“မသေချာဘူး၊ ကြံကြံဖန်ဖန် သေကွင်းက လွတ်သွားနိုင်တယ်”

.. ✝ ..

မိမိအလွန်ချစ်သော မြယဉ်ဦးကို မိမိထံမှ လုယူသွားသော ကိုထွန်းကျော် သေရမည်။ မြယဉ်ဦး လွမ်းမောပူဆွေးလျှင် တစ်လ ...။ ထို့နောက်တွင် မိမိထံသို့ မြယဉ်ဦး၏အချစ် ဦးလှည့်လာရမည်။

မြယဉ်ဦး၏အမေမှာ မြရင်မ ဖြစ်၏။

တစ်ခေတ်တစ်ခါက နာမည်ထင်ရှား ကျော်ကြားသော အငြိမ့်မင်းသမီး မြရင်ကို တုပပြီး မှည့်ခေါ်သော အမည် ဖြစ်၏။ ဒေါ်မြရင်သည် အလှကြီး တော့ သော်ငြား ယဉ်သည်၊ သူ့သမီး မြယဉ်ဦးမှာမူ အလှရော အယဉ်ပါ ဆင့်ပူးပေါင်းစပ်နေ၏။

မြယဉ်ဦးသည် တစိမ့်စိမ့်ကြည့်မှ ပိုလှသည်၊ တစိမ့်စိမ့်ကြည့်မှ ပိုပြီး ယဉ်သည်၊ မြယဉ်ဦး၏ အလှနှင့်အယဉ်ကို သိနားလည်သူ၊ ခံစားတတ်သူမှာ သူတစ်ယောက်သာ ရှိသည်ဟု ကျော်မြတ်မင်း ထင်၏၊ မြယဉ်ဦးကလည်း ကျော်မြတ်မင်းနှင့် ကိုထွန်းကျော်တို့ မြယဉ်ဦးကိုရရေး အပြေးပြိုင်ကြ၏၊ ကိုထွန်းကျော်က နိုင်သွားသည်။

မြယဉ်ဦး၏အမေ မမြရင်သည် ကျော်မြတ်မင်းကို စောစီးစွာကတည်းက သဘောကျသူ မဟုတ် ...။

“လောကမှာ ချစ်တတ်ရုံနဲ့ မပြီးဘူး – သမီး”

မြယဉ်ဦးသည် ထိုစကားကို ကျော်မြတ်မင်းသို့ ပြန်ပြော၏။

“အလုပ်လုပ်ပါ – ကိုကျော်”

သို့သော် ကျော်မြတ်မင်းသည် အလုပ်ရှေး၏။ သည်အလုပ်က ပင်ပန်းသည်။ ဟိုအလုပ်က နားချိန်မရှိဘူးဖြစ်ကာ သူ အလုပ်ရွေးနေစဉ် ကိုထွန်း



www.burmeseclassic.com

www.burmeseclassic.com

တော့်တ အလုပ်တို ကျားစီးဖားစီး လုပ်၏၊ ကြာလာသောအခါ မြယဉ်ဦးကို လှလှပပ တောင်းရမ်းနိုင်သူနှင့် မတောင်းရမ်းနိုင်သူ ဟူ၍ ကွဲပြားသွားတော့သည်၊

မြယဉ်ဦးသည် ကျော်မြတ်မင်းကို ချစ်သော်ငြား အမေ့အစီအမံကို မငြင်းဆန်ရုံသာ မကလေ၊ စိတ်မကောင်းပါဘူးရှင်ဟု အချိုသပ်ကာ ရင်ခွင်ပြောင်းသွားသည်၊ သည်အခါကျမှ ကျော်မြတ်မင်း ဆွေ့ဆွေ့ခုန်သည်၊ နမ်းဖူးသော ပါးက ပိုပြီးဖွေးလာသည်၊ ပွတ်သပ်ဖူးသောအသားက ပိုပြီးနူးညံ့လာတော့သည်၊

"သတ်မယ် - သည်ကောင်ကို သတ်မယ်"

ကျော်မြတ်မင်း ဓားရှာသည်၊

ရသောဓားကို ဓားသွေးကျောက်တွင် သွေးသည်၊

ဓားသွေးကျောက်တွင် တရှဲရှဲဓားသွေးရင်းက မြယဉ်ဦး၏ ယဉ်ပုံ လှပုံ ချောပုံများကိုသာ တွေးမိသည်၊ ထိုကဲ့သို့ တွေးမိလေလေ၊ နာကျင်သော ဝေဒနာသည် ပြင်းထန်လေဖြစ်ကာ ကိုထွန်းကျော်ကို မုန်းတီးသောစိတ် ပိုမိုကြီးမားလာသည်၊

"သည်ကောင်ကို သတ်ပစ်ပြီး ငါ့အချစ်ကို ပြန်ယူမယ်"

အခြားသော လူကောင်းသူကောင်းတွေအတွက် ကောင်းမှုပြုရန် ရှုးမျှလှဲနေသော ငွေလသည် ကျော်မြတ်မင်းနှင့်တွေ့မှ လူသတ်ချင်စိတ်ကို လှုံ့ဆော်သူ ဖြစ်လာ၏၊

ကျော်မြတ်မင်းသည် ခြောက်လက်မဓားမြှောင်ကို ငွေလရောင်တွင် မြှောက်ကြည့်သည်၊ ကြည့်ရင်းက ဓားကို သံသယဝင်လာသည်၊

"သည်ဓားနဲ့ သေပါ့မလား၊ ထွန်းကျော်မသေပဲ ဒုက္ခိတဖြစ်နေရင် မြယဉ်ဦးက သနားပြီး လုပ်ကျွေးနေရင် ..."

ဓားမြှောင်ကို ချထားခဲ့ကာ အိမ်ထဲသို့ ကျော်မြတ်မင်း ဝင်ခဲ့သည်၊ နံရံတွင် ချိတ်ဆွဲထားသော ဓားများ ...၊ ဓားအိမ်ကို ကျောက်စီထားသည်၊ ရွှေရည်ထားသဖြင့် ဖိတ်လက်နေ၏၊ သည်မှာထဲက ဓားတစ်လက်ကား ရွှေမရ



ဒွေးတို့၏ မလေ့သဘာဝအရ တစ်ကောင်က စတင်အူလျှင် ကျန်သောခွေးများ မနေနိုင် ...။ ရှာလုံးကျွတ် အူသည်။ လူတို့၏သဘောကလည်း ခွေးအူခြင်းသည် မကောင်းဆိုးဝါး နာနာဘာဝများကို မြင်သောကြောင့် အူခြင်းဖြစ်သည်ဆိုကာ "ဟဲ့" အစချီပြီး ငေါက်ငမ်းပြီး အသံပေးကြ၏။



ထောက်မစီ၊ ဟသ်ပဒါး သုတ်ထားသည်၊ ထိုဓားကို ကျော်မြတ်မင်း ဖြုတ်ရှုသည်၊ ဓားအိမ်ထဲမှဓားကို ရှမ်းခနဲ ဆွဲထုတ်သည်၊

မလင်းတစ်လှည့်၊ လင်းတစ်လှည့် အလင်းရောင်အောက်မှာပင် ဓားသွားသည် တောက်ပနေ၏၊

•• ✝ ••

"ဒါဟာ - ဒါဟာ - အဘိုးရဲ့နယ်ချဲ့ဆန့်ကျင်ရေးဓားလား"

ကျော်မြတ်မင်း တွေဝေသည်၊ နံရံတွင် ကျန်ခဲ့သော ဓားသုံးစင်းကို ငေးကြည့်သည်၊



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပြီ – သစ္စာဖောက်ရဲ့ဓား – ဟုတ်ပြီ၊ သည်ဓားနဲ့ ထွန်းကျော်ကို ခုတ်မယ်၊ လည်ပင်း တိခနဲ ပြတ်ကျအောင် ခုတ်မယ်"

ဓားကို ဓားအိမ်ထဲသို့ ပြန်သွင်းရင်း … ကျော်မြတ်မင်း အိမ်ရှေ့သို့ ပြန်ထွက်လာ၏၊ ဓားကို ရှမ်းခနဲ့မြည်အောင် ထပ်မံဆွဲထုတ်သည်၊ ငွေဓားရောင်သည် ငွေလရောင်နှင့် ပန်းတင့်လျက် ငွေသွေး ငွေရောင် ငွေမင် ငွေရည်သမ်းဘိသို့ ရှိသည်၊

"သည်ဓားဟာ သစ္စာဖောက် သူကြီးရဲ့ဓား မဟုတ်ရင် ထွန်းကျော်တို့ သည်ဓားနဲ့ ခုတ်ရမှာ မတန်ဘူး"

သို့သော် … သည်ဓားမှာ နယ်ချဲ့လာသော ကျူးကျော်ရေးသမားများထံ အထောက် ခေါင်းလျှိုသွားသော အမျိုးသားသစ္စာဖောက် ညောင်စဉ်သူကြီး၏ဓားဟု အဘိုး ပြောဖူးသည်၊ အမုန်းဆုံးလူနှင့် သစ္စာဖောက်ဓားသည် မထိုက်တန်ပါသလော၊ ယနေ့မျက်စိဖြင့် ဓားကောင်းဟု မြင်နေရပြီး သည်ဓားသည် ဓားမျက်စိဖြင့်ကြည့်ပါက ဓားကောင်းဟုတ်ပါ၏လော၊

မည်သို့ဖြစ်စေ၊ ဓားမြှောင်ကို ခါးတွင်ထိုးပြီး အိမ်နီဓားကို ကျော်မြတ်မင်း လွယ်လိုက်သည်၊ ငွေလမင်းသည် ပေပင်ပေလက်တွင် ချိတ်ဆွဲလျက် လူသတ်သမားကို လမ်းပေးနေသည်၊

•• 🗡 ••

တစ်ရွာလုံး တိတ်နေသည်၊ တစ်လမ်းလုံး ရှင်းနေသည်၊

သည်လမ်းသည် ကျော်မြတ်မင်း ကလေးဘဝကတည်းက ဖန်တစ်ရာ တေအောင် လျှောက်ခဲ့သောလမ်းဖြစ်သည်၊ သို့ပါလျက်နှင့် မကောင်းသော စိတ်ကို ရင်တွင်လွယ်လျက် လျှောက်ရသောအခါ လမ်းသည် စောင်းနွဲ့ ယောင်နေသယောင် ကျင်းတွေ ချိုင့်တွေ ကမူတွေ ပြည့်နေသယောင် ထင်ရ၏၊



သည်အချက်ကို ကျော်မြတ်မင်း သတိထားမိ၏၊ သို့ကြောင့် ဓားရိုးကို နာနာဆုပ်သည်၊ သွေးတိုးမမှန်၊ ဒိန်းခနဲ ဒိန်းခနဲ နားထင်ကို လာ၍ဆောင့်သည်၊ ကျော်မြတ်မင်း အသက်ကို ပြင်းပြင်းရှူပြီး ဒိန်းခနဲ ဒိန်းခနဲက မရပ်၊ သို့ကြောင့် နီးရာသစ်ပင်တစ်ပင်ကို ပြေးကပ်ပြီး မှီတွဲလိုက်ရသည်၊

ဆောင့်ပြီးတိုးသည်က တခြား၊ အသက်ရှူသည်က တခြားဖြစ်၏၊ ကျော်မြတ်မင်း အသက်ကို အောင့်ထား၏၊ ဒိန်းခနဲ ဒိန်းခနဲက အဆောင့်မရပ်၊ သစ်ပင်ကို ကျောမှီလျက် ကျော်မြတ်မင်း လျှောချသည်၊ ဆောင့်ကြောင့် ထိုင်အနေအထားတွင် ဒိန်းခနဲ ဒိန်းခနဲ ဆောင့်တိုးသံ ရပ်၏၊

"ဟာ – ဒုက္ခပဲ"

ကျော်မြတ်မင်း … ညည်းတွားသည်၊

သည်အတိုင်းသာဆိုလျှင် မည်သို့လုပ်မည်နည်း၊ လူတစ်ယောက်ကို သတ်ဖြတ်ရရေးသည် ဤမျှပင် ခက်ခဲရသလော၊ ဓားကို ဓားအိမ်ထဲသို့ ပြန်သွင်းပြီး ကျော်မြတ်မင်း ထရပ်သည်၊ တဒိန်းဒိန်း ဆောင့်တိုးသံ ရပ်သွားသဖြင့် သူ ဝမ်းသာသွားသည်၊ သူ ကျူးလွန်ရန် ကြံစည်ထားသောအမှု အောင်မြင်တော့မည်၊

သစ်ပင်အောက်မှ ကျော်မြတ်မင်း ထွက်လာသည်၊ မကောင်းမှု ကျူးလွန်ရန် ကြံစည်ထားသူ၏ မကောင်းသောစိတ်က ထိုသူကို မြောက်လှန့်နေသည်၊ ကျော်မြတ်မင်း သတိထားသည်၊ မြဲစည်းရိုးများဘက်သို့ လုပြီး လျှောက်သည်၊ ထွန်းကျော်တို့ ခြံတံခါးသို့ရောက်ရန် သုံးအိမ်အလို၌ ကျယ်လောင်သော ခွေးအူသံကြီး ပေါ်လာသည်၊

•• 🗡 ••

တိတ်ဆိတ်နေခဲ့သော တစ်ရွာလုံးမှာ ခွေးအူသံများဖြင့် ဆူသွားတော့၏ ခွေးတို့၏ မလေ့သဘာဝအရ တစ်ကောင်က စတင်အူလျှင် ကျန်သော ခွေးများ မနေနိုင် … ရွာလုံးကျွတ် အူသည်၊ လူတို့၏သဘောကလည်း ခွေးအူ ခြင်းသည် မကောင်းဆိုးဝါး နာနာဘာဝများကို မြင်သောကြောင့် အူခြင်းဖြစ်သည်ဆိုကာ "ဟဲ့" အစရှိပြီး ခေါက်ငမ်းပြီး အသံပေးကြ၏၊



www.burmeseclassic.com

www.burmeseclassic.com

တစ်ရွာလုံးနီးပါး နိုးကုန်သောကြောင့် ကျော်မြတ်မင်းမှာ သစ်ရိပ်ခို နေရသည်၊ တိုနေရာက လူထွက်လာနိုး၊ သည်နေရာ ကလူထွက်လာနိုး ကြည့်ရသည်၊ လူ၏ပေါက်ငမ်းသံနှင့်ခွေးအူသံသည် (၁၅)မိနစ်ခန့် လုံးထွေး နေသည်၊ ငွေလမင်းလည်း အနောက်ဘက်သို့ သိသိသာသာ စောင်းရွေ့ သွား၏၊

သည်ရွာ၌လှည့်ကင်းမရှိ...၊ ရွာတံခါးအနီးရှိကင်းထဲတွင်သာ ထိုင်ကင်း ရှိသည်၊ သို့ဖြစ်၍ ကျော်မြတ်မင်းမှာ လှည့်ကင်းကို စိုးရိမ်ရန်မလို၊ ခွေးအူသံ စဲသည်အထိ မစောင့် ...၊ ခွေးအူသံ မစဲတစဲတွင် သစ်ပင်ရိပ်မှ ထွက်သည်၊ ချက်ချင်း ပြေးဝင်ရသည်၊ အကြောင်းမူ လူသုံးယောက် လာနေသောကြောင့် တည်း၊

ကျော်မြတ်မင်းသည် လူသိများသော လူငယ်တစ်ယောက် ဖြစ်၏၊ ရွာ မှာ ရွာကြီးဖြစ်သော်ငြား ကျော်မြတ်မင်းကို သိသူများ၏၊ သို့ကြောင့် လူမြင် ခံ၍မဖြစ်ချေ၊ ဖြတ်သန်းသွားသူ သုံးယောက်တွင်ပေ‌ာင်ဖွာပေ‌ာင်ဖွာသမား တစ်ယောက် ပါ၏၊ မရှင်းနိုးငြား ကျော်မြတ်မင်း သိသည်၊

အမြင်မခံလိုသောကြောင့် ကျော်မြတ်မင်းသည် သစ်ပင် ပင်စည်တို ပြားနေအောင် ကပ်ခါမှ ညဥ့်ငှက်တစ်ကောင်က ဂိခနဲ ထိုးဆိတ်အော်ဟစ် သွားသည်၊

••🗡••

"ဟာ - ငှက်ဆိုးသဟ၊ နိမိတ်မကောင်းဘူး"

လျှောက်လာသူ သုံးယောက်ထဲမှ တစ်ယောက်က ပြော၏၊

"ဟ - မင်းတို့ထွက် ပြဿဒါးချည်းပဲကွ"

"လုပ်မနေစမ်းပါနဲ့ကွာ - မသိရင်ခက်မယ်"

ခက်သည်ဖြစ်စေ၊ မခက်သည်ဖြစ်စေ အရေးမကြီးပါ၊ ခက်သူမှာ ကျော် မြတ်မင်းသာ ဖြစ်သည်၊ ဟိုဘက်မှာ လူသုံးယောက်လာနေသောကြောင့် သစ်ပင်၏ သည်ဘက်တွင် ပြားနေအောင် ကပ်ထား၏၊ ထိုလူသုံးယောက် လွန်မသွားမီ သည်ဘက်မှာ နှစ်ယောက် လာနေသည်၊



"ဟာ - ဒုက္ခပဲ"

ကျော်မြတ်မင်းသည် ကျောပေးထားသော သစ်ပင်ဘက်သို့ လျင်မြန် စွာလှည့်သည်၊ ပင်စည်ကိုဖက်ကာ ပေါင်ခွင်ထိုး တက်သည်တွင် ခွဆုံတစ်ခု ကို ဆုပ်မိသည်၊ ကျော်မြတ်မင်း ဝမ်းသာအားရရှိသည်၊ ဆွဲတက်သည်၊

သုံးယောက်တွဲနှင့် နှစ်ယောက်တွဲတို့ ဝေးသွားငြား ကျော်မြတ်မင်းမှာ မှာ မမြင်ရသော ပုရွက်ဆိတ်များကို ပွတ်သပ်ဖယ်ရှားနေရ၏၊ သို့ရာတွင် တောသားသည် အနံ့ကို သိ၏၊ သူ့ကို မှောင်ကြီးထဲတွင် ဝိုင်းဝန်းကိုက်ခဲနေ သူများမှာ ပုရွက်ဆိတ်မဟုတ်၊ ခါချဉ်တွေဖြစ်သည်၊ သစ်ပင်ပေါ်မှ ကျော်မြတ် မင်း ခုန်ချပြီးသည်အထိ ခါချဉ်များက ကိုက်၍ကောင်းဆဲ ...၊

အရေးထဲတွင် ဓားလွယ်က သစ်ကိုင်းတွင် ငြိကျန်ခဲ့သဖြင့် တက်ဖြုတ် ရသေး၏၊ ခါချဉ်ကလည်း မကုန်သေး၊ ကျော်မြတ်မင်းမှာ လူရိပ်လူခြည်ကို စိုးကြည့်ရသည်၊ ခါချဉ်ကိုလည်း ပွတ်သပ်ရသည်၊ အတော်ကြာအောင် ခါချဉ်အကိုက်ကို စောင့်ပြီးမှ ကျော်မြတ်မင်း ခရီးဆက်သည်၊

ငရုတ်ခင်းနှင့် ချဉ်ပေါင်ခင်းအလယ်၌ ဘူးစင်နှင့်အိမ်ကလေး၊ ဝင်လုဆဲ ဆဲ လရောင်အောက်မှ ငြိမ်သက်နေသော အိမ်ကလေး၊ သူ့ထံသို့ လူသတ် သမား ချဉ်းကပ်လာသည်ကို သိဟန်မတူ၊ အပူအပင် ကင်းမဲ့စွာဖြင့် အိပ်ကလေးသည် အိပ်ပျော်နေရှာသည်၊

ကျော်မြတ်မင်းသည် အိမ်ဝိုင်းနှင့် မျက်နှာချင်းဆိုင် သစ်ပင်ရိပ်တွင် ထိုင်သည်၊ လူသွားလူလာကိုအတန်ကြာအောင်စောင့်ကြည့်ပြီးမှ ထွန်းကျော် တို့ခြံစည်းရိုးသို့ ပြေးကပ်သည်၊ ကြက်ဆူပင်များ၏ အရွက်ဖားကြီးများက ကျော်မြတ်မင်းကို လရောင်မှ ကာကွယ်ပေးထားကြ၏၊

သူသည် တံခါးကြားသို့ လက်လျှိုသည်၊ သံကြိုးနှင့် သော့ခလောက်ကို တွေ့သောကြောင့် ပြုံးပြီးလက်ရုတ်၏၊ ထွန်းကျော်သည် တံခါးကိုသာ သံကြိုးပတ်ပြီး သော့ခတ်ငြား ခြံစည်းရိုးမှာ လူဝေးစွ၊ နွားသော်မျှမလုံခြုံ၊ သံကြိုးပတ်ပြီး သော့ခတ်ထားသောနေရာ၏ဟိုဘက် ဝါးတစ်ရိုက်ကျော် တွင် အပေါက်ကြီး ရှိသည်၊ ဤသည်ကို ပိတ်ဆို့ဖာထေးရန် မကြိုးစား ...၊



www.burmeseclassic.com

www.burmeseclassic.com

သို့ကြောင့် ကျော်မြတ်မင်း ပြုံးသည်၊ အပြုံးမပြယ်သေးမီ ထိုအပေါက်ဆီသို့ ရွေ့ခဲ့သည်၊ ဤတွင် ကျော်မြတ်မင်း ကြိုတင်စဉ်းစားမထားမိသော အနှောင့်အယှက်တစ်ခု ပေါ်လာ၏၊ ထိုအရာကား ငကြောင်ပေတည်း ...။

•• ••

ငကြောင်ဟူသည် အဖြူအနက်အဝါ စသည့် ခွေးများတွင် ရှိတတ်သော အရောင်များမှ ရှောင်ကာ ကြောင်တစ်ကောင်၏ အဆင်အသွေးမျိုးရှိသော ခွေးဖြစ်၏၊ ထိုခွေးသည် ခွေးဝင်ပေါက်မှ ငုံ့ဝင်လာသော ကျော်မြတ်မင်း၏ မျက်နှာကို လျှာဖြင့် လျက်၏။

"ဟယ် - သည်ခွေးဟာ"

ကျော်မြတ်မင်း ဓားဖြင့်ခုတ်ရန် စိတ်ကူးပြီးမှ စိတ်ကို ချုပ်တည်းလိုက်သည်၊ ကံအားလျော်စွာ ခွေးငကြောင်သည် ဟောင်သံပေးကာ ပြေးထွက်သွား၏၊ သည်အခါကျမှ ကျော်မြတ်မင်း ဓားကို ဆွဲထုတ်လျက် အိမ်ရိပ်ကို ဝင်ခိုသည်၊ သည်တွင် ကြုံရသောအခက်ကား နတ်ပူးသည့်အလား တုန်ခိုက်နေခြင်းဖြစ်သည်၊

"သည်ကောင်ကို ငါသတ်ရမယ်၊ တုန်နေလို့ မဖြစ်ဘူး"

အံကြိတ်ပြီး ကိုယ့်ကိုယ်ကိုယ် အားပေးသည်၊ နတ်ကျသည်သို့ တဆတ်ဆတ်တုန်နေသော အတုန်က မပျောက်၊ ခြေကို လက်ဖြင့် ချုပ်၏၊ လက်ကို ချုပ်မည့်အရာ မရှိ...။

တစ်စုံတစ်ယောက်၏ ဟောက်သံ ပေါ်လာသည်၊ ကျော်မြတ်မင်း ထိတ်လန့်သွားကာ ဘုံစင်အောက်သို့ ပြေးဝင်တော့မှ ဟောက်သံကို တွေ့၏၊ ဟောက်သံရှင်ကား ကျော်မြတ်မင်း အလိုချင်ဆုံးသော ထွန်းကျော်ပေတည်း၊ သို့သော် ကျော်မြတ်မင်းမှာ ဓားကိုကိုင်ပြီး ရပ်၍မရ...၊ မှန်မှန်ဟောက်ပြီး ကွပ်ပျစ်ပေါ်တွင် အိပ်ပျော်နေသော ထွန်းကျော်၏ဘေးမှာ ကျော်မြတ်မင်း ရပ်၍မရ...။

ကျော်မြတ်မင်း အံကြိတ်ခြား အတုန်မရပ်...။

"တော်ပြီ - မလုပ်တော့ဘူး" ဟု ပိုင်းဖြတ်ပြီး နောက်သို့ဆုတ်သည်နှင့် နလုံးအခုန် တဒိန်းဒိန်း ငြိမ်၏၊ ခြံစည်းရိုး မှောင်ရိပ်အရောက်တွင်ကား ခြေရောလက်ပါ ကောင်းသွားသဖြင့် ပြန်လှည့်လာသည်၊ ခြေလက်သာမက မေးပါ တဆတ်ဆတ် တုန်လာသည်၊

ကျော်မြတ်မင်း မည်သို့ လုပ်ရမည်နည်း။ လ ဝင်ပြီ၊

>>> ခင်မြို့ကျွန်း အောင်သိန်း

**စာမူရှင်များသို့**

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ၍ မိတ္တူ ပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ခုန် မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

## အကြင်နာနှလုံးသား ရင်ပြင်ဝယ်



" မိမိအသက်ကိုစွန့်၍

သူငယ်ချင်း၏အသက်ကို ကယ်တင်ခဲ့သည့်

သူငယ်ချင်းနှစ်ယောက်၏ သစ္စာမေတ္တာ ကြီးမားပုံကို

ဖော်ကျူးသော မေတ္တာဘွဲ့ဇာတ်လမ်း ... "

**မြည်းသိုးချောင်းသည်** တက်ရေ၊ ကျရေနှင့်အတူ ဒီရေဝင်ရောက်ထတ်သည့်ချောင်း။ ဟိုဘက်ကမ်းနှင့် ဒီဘက်ကမ်း လှမ်းအော်၍ စကားပြောနိုင်ပါသော်လည်း ထိုချောင်းမှာ နက်သည့်အပြင် နွံကလည်း နစ်တတ်၏။ တချို့ငါးရှာသည့်ကွန်ပစ်သူတွေပင်လျှင် ပေါင်လယ်လောက်အထိ နွံထဲနစ်ဝင်တတ်သော်လည်း ထိုမြည်းသိုးချောင်းကလေး၏ တက်ရေ၊ ကျရေကိုအသုံးပြုကာ သမ္ဗန်တွေဖြင့် မြို့တက်၍ စပါးကြိတ်ကြရ၏။ သာရေး၊ နာရေးအလှူအတန်းအတွက် ပစ္စည်းဝယ်ယူရာတွင် သမ္ဗန်တွေဖြင့် သယ်ယူကြ၍ ကူးလူးဆက်သွယ်ပေးနေသော မြည်းသိုးချောင်း၏ကျေးဇူးကား ရွာသူ ရွာသားတွေအတွက် အားထားရသောချောင်းကလေး ဖြစ်ပါသည်။

သို့သော် ခေတ်ပျက်ကာလဟု ဆိုရမည်မသိ။ ၁၉၅၀ – ခု ပတ်ဝန်းကျင်သယ် ထိုမြည်းသိုးချောင်းတစ်ဝိုက် ဓားပြတိုက်၊ ပြန်ပေးဆွဲ၊ လူသတ်မှုဖြစ်ရပ်

www.burmeseclassic.com

တွေကား ကြီးထွားနေသကဲ့သို့ တစ်ခါတစ်ခါ မြည်းချောင်းထဲဝယ် လူသေ ကောင်အလောင်းတွေ ရေစုန် ရေဆန် မျောပါလာသည်မှာလည်း မကြာ မကြာ တွေ့ကြရသည်။ ခေါင်းမပါသော အလောင်းကောင်ကြီး၏ရင်ဝ ဝယ် ဓားရှည်တစ်ချောင်း စိုက်ထား၏။ ထိုဓားရှည်တွင် စာတန်းတစ်ခုလည်း တွေ့ရပြန်သည်။

"ခေါင်းဆောင်လုပ်ချင်ရင် ငါ့ကိုကြည့်"

စသည့် စသည့် ထိတ်လန့်ကြောက်မက်ဖွယ် ရက်စက်ကြမ်းကြုတ်နေ သည့် ထိုအချိန်သမယ သူကြီးခေတ်ကာလတွင် မိရိုးဖလာ ဆင်းသက်လာ သည်ဟု ပြောရမည့် သူကြီးမျိုးရိုးမှ သူကြီးဖြစ်လာလေသော *ဗိတောက်* တောရွာမှ ဦးဘမောင်သည်ကား ဗိတောက်ရွာ၊ သမြေရွာ၊ ကညင်ရွာ၊ ကုက္ကိုတောရွာနှင့် ထန်းညို စသည့် ရွာငါးရွာ အုပ်ချုပ်ရသော သူကြီးမင်း ဖြစ်သည်။ သူကြီးဦးဘမောင်နှင့်သူကြီးကတော်ဒေါ်မြမေတို့တွင် သားသမီး ဆို၍ ထွန်းမောင်ဆိုသည့် ရင်နှစ်သည်းချာ သားရတနာတစ်ဦးသာ ရှားရှား ပါးပါးရှိလေသည်။

သူကြီး ဦးဘမောင်နှင့် ဇနီး ဒေါ်မြမေတို့သည်လည်း မျိုးရိုးစဉ်ဆက် ချမ်းသာကြွယ်ဝသော လယ်ပိုင်ရှင်ကြီးတွေ ဖြစ်ကြသကဲ့သို့ သားဖြစ်သူ ထွန်းမောင်သည်လည်း သူကြီးသား၊ သူဌေးသားဟု တစ်ရွာလုံးက ဖူးဖူး မှုတ် အကြောပေး လေးစားကြ၏။ ထွန်းမောင်သည် ရိုးသားဖြူစင်၏။ အဆင့်အတန်း မခွဲခြားတတ်၊ ကြီးသူကို ရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ် သူကို သနားဆိုသည့် မိခင်၊ ဖခင်တို့၏အဆုံးအမအတိုင်း တစ်သဝေမတိမ်း နေတတ်သူလည်း ဖြစ်၏။

သူတို့၏ခြေရင်းအိမ်မှာ ထွန်းမောင်နှင့်ရွယ်တူ လွှန်းမောင်ဆိုသော သူငယ် ရှိသည်။ လွှန်းမောင်အပေါ်ပိုမိုခင်တွယ်သည်မှာလည်း လွှန်းမောင် နှင့် ထွန်းမောင်မှာ မီးဝင် မီးထွက်၊ ထွန်းမောင် မီးထွက်သည့်နေ့တွင် လွှန်း မောင်ကို မွေးသဖြင့်လည်း ထွန်းမောင်သည် လွှန်းမောင်၏မိခင် ဒေါ်အေး မယ်၏ နို့ချိုချိုစို့ခဲ့သလို လွှန်းမောင်သည်လည်း ထွန်းမောင်၏ မိခင်သူကြီး



ကတော် ဒေါ်မြမေ၏နို့ကို စို့ခဲ့ကြသော နို့စို့ဖက်သူငယ်ချင်း ညီအစ်ကိုနှစ် ယောက်ပင် ဖြစ်၏။

လွှန်းမောင်ဖခင် ဦးမောင်မောင်မှာ သူကြီးဦးဘမောင်၏ အားအကိုးရ ဆုံး သစ္စာအရှိဆုံး လယ်လုပ်သမားကြီး သူရင်းငှားတစ်ဦးဖြစ်လင့်ကစား သူကြီးတို့ ဇနီးမောင်နှံမှာ ဦးမောင်မောင်အား သူရင်းငှားဟု ဘယ်တော့မှ မပြော၊ မခေါ်ဘဲ ခေါင်းဆောင်ကြီး၊ ခေါင်းဆောင်ကြီးဟုသာ တလေးတစား ခေါ်ဝေါ်ဆက်ဆံကြသည်။

လွှန်းမောင်အရွယ်ရောက်သောအခါသူ၏ဖခင်အရိုက်အရာဖြစ်သည့် သူကြီးအိမ်တွင် လုပ်၏။ သူကြီးမိသားစု၏ ကူညီပံ့ပိုးမှုကြောင့်လည်း လွှန်း မောင်တို့မိသားစုသည် လယ်နှစ်ဧကနှင့်အတူ နွားတစ်ရှဉ်းပင် ပိုင်ဆိုင်ခဲ့ လေပြီ။

ဦးမောင်မောင်နှင့် လွှန်းမောင်တို့သားအဖသည် မိမိပိုင် လယ်နှစ်ဧက လည်း လုပ်၏၊ သူကြီး၏လယ်ကေများစွာအတွက် မိမိပိုင်ပစ္စည်းသဖွယ် သဘောထားကာ ဆက်လက်လုပ်ကိုင်ခဲ့သည်။ ထွန်းမောင်အား သူကြီးသား ဖြစ်လင့်ကစား လယ်သမားအလုပ်ကို သူကြီးနှင့်ဇနီးတို့မှာ သင်ယူစေ၏။ ထွန်းမောင်ကား သူငယ်ချင်း လွှန်းမောင်နှင့်အတူ ဦးမောင်မောင်ထံမှ သင် ယူခဲ့ရာ လယ်ပိုင်ရှင်တစ်ဦး၏သမီး မကြည်ကြည်နှင့် လက်ထပ်ခဲ့သလို လွှန်းမောင်သည်လည်း မြောက်ပိုင်းမှ လယ်သူမ မကျော့မေနှင့် လက်ထပ် ခဲ့လေသည်။

••○••

"ထွန်းမောင်"

"ဗျာ"

"ငါတော့ ကလေးအဖေ ဖြစ်တော့မယ်ကွ"

"ဟုတ်လား"

"ဟုတ်တယ်ကွ - သုံးလလောက်ရှိပြီလို့ ပြောတာပဲ"



www.burmeseclassic.com

"ဝမ်းသာလိုက်တာကွာ"

"မင်းတော - လူမဖြစ်သေးဘူးလား"

"မသိပါဘူးကွာ၊ အဖေမကတော့ ပြောတာပဲ၊ ကျော့မေမှာ ကိုယ်ဝန်ရှိနေပြီတဲ့"

"ဟား - ဟား - ဟား - ဟား - ဒါဆို - တို့လိုမိုးဝင်မိုးထွက်ဆိုဘယ်လောက်များ ကောင်းလိုက်မလဲကွာ"

"အေး - ဒါပေမဲ့ကွာ၊ မင်းက အတိအကျပြောနိုင်ပေမယ့် ငါက မသေချာသေးပါဘူး ထင်ပါရဲ့ကွာ၊ သေချာရင်တော့ ကောင်းတာပေါ့"



"လွန်းမောင် - လွန်းမောင်ရာ - သူငယ်ချင်း - သူငယ်ချင်းရယ်"

"ထွန်းမောင် - မင်း - ဘာမှမဖြစ်ဘူးနော်"

"အေး - အေးပါ"

"သူငယ်ချင်းရာ - ငါ့ - ငါ့မိသားစုအတွက်"

"မင်း - ဘာတွေပြောနေတာလဲ။ ဆေးရုံပို့ရအောင် လုပ်ကြပါဦးဗျ။ ရင်ဘတ်ကို ထိထားတယ်"



"လွန်းမောင်ရာ - ဖဲသမားစကား ရှိတယ်လေ၊ ငွေထိုးရင် ငွေရမယ်တဲ့၊ ရွှေထိုးရင် ရွှေရမယ်၊ အဲ့ - လူ - ဟား - ဟား - ဟား - ဟား"

"ဒီအကောင် တော်တော်ညစ်စုတ်တဲ့အကောင် - ဟား - ဟား - ဟား ဟား"

သူငယ်ချင်းနှစ်ယောက် တဝါးဝါး တဟားဟား ပြောမနာ ဆိုမနာ၊ မရှိအတူ ရှိအတူ၊ သက်တူ ရွယ်တူရုံမက မသိလျှင် အမြွှာဟုပင် ထင်ရလောက်အောင် အသံနှင့် ဟန်ပန်ရုပ်ရည်မှအစ အလုံးအထည်တူမှ တူနိုင်ကောဟု တစ်ရွာလုံးလိုလို ပြောစမှတ် တွင်စေပါသည်၊

"လွန်းမောင်ရေ"

"ဘာလဲ - ထွန်းမောင်"

"မနက် - တို့နှစ်ယောက် ကုန်းလမ်းကနေ စောစောလေး ပန်းမြိုင်သွားရအောင်"

"သွားလေ - ဘာကိစ္စလဲ"

"မင်းကလည်း မေ့ရန်ကောကွာ၊ မြို့ပေါ်က ဦးလူဝ စပါးစက်ကိုလေ၊ ဆန်ကြိတ်ဖို့ ကိစ္စလေ၊ ဘယ်နေ့ကြိတ်ရမလဲဆိုတာမေးရင်း လိုတာလေးတွေလည်း ဝယ်ကြရအောင်ပေါ့"

"ဒါဆိုလည်း စောစောသွားမယ်လေ၊ ရှာပြန် ထမင်းစားမိပေါ့"

"အေး - ကောင်းတာပေါ့"

သို့နှင့် နောက်တစ်နေ့ မနက်စောစော ပိတောက်မြိုင်ရွာမှ ထွက်ခဲ့၏၊ ပိတောက်မြိုင်ရွာနှင့် သပြေရွာအကြားဝယ် နွေအခါ ရေမရှိသော ချောင်းကောလေး ရှိ၏၊ ထိုချောင်းကောလေး၏နှစ်ဖက်မှာကား ကိုင်းတောနှင့် အထူ တကွတ်ပင်ကြီးတွေသည် အုပ်အုပ်ဆိုင်းဆိုင်း၊ သပြေရွာ သုသာန်သင်္ချိုင်းမြေလည်း ဖြစ်၏၊ ထိုမှဆက်ထွက်သော် သပြေရွာကိုကျော်လျှင် ကညင်ရွာ၊ ကညင်ရွာ ဖြတ်ပြီးပါက ပန်းမြိုင်မြို့ပေါ်သို့ ရောက်လေသည်၊ မြို့ရောက်ပြီးနောက် ဦးလူဝ၏စပါးစက်သို့ အရင်ဝင်စုံစမ်းသည်၊ ထို့နောက် မြို့ထဲဝယ် လိုတာလေးတွေဝယ်၍ မြန်မြန်ခြရာမှ သပြေရွာသင်္ချိုင်းကျော်၍ ချောင်းကောထဲအရောက်တွင် -

www.burmeseclassic.com

"ထွန်းမောင်ရေ - ငါ - အနူရာယ်စွန့်လိုက်ဦးမယ်ကွာ။ မနေနိုင်တော့ဘူး"

"လုပ်လေ - ငါအပေါ်က စောင့်မယ်"

"အေး"

လွန်းမောင်တစ်ယောက်အန္တရာယ်လွယ်မထားနိုင်သဖြင့်ချောင်းကော အတွင်းရှိချုံဘေးသို့ဝင်ထိုင်လိုက်သကဲ့သို့ ထွန်းမောင်သည်လည်း ချောင်းကောကလေးဖြတ်ကာ ရွာဘက်ကုန်းပေါ်အရောက် -

"ဟေ့ကောင် - မလုပ်နဲ့"

"ဟာ"

"မဟာနဲ့ - မင်း - သူကြီးသား ထွန်းမောင် မဟုတ်လား"

မျက်နှာဖုံးနှင့်လူဆိုးသုံးယောက် သေနတ်ကိုင်တစ်ယောက်နှင့် ဓား ကိုင်ထားသူနှစ်ဦး။ သေနတ်မှာ ခြောက်လုံးပြူးသေနတ်၊ ထိုခြောက်လုံးပြူး သေနတ်သည် ထွန်းမောင်၏နဖူးအား တေ့ထားလေပြီ။

"မေးနေတာ မကြားဘူးလား။ တို့က သူကြီးကို သတ်ချင်နေတာကွ၊ ခုတော့ - ဖအေ အစား သားခံရပြီပေါ့ကွာ - ဟား - ဟား - ဟား - ဟား"

"ဟေ့ကောင်တွေ - ငါက သူကြီးသား ထွန်းမောင်ကွ၊ သူကြီးသားက ငါကွ - ဟား - ဟား - ဟား - ဟား"

"ထွန်းမောင် - သူကြီးသားဆို ပစ်ကွာ"

"အေး - ဒိုင်း - ဒိုင်း - ဒိုင်း"

"အား ..."

ထွန်းမောင်သည် လွန်းမောင်အား သေနတ်ဖြင့် ပစ်ခတ်နေစဉ် ရွာ ဘက်သို့ အတင်းထွက်ပြေးလေသည်။ ရွာထဲမှာလည်း သေနတ်သံကြောင့် ရွာသားတွေ ပြေးထွက်လာနိုက် လူဆိုးသုံးယောက်ကား အသင့်ပါလာလေ သော မြင်းသုံးစီးဖြင့် ထွက်ပြေးလွတ်မြောက်သွားလေပြီ။

"ထွန်းမောင် - ထွန်းမောင် - ဘာ - ဘာဖြစ်တာလဲ"

"ဟို - ဟို - ဓားပြတွေ - ဓားပြတွေ - လွန်းမောင်ကို ပစ်ပြီး ထွက်ပြေးကြ ပြီ - လာကြပါ။ ချောင်းကောထဲမှာ လွန်းမောင်ဗျ။ လွန်းမောင် - မှန်သွား တယ်ဗျ"



"ဟာ - ဒုက္ခပါပဲ"

ရွာသားတွေအား ခေါ်၍ ထွန်းမောင်သည် ချောင်းကောထဲသို့ ရှေ့ဆုံးမှ ပြေးဆင်းကာ သွေးအိုင်ထဲတွင် လဲနေသော လွန်းမောင်အား ပြေးပွေ့ဖက် ရင်းမှ -

"လွန်းမောင် - လွန်းမောင်ရာ - သူငယ်ချင်း - သူငယ်ချင်းရယ်"

"ထွန်းမောင် - မင်း - ဘာမှမဖြစ်ဘူးနော်"

"အေး - အေးပါ"

"သူငယ်ချင်းရာ - ငါ့ - ငါ့မိသားစုအတွက်"

"မင်း - ဘာတွေပြောနေတာလဲ၊ ဆေးရုံပို့ရအောင် လုပ်ကြပါဦးဗျ၊ ရင်ဘတ်ကို ထိထားတယ်"

"ထွန်း - ထွန်းမောင် - ငါ - ငါ - စိတ်ချပါရစေနော်"

"ဟာ - လွန်းမောင်ရာ၊ လွန်းမောင် - လွန်းမောင် - အား - လုပ် - လုပ်ကြ ပါဦးဗျ၊ လွန်းမောင် - သေ - သေသွားပြီဗျ - ဟီး"

"အား - အား - အား"

ထွန်းမောင်သည် ရှိသမျှခွန်အားတွေ အကုန်ထုတ်ကာ ကုန်းအော်နေ ပါသည်၊ ထွန်းမောင်၏ကိုယ်စား အသက်နှင့်လဲ၍ ကာကွယ်ပေးသွားသော လွန်းမောင်အတွက် ယူကြုံးမရ၊ အဖေဖြစ်သူ၊ သူကြီး ဦးဘမောင်၏ တိကျ ပြတ်သားမှုကြောင့် ဓားပြတွေဖမ်း၊ ဝရမ်းပြေးတွေ ဖော်ထုတ်မှုအပေါ် ဓားပြ အုပ်စုတွေ မကျေနပ်၊ သူကြီး ဦးဘမောင်အား သတ်ဖြတ်ရန် စီစဉ်ရာမှ သား ဖြစ်သူ ဓားစာခံဘဝရောက်လုဆဲဆဲတွင် သူငယ်ချင်းလွန်းမောင်ဝင်ရောက် အသေခံသွားသည့်အတွက် ပိုမိုသနားကရုဏာသက်မိလေပြီ။

တစ်ညသ၌ အိပ်မက်ထဲဝယ် လွန်းမောင် ရောက်လာ၏။

"ထွန်းမောင် - မင်း - ဘယ်သူကိုမှ မပြောနဲ့နော်၊ ငါလေ - ငါ - မင်းကို ချစ်လွန်းလို့ ငါ့မိန်းမရဲ့ဗိုက်ထဲ ပြန်အသက်ဝင်ခဲ့ပြီကွ၊ မင်းတစ်ယောက်ထဲပဲ သိပါစေနော်၊ မယုံမရှိနဲ့ - သူငယ်ချင်းရဲ့၊ ငါ့မိန်းမမွေးရင် ငါ့ရဲ့ရင်ဘတ်မှာ အမာရွတ်ကလေး ပါလာစေရမယ်ကွ၊ သူများတွေကတော့ တင်းအမှတ်



www.burmeseclassic.com

www.burmeseclassic.com

အသားလို့ပြောမယ်၊ မင်းအတွက်ကတော့ သိသိသာသာဖြစ်ရမယ် သူငယ်ချင်းရဲ့၊ အေး - မင်းတို့မိသားစုအပေါ် သစ္စာရှိသလို၊ ငါလည်းလေ ဘဝဆက်တိုင်း မင်းတို့မိသားစုအပေါ် သစ္စာရှိသွားမှာပါကွ - ဟား - ဟား - ဟား - ဟား သစ္စာဆိုတာ အရေးကြီးတယ်ကွ၊ ဒါပဲ - သူငယ်ချင်း"

"လွန်းမောင် - လွန်းမောင် - နေပါဦးကွ - နေပါဦး - စကားပြောကြရအောင်ကွာ"

"လွန်းမောင်"

"ကိုထွန်းမောင် - ရှင် ဘာတွေ ယောင်ယမ်းနေတာလဲ၊ ကိုလွန်းမောင် ဆုံးတာကြာပြီ"

"ဟင် - ဪ - မကြည် - မကြည် - အိပ်မက်မက်နေတာပါကွာ"

ထွန်းမောင်တစ်ယောက် အိပ်မက်အား ပြန်တွေးပြီး ဝမ်းသာဝမ်းနည်းဖြစ်သလို၊ စိတ်ထဲမှာကြိတ်၍ မကျော့မေဝမ်းဗိုက်ထဲက ကလေးသည် လွန်းမောင်သာဖြစ်ပါစေဟု ဆုတောင်းနေမိသည်၊

ထိုအချိန်မှစ၍ ထွန်းမောင်သည် လွန်းမောင် မသေခင်က စကားအိပ်မက်ထဲက အမှာစကားတွေ နားထဲမှ မထွက်တော့၊ လွန်းမောင်၏ဇနီး မကျော့မေမှာလည်း ကိုယ်ဝန်ရှိကြောင်းသိထားရသည့်အတွက် စာနာစိတ် အကြင်နာ သနားစိတ်တွေ ဖြူဖြူစင်စင်ဖြင့် သူပိုင်လယ် သုံးဧကနှင့် နွားတစ်ရှဉ်းပေးလိုက်သည်၊ သူ၏ဇနီး မကြည်ကြည်အတွက် ထမီတစ်ထည်ဝယ်ပါက မကျော့မေအတွက်ပါ တစ်ထည်ဝယ်ပေးသည့်အပြင် ဟင်းချက်စရာ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး အားလုံး စဉ်ဆက်မပြတ်ပေးပို့ရာမှ အတင်းအဖျင်းသတင်းဆိုးကြီးတွေကား ပျံ့နှံ့သွားလေ၏၊

ထွန်းမောင်နှင့်မကျော့မေ၊ မကျော့မေနှင့်ထွန်းမောင် ဘာလိုလိုညာလိုလို၊ ထိုထိုသတင်းစကား မကြည်ကြည်နားသို့ တစ်ခါမဟုတ်၊ အခါခါ ပေါက်ကြားသွားရာမှ ထွန်းမောင်နှင့် မကြည်ကြည်တို့ မကြာခဏ ကတောက်ကဆတွေ ဖြစ်ရသည်၊ မကြည်ကြည်သည် မကျော့မေအပေါ် အမြင်မရှင်းတော့ သဝန်တိုမှုတွေကြောင့် နောက်ဆုံး စကားပင် မပြောတော့ပေ၊



ဒီအဖြစ်တွေအား မကျော့မေသိ၏၊ ကြား၏၊ ထွန်းမောင်၏ဖြူစင်သော ခေတနာကိုလည်း သဘောပေါက်သည်၊ သို့သော် သူတို့မိသားစုအပေါ် မဖုံးဖိုးတော့ရန် အတန်တန်တားတိုင်း ထွန်းမောင်မှ -

"ကျော့မေ - ညီမလေး - ဘာမှ မစိုးရိမ်စမ်းပါနဲ့ကွာ၊ ကိုယ်ကောင်းရင် ခဲ့ဒါ၊ ဘယ်မှမရွှေ့ဘူးဆိုတဲ့စကားလည်း ရှိပါတယ်၊ ငါ့အဖေဟာ သစ္စာသမာဓိ၊ သိက္ခာရှိသလို၊ ငါလည်းအဖေ့ခြေရာ လိုက်နင်းနေသူပါ၊ နောက်ပြီး မင်းတို့မိသားစုအပေါ်မှာ ညီမတစ်ယောက်လိုပဲ၊ နောက်တစ်ခု - ငါ့အတွက် ဆင်ရောက်အသေခံသွားတဲ့ ငါ့သူငယ်ချင်း၊ ဒါမှမဟုတ် - ငါ့ညီ နှီးနှီးဘက်ရဲ့ အမှာစကား မင်းတို့မသိသေးတဲ့အကြောင်းအရာတွေကြောင့် သစ္စာဆိုထားဒီဂဲ့ ဒါဟာ နောက်မဆုတ်နိုင်ဘူး - ညီမလေး ကျော့မေရဲ့၊ အေးလေ - ပတ်ဝန်းကျင်ရဲ့ ကဲ့ရဲ့စကား၊ ရှုတ်ချတဲ့စကား လေနီကြမ်းတွေ တိုက်စမ်းပါစေ - ဒါ မှုဘူး၊ အေး - စွပ်စွဲသူ၊ ပြောလာသူသာ တွေ့ကြည့် - နားရင်း ပါးရင်းကို ရိုက်ပစ်မယ်ကွ"

"အစ်ကိုထွန်းမောင်ရယ် - အစ်ကိုရဲ့သစ္စာရှိမှု၊ မျိုးရိုးအပေါ် စောင့်စည်းမှုတွေကို ကျွန်မ ယုံကြည်ပါတယ်ရှင်၊ ဒါပေမဲ့ - မမကြည်က ကျွန်မကို စကားတောင် မပြောတော့ပါဘူး၊ ဝမ်းနည်းမိတာ အမှန်ပါရှင်"

"ထားလိုက်ပါ - ညီမရယ်၊ တစ်နေ့ အားလုံးလက်ခံလာကြမှာပါကွာ၊ ရှင်းရှင်း တွင်းဝင်ဖြောင့်ပါတယ်ကွာ"

မကြည်ကြည်တစ်ယောက် သမီးဦးလေး မွေးဖွား၍ မီးထွက်သောနေ့ ချောင်မကျော့မေက သားရတနာလေး မွေးဖွားပါပြီ၊ မီးဝင်မီးထွက်၊ ကြုံမှ ကြုံသတ်ပါပေဟု ထွန်းမောင်ရင်ထဲ ခံစားရ၏၊ မျက်ရည်များ ကျခဲ့ရပြီ၊

ထွန်းမောင်သည် မကျော့မေ၏ မီးနေခန်းထဲဝင်ကာ ကလေးကို ပွေ့ချီ၍ ရုပ်ဘတ်ကို ကြည့်လိုက်တော့ တွေ့ရပါပြီ၊ ရွေးစေ့ခန့် စာနီဝိုင်းဝိုင်းစက်လေးတာလေးတာ အထင်အရှား၊

"ဟုတ်ပြီ - ဟုတ်ပြီကွ - ဟုတ်ပြီဟေ့"

www.burmeseclassic.com

ထွန်းမောင်သည် ကလေးငယ်အား အားရဝမ်းသာ ပွေးပွေ့နမ်းရှုံ့သည့်အပြင် မျက်လုံးအိမ်မှ မျက်ရည်များလည်း စီးဆင်းလျက် ရင်ထဲမှ တုတ်ပြီဟု အော်နေသော်လည်း အသံမထွက်၊ သို့သော် ယခုတော့ အသံထွက်လေပြီ၊

"လွန်းမောင်-လွန်းမောင်ရယ်-မင်းသစ္စာရှိသလို၊ ငါလည်း မင်းတို့မိသားစုအပေါ် တစ်သက်လုံး သစ္စာ မယိုင်မလဲစေရဘူးကွ-ဟား-ဟား ဟား-ဟား၊ တို့နှစ်ယောက်ရဲ့ သစ္စာတရားဟာ ထာဝရခိုင်မြဲနေပြီပေါ့၊ ဝမ်းသာလိုက်တာကွာ"

ထွန်းမောင်ရဲ့စကားကြောင့် လက်သည်ကြီးတွေနှင့် အမျိုးသမီးတွေမှာ ထွန်းမောင်အား ငေးကြည့်နေသည်ကို မကျော့မေအသိ၊ မကျော့မေမှ -

"အစ်ကိုထွန်းမောင် - ဘယ်လိုခံစားနေရတာလဲ ဟင်"

"ညီမလေး ကျော့မေ - လွန်းမောင်နဲ့ အစ်ကိုတို့ရဲ့ ကြီးမားတဲ့မေတ္တာတရားတွေ၊ ကတိသစ္စာတွေဟာတော့ ဒီသားလေး မောင်မောင်လွန်းက လက်တွေ့ပြနေပြီကွ၊ လွန်းမောင်ရဲ့ ကိုယ်ပွားလေးလေ၊ ငါ့ညီမအတွက် လွန်းမောင်ကိုယ်စား ပေဟာဒီမောင်မောင်လွန်းဆိုတဲ့ ကိုယ်ပွားအစစ်အမှန်လေး ရပြီကောကွာ"

"လွန်းမောင်-မင်းရဲ့သား၊ ငါ့ရဲ့သမီးတို့ဟာ တို့နှစ်ယောက်ပြောခဲ့သလို တို့ဘဝနဲ့ တစ်ပုံစံထဲပဲကွာ၊ မီးဝင်မီးထွက် တစ်ချက်မှ မလွဲဘူး - သူငယ်ချင်း"

ထွန်းမောင်တစ်ယောက် ဝမ်းသာမဆုံး ဖြစ်နေ၏၊ ကလေးကိုလည်း အမည်ပေးလိုက်သည် မောင်မောင်လွန်းတဲ့၊ ထွန်းမောင်၊ လွန်းမောင် မောင်နှစ်မောင်၏ မေတ္တာစေတနာတွေအပြင် တသသလွမ်းနေရသည့် လွန်းမောင်အတွက်သူ၏ရင်သွေးကလေးအားမောင်မောင်လွန်းဟုအမည်ပေးလိုက်ခြင်းပင် ဖြစ်ပါသည်၊

မကြည်ကြည်သည် သူ၏နို့တွင် နို့နာပေါက်သဖြင့် ကလေးအား နွားနို့တိုက်ရန် စီစဉ်သော်လည်း ထွန်းမောင်က လက်မခံ၊ မကျော့မေ၏နို့ကိုသာ တိုက်နိုင်း၏၊ ဖခင်ကြီးဦးဘမောင်၊ မိခင်ကြီးဒေါ်မြမေတို့မှလည်း နွားနို့တိုက်ပါက ကလေးအတွက် ဝမ်းပျက်နိုင်သလို အိမ်ရှင်းကပ်နေသော သမီးသဖွယ်ဖြစ်နေသည့် ကျော့မေ၏နို့ကိုသာ တိုက်စေ၏၊ မကြည်ကြည် လင်



လျှော့ရသည်အပြင် အချစ်ကို ဝေခွဲမပေးနိုင်ဆိုသည့် လင်ယောကျ်ားကြောင့် မရှင်းမလင်းဟု တွေးမိပါသော်လည်း သမီးလေးအတွက် မိခင်မေတ္တာ အေးရိပ်ဝယ် သမီးလေး ကျန်းမာပါစေ၊ နို့ကို ဝဝလင်လင် စို့ရပါစေဟူသော အတွေးဖြင့် ခွင့်လွှတ်လိုက်ရလေသည်၊

သူကြီးဦးဘမောင် ကွယ်လွန်သောအခါ သားဖြစ်သူ ကိုထွန်းမောင် သူကြီးဖြစ်လေပြီ၊ သို့သော်မကြည်ကြည်ကား တစ်စက်မျှစိတ်မချ၊ မကျော့မေနှင့် စကားပြောပါက အနားက မခွာသလို ကလေးနှစ်ယောက်၏ ခင်မင်မှုကိုလည်း ခွဲခြားစေ၏၊ ကိုထွန်းမောင်သည် ဇနီးသည်အား အမျိုးမျိုးချော့ချော့ဖျပါသော်ငြား လက်မခံချေ၊ နောက်ဆုံး ဘာမျှမပြောတော့၊

ကိုထွန်းမောင်နှင့် မကြည်ကြည်တို့၏သမီးလေး မကြည်ပြာမောင်နှင့် မောင်မောင်လွန်းတို့သည်ကား မည်သို့မှ ခွဲမရအောင် ချစ်ခင်ကြသည်သာ၊ မကြည်ပြာမောင် အလှအပနှင့် စေတနာသည် မောင်မောင်လွန်းအတွက် ဖြစ်သကဲ့သို့ပင် မောင်မောင်လွန်း၏စေတနာတွေကား မကြည်ပြာမောင် အတွက် ဖြစ်လေပြီ၊ ဒေါ်ကြည်ကြည်မှာ လင်သားအတွက် သောက မအေးနိုင်သကဲ့သို့၊ သမီး မကြည်ပြာမောင်လေးအတွက် ဖနောင်ရေးတွေးကာ ရင်လေးရပြန်လေပြီ၊ မောဟတွေ ကြီးစိုးနေသော်လည်း လင်သားမှာ သူကြီးတစ်ဦးဖြစ်၍ အရာရာကို မပြောရဲ၊ ဦးထွန်းမောင်သည်လည်း ဇနီးအပေါ် အမှုမဲ့သလိုရပ်ရေးရွာရေးကိုသာဦးစားပေး၏၊ ဒေါ်ကျော့မေတို့မိသားစုအပေါ်လည်း ဝတ္တရားမပျက်ခဲ့၊

ဒေါ်ကျော့မေတစ်ယောက် နောက်အိမ်ထောင်ပြုရန် စီစဉ်ခဲ့လေပြီ၊ သားဖြစ်သူမောင်မောင်လွန်းဆယ့်သုံးနှစ်သားအရွယ်၊ စီးပွားရေးမှာလည်း အခင်ကထက် အဆပေါင်းများစွာ တိုးတက်နေလေပြီ၊ တစ်ရွာတည်းသား သူဌေးကြီး အောင်အောင်နှင့် လက်ထပ်ရန် စီစဉ်လေပြီ၊ အဲကြောင်းမှာ ဒေါ်ကြည်ကြည်၏ အထင်လွဲမှားမှုတွေလည်း ပျောက်ပျက်ရန်ဟုတွေးကာ သူကြီးလည်းဖြစ်၊ အစ်ကိုတစ်ဦးလို အားထားရသော ဦးထွန်းမောင်ကို ပြောတာ တိုင်ပင်သည်တွင် ဦးထွန်းမောင် ခါးခါးသီးသီး ငြင်းလေပြီ၊

"ညီမကျော့မေ - အိမ်ထောင်ပြုတာလွယ်တယ်၊ ဒါပေမဲ့ - အောင်အောင်ကတော့ လုံးဝ သဘောမတူဘူး၊ ဒီအကောင်က သိုက်တူးချင်တဲ့အကောင်



www.burmeseclassic.com

www.burmeseclassic.com

ကွ။ လွန်းမောင်ဆိုးတာ ဆယ့်သုံးနှစ်ကျော် ဆယ်လေးနှစ် ပြည့်တော့မယ်၊ ထခြားလူသာ ရှာတွာ"

"ကျွန်မအတွက် အစ်ကိုကို သနားတယ်၊ နောက်ပြီး မမကြည်အတွက် လဲ"

"တော်ပြီ - ငါအားလုံးသိတယ်၊ သူ့ရဲ့အတ္တတွေ ဘေးဖယ်ထား၊ တစ်ရွာလုံးက တို့နှစ်ယောက်အကြောင်း သိနေကြပြီ၊ သူ့အတွက်နဲ့တော့ ငါ့ညီမတို့မိသားစုအတွက် ဒုက္ခမရောက်စေရဘူး - ကျော့မေရာ"

မောင်မောင်လွန်းနှင့် မကြည်ပြာမောင်တို့ နှစ်ယောက်သည်လည်း အထိအတွေ့တွေမှတစ်ဆင့် ချစ်ကြသူတို့ဘဝသို့ နှစ်ယောက်စလုံး မပြောမဆိုရဘဲ ခွဲမရသောဘဝထဲ ရောက်သည်တွင် ဒေါ်ကြည်ကြည် ဒေါ်သူပုန်ထလေပြီ၊ ဘယ်လိုမှ သဘောမတူနိုင်၊ မကြည်ပြာမောင်သည် မိခင်၏ဆုံးမမှုအား ပြန်လည်တင်ပြ၏၊

"မေမေရယ် - သမီးနဲ့မောင်မောင်တို့ဟာ လူသားတွေပါ၊ အဆင့်အတန်းဆိုရအောင်လည်း သူ့အဖေကသမီးဖေဖေအတွက်အသက်နဲ့လဲပြီး ကာကွယ်သွားသလို ဒီရွာရဲ့စီးပွားရေးအရ အချမ်းသာဆုံးစာရင်းဝင်တွေပဲလေ၊ နောက်ပြီး - မောင်မောင်ကလည်း သမီးတို့မမီလိုက်တဲ့ သူ့ဖေဖေလို ကတိသစ္စာတည်ကြည်သူပါ"

"တော်ပြီ"

"သမီးစကား မဆုံးသေးပါဘူး - မေမေ၊ သမီးနဲ့ မောင်မောင် မခွဲနိုင်တဲ့ ခွဲမရတော့မယ့်ဘဝထဲ ရောက်နေပါပြီ - မေမေ"

"ဘာ - ဘာပြောတယ်၊ သမီးလိမ္မာပါတယ်ဆိုကာမှ ယောက်မမြင်းစီးထွက်ဖြစ်နေပြီလား - မိကြည်ပြာ၊ ဘာတဲ့ - မောင်မောင်လွန်းဆိုတဲ့အကောင်က သစ္စာရှိတဲ့သူ - ဟုတ်လား၊ ခုတော့ - မယူရသေးဘူး ဖနီးဖြစ်၊ မပြောလိုက်ချင်တော့ပါဘူး၊ ကိုထွန်းမောင်ရေ - သူကြီး မင်းကြီးရဲ့ - လာပါဦးတော့၊ ကျော်မကောင်း၊ ကြားမကောင်းတွေတော့ ဖြစ်ကုန်ကြပါပြီ"

"မေမေရယ် - ဖေဖေ့ကို မပြောလိုက်ပါနဲ့"

"သမီးနဲ့ အမေရေ - ငါ - အားလုံးကြားပြီးပြီ၊ ဖေဖေ - စောစောကတည်းက သမီးနဲ့ မောင်မောင်လွန်းကို နေရာချထားပေးဖို့ သမီးမေမေကို ဘယ်လိုပြောရမှန်းမသိဖြစ်နေတာ - သမီးရဲ့ဘာပဲဖြစ်ဖြစ် - ဖေဖေသဘောတူတယ်"



"ဘာပြောတယ် - သူကြီးမင်းရဲ့ ဘာလဲ - ရှင်က ကျွန်မသမီးနဲ့ ပေးစားမယ်ပေါ့၊ နောက်ပြီး - မိကျော့ကို - ဟင်း - မပြောလိုက်ချင်တော့ဘူး"

"ကဲ - မကြည်ရေ - တို့ဘုရားရှေ့မှာသစ္စာဆိုကြမယ်လေ၊ ငါဟာကျော့မေ အပေါ် တစ်စက်မှ မဖောက်ပြန်သလို၊ သူကလည်း သေဆုံးပြီးတဲ့ လင်ယောက်ျားပေါ်မှာ သစ္စာရှိတဲ့ဖနီးကောင်း၊ မင်းကြောင့်သာ အောင်အောင်နဲ့ လက်ထပ်ဖို့အထိ မျက်စိမှိတ်ပြီး စဉ်းစားရာတယ်ကွ၊ မင်းဟာ ငါ့မျက်နှာသည်းမထောက်၊ သိက္ခာမဲ့တဲ့အစွန်းရောက်တဲ့အတွေးအခေါ်တွေနဲ့ သူများအတော မြှောက်ထိုးပင့်ကော် သွားပုပ်လေလွင့်စကားတွေကို အဟုတ်ထင်၊ သူဆိုတာကိုယ်ပိုင်ဉာဏ်နဲ့အတွေးအခေါ်လည်းရှိရတယ်ကွ၊ ယုံကြည်ချက်ရှိရတယ် - မကြည်ရေ၊ အမှားတွေကို နှလုံးသားထဲမှာ အမှန်တရားနဲ့ လဲလိုက်စမ်းပါတော့ - မကြည်ရယ်၊ အသက်တွေလည်း မငယ်ကြတော့ပါဘူး၊ ကွာ၊ တို့တောသူတောင်သားတွေဟာသစ္စာဖောက်တဲ့အလုပ်ဘယ်သူများလုပ်ကြလို့လဲ၊ မင်း - စဉ်းစားကြည့်စမ်းပါတော့"

"သမီး"

"ရှင် - ဖေဖေ"

"အေး - ဖေဖေ - သဘောတူတယ်၊ မေမေလည်း မကန့်ကွက်တော့ဘူး ဒီတော့ - မောင်မောင်လွန်းမိသားစုကိုသာ ပြောလိုက်၊ လူကြီးတွေ ကြီး လာတောင်းပါလို့၊ ဖေဖေ - ကျေးဇူးဆပ်နေတာကွ၊ ဒါမှ - သူကြီးမင်း အတွက် မျိုးဆက်သစ် မွေးဖွားပေးမှာကွ - ဟား - ဟား - ဟား - ဟား"

"ရှင်ဟာလေ - အရှက်ကို မရှိဘူး"

"မေမေ - သဘောတူပြီပေါ့နော်"

"အေး - တားမရ၊ ပြောမရမှတော့ သဘောတူရပြီပေါ့၊ တော်တော်ကြာ တစ်လုံးနဲ့ သူကြီးမင်းတစ်ယောက် အရှက်ကွဲနေဦးမယ် - တော်ရေ့"

"မေမေရယ် - မောင်မောင်က သစ္စာရှိပါတယ်"

"ဘာ - ခုရှိန်ထိ သစ္စာရှိကြီးပဲလား"

"ဟုတ်တယ် - မေမေ၊ သမီးအပေါ်မှာ ခုချိန်ထိမှဲ့တစ်ပေါက်မစွန်းပါဘူးရှင်"

"ဘာ - ဘာပြောတယ်၊ ညည်း - ငါ့ကို လှည့်စားအနိုင်ယူသွားတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"မေမေရယ်-အဓိကတရားခံဟာ ဖေဖေ့ဘိဖေဖေသူကြီးမင်းလေ မေမေရဲ့"

"ဟား-ဟား-ဟား-သမီးနဲ့တိုင်ပင်ပြီး အချစ်ဆုံးသူငယ်ချင်းအတွက်၊ မေကျော့မေအတွက်နဲ့ သားလေး မောင်မောင်လွှန်းဆိုတဲ့ ငါ့သူငယ်ချင်း လွှန်းမောင်တို့အတွက် သစ္စာရှိရှိ အချစ်လက်ဆောင်လေး ပေးလိုက်ပြီ ကြည်ရေ"

"သူငယ်ချင်းလွှန်းမောင်ရေ-တို့နှစ်ယောက်ရဲ့အကြင်နာသစ္စာတရား နှလုံးသားတွေဟာ သူများတွေနဲ့ မတူအောင် ခင်တွယ်မှုတွေကနေ ထွက်ပေါ်လာတဲ့ မေတ္တာတရားတွေကို မင်းရဲ့သားနဲ့ သမီးတို့ရဲ့ နှလုံးသားထဲကို အပြီးအပိုင် ပေးအပ်လိုက်ပါပြီကွာ၊ တမလွန်ဘဝကနေ ပြန်ရောက်လာတဲ့ မင်း ကျေနပ်ပါတော့နော်၊ တို့နှစ်ယောက်ရဲ့ ခိုင်မြဲတဲ့သစ္စာတရားတွေနဲ့ အတူ တို့ရဲ့ရင်သွေးရင်နှစ်တွေဖြစ်တဲ့ မောင်မောင်လွှန်းနဲ့ မကြည်ပြာမောင် တို့အတွက် အချစ်လက်ဆောင်တွေ ပေးလိုက်ပါပြီကွာ"

သူကြီး ဦးထွန်းမောင်၏ လှိုက်လှိုက်လှဲလှဲ ရင်ထဲမှာ အားပါးတရ အော်ဟစ်ပြောဆိုလိုက်သောအခါ၊ သမီးဖြစ်သူ မကြည်ပြာမောင်တစ်ယောက် အကြင်နာမျက်လုံးအပြုံးမျက်နှာကလေးသည်ကားသန့်သန့်ရှင်းရှင်းလတ်လတ်ဆတ်ဆတ် လန်းလန်းဆန်းဆန်းဖြင့် ပါးချိုင့်ကလေးများ ပေါ်လာသည်အထိ ပြုံးနေသကဲ့သို့ မိခင် ဒေါ်ကြည်ကြည်မှာလည်း လင်ယောကျ်ား၏သစ္စာစကား မေတ္တာတရားနှင့် ထပ်တူထပ်မျှ ဝေမျှ ခံစားနေလေသည်၊

ဖခင် ဦးထွန်းမောင်၏ အကြင်နာနှလုံးသားမှ ယိုစီမ့်စီးကျလာသော စကားတွေနှင့်အတူ ချစ်ရသူ မကြည်ပြာမောင်တို့၏နှလုံးသားမှ အပြုံးများကို အလိုလိုကြားယောင်နေလေသော မောင်မောင်လွှန်း၏နှလုံးသားရင်ခြင်မှာလည်းအကြင်နာရင်မှာအပြည့်ထပ်တူထပ်မျှထူးဆန်းစွာ ခံစားနေသည်ကတော့ အမှန်ပင်ဖြစ်ပါတော့သည်၊

>>> မင်းရဲဝေကျော်



www.burmeseclassic.com

www.burmeseclassic.com

“ပင်လယ်ကမ်းစပ်ရေပြင်တွင်

ပျော်ပါးကျက်စားနေကြသော ကြောင်ဝံနှင့်

ရေဝမ်းဘဲကြီးတစ်ကောင် အသက်လု တိုက်ခိုက်ရာမှ

နောက်ဆုံးတွင် ..”

**ရေကျချိန်**လည်းဖြစ်၊ ညဦး (၈)နာရီခွဲနေပြီဖြစ်၍ ဖင်ရွဲ့မချောင်းပေါက်မှ သဃ်နီးကြီးသို့မော်တော်မကပ်နိုင်တော့၊ မြစ်ဝမှာပင်မော်တော်ကို ရပ်ထားရသည်။

သဃ်နီးကြီးမှ ခရီးသည်များကို အလှအပို့အတွက် မော်တော်ပိုင်ရှင်မှ တူးတို့သမ္ဗန်နှစ်စီး ငှားထားရသည်ဟု သိရ၏။ ကူးတို့ သမ္ဗန်များကို နာရီဝက်ခန့် စောင့်နေရသည်။

အချို့ခရီးသည်များမှာ သဃ်နီးကြီးရွာမှဖြစ်၍ သူတို့ပိုင် လှေများက လာရောက်ခေါ်ယူသွားကြ၏။

ကျွန်ုပ်နှင့် မုဆိုးကြီး ဦးဖဝေး၊ တူဖြစ်သူ မောင်ကြင်သိန်းတို့သည် သဃ်နီးကြီးမှတစ်ဆင့် ဂုညင်းတန်းပင်လယ်ပေါက်ရွာကြီးသို့ ညတွင်းချင်း ခရီးဆက်ရပေမည်၊ ထို့ကြောင့် သဃ်နီးကြီးမှတစ်ဆင့် ခြေကျင်သွားကြရမည်။

ခရီးဆောင်အိတ်နှင့် အမဲကြီးပစ် ရိုင်ဖယ်အိတ်များကိုပြင်ဆင်ထားကာ တူးတို့လှေ စောင့်နေစဉ်မှာပင် ခပ်ဝေးဝေးမှ တက်ခတ်သံနှင့်အတူ ကူးတို့ သမ္ဗန်နှစ်စင်း မော်တော်ဆီသို့ တအိအိဖြင့် ရောက်လာကြသည်။

လေသည် တဟူးဟူး တိုးဝှေ့တိုက်နေ၏၊ လှိုင်းများ တဝုန်းဝုန်း မြည်နေ၏၊ သဃ်နီးကြီးကမ်းခြေသို့ မရောက်မီ လှေမှဆင်းပြီး ရေထဲသို့ လျှောက်ကြရသည်။

“သတိထား – သတိထား၊ ခနိုင်ငုတ်တို့ – မဒမငုတ်တို့ တိုက်မိမယ်”

ကျွန်ုပ်တို့ကို မောင်ကြင်သိန်းက သတိပေးနေ၏၊ ဟုတ်ပေသည်၊ ဒူးလောက်ရှိသော ရေထဲတွင် ခြေဖဝါးကို လျှောတိုက်ကာ သတိထားနင်းရ၏၊ ကြောခက ရေအောက်တွင် ပျောက်နေသော သစ်ငုတ်များကို စမ်းသပ်တွေ့နေကြသည်။

အမှန်တော့ ... နွေရာသီဆိုပါမူ မော်တော်များသည် လပွတ္တာမှပင်လယ်ပေါက် ဂုညင်းတန်းရွာကြီးသို့ ဖင်ရွဲ့ချောင်းမှတစ်ဆင့် ပျဉ်ထောင်ကွင်း၊ အိုးဘို၊ ညတ္တုံ၊ ဖင်ရွဲ့စသော ရွာကြီးများဖြတ်ကာ ခရီးသည်များ ပို့ဆောင်တတ်သည်။

ယခုအချိန်အခါမှာ ဆောင်းဦးရာသီဖြစ်သော်လည်း မိုးမကုန်သေး၊ ကြောခက မိုးရေ လေပါကျကာ လှိုင်းကြီးတတ်သဖြင့် ပင်လယ်ကမ်းခြေရှိ ဂုညင်းတန်းရွာကြီးသို့ မော်တော် မမောင်းသေးပါ။

ကျွန်ုပ်သည် သဃ်နီးကြီးရွာရှိ ညီဝမ်းကွဲမောင်ကြိုင်၏ အိမ်သို့သွားကာ နားထိဆက်လိုက်၏၊ မောင်ကြိုင်မှာ ရေလုပ်သားတစ်ဦး ဖြစ်သည်၊ သူ့အိမ်တွင် အမြန်မှ အနားယူအိပ်မည်ဟု ပြောကာ ညတွင်းချင်းပင် ဂုညင်းတန်းရွာကြီးသို့ ခရီးဆက်ခဲ့ကြသည်။

ကျယ်ပြန့်သော ပင်လယ်ပြင်ကြီးမှ လှိုင်းလုံးများ တလိမ့်လိမ့်တက်ကာ ကမ်းခြေသို့ တဖြန်းဖြန်း ရိုက်ခတ်နေ၏၊ တစ်ခါတစ်ခါ လက်ခနဲ လက်ခနဲ လျှပ်ရောင်များလည်း တွေ့လိုက်ရသည်။





www.burmeseclassic.com

www.burmeseclassic.com

ဝင်လယ်ကမ်းခြေသောင်စပ်တွင် မည်းမည်းအုပ်အုပ် သစ်ချုံများနှင့် သစ်ဝင်ငုတ်တိများ မပြတ် ရှိနေ၏။ "ချိုင်" ခေါ် ကွေ့အလွန် "ကွိ - ကွိ - ကွိ - တွိ" ဟူသော အသံများကို ကြားလိုက်ရသည်၊

"ဟော - မျောက်တံငါတွေ အသံပဲ၊ ပင်လယ်ကဏန်းစားဖို့အမြီးထောင် ဖမ်းနေပြီနဲ့ တူတယ်ကွ"

ဦးဖဝေး ပြောလိုက်သဖြင့် မောင်ကြွင်သိန်းကလည်း ခေါင်းညိတ်လိုက်၏:

"ဟုတ်တယ် - ဖထီး။ သူတို့အသံပဲ"

ယင်းအနိုက် -

"ခွီး - ခွီး"

ထိုအသံများနှင့်အတူ ကြောင်တစ်ကောင်၏အသံ၊ သို့မဟုတ် ပင်လယ်ဖျံ၏အော်သံလိုလို အသံများ ကြားလိုက်ရသည်၊

ကျွန်ုပ်တို့သည် ခြေလှမ်းများကိုတွန့်ကာ သဲသောင်စုံသေး တောစပ်မှ တဖြည်းဖြည်းနှင့် ရှေ့သို့ လှမ်းကာလာရင်း ဦးဖဝေးက လက်ပြသဖြင့် ကျွန်ုပ်နှင့် မောင်ကြွင်သိန်းတို့ သောင်စုံပေါ်ထိုင်လိုက်ကြသည်၊

ထိုင်သောနေရာမှာ လမှ၊ သမ့် တောစပ်ကလေးဖြစ်ကာ ရှေ့သို့ လှမ်းကာ ကြည့်နိုင်ပါသည်၊

ရှတ်တရက် သောင်ခြေတွင် မည်းမည်းသတ္တဝါ ငါးကောင်နှင့် အမြင့် နစ်ပေကျော်ကျော်၊ အလျား လေးပေခန့်ရှိသော သတ္တဝါတစ်ကောင်တို့ တိုက်ခိုက်နေသည်ကို အမှတ်မထင် တွေ့လိုက်ရပါသည်၊

ကျွန်ုပ်တို့သည် လက်နိပ်ဓာတ်မီးများကို အသင့်ဆောင်ယူလာခဲ့ခြင်း ဖြစ်၍ ကမ်းခြေလမ်းမမှားရန် မကြာခဏ မီးထိုးကြည့်ကာ လာခဲ့ကြခြင်း ဖြစ်သည်၊

ခွီး - ခွီး - ခွီး"

"ကွိ - ကွိ - ဖြောင်း"



ရှည်လျားမည်းနက်သော သတ္တဝါက မည်းမည်းပုပု သတ္တဝါနှစ်ကောင်ကို ခုန်အုပ်လိုက်စဉ် အခြားမည်းမည်းပုပုတစ်ကောင်က သစ်ကိုင်းတစ်ကိုင်းဖြင့် ရိုက်လိုက်သည်ကို တွေ့ရ၏၊

သောင်ပြင်တွင် မည်းမည်းပုပု သတ္တဝါနှစ်ကောင် လဲနေသည်ကို တွေ့ရ၏၊

ဤတွင် ဦးဖဝေးက လက်နိပ်ဓာတ်မီးဖြင့် ထိုးလိုက်ရာ "ဟာ" ခနဲပင် အသံထွက်သွားရတော့၏၊

မြင်လိုက်ရသည်မှာ မျောက်တံငါများနှင့် ကျားသစ်လိုလို သတ္တဝါတစ်ကောင် တိုက်ခိုက်နေခြင်းပင်၊

"ကြည့်စမ်းဟေ့ - ဗိုလ်စိန်တင်၊ ဒါ - ပင်လယ်ကျွန်းတွေပေါ်မှာ ကျက်စားတဲ့ကြောင်ဝံကြီးကွ"

ပင်လယ်ကြောင်ဝံကြီးသည် လက်နိပ်ဓာတ်မီးကြောင့် မျက်လုံးများပြူးကာ မီးရောင်ဘက် စိမ်းစိမ်းကြီး ကြည့်နေ၏၊

မျောက်တံငါများကား တဝုန်းဝုန်း ထွက်ပြေးကြလေပြီ၊

ဝင်လယ်ကြောင်ဝံလို သတ္တဝါမျိုးကို သည်တစ်ကြိမ်သာ တွေ့ဖူးခြင်းဖြစ်သည်၊

"ကျားဆရာ ကြောင်" ဆိုသည့်အတိုင်း အလွန်လျင်မြန်သော သတ္တဝါဖြစ်၏၊ ကျွန်ုပ်တို့က လက်နက်မထုတ်ရသေးမီ တစ်ချက်အော်၍ သောင်ပြင်မှတက်ကာ ချုံတောထဲသို့ ဝင်သွားလေတော့သည်၊

ကြောင်ဝံ၏အရောင်မှာ အနက်တွင် အဝါမွေးများ လေးထောင့်ကွက်ပါနေ၏၊ ရှေ့လက်တွင် အဖြူမွေးများကို တွေ့လိုက်၏၊

www.burmeseclassic.com

ကြောင်ဝံသည် သားစားသတ္တဝါပင် ဖြစ်၏။ ပင်လယ်ရေများ တကာန်းများအပြင် မျောက်များကိုပါ ရလျှင်ရသလို စားသောက်တတ်သော သတ္တဝါဆိုးတစ်ကောင် ဖြစ်၏။

မောင်ကြွင်သိန်းက ထိုကြောင်ဝံကိုမြင်မှ သတိရတာ ပြောလိုက်ပါသည်။

"ဦးလေးရေ - အစ်မလေးမြခင်တို့ - ပိုက်ထဲက တိုက်ကြက်ကြီးဟိုင်းကို ဆွဲစားသွားတာ ဒီကောင်ကြီး ဖြစ်မယ်။ ပြီးတော့ - ကျွန်တော့်ကြက်တွေ ပျောက်တာရယ်၊ ဘုန်းကြီးကျောင်းက ခွေးကြီးမျက်လုံး ဖောက်သွားတာရယ်၊ ပိုက်တွေက ငါးခြောက်တွေ ပျောက်တာဟာလည်း ဒီကြောင်ဝံကြီး လက်ချက်ဖြစ်မယ်"

တိုက်ကြက် "ဟိုင်း" ဆိုသည်မှာ အတက်အငုံ ကလေးသာရှိသော တိုက်ကြက်ကို ဆိုခြင်းဖြစ်၏။

ကျွန်ုပ်တို့ လာခဲ့ခြင်းမှာ "ဖျံ" သားရေ လိုချင်သဖြင့် ဆင်းလာခြင်းဖြစ်၏။ ယခုအခါ ရေလုပ်သားများနှင့် ရွာသားများ မွေးထားသော ကြက်များ၊ ငါးခြောက်နှင့် ငါးစိမ်း၊ အိမ်စောင့်သတ္တဝါများကိုပါ ဒုက္ခပေးနေသည့် "ကြောင်ဝံ" ကို နှိမ်နင်းပေးရတော့မည် ဖြစ်၏။

သည်တွင် "ကြောင်ဝံ" အရေခွံရပါက သားမွေးကောင်းကောင်း၊ ဈေးကောင်းကောင်း ရပေမည်။ အလွန်လှပချင်သူ မြို့ကြီးသူများ၏ သားမွေးအကျီမွေးပွပွများသည် ထောင်နှင့်ချီ၍ ပေးရသည် မဟုတ်ပါလား။

အကယ်၍ ကြောင်ဝံတစ်ကောင် အရေခွံသားမွေးရပါက အမေရိကန်ဒေါ်လာနှင့် လေးငါးရာ အဆင့်အထိ ရနိုင်သည်ကို ကျွန်ုပ် သတိထားရ၏။

ဤပင်လယ်ကျွန်းတွင်းက ကြောင်ဝံကြီးကို ကျွန်ုပ်တို့ မုဆိုးများအဖို့ အဘယ်မှာ လက်လွှတ်ခံနိုင်ပါမည်နည်း။

တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသည့် သဘောနှင့် ဖျံလိုက်ခြင်းနှင့် ကြောင်ဝံကြီးကိုပါ အရဖမ်းဆီးနိုင်ရန် ဆုံးဖြတ်ချက် ချလိုက်ပါသည်။



ထိုနေ့ည ဂုံညင်းတန်းရွာအတွင်းရှိ မောင်ကြွင်သိန်းတို့အိမ်တွင် အိပ်လိုက်ပါသည်။ ထိုနေ့နံနက်က ကျွန်ုပ်တို့မှာ ဖျံနှင့် ကြောင်ဝံကြီးကို မရှာနိုင်တော့ပဲ "လောင်ကြီး" ခေါ်လူသားစားမိကျောင်းကို လိုက်ခဲ့ရသည်။

ဂုံညင်းတန်းမှာပင် သုံးရက်လောက်ကြာပြီးမှ ဖျံကြီးများလိုက်ရင်းချိုင်ကွေ့သို့ ထွက်ပါသည်။ ထိုနေရာတွင် ကျောက်ဆောင်များနှင့် လမု၊ သမဲ့၊ ဒြို၊ သနပ်၊ သင်ပေါင်း၊ ကနစို စသော တောစိမ်းများ ရှိနေ၏။

အချိန်မှာ နံနက် (၅) နာရီရှိပြီ ဖြစ်သည်။



ရှည်လျားမည်းနက်သော သတ္တဝါက မည်းမည်းပုပု
သတ္တဝါနှစ်ကောင်ကို ခုန်အုပ်လိုက်စဉ် အခြားမည်းမည်းပုပု တစ်ကောင်က
သစ်ကိုင်းတစ်ကိုင်းဖြင့် ရိုက်လိုက်သည်ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com

ချိုင်ကွေ့တွင် ဥတို ရိုးချောင်းကလေး ရှိပါသည်။ ကျွန်ုပ်တို့သည် ဥတို ရိုးချောင်းကလေးအဝရှိ ကျောက်ဆောင်ကြီးပေါ်သို့ တက်ခဲ့ပါသည်။

ယင်းအခိုက် တောင်းကင်ပြင်မှ "ကစ် - ကစ် - ကစ်" ဟူသော အသံနှင့် ရေဝမ်းဘဲကြီးတစ်ကောင် ထိုးဆင်းလာကာ ကျောက်ဆောင်ထိပ်ပေါ်သို့ ဆင်းသွား၏။

"ကစ်ကစ် - ကစ်"

"တစ်ကစ် - ကစ်"

တစ်ခဏချင်း ရေဘဲများအော်သံ ပေါ်ထွက်လာပါသည်။ ကြည့်လိုက်ရာ ရေဝမ်းဘဲအသိုက်ကြီးကို ကျောက်ဆောင်ထိပ်တွင် တွေ့ရပြီး ဥမှပေါက်စ ရေဝမ်းဘဲ သားငယ်များ၏ အော်သံပင် ဖြစ်ပါသည်။

ယင်းအခိုက် "ကရီး" ဟူသော အသံနှင့် ရေဝမ်းဘဲထီးကြီးတစ်ကောင် ကောင်းကင်ပြင်တွင် ပျံဝဲရာမှ နိမ့်ဆင်းလာကာ ကျောက်ဆောင်တစ်နေရာသို့ ဆင်းသွား၏။

"ဖြန်း - ဖြန်း - ဖြန်း"

အတောင်ပံ ရိုက်သံများကို ကြားလိုက်ရပါသည်။

"ခွီး - ခွီး"

ထိုအသံကြောင့် ကျွန်ုပ်တို့သည် ကျောင်ဆောင်ကြီးမှ အသံလာရာသို့ တဖြည်းဖြည်းဆင်းခဲ့ပြီး ခပ်စောစောက ရေဝမ်းဘဲကြီး ဆင်းသွားသည့် ကျောက်ဆောင်ဆီသို့ ကူးလာခဲ့ပါသည်။

အမှန်တော့ ... ထိုအသံများမှာ ရေဝမ်းဘဲထီးကြီးက ရေဝမ်းဘဲမနှင့် သားငယ်များကို အန္တရာယ်ပေးမည့် အန္တရာယ်ကောင်အား တိုက်ခိုက်နေခြင်းပင် ဖြစ်ပါသည်။

တစ်ဖက် ကျောင်ဆောင်ကြီးဆီမှ ကူးလာစဉ်မှာပင် "ကရီး - ကစ် - ကစ်" ဟူသော အသံနှင့် ရေဝမ်းဘဲကြီး ထိုးတက်ပျံသန်းလာပြန်သည်။

ယင်းအခိုက် "ခွီး" ခနဲ အော်သံနှင့်အတူ သတ္တဝါတစ်ကောင် ကျောက်ဆောင်ပေါ်သို့ ခုန်တက်လာပါ၏။ သူ၏ဦးခေါင်းသည် အပေါ်သို့ မော့ကာ ပါးစပ်ကို ဖြဲထား၏။



ကျွန်ုပ်တို့မှာ အံ့အားသင့်ရင်း လျှင်မြန်စွာပင် အသင့်ပါလာသော စပရင်းဖီး(လ်) ရိုင်ဖယ်ပြောင်းဝကို ထိုသတ္တဝါအား ညွှန်လိုက်ပါသည်။

သည်အခိုက် ရေဝမ်းဘဲထီးကြီးက "ဖြန်း" ခနဲ တောင်ပံရိုက်ကာ ထိုးဆင်းလာသည်။ အတောင်ပံဖြင့် ထိုသတ္တဝါကြီး၏ဦးခေါင်းကို "ဖြန်း" ခနဲ ရိုက်ကာ ဝဲထွက်သွား၏။ ထိုသတ္တဝါကား ဒေါသအကြီးအကျယ် ထွက်နေဟန်ဖြင့် ရေဝမ်းဘဲကြီးအား တအားခုန်၍ ဟပ်ဆွဲရင်း လက်နစ်ဖက်နှင့် တောင်ပံကို ကုပ်ဆွဲလိုက်ရာ အတောင်ပံများ ဖွားခနဲ ကျွတ်ထွက်သွား၏။ သို့သော် ထိုသတ္တဝါကြီး၏ ရန်စွယ်မှ လွတ်မြောက်သွားခဲ့ပါလေသည်။

ထိုသတ္တဝါမှာ ဒေါသဖြစ်လွန်းသဖြင့် "တခွီးခွီး" အော်လိုက်၏။

ယင်းသတ္တဝါဆိုးကား ... တကယ်တော့ ကျွန်ုပ်တို့ နိမ်နင်းဖမ်းဆီးရန် ဒုတိယပစ်မှတ်ထားခဲ့သည့် အနက်တွင်အဝါကွက်မွေးရှည် ပင်လယ်ကြောင်ဝံပင် မဟုတ်ပါလား။

ကျွန်ုပ်သည်ဂရိန်ယမ်းအား (၂၀၀) ပေါက်ကွဲအားရှိသည့်စပရင်းဖီး(လ်) ရိုင်ဖယ်ပြောင်းဝကို ကြောင်ဝံကြီး၏ လက်ပြင်ဆီသို့ညွှန်ကာ ခလုတ်ကို ဖြည်းညင်းစွာ နှိပ်လွှတ်လိုက်ပါသည်။

"ဒိုင်း"

ကော်ဒိုက်ယမ်းငွေ့များ ထောင်းခနဲ ထ,သွားပါ၏။

ကျောက်ဆောင်ပေါ်မှ ကြောင်ဝံကြီးသည် "ခွီး" ခနဲ အသံတစ်ချက်သာ အော်နိုင်ပြီး ကျောက်ဆောင်ပေါ်မှ လိမ့်ဆင်းကျလာပါ၏။

မုဆိုးကြီး ဦးဖဝေးက ကျွန်ုပ်၏ပခုံးကိုပုတ်ကာ ချီးကျူးလိုက်ပါသည်။

"စိန်တင်ရေ - မင်းပစ်လိုက်တဲ့ ကြောင်ဝံကြီးအတွက် ရေဘဲတွေရော၊ ရွာထဲက အိမ်မွေးသတ္တဝါတွေပါ ဝမ်းသာနေကြမှာပဲ"

ယင်းသို့ပြောကာ သူက ကြောင်ဝံကြီးကို ပြေးပြီး အမြီးမှ ဆွဲယူခဲ့ပါသည်။ အတော်ကြီးမားသော အလျား လေးပေခန့် ကြောင်ဝံကြီး ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် အသက်ပျောက်နေပြီဖြစ်သော ပင်လယ်ကြောင်ဝံကြီးကို ခြေနှင့်လက်အား ကြိုးတုပ်၍ လက်မောင်းရင်းခန့် ကနစိုကိုင်းတစ်ကိုင်း ခုတ်ပြီး လျှိုကာ ထမ်းပြန်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အချိန်မှာ နံနက်(၇)နာရီရှိပါပြီ၊

ကျွန်ုပ်တို့ရှာအပြန် ခရီးလမ်းမှာ ပင်လယ်သောင်၏သဲမြေပေါ်မှ ဖြစ်၏၊ ကျိုင်းများ တဝုန်းဝုန်း ရိုက်ခတ်နေ၏၊

"တစ်တစ် - ကစ်ကစ်"

ထိုအသံကြောင့် မော့ကြည့်လိုက်ရာ ရေဝမ်းဘဲအထီးနှင့် အမတို့သည် ကျွန်ုပ်တို့၏ ခေါင်းပေါ်မှ ပတ်ဝဲကာ ကျေးဇူးတင်ကြောင်း ပြောနေသည့် အလား မြင်ရသည်၊

"ကစ်ကစ် - ကစ်ကစ်"

သုံးပတ်ခန့်ဝဲကာ ကျောက်ဆောင်ဆီသို့ ဝဲပျံသွားလေတော့သည်၊

ဦးဇဝေးက ကျွန်ုပ်အား -

"ဟုတ်တယ် - ဇထီး၊၊ ကျွန်တော်တို့ကလည်း သူတို့ကို ပြန်ပြီးကျေးဇူး တင်ရမှာပဲ၊ တကယ်လို့သာ ကြောင်ဝံကြီးကို ရေဘဲထီးက မတိုက်ခိုက်ရင် ကျွန်တော်တို့တောင် သိမှာ မဟုတ်ဘူး၊ ကြောင်ဝံကြီးလည်း ရမှာမလွယ် ဘူး၊ အခုတော့ "စားရက်ကြံ့မှတ်ဆိတ်ပျားစွဲ" ဆိုသလို ကြောင်ဝံသားလည်း စားရ၊ သူ့အရေခွံလည်း ဈေးကောင်းကောင်းနဲ့ ရောင်းချနိုင်ပြီ မဟုတ်လား ဇထီး"

ထိုနေ့တွင် ကျွန်ုပ်တို့အား ဂုံညင်းတန်းရွာသားများက ဝမ်းသာအားရ ကျေးဇူးတင်ကြောင်း လာပြောကြသည့်အပြင် ကြောင်ဝံသားကိုလည်း တောင်းကြသဖြင့် အနည်းငယ်စီ ခွဲဝေပေးလိုက်ရပါသည်၊

ပင်လယ်ကြောင်ဝံသည်လည်း ပင်လယ်မုဆိုး မဟုတ်ပါလား၊

>>> မြဝတီ



www.burmeseclassic.com

www.burmeseclassic.com

❝ ရန်ကို ရန် ချင်း တုံ့ပြန် နင်းခြင်းဖြင့်

အာဃာတကို ရှည်လျားစေတတ်ကြောင်း

အကျိုးမဲ့ဖြစ်စေတတ်ကြောင်း သတိပြု ဆင်ခြင်နိုင်သည့်

ဝတ္ထုတစ်ပုဒ် ... ❞

**ကျွန်ုပ်သည်** အကျဉ်းဦးစီးဌာနမှ ပင်စင်ယူလာခဲ့ပြီးနောက် တောင်ငူမြို့တွင် ဇနီးသည်နှင့်အတူ ခြေချနေထိုင်လျက် ရှိလေသည်။ ကျွန်ုပ်သည် ပင်စင်စားတစ်ဦးဖြစ်လာပြီးနောက် ယခင်အလုပ်တာဝန် ထမ်းဆောင်ခဲ့စဉ်က ရရှိခဲ့သောမြေတွက်ပေါ်တွင် တစ်ထပ်ပျဉ်ထောင်အိမ်လေးတစ်လုံးကို မင်းကြီးညိုရပ်ကွက်တွင် တည်ဆောက်ထားခဲ့လေသည်။

တစ်နေ့တွင် ကျွန်ုပ် နေထိုင်ရာအိမ်ဆီသို့ လူတစ်ဦး ရောက်ရှိလာသည်။ ၎င်းလူမှာ ကျွန်ုပ်နှင့် ထောင်ထဲတွင် သိကျွမ်းခင်မင်ခဲ့သူ ဖြစ်ပြီး သူ၏အမည်မှာ ကျော်ဝဆိုသူ ဖြစ်သည်။ အသားညိုညို အရပ်က ထောင်ထောင်မောင်းမောင်းနှင့် အသွင်သဏ္ဌာန်မှာ အေးတိအေးစက်ပုံ ပေါက်သော်လည်း ရက်စက်သည့်နေရာတွင် သူမတူအောင် ရက်စက်တတ်သူ ဖြစ်သည်။ အသက်အရွယ်မှာ (၄၅) နှစ်ခန့်ရှိသေးသည်။

"မင်း - ဘယ်တုံးက လွတ်လာခဲ့တာလဲ"



"ကျွန်တော် - ဒီနေ့ပဲ ထောင်က လွတ်လာတယ် ဆရာ၊ ထောင်ဝန်ထမ်းတစ်ယောက်က ဆရာ့အိမ်လိပ်စာ ပေးလိုက်လို့ ... ကျွန်တော် ... ဆရာ့ဆီကို လာတွေ့တာပါ ..."

"ဒါနဲ့ - ဘယ်တိအောင် ပြန်ရမှာလဲ"

"အင်း - ပြန်စရာဆိုလို့ ဘယ်ဆီ ဘယ်လမ်းကိုလည်းဆိုတာ မသိနိုင်တော့ပါဘူး၊ ကျွန်တော် - လူသတ်မှုနဲ့ ထောင်ဆယ်နှစ်ကျပြီး ဒီအလုပ်စခန်းတို့ပြောင်းရွှေ့လာခဲ့ရတာပဲ၊ ကျွန်တော် - ထောင်ကျနေတုန်း နာဂစ်မုန်တိုင်းထိုက်လို့ ကျွန်တော်တို့ရွာလေးလည်း လေမုန်တိုင်းနဲ့အတူ လွင့်ပါးပျောက်ချက်သွားခဲ့တယ်"

"ဒါဆို - မင်းမိသားစုတွေကရော"

"ကျွန်တော့်မိန်းမနဲ့ ကလေးနှစ်ယောက်ပါ ရေထဲမျောပါသေဆုံးပြီလို့ ရွာတလုတစ်ယောက် ထောင်ဝင်စာ လာတွေ့တုန်းက ပြောသွားတယ်"

"ဟင် - ဒါဆို - စိတ်မကောင်းစရာပဲကွာ"

"ခုတော့ - ထောင်က ထွက်လာပြီး တစ်ကောင်ကြွက်ဘဝနဲ့ ခြေသလုံးအိမ်တိုင်ဘဝ ရောက်နေပြီပေါ့ ဆရာ"

"အေးကွာ - ဒါဆိုလည်း ရှေ့ဘာဆက်လုပ်သင့်တယ်ဆိုတာ ငါ့အိမ်မှာခဲ - အနိုက်အတဲ့ နားခိုရင်း စဉ်းစားကြည့်တာပေါ့"

"ကျေးဇူးတင်ပါတယ် ဆရာ၊ ထောင်က ထွက်လာတဲ့ အနိုက်အတံ့မှာ ဆရာတို့အိမ်မှာ ခေတ္တခဏ တည်းခိုခွင့်ပြုတာ ကျေးဇူးတင်ပါတယ်"

ထောင်ထွက်ကျော်ဝသည် ကျွန်ုပ်၏ လက်သင့်ခံစကားကို ကြားသိလိုက်ရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်သွားသည်။ ကျော်ဝမှာ ထောင်ထဲတွင် ကျွန်ုပ်တာဝန်ကျနေသောရုံးခန်းမှာ ရုံးလုပ်ငန်းများကို ဦးစီးဦးဆောင် ကူညီပေးခဲ့သဖြင့် အစစ အရာရာ အဆင်ပြေခဲ့သည်။ ကျွန်ုပ်နှင့်အတူတူ လုပ်ငန်းဌာနထဲမှာ လက်ပွန်းတတီး နေထိုင်ဆက်ဆံလာခဲ့ကြသဖြင့် ဆွေမျိုးရင်းချာလို ခင်မင်လျက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

ခြောသီကျွန်ုပ်၏ခြံဝင်းလေးထဲသို့ ကျော်ဝ ရောက်ရှိလာခဲ့ပြီးမှ နောက်ဆေးသောက်မြေကွက်လပ်နေရာတွင် တောင်ယာစိုက်ခင်းလေးတစ်ခု ဖြစ်လုပ်ထားပြီး ဘူး ဖရုံ မုန်လာ၊ ချဉ်ပေါင်၊ ခရမ်း၊ ရုံးပတီ အစရှိသည့် သီးနှံများဖြင့် ဝေဝေဆာဆာ ရှိနေသည်။

ကျွန်ုပ်၏မြေမှာ ပေ(၄၀)၊ ပေ(၆၀)မြေကွက်ဖြစ်ပြီး ပေ(၂၀)ခန့်သာ တစ်ထပ်ပျဉ်ထောင်အိမ်လေးကို ဆောက်လုပ်ထားသဖြင့် အိမ်ဘေးမြေကွက်လပ်လေးမှာ ပေ(၂၀)ခန့် ပိုနေသည်။ ကျွန်ုပ်က ကျော်ဝကို ကျွန်ုပ်အိမ်ပေါ်မှာ သီးသန့်တစ်ခန်း နေထိုင်ရန် ပေးထားသော်လည်း ကျွန်ုပ်၏ဇနီးနှင့် နေထိုင်ကျဉ်းကျပ်မည်စိုး၍ အိမ်နောက်ဖေးခြံထောင့်ဝယ် (၅)ပေခန့်တဲ လေးတစ်လုံးဆောက်ကာ လွတ်လွတ်လပ်လပ် နေထိုင်လျက် ရှိသည်။

ကျော်ဝသည် နေ့စဉ် မိုးလင်းမှ ညနေစောင်းထိ တောင်ယာစိုက်ခင်း လေးထဲမှာပဲ အချိန်ကုန်ဆုံးနေတတ်သည်။ ကျွန်ုပ်ကလည်း အိမ်အတွက် ညရေးညတာ ခြံစောင့်တစ်ဦး ရရှိသလို ဖြစ်နေ၍ လုံခြုံရေးတာဝန်ယူရန် အန္တရာယ်ကာကွယ်နိုင်ဖို့ ဓားရှည်တစ်ချောင်းကို ထုတ်ပေးထားသည်။

ကျော်ဝသည် ဓနစဉ် တောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းများ ပြီးဆုံးသွားလျှင် ကျွန်ုပ်ပေးထားသောဓားရှည်ကို ကျောက်တုံးပေါ်တင်ပြီး အမြဲသွေး နေလေ့ရှိသည်။ တစ်နေ့တွင် ကျော်ဝသည် မြို့ထဲမှ ပြန်လာပြီး ၎င်းနေထိုင် သော တဲလေးအတွင်းမှာ ဓားကို အကျအနကိုင်တွယ်လျက် ဓားသွားကိုပင့်ပင့် ပက်၊ ရုတ်နေဟန်ပုံစံမျိုးကို ကျွန်ုပ် ကိုယ်တိုင်တွေ့မြင်ခဲ့ရလေသည်။

"ကျော်ဝ – ငါပေးထားတဲ့ဓားရှည်ကို တော်တော်သဘောကျနေပုံရ တယ်"

"ဟုတ်တယ် ဆရာ။ တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် ဟောဒီဓားနဲ့ လူ တစ်ယောက်ကို ကောင်းကောင်းလက်စားပြန်ချေရမယ် ဆရာ"

"ဟုတ်လားကွ၊ ဘယ်လိုရန်ငြိုးရန်စတွေများ ရှိခဲ့ကြလို့လဲ"

"ဒီလိုပါ ဆရာ။ ကျွန်တော် နယ်ကနေ လူသတ်မှုနဲ့ ထောင်ဆယ်နှစ်ကျ လာခဲ့ပြီး ထောင်ပြောင်းပါသွားတယ်။ အင်းစိန်ဗဟိုအကျဉ်းထောင်မှာ ထောင် ဆက်ကျနေခဲ့တယ်။ အဲဒီလိုထောင်ကျနေတဲ့အချိန်မှာ တောင်ယာ ထဲ အလုပ်လုပ်နေတုန်း ဘုတ်ကိုင်ကျွဲကြီးဆိုတဲ့ကောင်က ကျွန်တော့်ကို အနိုင်ကျင့်ဗိုလ်ကျလွန်းလို့ မခံချင်စိတ်နဲ့ လက်ထဲက ပေါက်တူးကို ကိုင် မြှောက်ပြီး ရုတ်မယ်ပြင်နေတုန်းဘေးက သူ့အဖော်တွေကဝိုင်းဆွဲထားတယ်။ ဒီကောင်က ထီမထင်တဲ့ပုံနဲ့ ရယ်ကျဲကျဲလုပ်ကြည့်နေတယ်။ ကျွန်တော် လည်း ခံပြင်းစိတ်နဲ့ အပြတ်ရှင်းပစ်ဖို့ စိတ်ကူးခဲ့ပေမယ့် ထောင်ထဲမှာဖြစ်နေ လို့ အခွင့်မသာဘူး ဖြစ်နေတယ်။ အဲဒီလို ထောင်ထဲမှာ ခိုက်ရန်ဖြစ်ပွားလို့ ကျွန်တော်က ရန်ပြုခဲ့တယ်ဆိုပြီး ကျွန်တော် တိုက်ပိတ်ခံခဲ့ရတယ်"

"နောက်တော့ – ဘယ်လိုဖြစ်သွားလဲ"

"နောက်ဆုံးမှာတော့ – ကျွန်တော် တိုက်ပိတ်ခံနေရာက နှစ်လလောက် အကြာမှာ ကျွန်တော့်ကို ရဲဘက်အဖြစ် ရွေးချယ်ပြီး ဆရာ တာဝန်ကျနေတဲ့ လေးမိုင်ကျောက်ထုတ်စခန်းကို ပြောင်းရွှေ့ခံခဲ့ရတယ်"

"အဲဒီကောင်နဲ့ နောက်ထပ် မတွေ့ကြတော့ဘူးလား"

"ဟုတ်ကဲ့ – မတွေ့တော့ဘူး ဆရာ၊ အဲဒီထဲက လွှရျင်းကွဲသွားခဲ့တာ အချိန်ထိပဲ ..."

"အေးကွာ – ရန်ကို ရန်ချင်း မတုံ့နှင်းကြတာ အကောင်းဆုံးပဲ"

ကျွန်ုပ်လည်း ကျော်ဝအား ပြောဆိုဆုံးမနေသည်။ ကျော်ဝမှာ အမှတ် သည်းခြေကြီးသူတစ်ယောက်ဖြစ်သည်။ ထောင်ထဲတွင်တော့ ဦးဆုံးရောက် ရှိနေရာရနေကြသော တန်းစီး၊ တရာများသည် ထောင်ကျလူသစ်များအပေါ် အွင့်ကြီးနိုင်ငယ်ညှဉ်း၊ ဗိုလ်ကျစိုးမိုးကာ ပြုလုပ်နေသောကာလဖြစ်သည်။

အထူးသဖြင့် ကျော်ဝတို့လို နယ်မှ ပြောင်းရွှေ့ထောင်ကျလာသူများ အပေါ်မတရားခေါင်းပုံဖြတ် အနိုင်ကျင့်လေ့ ရှိသည်။ ကျော်ဝတို့လို စိတ်မြန် သတ်မြန်သမားမျိုးနှင့် ဆုံတွေ့ခဲ့သောအခါ နဂိုကတည်းကလည်း မဟုတ် ခံစိတ်ရှိသူဆိုတော့ ခေါင်းငုံ့မခံဘဲ ပြန်လည်တုံ့ပြန်ခဲ့လေသည်။ ဒါကြောင့် လည်း ကျော်ဝမှာ လူရိုးလူဖြောင့်သမားဖြစ်သော်လည်း ရန်စမီသွားထပ်မံ





www.burmeseclassic.com

www.burmeseclassic.com

မဖြစ်ပေါ်စေရန် ကျောက်ထုတ်လုပ်ရေး အလုပ်စခန်းသို့ ရဲဘက်အကျဉ်းသားအဖြစ် ပြောင်းရွှေ့လိုက်ခြင်း ဖြစ်ပါသည်။

တစ်နေ့သော ညဘက်မှောင်မိုက်နေချိန်တွင် ကျော်ဝတစ်ယောက် ကျွန်ုပ်ထံ ကတိုက်ကရိုက်ရောက်ရှိလာပြီး လက်ထဲမှာ ဓားရှည်ကိုကိုင်လျက် ရောက်လာသည်။ ထို့နောက် ဓားရှည်ကို ရှေ့မှာ ချထားလျက် ကျွန်ုပ်နှင့် ဇနီးသည်တို့ ထိုင်နေသော ဆက်တီခုံအောက်မှာ ရှိရိုကျိုးကျိုး ထိုင်လျက် ဦးချကန်တော့သည်။

"ဘယ်လိုဖြစ်တာလဲ - ကျော်ဝ"

"ကျွန်တော် - ဆရာနဲ့ ဆရာကတော်တို့ကို လာနှုတ်ဆက်တာပါ။ ကျွန်တော် - ဒီကနေ ထွက်သွားပါတော့မယ်။ ကျွန်တော် နားလည်တဲ့ တံငါလုပ်ငန်းကိုပဲ ပြန်လည်လုပ်ကိုင်ဆောင်ရွက်ရင်း မြို့ကို ပြန်တော့မယ် ဆရာ"

"ဘာဖြစ်လို့လဲ - ကျော်ဝရဲ့ ဒီမှာနေရတာ အဆင်မပြေလို့လား"

"မဟုတ်ပါဘူး ဆရာ၊ နေထိုင်ရတာ အဆင်ပြေပါတယ်။ ဒါပေမဲ့ - ကျွန်တော် တွေ့ချင်နေတဲ့ လူတစ်ယောက်ကို ဒီနေ့ညပဲ စိန်ခေါ်ပြီး ကျွန်တော်ရဲ့ ရာဇဝင်ကြွေးကို ပေးဆပ်ခဲ့ပါတယ်"

"ဘာလဲ - ဟိုထောင်ထဲမှာ ဆုံခဲ့တဲ့ ကျွဲကြီးနဲ့ တွေ့ခဲ့ကြတာလား"

"ဟုတ်ပါတယ် ဆရာ၊ ဒီကောင်က အခု - ထောင်ကနေ လွတ်လာခဲ့ပြီလေ ...။ တစ်သက်တစ်ကျွန်း ဒဏ်ကျခံနေရပြီး ဒီတောင်ငူထောင်ကနေ ကျွန်တော့်လို ထောင်ပြောင်းနဲ့ အင်းစိန်ထောင်ကို ရောက်နေတာ ...။ ခုတော့ လွတ်ရက်စေ့သွားလို့ ထောင်ကနေ ပြန်လွတ်လာခဲ့ပြီး ကျွန်တော်နဲ့ ခပေါင်းတံတားပေါ်မှာ ဆိုင်ကယ်စီးလာတုန်း ဆုံတွေ့ခဲ့ကြတာပဲ ..."

"ဟုတ်လား - မင်းတို့နှစ်ယောက် တွေ့ဆုံ၊ ဖြတ်လမ်းအကျိုးအကြောင်း သေသေချာချာ ပြောပြစမ်းပါဦးကွာ ..."

ကျွန်ုပ်လည်း အတိတ်က ရာဇဝင်ကြွေးရှိခဲ့ကြဖူးသူ နှစ်ယောက် ယခုမမျှော်လင့်ဘဲ ဤတောင်ငူမြို့တွင် ပြန်လည်ဆုံတွေ့ခဲ့ကြပုံများကို ခရေစေ့တွင်းကျ ပြောပြပေးရန် တောင်းဆိုလိုက်သည်။



ဒီလိုပါ ဆရာ၊ ကျွန်တော်နဲ့ ဒီကောင် ထောင်ထဲမှာ ဖြစ်ပျက်ခဲ့ကြတဲ့ ခင်ပြိုင်ရန်စကို ဆရာလည်း တစ်စိတ်တစ်ဒေသ အကြမ်းဖျဉ်း သိထားပြီး ဖြစ်ခဲ့တယ်။ ဒီကောင်တွေဟာ ထောင်ထဲကို ကျွန်တော်တို့ အရင်ရောက်နေတဲ့ လူတွေဆိုတော့ ထောင်သနေ့လိုဖြစ်နေပြီး နေရာကောင်းတွေရ၊ အောက်ထက်ထောင်ကျလူသစ်တွေအပေါ်မှာ ခေါင်းပုံဖြတ် အမြတ်ကြီးစားလုပ်နေကြတဲ့ကောင်တွေပါ။

ခုလို ကျွန်တော်နဲ့ ထိပ်တိုက်ဆုံတွေ့ခဲ့ကြပြီး ပြဿနာဖြစ်ခဲ့တဲ့အချိန်မှာ သူက တောင်ယာဘုတ်ကိုင်ဖြစ်နေတယ်။ ကျွန်တော်တို့က ထောင်ရှည်ထဲ ဝင်ခါစ ဝသေးတဲ့ ထောင်ကျသစ်တွေဆိုတော့ တောင်ယာထဲမှာ ဘောက်ဆင်း အကျဉ်းသားတွေဖြစ်နေတယ်။ အလုပ်ခိုင်းတဲ့နေရာမှာ ဘောက်ဆင်းတွေထဲက အခြေအနေရှိတဲ့လူ၊ အိမ်က ထောင်ဝင်စာ လာတွေ့လေ့ရှိတဲ့ အကျဉ်းသားတွေကို ဂွင်ဖန်ခဲ့တာပေါ့ ဆရာ။

ဒါက အဲဒီလူတွေကို အလုပ်ခိုင်းတဲ့နေရာကနေ ဘေးဖယ်ခိုင်းထားပြီး တောင်ယာထဲမှာ ဟင်းချက်ခိုင်းသလိုလို၊ ရေနွေးအိုး တည်ပေးသလိုလို အလုပ်သာခွင့်တွေ ပေးထားတယ်လေ ...။ ကျွန်တော်တို့လို ဘာမှမပေးနိုင်၊ မကမ်းနိုင်တဲ့အကျဉ်းသားတွေကိုတော့ ပုံစံအလုပ်တွေ ပိုခိုင်းပြီး အလုပ်မပြီးတဲ့လူဆို လက်ထဲက ဘုတ်တစ်ချောင်းနဲ့ ကျွဲရိုက်၊ နွားရိုက် ရိုက်ခိုင်းခဲ့ကြတယ်။

အဲဒီတုန်းက ကျွန်တော်ကလည်း ကျွန်တော့်အတွက် ခိုင်းထားတဲ့ ကိုဒါ(ခုံ)ပြီးသွားလို့ မောမောနဲ့ တောင်ယာဘေးမှာ ထိုင်ပြီး ဆေးလိပ်သောက်ရင်း အမောဖြေနေတယ်။

အဲဒါကို ဘယ်သူကနေ သွားထောင်ပေးလိုက်တယ် မသိပါဘူး၊ တောင်ယာဘုတ်ကိုင်ကျွဲကြီးဟာ ဝါးတုတ်တစ်ချောင်း လက်မှာ ကိုင်စွဲလာပြီး ကျွန်တော်ထိုင်နေတဲ့နေရာကို ဒေါ်ကြီး မောကြီးနဲ့ ရောက်လာတယ်။

"ဟေ့ကောင် - အဲဒါ - ဘာလုပ်နေတာလဲ"

"ဆေးလိပ်သောက်နေတာလေ ..."



www.burmeseclassic.com

www.burmeseclassic.com

"ဘာတွ - မင်းကများ"

ပြောပြောဆိုဆိုနဲ့ ကျွန်တော့်ကိုယ်ပေါ်ကို လက်ထဲကတုတ်နဲ့ တဖြန်းဖြန်း ရိုက်နေတယ်။ ကျွန်တော်လည်း အစကတော့ ကြောင်ပြီး ငုံခံနေသေးတယ်၊ နောက်တစ်ချက် ခေါင်းကိုဖြတ်ရိုက်မိသွားချိန်မှာ စိတ်ထဲ ဒေါင်းခနဲ ဒေါသထွက်လာပြီး သူ့လက်ထဲကတုတ်ကို လုယူလိုက်ပြီး ဘေးမှာချထားတဲ့ပေါက်တူးကို ကောက်ကိုင်လိုက်တယ်။

"ငါ့ဘာသာငါ - ပေးထားတဲ့ပုံစံပြီးသွားလို့ နားနေတာကွ၊ မင်းက ဘာလုပ်ဖ်ဝတာလဲ"

"အောင်မာ - မင်းကများ - ငါ့လိုဘုတ်ကိုင်ကို ခံပြောရဲသေးတယ်၊ ဟေ့ ကျွဲကြီးတဲ့ကွ၊ မင်းတို့ထက်မိုက်လို့ ထောင်ထဲမှာ ဘုတ်ကိုင်လုပ် အုပ်ချုပ်နေတာ ...၊ မင်းက ဘာကောင်မို့လဲ ..."

"အေး - ငါကလည်း ဒီလိုကောင်ပဲကွ"

ကျွန်တော်လည်း မထူးဘူးဆိုပြီး လက်တုံ့ပြန်ဖို့ ပေါက်တူးကို ကိုင်မြှောက်လိုက်ချိန်မှာ ဘေးနားမှာ ရှိနေတဲ့ စည်းကမ်းထိန်းသိမ်းရေးဘုတ်က အကျဉ်းသားတွေက ဝင်ဆွဲလို့ မရုတ်ဖြစ်လိုက်ဘူး။

နောက်ဆုံး ကျွန်တော့်ကို ထောင်ထဲမှာ ခိုက်ရန်ဖြစ်ပွားမှုနဲ့ တိုက်ထဲကို ပို့တာ ခံလိုက်ရတယ်။ အဲဒီကနေ - အခု - ဆရာတာဝန်ကျနေခဲ့တဲ့ လေးမိုင်ကျောက်ထုတ်စခန်းကို ရဲဘက်အကျဉ်းသားအဖြစ် အပြောင်းခံခဲ့ရတာပဲ။

"ဒါနဲ့ - မင်း သူနဲ့ ဘယ်လိုသွားပြီး စာရင်းရှင်းခဲ့တာလဲ"

"ကျွန်တော် - ဝတီးရွာဘက်မှာ ပျိုးပင်လေးတွေ သွားဝယ်ပြီးတော့ ခပေါင်းတံတားပေါ် လမ်းလျှောက်ပြန်လာနေတုန်း ဒီကောင်ကလည်း တောင်ငူမြို့ထဲကနေ ... ဆိုင်ကယ်နဲ့ ပြန်လာနေတယ်၊ သူနေတာကလည်း ခပေါင်းရွာထဲမှာလေ"

"အဲဒီလို မမျှော်လင့်ဘဲ ခပေါင်းတံတားပေါ်မှာ ပက်ပင်းဆုံတွေ့ခဲ့ကြပြီးတော့ နောက် ဘယ်လို ဆက်ဖြစ်သွားကြတာလဲ"



ကျွန်တော်နဲ့ ဒီကောင် ခပေါင်းတံတားပေါ်မှာ အမှတ်မထင် ဆုံတွေ့ခဲ့ကြတော့ ပထမ ဒီကောင်က ကျွန်တော့်ကို လုံးဝမှတ်မိပုံ မရဘူး။ သူက အဖော်မပါဘဲ ဆိုင်ကယ်စီးလာနေတာဆိုတော့ ...၊

"ဟေ့ကောင် - ကျွဲကြီး"

"ခင်ဗျား - ဘယ်သူလဲ၊ ကျုပ်လည်း မသိပါလား"

"ဟား - ဟား - ခုတော့ - ဘယ်သိပါတော့မလဲကွ၊ ဟိုတုန်းက ထောင်ထဲမှာ မင်း ငါ့ကို တုတ်နဲ့ ရိုက်ခဲ့လို့ ငါက ပြန်လက်တုံ့ပြန်မလို့ လုပ်နေတုန်းမှာ ဘေးကလူတွေ ဝိုင်းဆွဲလို့ ပွဲပြီးသွားပြီး ငါက တိုက်ထဲ အပို့ခံခဲ့ရတယ်လေ"

"ဪ - အဲဒါ - မင်းကိုး"

"ဟုတ်တာပေါ့"

"အဲဒီတော့ - မင်းက ဘာဖြစ်ချင်သေးလို့လဲ"

"ဟား - ဟား - လူမိုက်ဆိုတာ လုပ်ပိုင်ခွင့် ပါဝါအာဏာရှိနေချိန်မှာ မိုက်ရက်လေးပြပြီး ဖင်ခေါင်းကျယ်နေလို့ လူမိုက်လို့ မခေါ်ဘူးကွ၊ တကယ်သတ္တိရှိချင် ယောက်ျားချင်း ခုလို အပြင်လောကမှာ တွေ့ကြတုန်း မင်းမှာ တကယ်သတ္တိ ရှိ၊ မရှိ ထုတ်ဖော်ပြရဲရမယ်ကွ၊ ဒါမှ လူမိုက်ပီသတာ ..."

"ကောင်းပြီလေ - မင်းကြိုက်သလို စိန်လိုက်၊ ဒါဟာ ငါ့နယ်မြေကွ၊ ငါကလည်း နည်းနည်းမှ အကြောက်တရားရှိတဲ့ကောင် မဟုတ်ဘူး။ လူသတ်မှုနဲ့ ထောင်ထဲက ထွက်လာခဲ့တဲ့ကောင်ကွ ..."

"ကောင်းတာပေါ့ကွာ ...၊ ငါကလည်း အဲဒီလိုသတ္တိမျိုးမှ ကြိုက်တယ်၊ ဒီနေ့ည ခုနစ်နာရီ၊ မင်းနဲ့ ငါ - ဟောဒီခပေါင်းတံတားအောက်က သောင်ပြင်မှာ တစ်ယောက်ချင်း တွေ့ကြမယ်၊ မင်းကလိမ်ကျပြီးတော့ အဖော်တွေ ခေါ်မလာခဲ့နဲ့ ...၊ တကယ်သတ္တိရှိရင် တစ်ယောက်ထဲ လာခဲ့ ..."

"ကောင်းပြီ - စိတ်ချ၊ ငါကလည်း အဖော်မခေါ်ပဲ တစ်ယောက်ထည်း ဆက်ဆက်လာခဲ့မယ်၊ တုတ်လား၊ ဓားလား၊ ဘာလက်နက်ကြိုက်လဲ"



www.burmeseclassic.com

www.burmeseclassic.com

"တား - ဟား - ငါက ထောင်ထဲက ရာဇဝင်ကြွေးကို ပြန်တုံ့ပြန်ဆပ်ဖို့ ဘုတ်မလှိုဘူး။ မားပဲ လှလာခဲ့၊ နောက်မှ ကြောက်လန့်ပြီး မလာပဲမနေနဲ့"

"အို - ကျွဲကြီးကို စိန်ခေါ်ရင် ငရဲကလူ ပြာပုံမကြောက်တဲ့လူစားကွ"

••◆••

အဲဒါနဲ့ ချိန်းဆိုထားတဲ့ညဘက်မှာ ကျွန်တော်လည်း အိမ်ကနေ မှောင်ရီပျိုးစ အချိန်လောက် ခပေါင်းတံတားဆီ လမ်းလျှောက်ထွက်လာခဲ့တယ်။ တံတားပေါ်မှာ ကားတွေ ဆိုင်ကယ်တွေ ဖြတ်မောင်းသွားနေကြလို့ ရှုပ်ယှက်ခတ်နေတယ်။ ကျွန်တော်ဟာ နောက်ကျောမှာ ဓားရှည်ကို ထိုးဝှက်ယူလာပြီး ခပ်မှန်မှန် လျှောက်လာနေတယ်။

နောက် တံတားအောက်ဖက်ဆင်းတဲ့ လှေကားကနေ တစ်ထစ်ချင်းနင်းပြီးတော့ တံတားအောက်က သောင်ပြင်စပ်ကို ဆင်းသွားခဲ့တယ်။ ပတ်ဝန်းကျင်မှာ လူသူ ကင်းရှင်းနေပြီး မှောင်မည်းတိတ်ဆိတ်နေတယ်။ ကောင်းကင်ယံမှာတော့ လမင်းကြီးက ထိန်ထိန်သာနေတယ်။ ကျွန်တော်လည်း ဒီကောင်များ ကြိုရောက်နေမလားဆိုပြီး ဘေးဘက်ပတ်ဝန်းကျင်ကို မျက်စိဝေ့ဝဲ ရှာဖွေကြည့်ခဲ့တယ်။

ဒီအချိန်မှာ တိတ်ဆိတ်နေတဲ့ ညဉ့်ဦးယံကို ဖောက်ထွက်လာနေတဲ့ ခပေါင်းရွာထဲက ခါတ်စက်သီချင်းသံဟာ လေထဲမှာ လွင့်ပျံ့ကြားယောင်လို့လာနေတယ်။ နာမည်ကြီးအဆိုတော်တွေ သီဆိုဖျော်ဖြေနေတဲ့သီချင်းသံမျိုး မဟုတ်ပဲ ရွာထဲမှာရှိတဲ့ ရွာခံကာလသား၊ ကာလသမီးတွေက အလှည့်မှာ တစ်ယောက်တစ်လှည့်စီ အလှည့်ကျ သီဆိုဖျော်ဖြေနေကြဟန်တူတယ်။ ကျွန်တော်လည်း သောင်ပြင်ပေါ်မှာ တစ်ယောက်တည်း ရပ်စောင့်နေရလို့ ညောင်းညာလာတာနဲ့ ခြေပစ်လက်ပစ် သောင်ပြင်ပေါ် ထိုင်ချလိုက်တယ်။

"ခေါင် - ခေါင် - ခေါင် - ခေါင်"



ရွာထဲ ကင်းတဲဆီကနေ သံချောင်းခေါက်သံ ခုနစ်ချက် ခေါက်လိုက်တာကြောင့် ချိန်းဆိုထားတဲ့အချိန်နာရီ ရောက်နေပြီ။ ကျွန်တော်လည်း ခပ်ဝေးဝေးက မှုန်ပျပျသာ မြင်တွေ့နေရတဲ့ ခပေါင်းရွာဆီ လှမ်းမျှော်ကြည့်နေမိတယ်။ လာမယ့်လူက နောက်ကျနေတော့ စောင့်နေရတဲ့လူက စိတ်မရှည်နိုင်တော့ဘူးပေါ့။ သောင်ပြင်ပေါ်မှာ ထိုင်စောင့်နေရင်း ဒီကောင်တော့ ငါ့ကို ကြောက်ပြီး မလာဝံ့လို့များ မလာတော့ဘူး ထင်ပါတယ်လို့ စိတ်ထဲမှာ တွေးနေမိတယ်။

ဒီအချိန်မှာပဲ ခပေါင်းရွာထဲဘက်ဆီက လအလင်းရောင်အောက်မှာ လူတစ်ယောက် သုတ်သုတ်နဲ့ အပြေးအလွှားလာနေတာကို ရုတ်တရက် မြင်တွေ့လိုက်ရတယ်။ ဒီကောင် ကျွဲကြီးတော့ ချိန်းထားတဲ့အချိန် ရောက်လာနေပြီပဲဆိုပြီး သောင်ပြင်ပေါ်မှာ ချထားတဲ့ ဓားရှည်ကို ကောက်ကိုင်လို့ ထိုင်ရာက ထ,လိုက်တယ်။

"ဟေ့ - ကျွဲကြီးလားကွ"

"ဟုတ်တယ်"

"ဟဲ - ဟဲ - မင်းက ကတိတည်သားပဲ"

"အေး - ငါ့မှာ အရေးကြီးတဲ့ ကိုယ်ရေးကိုယ်တာကိစ္စ ရှိနေတာတောင်မင်းနဲ့ ချိန်းထားတာ၊ ပျက်ကွက်သွားရင် သူရဲဘောကြောင်တယ် ထင်မှာစိုးလို့ အရောက်လာခဲ့ရတာပဲ"

"ဘာ - ကိုယ်ရေးကိုယ်တာကိစ္စများ ရှိနေလို့လဲ"

"ငါ - နက်ဖြန် မင်္ဂလာဆောင်မယ်၊ ဒီည - ရွာထဲက မိတ်ဆွေကာလသားတွေကို မင်္ဂလာဆောင် ခဲဖိုးအဖြစ် အရက်တိုက်ကျွေး၊ ဧည့်ခံပေးနေရတာကြောင့် အလစ်ထွက်လာခဲ့တာပဲကွ"

"ဟား - ဟား - မင်းက မင်္ဂလာဆောင်တော့မယ့် ဆဲဆဲ သတို့သားလောင်းကိုး။ အေး - မင်းလက်ထဲက ဓားနဲ့ ငါ့ကိုအပြတ်ခုတ်သွားနိုင်မှတော့ နက်ဖြန်မှာ မင်္ဂလာပွဲကို တက်ရောက်နိုင်မှာပေါ့။ ဒီလိုမှ မဟုတ်ပဲ မင်းသေ



www.burmeseclassic.com

www.burmeseclassic.com

သွားခဲ့ရင်တော့ မင်းကောင်မလေး သတို့သမီးဧများ ရင်ကွဲပက်လက်ဖြစ်သွား မှာပေါ့ကွာ - မဟုတ်လား"

"တဲ - စကားတွေ ရှည်ရှည်ဝေးဝေး ပြောမနေနဲ့၊ အချိန်ကြာသွားမယ်၊ တော်တော်ကြာ - ငါ့ကောင်မလေးက ညဘက်ကာလသားတွေကို စည့်ခံပွဲမှာ တူတူသီချင်းဆိုဖျော်ဖြေဖို့ ချိန်းထားတာ ရောက်လာနေရင်း မင်းနဲ့ငါ စာရင်းမရှင်းရဘူး ဖြစ်နေမယ်"

"ကဲ - ဒါဆို - ရာဇဝင်ကြွေးဆပ်ပွဲ စ,လိုက်ကြရအောင် ..."

••●••

"ချွင် - ချွင် - ချွင်"

ကောင်းကင်ယံမှာ လမင်းကြီးက ထိန်ထိန်ဝင်းပနေတယ်၊ မြေကမ္ဘာပြင်ပေါ်ကို လရောင်က ဖြန်းပက်ထားသလို ထွန်းလင်းတောက်ပလို့နေတယ်။ ခပေါင်းမြစ်ရေကတော့ တသွင်သွင် စီးဆင်းလျက် ရှိနေတယ်၊ သဲသောင်ပြင်လွှလွှပေါ်မှာ တစ်ချိန်က ရန်ငြိုးရန်စရှိကြသူနှစ်ဦးမှာ သဲကြီးမဲကြီး တိုက်ခိုက်လျက် ရှိနေကြတယ်၊ ပတ်ဝန်းကျင်တစ်ခွင်လုံး တိတ်ဆိတ်ငြိမ်သက်နေသော်လည်း ဓားချင်းထိခိုက်ပွတ်တိုက်သံဟာ တိတ်ဆိတ်မှုကို ဖောက်ထွက်လာပြီး ဟိန်းဟိန်းထ,နေတယ်၊

ထိုစဉ် ရွာထဲဘက်ဆီက လူအချို့ သောင်ပြင်ဘက်ဆီ ဦးတည်ပြေးလွှားလာနေသည်ကို လရောင်အလင်းအောက်မှာ မြင်တွေ့လိုက်ရတယ်၊ ကျွန်တော်တို့ ရန်ဘက်နှစ်ယောက်ကလည်း တစ်ဦးကိုတစ်ဦး အလစ်မပေးဘဲ ပြင်းပြင်းထန်ထန် ထိုးခုတ်တိုက်ခိုက်နေဆဲ ရှိနေတယ်၊ အသက်နဲ့ ရင်းရတာမှတ်လား၊

ရွာထဲဘက်ကနေ အပြေးအလွှား ရောက်လာနေတဲ့ လူအုပ်ကြီးထဲမှ အမျိုးသမီးတစ်ဦးသည် ကျွန်တော်တို့နှစ်ဦး တိုက်ခိုက်နေကြသည့်အနား ဆီသို့ မောကြီးပမ်းကြီး ပြေးလွှားလာနေရင်းမှ -



"အစ်ကိုကြီးရယ်– အစ်ကိုကြီး မကျေနပ်လို့ သူ့ကို သတ်ချင်နေတယ်ဆိုရင်လည်း ကျွန်မကိုပဲ သတ်လိုက်ပါ။ နက်ဖြန် မင်္ဂလာဆောင်ပွဲမှာ သူမရှိတော့ဘူးဆိုရင် ကျွန်မလည်း မင်္ဂလာပွဲပျက်သွားလို့ အရှက်ရမယ့်အတူတူ သေသွားတာ ကောင်းပါတယ်။ ကျွန်မကိုသာ စိတ်ကြိုက် ခုတ်သတ်လိုက်ပါ– အီး–ဟီး–ဟီး"



"အစ်ကို - ရန်မဖြစ်ကြပါနဲ့ - တော်ပါတော့၊ ကျွန်မ တောင်းပန်ပါတယ်"

သူမကတော့ စိုးရိမ်တကြီး ဒေါသမှအော်ဟစ်ပြောဆိုဟန့်တားနေတယ်၊ ကျွန်တော်ကတော့ မိမိရန်သူတော် ကျွဲကြီးကို လက်စားပြန်ချေမှ ကျေနပ်နိုင်မှာမို့ သူမ တားမြစ်နေသည့်စကားကို လုံးဝလက်မခံဘဲ ဓားကိုဝင့်ကာ ဝင့်ကာ တစ်ရှိန်ထိုး တိုက်ခိုက်နေတယ်၊

"အစ်ကိုတို့ရယ် - တော်ကြပါတော့ရှင်၊ တစ်ဦးနဲ့တစ်ဦး အာဃာတ အငြိုးတွေ ရှိနေရင် သင်ပုန်းချေလိုက်ပြီး ရန်စမီးပွားကို ငြိမ်းသတ်ကြပါရှင်၊ ကျွန်မ ကြားကနေ ရှိခိုးတောင်းပန်ပါတယ် - အင့် - ဟင့် - ဟီး"



www.burmeseclassic.com

www.burmeseclassic.com

"လေးခွန် - ညီမ - ဘေးကိုလွတ်အောင် ရှောင်နေစမ်း၊ အစ်ကို - ဒီညီတောင့်ကို ကောင်းကောင်းကြီး ဆုံးမပေးမလို့ - ဘေးဖယ်နေပါ"

"ဟား - ဟား - မင်းက ငါ့ကို ဆုံးမနိုင်မလား - နက်ဖြန် မင်္ဂလာပွဲကို မတက်နိုင်ဘဲ မသာပဲ ဖြစ်မလားဆိုတာ ကြည့်ကြသေးတာပေါ့ - ကဲ"

"ရှွင် - ရှွင် - ရှွင်"

ကြားကနေ တားသူက တားနေသော်လည်း ရန်ငြိုးရန်ဘက်ရှိကြသူ ရန်သူတော်နှစ်ဦးမှာ လက်ရည်မကွာကြသူများဖြစ်၍ တစ်ဦးကိုတစ်ဦး အလစ်အငိုက် စောင့်ကြည့်ကာ ဓားချက်ပြင်းပြင်းဖြင့် လျှင်လျှင်မြန်မြန်ထိုးခုတ်နေကြတယ်၊

ကျွန်တော့်ရဲ့ ဓားချက်ကို လွတ်အောင် ရှောင်နေရင်း ကျွဲကြီးမှာ သူနှင့် နက်ဖြန် လက်ထပ်ကြတော့မည့် သတို့သမီးလောင်းကလေးကလည်း အစိုးရိမ်ကြီးကာ မျက်ရည်လည်ရွဲနှင့်ငိုကြွေးနေသည်ကိုတွေ့မြင်နေရသဖြင့် စိုးရိမ်ကြောင့်ကြဟန် ပေါ်လွင်နေတယ်၊

ကျွဲကြီး၏စိတ်များက မခံချင်စိတ်ဖြင့် စိန်ခေါ်ပွဲကို လာရောက်ယှဉ်ပြိုင်တိုက်ခိုက်နေခဲ့ရသော်လည်း နက်ဖြန် မင်္ဂလာဆောင်ပွဲတွင် မိမိအသက်ရှင်လျက်မှ ရှိပါ့မလားဆိုသည့် စိုးရိမ်လွန်ကဲစိတ် ဖြစ်ပေါ်ခံစားလာနေတယ်၊ တစ်ဦးနှင့်တစ်ဦး ဓားချင်းယှဉ်ပြိုင် တိုက်ခိုက်နေလျက်မှ အားပျော့ချင်သလိုဖြစ်ပေါ်သွားကာ လက်ထဲမှ ဓားလွတ်ကျသွားတော့တယ်၊ ကျွန်တော်လည်း မိမိရရှိလာသော အခွင့်အရေးကို ပိုင်ပိုင်နိုင်နိုင် အသုံးချရန် ဟန်ပြင်လိုက်စဉ် -

"အစ်ကိုကြီးရယ် - ကျွန်မ ရှိုးတောင်းပန်ပါတယ်ရှင်၊ သူ့ကို မသတ်ပါနဲ့ - အစ်ကိုကြီးရယ်၊ အသက်ချမ်းသာခွင့်ပေးပါနော်"

"အို - မလိုချင်ဘူး၊ ဒီကောင် - ထောင်ထဲမှာ မင်းမူပိုလ်ကျနေတုန်းက ငါ့ကို နှိပ်စက်လာခဲ့တဲ့ကောင်၊ ခုလို - အခွင့်သာခိုက်မှာ ငါ့ရဲ့ရာဇဝင်ကြွေးကို ပြန်ဆပ်ရမှ ကျေနပ်မယ် - ဖယ်စမ်းပါ"



ကျွန်တော်နှင့် ကျွဲကြီးကြားကို ကောင်မလေးက ဖွတ်တိုးဝင် ဟန့်တားအာကွယ်ပြောဆိုနေတယ်၊ သဲသောင်ပြင်ပေါ်မှာ ဓားလွတ်ကျပြီး လက်နက်မဲ့ ရပ်နေတဲ့ ကျွဲကြီးဆီကို ဒေါသတကြီး ပြေးခုတ်မယ် ကြံရွယ်နေတုန်း ကောင်မလေးက သဲသောင်ပြင်ပေါ်ကို ရုတ်တရက် ထိုင်ချလိုက်ပြီး ကျွန်တော့်ခြေထောက်နှစ်ချောင်းကို စုံဖက်တောင်းပန်တိုးလျှိုးတော့တယ်လေ၊

"အစ်ကိုကြီးရယ် - အစ်ကိုကြီး မကျေနပ်လို့ သူ့ကို သတ်ချင်နေတယ်ဆိုရင်လည်း ကျွန်မကိုပဲ သတ်လိုက်ပါ၊ နက်ဖြန် မင်္ဂလာဆောင်ပွဲမှာ သူမရှိတော့ဘူးဆိုရင် ကျွန်မလည်း မင်္ဂလာပွဲပျက်သွားလို့ အရှက်ရမယ့်အတူတူ သေသွားတာ ကောင်းပါတယ်၊ ကျွန်မ့ကိုသာ စိတ်ကြိုက် ခုတ်သတ်လိုက်ပါ - အီး - ဟီး - ဟီး"

ကျွန်တော့်စိတ်ထဲ တွေဝေသွားခဲ့တယ်၊ ကျွန်တော့်ရဲ့အဓိကရန်သူက ကျွဲကြီးဖြစ်တယ်၊ ကြားကနေ မဆိုင်တဲ့လူက ဓားစာခံဝင်လုပ်နေတာကြောင့် အကြပ်ရိုက်သွားတာပေါ့ဗျာ ...၊

"ဒီမှာ - နောင်ကြီး - မိန်းကလေးတစ်ယောက်က သူ့ရဲ့မာနကို နှိမ်ချပြီး ငိုကြီးချက်မနဲ့ တောင်းပန်တိုးလျှိုးနေတာတောင် မကျေနပ်သေးရင်လည်း ကျုပ်ကို လာသတ်လှည့်ဗျာ ..."

ကျွဲကြီးဟာ တကယ်တမ်း သေရမည့်မှန်း သိလာသောအခါ ကြောက်ရွံ့တုန်လှုပ်သွားတော့တယ်၊ အမှန်တော့ လူဆိုတာ မိုက်ဂုဏ်လေးရှိနေတုန်းမှာ ဘယ်လောက်မိုက်တယ်ပဲပြောပြော တကယ် နဖူးတွေ့ဒူးတွေ့ကြုံလာသောအခါ မိမိနှင့် လက်ထပ်တော့မည့်ဆဲဆဲ ကောင်မလေးရှေ့မှာ မည်သို့မှ တန်မဆောင်နိုင်တော့ပဲ သံယောဇဉ်အမျှင်ကြောင့် ကြောက်ရွံ့တုန်လှုပ်သွားခြင်း ဖြစ်ပါတယ်၊

အမှန်တော့ ကျွန်တော်လည်း မိုက်ရူးရဲဆန်ဆန် စိန်ခေါ်သတ်ဖြတ်ဖို့ ရည်ရွယ်ခဲ့သည် မှန်သော်လည်း မိမိရန်ဘက်မှာ သံယောဇဉ်ထားရည်ချစ်သူ ရှိလာသောအခါဆိုရင် တွေဝေသွားမိတယ်၊



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ လူမိုက်ဟူသော ဝုဏ်ပုဒ်သည် မျက်နှာပြင်ပေါ်မှ ကွာကျကာ သူရဲကောင်းသူလို သံယောဇဉ်ကြောင့် အားငယ်ကြောက်ရွံ့လာသည်ကို မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရတော့မှ လက်တုံ့ပြန်ခြင်းကို မပြုလုပ်လိုတော့ဘဲ ထိုနေရာမှ ထွက်ခွာလာခဲ့တော့တယ်။

••♠••

"အေးကွာ - မင်းတို့နှစ်ယောက်ရဲ့ ရန်ကြွေးရန်စ တုံ့ပြန်ရှင်းလင်းကြတာကိုး။ ကြားလိုက်ရတာ - စိတ်ထဲမှာ တော်တော်တုန်လှုပ်ပြီး သည်းထိတ်ရင်ဖို ခံစားသွားခဲ့ရတယ်"

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော်လည်း ကျွန်တော့်အပေါ် နိုင်ထက်စီးနင်း ဗိုလ်ကျသွားခဲ့တဲ့ရန်သူကို အခွင့်သာတုန်းမှာ ကျွန်တော့်လက်နဲ့ကိုယ်ထိလက်ရောက် လက်တုံ့ပြန်ခွင့် ရနေပါလျက် အလိုလို ခွင့်လွှတ်ချင်တဲ့စိတ် ဖြစ်ပေါ်လာတာကြောင့် အိမ်ကို ပြန်လာခဲ့တာပဲ"

"ဒါပေါ့ကွာ - လူဆိုတာ အရာရာကို သဘောထားကြီးစွာနဲ့ ခွင့်လွှတ်သည်းခံနိုင်ခြင်းဟာ အောင်မြင်ခြင်းပဲပေါ့၊ မင်းသာ စိတ်လိုက်မာန်ပါလုပ်ပြီး ရန်ကို ရန်ချင်း တုံ့နှင်းခဲ့မယ်ဆိုရင် ဟိုကောင်လည်းသေ၊ မင်းလည်း ထောင်ပြန်ကျပြီး ထောင်သံသရာ လည်နေဦးမှာကွ"

"ကျွန်တော်လည်း မိသားစုဝင်တွေ အားလုံးဆုံးပါးသွားပြီးကတည်းက လောကဓံကို နားလည်သွားတယ်၊ လူတွေဟာ လောကဓံကို ရင်ဆိုင်ကျော်ဖြတ်နေဆဲမှာ ကံကြမ္မာက အရာရာကို ပြောင်းလဲပစ်ခဲ့တာကြောင့် အထီးကျန်ဘဝမှာ ဘာကိုမှ သံယောဇဉ်မထားတော့ဘဲ ဘဝကို ကြုံသလို ရင်ဆိုင်ကျော်ဖြတ်သွားမယ်လို့ စိတ်ကို ဆုံးဖြတ်ထားခဲ့တယ်"

"ဒါ - မှန်တာပေါ့ကွ။ မမှားသောရှေ့နေ၊ မသေသောဆေးသမား ဆိုတဲ့ စကားပုံလိုပေါ့ကွာ၊ လူဆိုတာ မိမိအမှားကို သိမြင်လာခဲ့တဲ့အချိန်မှာ ပျက်အစဉ် မြင်ဧကဆိုသလို မိမိစိတ်ကို ထိန်းချုပ်သွားနိုင်တာ အကောင်းဆုံးပါပဲကွာ ..."



"အခုလို - ကျွန်တော့်အပေါ်မှာ အစစ အရာရာ လိုလေသေးမရှိအောင် ဂရုစိုက်စောင့်ရှောက်ပေးခဲ့တဲ့ ဆရာတို့ကျေးဇူးကို တစ်သက်မမေ့ပါဘူး။ ကျွန်တော်လည်း ကျွန်တော့်ဘဝ တိုးတက်ကောင်းမွန်လာအောင် ရှေ့ဆက်လျှောက်လှမ်းပြီး လူတောင်းတစ်ယောက်ဖြစ်အောင် ကြိုးပမ်းရဦးမှာမို့ ကျွန်တော့်ကို သွားခွင့်ပြုပါ - ဆရာ"

"အေးကွာ - သာဓု - သာဓု - သာဓု - သွားလေရာ၊ လာလေရာ လေ့တ်ထိ ဆူးမငြိပဲ ဖြောင့်ဖြူးသာယာစွာနဲ့ ဘေးရန်ကင်းပါစေ၊ တစ်နေ့နေ့မှာ ဂုဏ်ရှိတော် လူကောင်းတစ်ယောက်အဖြစ်နဲ့ပဲ ဆရာ မြင်တွေ့နိုင်ပါစေကွာ"

ကျွန်ုပ်သည် ကျော်ဝက ထိုင်ပြီး ဦးသုံးကြိမ်ချ ရှိခိုးကန်တော့နေသည်ကိုကြည့်၍ နှုတ်မှ သာဓုခေါ်တောင်းမေတ္တာ ပို့သပေးနေမိသည်။ ကျော်ဝသည် ထိုင်ရာမှ ထကာ အိမ်အပြင်ဘက်ဆီ တစ်လှမ်းချင်း ထွက်ခွာသွားရှာသည်။

ကျွန်ုပ်တို့လင်မယားရှေ့ရှိ ကြမ်းပြင်ပေါ်မှာတော့ ကျော်ဝထားရစ်ခဲ့သော ဓားရှည်တစ်ချောင်းသည် ထီးတည်း ကျန်ရစ်နေသည်။ အမှန်တော့ ဓားဆိုသည်မှာ ရန်သူတစ်ဦးတစ်ယောက်ကို ခုခံကာကွယ်ရန် တိုက်ခိုက်ဖို့ ဖန်တီးထားသည့် လက်နက်ဖြစ်သော်လည်း ဖန်ဆင်းခဲ့သလို၊ အငြိုးအတေးကြီးမားလွန်းသူတို့ကြားမှာ ရန်တုံ့ပြန်ကြခြင်း မှိန်မှိန်သွားသောအခါ အနိုင်ရသူက အာဃာတစိတ်မထားပဲ ခွင့်လွှတ်ခြင်း သည်းခံခြင်းဖြင့် ရန်ငြိမ်းသတ်စေမှုကိုလည်း ဖန်တီးနိုင်စွမ်း ရှိလေသတည်း။

>>> စိုးဝေ

www.burmeseclassic.com

www.burmeseclassic.com



# နှင်းမှုန်ကြားမှာကွယ်

ရဲမြတ်တင်

အခမှာပင်လောကထဲသို့ ရောက်ရှိကာ
မသိ၊ မိုက်မဲမှုအတွင်း ရုန်းမထွက်နိုင်ခဲ့သေးသည့်
မေတ္တာနှင့် သစ္စာတရားများကို
ရင်ဝယ်ပိုက်ပါသည့် သောင်းကျန်းသူတစ်ဦးကို
ရင်နင့်စွာ ဖတ်ရှုရမည် ...

## မြန်မာပြည် ...

တစ်နံတစ်လျား၌ ရောင်စုံသောင်းကျန်းသူများ ရှုပ်ထကြွနေကြသည့်အချိန်၊ အစိုးရအနေနှင့် သောင်းကျန်းသူများအပေါ် ထိထိရောက်ရောက် နှိမ်နင်းနိုင်ခြ မရှိသေးသည့်အချိန်၊ (သို့မဟုတ်) နှိမ်နင်းရေးအတွက် စီမံချက် ချကာ ပိုင်းခြ တတ်နိုင်သေးသည့်အချိန်၊ ကျေးလက်တောရွာများ၌ သောင်းကျန်းသူများက အနိုင်အမာ စိုးမိုးမင်းမူနေကြသည့်အချိန်၊ ထိုအချိန်...၊

www.burmeseclassic.com

www.burmeseclassic.com

မိုးတွင်းပြီးစ နေ့တစ်နေ့၊

ဝန်းကျင်တစ်ခွင်လုံး ပွင့်လင်းနေသည်၊ ကြည်သာနေသည်၊ တောအနှံ့ တောင်အနှံ့တွင် သစ်ပင် ပန်းမန်တို့ဖြင့် ဝေဝေစည်စည်ဖြစ်နေသည်၊ ကြွားကြွားရွှားရွှားဖြစ်နေသည်၊ တောင်ဦးရာသီနှင့်အတူ မြင်မြင်သမျှတို့က သန့်ရှင်းနေသည်၊ ခြောက်သွေ့နေသည်၊ ကျေးငှက်သာရကာတို့၏ တီတီတာတာ မြည်ကြွေးသံတို့ဖြင့်လည်း သာသာယာယာ ရှိနေသည်၊

လူနှစ်ဦးက တောလမ်းအတိုင်းပင် လျှောက်လာနေကြသည်၊ သူတို့က တောတောင်တို့၏ သဘာဝအလှအပများကို မျှော်ငေးကြည့်ရှု၍လည်းကောင်း၊ လတ်ဆတ်သန့်ရှင်းသော လေကောင်းလေသန့်တို့ကို ရှူရှိုက်၍လည်းကောင်း၊ နှစ်ဦးသား စကားတပြောပြောနှင့် အေးအေးသက်သာ လျှောက်လာနေကြလေသည်၊ သူတို့နှစ်ဦးအနက် တစ်ဦးက ကျေးရွာကျန်းမာရေးမှူး ကိုသောင်းဟန်ဖြစ်ပြီး ကျန်တစ်ဦးက ဆန်စက်ပိုင်ရှင် ကိုစိန်သန်းဖြစ်လေသည်၊ သူတို့နှစ်ဦးစလုံးပင် အတူတကွ မြို့ပေါ်မှ ပြန်လာခဲ့ကြခြင်း ဖြစ်သည်၊ ယခု သူတို့က သူတို့နေထိုင်ရာ ငွေမြယာကျေးရွာကြီးဆီသို့ ဦးတည်လျှောက်လှမ်းနေကြခြင်း ဖြစ်လေသည်၊

လွန်ခဲ့သော နှစ်ရက်ခန့်ကပင် ကိုသောင်းဟန်နှင့် ကိုစိန်သန်းတို့က မြို့ပေါ်သို့ အတူတက်ခဲ့ကြခြင်း ဖြစ်သည်၊ ကိုသောင်းဟန်က မြို့နယ်ဆေးရုံတွင် ဆေးဝါးများ ထုတ်ယူရန် တက်လာခဲ့ခြင်းဖြစ်ပြီး ကိုစိန်သန်းကမူ သူ၏ဆန်စက်အတွက် လိုအပ်သော စက်ပစ္စည်းများကို ဝယ်ယူရန်အပြင် မကြာမီ ကျင်းပတော့မည့် ကျေးရွာကထိန်ပွဲအတွက် လိုအပ်သော ပစ္စည်းများ ဝယ်ယူရန်အတွက်ပါ တက်လာခဲ့ခြင်း ဖြစ်လေသည်၊ ကိုစိန်သန်းမှာ ကျေးရွာကထိန်ပွဲ ဖြစ်မြောက်ရေးအတွက် အဓိကတာဝန်ယူထားရသူတစ်ဦးလည်း ဖြစ်သည်၊ ပုံမှန်အားဖြင့် မြို့ပေါ်သို့ ကားဖြင့် လာကြပြီး ငွေမြယာသို့လည်း ကားဖြင့်ပင် ပြန်ကြရန် ဖြစ်သည်၊ ငွေမြယာမှာ ကားလမ်းပေါ်မှာပင် တည်ရှိသော အိမ်ခြေထောင်ကျော်ရှိသည့် ကျေးရွာကြီးတစ်ရွာ ဖြစ်သည်၊



သို့သော် သူတို့က မြို့ပေါ်မှာပင် ကြီးနောင်ရွာ ဆရာတော် ဦးစန္ဒိမာနှင့် ဆုံမိကြသည်၊ ဤတွင် ဦးစန္ဒိမာက ကြီးနောင်ရွာကထိန်ပွဲသို့ သူတို့နှစ်ဦးအား ဖိတ်ခေါ်လေသည်၊ ဦးစန္ဒိမာမှာ သူ့ကျောင်းကထိန်ပွဲအတွက် လိုအပ်သောပစ္စည်းများကိုကိုယ်တိုင်ဈေးလာဝယ်ခြင်း ဖြစ်သည်၊ သို့နှင့် ကိုသောင်းဟန်တို့နှစ်ဦးစလုံးပင် ဦးစန္ဒိမာနှင့် သိကျွမ်းရင်းနှီးကြသူများ ဖြစ်ကြသည်နှင့်အညီ ဦးစန္ဒိမာ၏ဖိတ်ခေါ်ချက်ကို မငြင်းနိုင်ပဲ ဖြစ်နေကြသည်၊ ထို့ကြောင့် ကိုသောင်းဟန်က သူ၏ဆေးဝါးပစ္စည်းများကိုလည်းကောင်း၊ ကိုစိန်သန်းက သူ၏ဆန်စက်ပစ္စည်းများနှင့် ကထိန်အတွက် ဝယ်ခြမ်းထားသောပစ္စည်းများကိုလည်းကောင်း ဈေးပြန်ကားဖြင့် ရွာသို့ ပြန်ထည့်ပေးလိုက်ကြကာ သူတို့ကိုယ်တိုင်ကမူ ဦးစန္ဒိမာနှင့်အတူ ကြီးနောင်သို့ လိုက်ပါသွားလိုက်ကြသည်၊

ကြီးနောင်ရွာမှာ မြို့ပေါ်မှ (၁၅)မိုင်ခန့် ဝေးသည်၊ ကြီးနောင်သို့ လှည်းနှင့်ဖြင့် ပြန်လာခဲ့ကြသည်၊ ထိုညက ကြီးနောင်မှာပင် ညအိပ်လိုက်ကြရသည်၊ နောက်တစ်နေ့နံနက်တွင် ကြီးနောင်ကထိန် စ,လေသည်၊ ကြီးနောင်ကထိန်မှာ အတော်ပင် စည်ကားလှသည်၊ အနီးအနားကျေးရွာများမှ သံဃာတော်များ၊ ရွာသူရွာသားများပါ လာရောက်ကြလေရာ တောပွဲလေးတစ်ခုမှာ ဖြစ်နေလေသည်၊ သို့နှင့် မနက်မိုးလေးကတည်းက စ,လိုက်သောကထိန်ပွဲမှာ ညနေနှစ်နာရီထိုးပြီးမှပင် ရေစက်ချ၍ ပွဲသိမ်းလေတော့သည်၊

ကိုသောင်းဟန်တို့က ငွေမြယာသို့ပြန်ရန် ပြင်ကြသည်၊ ဦးစန္ဒိမာထံတွင်လည်း ခွင့်ပန်ကြသည်၊ ဦးစန္ဒိမာက နောက်နေ့မှ ပြန်ကြရန်နှင့် လှည်းဖြင့် ငွေမြယာ အရောက်လိုက်ပို့နိုင်းမည်ဟု ပြောပါသေးသော်လည်း သူတို့က ဘုန်းကြီးကို အားနာပါးနာဖြင့် ငြင်းပယ်ကြကာ ခြေကျင်ခရီးဖြင့်ပင် ရွာသို့ပြန်ခဲ့ကြသည်၊ တောလမ်းခရီးအားဖြင့် ကြီးနောင်နှင့် ငွေမြယာမှာ (၁၂) မိုင်ခန့် ဝေးသည်၊ သူတို့ ကြီးနောင်မှ ထွက်လာသောအချိန်မှ စ,တွက်လျှင် ငွေမြယာသို့ မှောင်စ,ပျိုးချိန်လောက်တွင် ရောက်ပေလိမ့်မည်၊



www.burmeseclassic.com

www.burmeseclassic.com

သို့နှင့်ပင် သူတို့နှစ်ဦးက တောလမ်းအတိုင်းပင် စိတ်အေးလက်အေး ဖြင့် ငွေမြယာဘက်သို့ ခရီးစ,ခဲ့ကြခြင်း ဖြစ်လေသည်။

၀၀၀

နှစ်ဦးသား စကားတပြောပြောနှင့် လျှောက်လာခဲ့ကြသည်။ အထူးအား ဖြင့် သူတို့ပြောဆိုလာခဲ့ကြသည့်အကြောင်းအရာမှာ ကြီးနောင်ရွာကထိန် ပွဲအကြောင်းအပါအဝင် မကြာမီကျရောက်လာတော့မည့် ငွေမြယာကထိန် ပွဲအကြောင်းတို့ပင် ဖြစ်လေသည်။ စက်ပိုင်ကိုစိန်သန်းမှာ အထက်တွင် ဖော် ပြခဲ့သည့်အတိုင်း ကျေးရွာကထိန်အတွက် ဦးစီးဦးဆောင်ပြုနေသူများတွင် တစ်ဦးအပါအဝင်ဖြစ်လေရာ သူက ရွာကထိန်ပွဲအား ယခင်နှစ်များကထက် ပိုစည်ကားအောင် မည်ကဲ့သို့ စီမံဆောင်ရွက်ထားပုံများကို ကိုသောင်းဟန် အား အားတက်သရောပင် ပြောပြ ရှင်းပြ၍နေလေသည်။ သို့နှင့်ပင် သူတို့ နှစ်ဦးက အတန်ပင် ခရီးပေါက်လာကြပြီးနောက် တောအုပ်ထူထူတစ်ခု အတွင်းသို့ ရောက်မှန်းမသိ ရောက်လာခဲ့ကြလေသည်။

ဤတွင် တစ်ခုသောနေရာအရောက်တွင် မမျှော်လင့်သောအန္တရာယ် က သူတို့နှစ်ဦးအပေါ်သို့ ကျရောက်လာတော့သည်။

"ဟေ့လူတွေ - ရပ်လိုက်စမ်း။ နည်းနည်းမှမလှုပ်နဲ့နော်။ လက်နှစ်ဖက် ကို အဲ့ဒါမြှောက်ထားစမ်း"

ရုတ်တရက် ထွက်ပေါ်လာသောအသံနှင့်အတူ လမ်းတစ်ဖက်တစ်ချက် ဆီမှ လက်နက်ကိုင်လူတစ်စုက ထွက်ပေါ်လာသည်။ သူတို့နှစ်ယောက်တို့ လည်း သေနတ်များဖြင့် ချိန်ထားကြသည်။ နှစ်ဦးစလုံး ကြောက်လန့်သွား ကြသည်။ ကြောက်လွန်း၍ တဆတ်ဆတ်ပင် တုန်နေကြတော့သည်။ ပြော သည့်အတိုင်းပင် လက်များကို မြှောက်ထားလိုက်ကြသည်။

လက်နက်ကိုင်တစ်ဦး၏အသံက ထွက်ပေါ်လာသည်။

"ခင်ဗျားတို့နှစ်ယောက်ထဲက စက်ပိုင် ကိုစိန်သန်းဆိုတာ ဘယ်သူလဲ"



"ကျွန် - ကျွန်တော်ပါ"

"ဒါဖြင့် - ကျုပ်တို့စောင့်နေတာ ခင်ဗျားကိုပဲ။ ခင်ဗျား - ကျုပ်တို့နဲ့ လိုက် ခဲ့၊ တိုလူကတော့ ဆက်သွားနိုင်ပြီ"

"ဘာ - ဘာပြုလို့ ကျွန်တော့်ကို ခေါ်ရတာလဲဗျာ"

"စကားမရှည်နဲ့။ မကြာခင်သိရလိမ့်မယ်။ ဟော - ပြောရင်းဆိုရင်း ဟိုမှာ နိုင်ငံရေးမှူး လာနေပြီ"

ထိုအချိန်မှာပင် အကြီးအကဲဖြစ်ဟန်တူသူတစ်ဦးက အခြားလက်နက် ကိုင်များခြံရံကာ သူတို့ဆီသို့ ရောက်လာသည်။ စောစောက လက်နက်ကိုင် သို့လ်က ထိုအကြီးအကဲထံသို့ တစ်စုံတစ်ရာ သွားရောက်တင်ပြနေသည် ကို တွေ့ရသည်။ ထိုအကြီးအကဲက မျက်မှောင်ကြုတ်၍ နားထောင်နေ သည်။ ခေါင်းကို တဆတ်ဆတ် ညိတ်ခံနေလေသည်။

ထို့နောက် သူတို့နှစ်ဦးအား ထိုအဖွဲ့က တောအုပ်အတွင်းပိုင်းသို့ ခေါ်ဆောင်သွားသည်။ တစ်နေရာအရောက်တွင် ရပ်လိုက်ပြီး အကြီးအကဲ လုပ်သူကပင် ကိုစိန်သန်းမျက်နှာကို စေ့စေ့ကြည့်ကာ မေးခွန်းထုတ် လိုက်သည်။

"ကိုစိန်သန်းဆိုတာ ခင်ဗျားလား"

"ဟုတ် - ဟုတ်ပါတယ်"

"ဒါဖြင့် - ခင်ဗျားက လူယုတ်မာပဲ၊ ပြည်သူ့ရန်သူပဲ။ တောင်သူလယ် သမား မရှိဆင်းရဲသားတွေအပေါ် မတရားကုတ်သွေးစုပ်နေတဲ့ အမြုတ်ကြီး တစ်ယောက်ပဲ၊ ပြည်သူတွေအပေါ် ဒုက္ခကြီးစွာပေးနေတဲ့ အရင်းရှင် တစ်ယောက်ပဲ၊ ခင်ဗျားလုပ်ခဲ့တာတွေကို ခင်ဗျား ပြန်မှတ်မိရဲ့လား ..."

"ဒါ - ဒါတွေဟာ - မ - မဟုတ်ပါဘူး ခင်ဗျာ၊ ကျွန် - ကျွန်တော့်အပေါ်ကို လိုတမာ စွပ်စွဲထားကြတာတွေပါ"

"အောင်မာ - ခုမှ ငြင်းကွယ်ချင်နေသလား၊ ခင်ဗျားနဲ့ပတ်သက်တဲ့ သတင်းချက်တွေ ကျုပ်တို့ဆီမှာ တစ်ပုံကြီး ရောက်နေပြီ - သိရဲ့လား၊ ကျုပ် တို့က ခင်ဗျားကို အရေးယူဖို့ လုပ်နေတာ ကြာလှပြီ၊ အခွင့်မသာသေးလို့



www.burmeseclassic.com

www.burmeseclassic.com

သာ ဒီအတိုင်း လက်ပိုက်ကြည့်နေရတာ၊ ခု - ခင်ဗျားကို ကြီးနောင်ကနေ ဒီလမ်းအတိုင်း ပြန်လာမယ်ဆိုတာ သတင်းရလို့ ကျုပ်တို့ ကြိုတင်ပြီး လာစောင့်နေတာပဲ၊ ခင်ဗျားကို အပြစ်ပေးရမယ်"

"ဗိုလ် - ဗိုလ်ကြီးရယ် - ကျွန် - ကျွန်တော် ဒီလောက်ကြီးလည်း မဆိုးပါဘူး ခင်ဗျာ၊ ကျွန်တော့်ကို မလိုတဲ့သူတွေက တိုင်ကြတာပါ၊ စဉ်း - စဉ်းစားပါဦး ခင်ဗျာ"

"မရတော့ဘူး - ကိုယ့်လူ၊ ကျုပ်တို့တင်ပြချက်ကို အထက်ကလည်း အတည်ပြုလိုက်ပြီ၊ အများအကျိုးကို ရှေးရှုပြီးတော့ ခင်ဗျားလို ယုတ်မာ ဆိုးရွားတဲ့လူကို ဒဏ်ခတ်ရမှာပဲ၊ နချက်ချင်း ဒေသဒဏ်ပေးရမှာပဲ"

"ချမ်း - ချမ်းသာပေးပါ - ဗိုလ်ကြီးရယ်၊ နောက်ကို ကျွန်တော် ဆင်ခြင်ဆို ဆင်ခြင်ပါ့မယ်၊ ဒီတစ်ခါတော့ - ကျွန်တော့်ကို ခွင့်လွှတ်ပေးပါ ခင်ဗျာ"

ကိုစိန်သန်းအသံက ငိုသံပါနေသည်၊ အကြီးအကဲလုပ်သူက ခေါင်းကိုသာ ခါယမ်းပြနေသည်၊ ကိုစိန်သန်းက ဒူးထောက်၍ ထိုလူ၏ ခြေထောက်ကိုဖက်ကာ မျက်ရည်လည်ရွဲဖြင့် တောင်းပန်ပြန်လေသည်၊

"ကျွန်တော့်မှာ အပြစ်ရှိတယ်လို့ သတ်မှတ်မယ်ဆိုရင်လည်း သတ်မှတ်ပါ ခင်ဗျာ၊ သတ်မယ်ဆိုရင်လည်း သတ်ကြပါ၊ ဒါပေမဲ့ - လောလောဆယ် ကျွန်တော့်မိန်းမက နေ့စေ့လစေ့ကြီးနဲ့ပါ၊ သူ့မှာ နှလုံးရောဂါလည်း ရှိပါတယ်၊ ကျွန်တော့်သတင်း ကြားတာနဲ့ သူ သွေးတက်ပြီး သေရပါလိမ့်မယ်၊ နောက်ပြီး - ရပ်ရွာကထိန်ကိစ္စ၊ ငွေရေးကြေးရေးကိစ္စတွေကိုလည်း ကျွန်တော့်မှာ တာဝန်ယူထားရတာ ရှိပါတယ်၊ ဒါကြောင့် - ဒီကိစ္စတွေကိုလည်း ပြန်ရှင်းပေးရအောင်၊ ကျွန်တော့်မိန်းမလည်း ချောချောမောမော မီးဖွားနိုင်အောင် ကျွန်တော့်ကို ခဏတော့ ပြန်ခွင့်ပြုပါ ခင်ဗျာ၊ ဒီကိစ္စဝိစ္စတွေ ပြီးတာနဲ့ ကျွန်တော် ပြန်လာပြီးတော့ အဖမ်းခံပါ့မယ်ဆိုတာ ကတိပေးပါတယ် ခင်ဗျာ"

ငိုနေရင်းမှပင် ကိုစိန်သန်းက တိုးလျှိုးတောင်းပန်နေရှာသည်၊ နိုင်ငံရေးမှုးဆိုသူကမူ ခံ့ထောက်လျက် သဓော်ပြုံးကိုသာ ပြုံးနေလေသည်၊



"ဘယ်ရမလဲ - ကိုယ့်လူ၊ ဒါဟာ - ပုံပြင်ဝတ္ထုတွေထဲမှာသာ ရှိတတ်တဲ့ အဖြစ်အပျက်မျိုးပဲ၊ ဒီလိုပြောရုံနဲ့ ကျုပ်တို့က ဘယ်ယုံလိမ့်မလဲ၊ လုပ်တုန်းက လုပ်ခဲ့ပြီး ခုမှ ကြောက်မနေစမ်းပါနဲ့ - ကိုယ့်လူရဲ့"

အခြေအနေမှာ မည်သို့မျှ တောင်းပန်၍ ရနိုင်တော့မည် မထင်ပေ၊ ကိုသောင်းဟန်မှာ ကိုစိန်သန်းအား လှမ်းကြည့်ရင်း စိတ်ထိခိုက်နေမိသည်၊ မျက်စိ မမြင်ရက် ဖြစ်နေမိသည်၊ ကိုသောင်းဟန်မှာ ငွေမြယာသို့ တာဝန်ဖြင့် ရောက်ရှိလာကတည်းက ကိုစိန်သန်းနှင့် ရင်းနှီးကျွမ်းဝင်ခဲ့သည်၊ ကိုစိန်သန်းအိမ်ကိုပင် စားအိမ်သောက်အိမ် ပြုခဲ့ရသည်၊ ကိုစိန်သန်းနှင့် ရင်းနှီးသဖြင့် ကိုစိန်သန်းအကြောင်းကိုလည်း အားလုံးနီးပါးလောက် သိသည်၊ အမှန်တော့ - ကိုစိန်သန်းမှာ သူတို့စွဲချက်တင်သလောက် ဆိုးရွားလှသူ မဟုတ်ပါ၊ အသက်သတ်၍ ရှင်းပစ်ရလောက်အောင်လည်း ယုတ်မာသူ မဟုတ်ပါ၊

တစ်ဖန် ထိုကိစ္စကို ခဏဘေးဖယ်ထားပြီး အထက်မှ ကိုစိန်သန်း တင်ပြလိုက်သည့် သူ့ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ကြည့်ပြန်ပါလည်း တကယ်ပင် မှန်ကန်လျက် ရှိသည်ကို တွေ့ရသည်၊ ကိုစိန်သန်း၏ ဇနီး နေ့စေ့လစေ့ဖြစ်နေခြင်းသည်လည်းကောင်း၊ ကိုစိန်သန်း ကထိန်ကိစ္စ ရင်းတတ်သက်နေခြင်းသည်လည်းကောင်း အားလုံးပင် မှန်နေသည်၊ ၎င်းကို ကိုသောင်းဟန်လည်း သိသည်၊

ဤတွင် ကိုသောင်းဟန်က အကြံတစ်ခု ရလိုက်မိသည်၊ ထိုအကြံကိုလည်း နောက်ဆုံးမျှော်လင့်ချက်အဖြစ် ရှမြင်လိုက်သည်၊ ကိုသောင်းဟန် အသက်နက်ကိုင်များ၏အလယ်တွင် ကိုယ်တိုင်ထိတ်လန့်ကြောက်ရွံ့နေမိသည်မှာ အမှန်ပင် ဖြစ်သည်၊ သို့သော် သူ့စိတ်ကူးထဲမှအကြံအစည်ကို အကောင်အထည်ဖော်ရန်အတွက်တော့ သူက ကြိုးစားပြီး ရဲစိတ်ကို မွေးလိုက်ရသည်၊ ထို့နောက် သူက နိုင်ငံရေးမှုးဆိုသူနှင့် မျက်နှာချင်းဆိုင်ကာ အသံတိုထိန်း၍ စကားစလိုက်မိသည်၊



www.burmeseclassic.com

www.burmeseclassic.com

"ဆရာတို့ကို ကျွန်တော့်အနေနဲ့ တစ်ခုလောက် တင်ပြပါရစေ"

"ဆိုပါဦး - ကိုယ့်လူက - ဘာပြောမှာလဲ"

"ဒီလိုပါ ခင်ဗျ၊ ဆရာတို့အနေနဲ့ အများအကျိုးကို ရှေးရှုတယ်၊ ပြည်သူလူထုအကျိုးကို ဆောင်ရွက်တယ်လို့ ဆိုခဲ့တယ် မဟုတ်လား ခင်ဗျာ၊ အခု ကိုစိန်သန်းကိုသာ ဆရာတို့ သတ်ပစ်လိုက်ရင် အများအကျိုးကို ဆောင်ရွက်မရောက်ပဲ အများကို ဒုက္ခထပ်ပေးသလိုသာ ဖြစ်သွားမလားလို့ပါ ခင်ဗျ"

"ခင်ဗျားစကားက ဘာစကားလဲ - ရှင်းစမ်းပါဦး"

"ဒီလိုပါ ခင်ဗျာ၊ အခု - ကျွန်တော်တို့ကျေးရွာကထိန်အတွက် ရွာသူရွာသားတွေဆီက ကောက်ခံထားတဲ့ငွေတွေဟာ ကိုစိန်သန်းလက်ထဲမှာ ရှိတယ်၊ ဒီအချိန်မှာ ကိုစိန်သန်းသာ ကွယ်လွန်သွားမယ်ဆိုရင် ဒီငွေစာရင်းတွေလည်း ပျောက်သွားရပါလိမ့်မယ်၊ ပျောက်သွားရင် ကျေးရွာအပေါ်မှာ ထပ်မံပြီးတော့ ကောက်ခံရပါလိမ့်မယ်၊ ဒါဆိုရင် - မရှိနွမ်းပါးသူတွေအတွက် ဒီကထိန်ကြေးကိစ္စဟာ တစ်ခါထပ်ပြီး ပူပင်သောကရောက်စရာ ဖြစ်သွားရပါလိမ့်မယ်၊ ဒါက တစ်ချက်ပေါ့ ခင်ဗျာ၊ နောက်တစ်ချက်ကတော့ - ကိုစိန်သန်းရဲ့မိန်းမဟာ နေ့စေ့လစေ့ကြီးဖြစ်နေတာ အမှန်ပါပဲ၊ သူ့ခမျာ - နလုံးရောဂါရှိပြီး အားငယ်တတ်တာလည်း အမှန်ပါပဲ၊ ကိုစိန်သန်းသတင်းကိုသာ ခုနေကြားလိုက်ရရင် သေချာပေါက် ဒုက္ခရောက်မှာ အမှန်ပါပဲ၊ သူ့ကော - သူ့ဗိုက်ထဲက ကလေးကော သေကြရမှာ အမှန်ပဲ၊ ဒီတော့ - ကိုစိန်သန်းအတွက်နဲ့ အပြစ်မဲ့တဲ့ မဆိုင်သူလူသားနှစ်ယောက်ကပါ လိုက်သေပေးရမယ်ဆိုရင် ဒါဟာ မဖြစ်သင့်တဲ့ကိစ္စပဲလို့ ကျွန်တော်တော့ ထင်မြင်မိပါတယ်၊ အဲဒါကြောင့် ..."

စကားစ,ကို ဖြတ်၍ ကိုသောင်းဟန်က နိုင်ငံရေးမှူးဆိုသူ၏မျက်နှာကို တစ်ချက် အကဲခတ်ကြည့်လိုက်သည်၊ ထိုသူက ကိုသောင်းဟန်တင်ပြသော အကြောင်းအကျိုး၊ အချက်အလက်တို့အား သေသေချာချာ နားထောင်နေဟန်တူသည်၊ လေးလေးနက်နက်လည်း စဉ်းစားနေဟန်တူသည်။



"ဒီတော့ - ကိုယ့်လူက ဘာလုပ်ချင်သလဲ - ဘာပြောချင်သလဲ"

"ဒီတော့ - ကျွန်တော့်အနေနဲ့ အနူးအညွတ် တင်ပြချင်တာက ဆရာတို့အနေနဲ့ စောစောက ကိုစိန်သန်းတင်ပြတဲ့အစီအစဉ်ကို လိုက်လျောလိုက်စေချင်ပါတယ်၊ သူ့ကို ခဏလောက်တော့ ပြန်လွှတ်ပေးလိုက်စေချင်ပါတယ်၊ ဒီလို - သူ့ကို ပြန်လွှတ်ပေးလိုက်တဲ့အတွက် သူ့အစား ကျွန်တော်က အပေါင်သဘောမျိုး နေခဲ့ပေးပါ့မယ်၊ ကျွန်တော်က ငွေမြယာကျန်းမာရေးမှူးပါ၊ ကိုစိန်သန်း ပြန်မလာမချင်း ကျွန်တော်က ဆရာတို့နဲ့ နေပေးပါ့မယ်၊ နေရင်းနဲ့လည်း ဆရာတို့အဖွဲ့ရဲ့ ကျန်းမာရေးကိစ္စကို တတ်အားသလောက် ကူညီပြီးလုပ်ကိုင်ပေးပါမယ်၊ တကယ်လို့ - ကိုစိန်သန်း ပြန်မလာဘူးဆိုရင်လည်း ကျွန်တော့်ကိုသာ သတ်ပစ်လိုက်ပါ"

ကိုသောင်းဟန်စကားတို့က ထိရောက်မှု ရှိသွားသည်၊ နိုင်ငံရေးမှူး၏မျက်နှာက ခပ်တွေတွေ ဖြစ်သွားသည်၊ စဉ်းစားသလို လုပ်နေသည်၊ မကြာမီ ထိုလူက သူ့လက်ထောက်လူအချို့နှင့်အတူ ကိုသောင်းဟန်တင်ပြချက်အပေါ် တိုင်ပင် ဆွေးနွေးနေလေသည်၊ သူတို့ချင်း တိုင်ပင်ပြီးကြသည်နှင့် နိုင်ငံရေးမှူးက ကိုသောင်းဟန်တို့အား ပြန်ပြောလိုက်သည်၊

"ကောင်းပြီ - ဒီလူ့တင်ပြချက်ဟာ ကျိုးကြောင်းညီညွတ်မှု ရှိတယ်၊ ဒီတော့ - တရားခံကို ကျုပ်တို့က (၄၅)ရက်တိတိ ခွင့်ပေးလိုက်မယ်၊ (၄၅) ရက်ပြည့်လို့ ခင်ဗျားရဲ့ကိစ္စဝိစ္စတွေလည်း ပြီးတာနဲ့ ကျုပ်တို့ဆီ ပြန်လာရမယ်၊ ခင်ဗျား ပြန်မလာဘူးဆိုရင် ကျုပ်တို့က ဒီလူ့ကို တစ်ခါတည်း သတ်ပစ်လိုက်မယ်၊ ခင်ဗျား - ကျုပ်တို့ဆီ ပြန်လာတဲ့အခါမှာလည်း ဝါးစိမ်းတောင်ရိုးပေါ်ကို ညာဘက်က တောင်လက်မောင်းအတိုင်း လာခဲ့ပေတော့၊ ကျုပ်တို့ကင်းသမားတွေနဲ့ တွေ့ရလိမ့်မယ်၊ ကြားပြီလား - ကိုယ့်လူ"

"ဟုတ် - ဟုတ်ကဲ့ပါ ခင်ဗျာ"

ကိုစိန်သန်းက တုန်တုန်ရီရီနှင့် ပြောလိုက်သည်၊ ထို့နောက် သူတို့နှစ်ဦးတာ တစ်ဦးလက်တစ်ဦး တင်းတင်းဆုပ်ကာ နှုတ်ဆက်ကြလေသည်၊ ကိုစိန်သန်းက "ကျေးဇူးတင်လိုက်တာ - ကိုသောင်းဟန်ရယ်၊ ခင်ဗျားအကြံ



www.burmeseclassic.com

www.burmeseclassic.com

ကောင်းခလို့သာပဲ၊ ခင်ဗျား ဘာမှမပူနဲ့နော်၊ ကျွန်တော် ဆက်ဆက်ပြန်လာခဲ့မယ် - ဒီလား" ဟု ကိုသောင်းဟန်အား အထပ်ထပ် မှာကြားနေလေသည်။

ထို့နောက်တွင် ထိုလက်နက်ကိုင်အဖွဲ့က ကိုစိန်သန်းအား ပြန်လွှတ်ပေးလိုက်ပြီးလျှင် ကိုသောင်းဟန်ကိုမူ သူတို့နေထိုင်ရာ ဝါးစိမ်းတောင်ပေါ်သို့ ခေါ်ယူသွားလိုက်ကြလေသည်။

၀၀၀

နေဝင်ဖျိုးဖျအချိန်လောက်မှာပင် ဝါးစိမ်းတောင်ပေါ်ရှိ သူပုန်စခန်းသို့ ကိုသောင်းဟန် ရောက်သွားသည်။ အမှန်မှာ ထိုသူပုန်စခန်းအား သူပုန်ရွာဟုပင် ပြောရပေလောက်ပေသည်။ တောင်ကြောထိပ်၌ မြေပြန့်လွင်ပြင်တစ်ခုရှိသည်။ ထိုလွင်ပြင်အား ခြံစည်းရိုးပတ်လည်ခတ်ထားပြီး အတွင်း၌ တဲအိမ်များကို သူ့အစုနှင့်သူ ဝိုင်းပတ်ဆောက်လုပ်ထားသည်။ ထိုတဲအိမ်များတွင် မိန်းမများ၊ ကလေးများကိုပါ တွေ့ရသည်။ ကလေးများမှာ ပြေးလွှားဆော့ကစားလျက် ရှိကြသည်။ မိန်းမများကမူ အချို့က ဆန်ဖွပ်မောင်းထောင်းနေကြသည်။ အချို့က ဈာရက်၊ တောင်းရက်အလုပ်များ ပြုလုပ်နေကြသည်။ အချို့ကမူ ထမင်းဟင်းများကို ချက်ပြုတ်လျက် ရှိကြသည်။ ထို့ပြင် တောင်ခြေမှ တောင်ပေါ်သို့ ဝါးကျည်တောက်များဖြင့် ရေသယ်လျက်ရှိကြသော မိန်းမများကိုပါ တွေ့မြင်ရသေးသည်။ စခန်းရှိ လူအားလုံးကပင် လူစိမ်းဖြစ်သော ကိုသောင်းဟန်အား အထူးအဆန်းသဖွယ် ကြည့်ရှုနေကြလေသည်။

စခန်းအလယ်တွင် အလံကလေးတစ်ခု စိုက်ထူထားသော အဆောက်အအုံတစ်ခုရှိသည်။ ကိုသောင်းဟန်အား ထိုအဆောက်အအုံအတွင်းသို့ခေါ်ဆောင်သွားသည်။ အတွင်း၌ ဝါးဖြင့် ပြုလုပ်ထားသော စားပွဲများ၊ ကုလားထိုင်များ၊ ခုံတန်းလျားများကို တွေ့ရသည်။

နိုင်ငံရေးမှူးဆိုသူက စားပွဲထိပ်မှ ကုလားထိုင်တွင် ဝင်ထိုင်သည်။ ကိုသောင်းဟန်ကိုလည်း မျက်နှာချင်းဆိုင်မှ ကုလားထိုင်တွင် ထိုင်စေသည်။ နိုင်ငံရေးမှူး၏အနီးတွင် အခြားတစ်ယောက်က ယှဉ်တွဲပြီး ထိုင်လျက်ရှိသည်။ ထိုသူမှာ ကိုယ်လုံးကိုယ်ထည်အားဖြင့် သေးသေးကျစ်ကျစ်ကလေးရှိသူဖြစ်ပြီး သူ၏ပါးပြင်ပေါ်မှ အမာရွတ်ကြောင့် ပါးစပ်က အတန်ငယ်ရွဲ့လျက် ရှိသည်ကိုပါ တွေ့ရသည်။ နိုင်ငံရေးမှူး၏ ညာဘက်မှ တံခါးအနီးတွင်မူ အခြားလက်နက်ကိုင် လေးငါးဦးခန့်က တန်းစီပြီး ရပ်နေကြလေသည်။

နိုင်ငံရေးမှူးကပင် စကားစ,လိုက်သည်။ ဦးစွာ သူ့ဘေးမှလူကို ညွှန်ပြတာ ကိုသောင်းဟန်ကို ပြောလိုက်သည်။

"ကိုင်း - ခင်ဗျားကို မိတ်ဆက်ပေးမယ်၊ ဟောဒါကတော့ ဗိုလ်တင်ဝင်းပဲ၊ ကျုပ်က မနက်ဖြန်ပဲ - ဗဟိုကို သင်တန်းသွားရလိမ့်မယ်၊ ဒီစခန်းကို ဗိုလ်တင်ဝင်းက ဆက်အုပ်ချုပ်လိမ့်မယ်၊ ခင်ဗျားအနေနဲ့ ကျုပ်တို့လူတွေရဲ့ကျန်းမာရေးကိစ္စကိုတော့ ကူညီပေးပေါ့ဗျာ၊ ခင်ဗျားလိုချင်တဲ့ ဆေးဝါးပစ္စည်းတွေကိုသာ စာနဲ့ ရေးပေးပါ၊ မြို့ပေါ်က ကျုပ်တို့ အဆက်အသွယ်တွေဆီကို လှိုသလောက် မှာလို့ရတယ်"

ပြောပြီး ကိုသောင်းဟန်ကို တစ်ချက်ပြုံးပြသည်။ ထိုအပြုံးမှာ ပထမဆုံးမြင်တွေ့ရသော အပြုံးပင် ဖြစ်သည်။ ကိုသောင်းဟန်က ဗိုလ်တင်ဝင်းဆိုသူအား လှမ်းကြည့်မိရာ ဗိုလ်တင်ဝင်းက ရွဲ့လျက်ရှိသောသူ၏ပါးစပ်ကို တင်းတင်းစေ့၍ ခေါင်းကို ဆတ်ခနဲ ညိတ်ပြလေသည်။ နိုင်ငံရေးမှူးက ဆက်ပြောလိုက်သည်။

"ခင်ဗျားအနေနဲ့ စခန်းတွင်းမှာ ကြိုက်သလို လွတ်လွတ်လပ်လပ် နေနိုင်ပါတယ်၊ ဒါပေမဲ့ - ထွက်ပြေးဖို့တော့ မကြိုးစားနဲ့ပေါ့၊ ခင်ဗျားသိအောင်ကြိုပြီးပြောပြထားမယ်၊ စခန်းရဲ့ မြောက်ဘက်နဲ့ အရှေ့ဘက်မှာ ကမ်းပါးစောက်ကြီးတွေ ရှိတယ်၊ ကျန်တဲ့တောင်ဘက်နဲ့ အနောက်ဘက်မှာလည်း နေ့တင်း ညကင်းတွေကို မပြတ်အောင် ချထားတယ်၊ ခင်ဗျားထွက်ပြေးသည်း လွတ်မှာ မဟုတ်ဘူး"

ထိုသို့ပြောပြီး နိုင်ငံရေးမှူးက တန်းစီရပ်နေကြသူများထံ လှမ်းကြည့်လိုက်သည်။ နှုတ်မှလည်း ပြောလိုက်သည်။

www.burmeseclassic.com

"တော့ - ရဲဘော်ညိုကြီး - ဒီအချုပ်သားရဲ့အနီးကပ်တာဝန်ကို မင်းတစ်ခုတ လုပ်ရလိမ့်မယ် - ကြားလား"

"ဟုတ်ကဲ့ - နိုင်ငံရေးမှူး"

"သူ့ရဲ့နေရေးထိုင်ရေးကို စီစဉ်ပေးလိုက်၊ အရင်ဆေးမှူးဦးမြင့် နေသွားတဲ့တဲက ကောင်းသေးရဲ့လား"

"မကောင်းတော့ဘူး - နိုင်ငံရေးမှူး၊ အမိုးတွေ ပေါက်နေပြီ၊ ဒါပေမဲ့ - ဒီ့ပြင်တဲလွတ်တစ်လုံး ရှိပါသေးတယ်၊ အဲဒီမှာ နေရာချထားလိုက်ပါ့မယ်"

"အဲဒါဖြင့် - ကောင်းပြီ၊ ကိုင်း - ဆေးဆရာ - ခင်ဗျား - ရဲဘော်ညိုကြီးတို့နဲ့ လိုက်သွားပေတော့"

သူ့စကားဆုံးသည်နှင့် ကိုသောင်းဟန်က ထိုင်ရာမှ ထ,လိုက်သည်၊ ရဲဘော်ညိုကြီးဆိုသူကိုလည်း တစ်ချက်လှမ်းကြည့်လိုက်မိသည်၊ ညိုကြီးကား မျက်နှာခပ်တင်းတင်းပင် ရှိလေသည်၊ ထို့နောက် ကိုသောင်းဟန်က ရဲဘော်ညိုကြီးတို့နှင့်အတူ လိုက်ပါသွားလိုက်သည်၊

တဲတစ်လုံးရှေ့သို့ ရောက်သည်နှင့် ရဲဘော်ညိုကြီးက ရပ်လိုက်သည်၊ ထိုတဲကို ညွှန်ပြရင်း ကိုသောင်းဟန်ကို ပြောလိုက်သည်၊

"ကဲ - ခင်ဗျား - ဒီတဲထဲမှာ ဝင်နေပေတော့၊ ဒီကနေ ရှေ့တည့်တည့်မှာ ရေချိုးဆိပ်ကို ဆင်းတဲ့လမ်း ရှိတယ်၊ ညာဘက်မှာတော့ - အိမ်သာတွေ ရှိတယ်၊ ခင်ဗျား ဘယ်ကိုသွားချင်သွားချင် ကင်းပုတ်တွေမှာရှိတဲ့ ကင်းသမားတွေကို ပြောပြီးမှ သွားပါ၊ ထွက်ပြေးမယ်ဆိုရင်တော့ - ခင်ဗျားကျောပြင်ထဲကို ကျည်ဆန်တွေ ဝင်လာပြီသာ မှတ်ပါ"

ရဲဘော်ညိုကြီးက ခပ်တင်းတင်း ပြောပြီးနောက် သူ့လူများနှင့်အတူ ထွက်သွားတော့သည်၊ ကိုသောင်းဟန်က တဲအတွင်းသို့ ငုံ့ဝင်လိုက်သည်၊ ပြီးနောက် - အတွင်းရှိ အိပ်စင်ပေါ်သို့ ပစ်လှဲချလိုက်သည်၊ ဝါးပိုးဝါးကို ထက်ခြမ်းခြမ်းကာ ပြုလုပ်ထားသော ခေါင်းအုံးတုံးပေါ်၌ ခေါင်းတင်၍ အသာမှိန်းနေလိုက်မိသည်၊



အမှောင်ထုက သိပ်သည်းစွာ ကျရောက်လျက် ရှိလေပြီ၊ တအောင့်ကြာသော် ကလေးငယ်တစ်ယောက်က ဖယောင်းတိုင် လေးချောင်းသုံးချောင်း၊ ဖျာကြမ်းတစ်ချပ်နှင့် စောင်တစ်ထည်အား လာပေးသွားလေသည်၊

ကိုသောင်းဟန်က ယနေ့ မိုးလင်းမှ မိုးချုပ်အထိ ကြုံဆုံခဲ့ရလေသည့် အဖြစ်အပျက်များကို နဖူးပေါ် လက်တင်ကာ ပြန်တွေးနေမိသေးသည်၊ သို့သော် စိတ်ပန်းလူပန်းရှိလှသည်နှင့်အညီ ကြာကြာတွေးတောနိုင်ခြင်းမရှိတော့ပဲ မကြာမီပင် အိပ်ပျော်ခြင်းသို့ ရောက်ရှိသွားခဲ့လေသည်၊

ဝဝဝ

ကလေးများ၏ ဆူညံအော်ဟစ်သံ၊ ကျေးငှက်သာရကာတို့၏ ကျီကျီချာချာမြည်ကြွေးသံတို့နှင့်အတူ ကိုသောင်းဟန် အိပ်ရာမှ နိုးလာခဲ့လေသည်၊ နိုးခါစတွင် မိမိမည်သည့်နေရာသို့ ရောက်နေပါလိမ့်ဟု ဇဝေဇဝါဖြစ်နေမိသေးသည်၊ ပြီးမှ - မနေ့က အဖြစ်အပျက်ကို ပြန်သတိရလိုက်ကာ သက်ပြင်းကို ချလိုက်ရသည်၊

တဲအပြင်သို့ ထွက်လိုက်သည်၊ အပြင်ရောက်ရောက်ချင်းပင် သူ့ဆီသို့ ခပ်သွက်သွက်လျှောက်လာသော ရဲဘော်ညိုကြီးကို တွေ့လိုက်ရသည်၊ ရဲဘော်ညိုကြီး၏မျက်နှာတွင် တစ်စုံတစ်ရာ အရေးကြီးနေဟန်မျိုး ပေါ်လွင်ထွက်ရှိသည်၊ ပြီးတော့ - သူ့မျက်နှာက ယမန်နေ့ညကလို တင်းမာနေခြင်းမရှိပဲ သိသိသာသာ ပျော့ပျောင်းနေသည်ကို တွေ့ရသည်၊ ညိုကြီးက ကိုသောင်းဟန်ရှေ့ရောက်သည်နှင့် အပြုံးဖြင့် ပြောလိုက်သည်၊

"ဆရာမျက်နှာသစ်ဖို့ ဒီအိုးထဲမှာ ရေဖြည့်ပြီးပြီ ခင်ဗျ၊ ညတုန်းကလည်း ဆရာ့ကို ထမင်းလာပို့သေးတယ်၊ ဒါပေမဲ့ - ဆရာ့ကို ဘယ်လိုမှ နှိုးလို့မရဘူး၊ ဒါကြောင့် - ဒီမနက်မှာ ဆရာစားဖို့ ကျွန်တော် စီစဉ်ထားတယ်၊ ထမင်းမပြီးဘာနဲ့ ကျွန်တော့်တဲကို ကြွခဲ့ပါဦး - ဆရာ၊ ကျွန်တော့်မိန်းမ ..."

ညိုကြီးက ပြောရင်းမှပင် စကားသံ မြန်ဆန်လာသည်၊ မျက်နှာတွင်လည်း စိုးရိမ်ပူပန်မှု၏ အရိပ်အယောင်များ ထင်ဟပ်လာသည်၊



www.burmeseclassic.com

www.burmeseclassic.com

"ကျွန် - ကျွန်တော့်မိန်းမ - ဒီမနက်မိုးလင်းခါနီးကတည်းက ဗိုက်နာလာတာ - ဆရာ၊ ဒီနေ့များ မွေးမလား မသိဘူး၊ လာကြည့်ပေးပါဦး - ဆရာရယ် - နော်"

ထိုအချိန်မှာပင် ယောက်ျားသုံးလေးဦးနှင့် မိန်းမနှစ်ဦး သုံးဦးခန့်ကပါ သူတို့အနီးသို့ရောက်လာကြသည်၊ ကိုသောင်းဟန်က ညိုကြီးကို မေးလိုက်သည်၊

"ခင်ဗျားမိန်းမက အရင်ကကော မွေးဖူးသလား"

"မမွေးဖူးသေးဘူး - ဆရာ၊ ဒါ - ပထမဆုံးအကြိမ်ပဲ"

"အသက်ကကော ဘယ်လောက်ရှိပြီလဲ"

"ဆယ့်ရှစ်နှစ် ကျော်ခဲ့ပြီ - ဆရာ၊ ဆယ့်ကိုးနှစ်ဆိုပါတော့"

"ဒါဆို - မွေးဖို့ မခက်ပါဘူး၊ ဒါပေမဲ့ - သားဦးဖြစ်နေတဲ့အတွက် နည်းနည်းတော့ ဂရုစိုက်ရမှာပေါ့"

"ဟုတ် - ဟုတ်ကဲ့ - ဆရာ"

ကိုသောင်းဟန်က တစ်စုံတစ်ခုကို သတိရသွားပြီး စဉ်းစားနေမိသည်၊ ယခင်က ဤစခန်းတွင် ဆေးမှူးရှိသည်ဟု ဆိုသည်၊ ယခု ဘယ်ရောက်သွားသနည်း။ ညိုကြီးကိုသာ မေးကြည့်ရပေမည်၊

"ဒါနဲ့ - ဒီက ဆေးမှူးဆိုတဲ့ သူက ဘယ်ရောက်သွားတာလဲဗျ ကိုညိုကြီး"

"ဦးမြင့်ဆိုတဲ့ အဘိုးကြီးပါဗျာ၊ ဘိန်းစွဲကြီးပါ၊ ဘိန်းတွေ အစားလွန် ရောဂါတွေ ဝင်ပြီး သူ့ကိုယ်သူတောင် ပြန်မကုနိုင်ပဲ သေသွားတာ ကြာပါပြီ"

"သူ့ရဲ့ ကိရိယာတန်ဆာပလာတွေ၊ ဆေးဝါးတွေတော့ ရှိသေးတယ် မဟုတ်လား"

"ရှိတယ် ခင်ဗျ - ရှိတယ်၊ ရဲဘော် အောင်မောင်းရေ - စတိုမှူးဆီက ဆေးသေတ္တာကို သွားထုတ်လိုက်စမ်းပါဦး၊ ရဲဘော်ဘလူနဲ့ ရဲဘော်ခင်သာတို့က ဆရာ့အတွက် ထမင်းပွဲပြင်ဖို့ လုပ်ကြဗျာ၊ နေ့လယ်စာကိုလည်း မညွှန့်ကြည်တို့မီးဖိုမှာပဲ ဆရာ့အတွက် တာဝန်ယူပြီး ချက်လိုက်ကြပေါ့



ကြားလား၊ အရံချန်ထားတဲ့ အသားခြောက်တွေနဲ့ မြေပဲဆန်တွေကိုလည်း ထုတ်သာ သုံးလိုက်ကြတော့ ..."

ရဲဘော်ညိုကြီးကား မယားအတွက် ဗျာများနေလေပြီတည်း။

၀၀၀

"အမလေး - နာတယ် - နာတယ်၊ လုပ်ကြပါဦး - ကယ်ကြပါဦး၊ အမလေး နာလှချည်ရဲ့ - အမေရေ"

ညိုကြီး၏မိန်းမ မခင်ဝင်းကား တညည်းညည်း တညူညူ၊ တလူးလူး တလိမ့်လိမ့်နှင့်သာ နေလေတော့သည်၊ ဘေးမှ ဝိုင်းရံနေကြသော မိန်းမကြီးများက ခင်ဝင်းအား တတ်အားသမျှ ဖျောင်းဖျနစ်သိမ့်နေကြသည်၊ အားပေးနေကြသည်၊ ခင်ဝင်းက ထိုမိန်းမကြီးများ၏ မိရာဇနေရာကို ဆွဲကိုင်၍ ကျစ်ကျစ်ပါအောင် ဆုပ်ထားရင်း အံကိုပါ တကြိတ်ကြိတ်လုပ်နေလေသည်၊

"အမေလေး - ခါးတွေနာလာပြန်ပြီ၊ နာတယ် - နာတယ်၊ ကျွတ် - ကျွတ် အမေလေး - သေပါပြီ"

ကိုသောင်းဟန်က လူနာကို စမ်းသပ်ပြီးနောက် အပြင်သို့ ခေတ္တပြန်ထွက်လာခဲ့သည်၊ အပြင်ရောက်ရောက်ချင်းပင် ချွေးပြန်နေသော ညိုကြီး မျက်နှာကြီးနှင့် ပက်ပင်းတိုးမိသွားသည်၊ စုဝေးပြီး ထိုင်နေကြသော အခြားလေးငါးခြောက်ဦးခန့်ကိုလည်း တွေ့ရသည်၊ ညိုကြီးက ကိုသောင်းဟန်၏ လက်ကို အားကိုးတကြီး ဆုပ်ကိုင်၍ မေးလိုက်သည်၊

"ဆရာ - ဆရာ - ကျွန်တော့်မိန်းမအခြေအနေ ဘယ်လိုနေသေးလဲ၊ နုထိ - မမွေးသေးပါလား"

"ဘယ်မွေးဦးမလဲဗျ၊ အချိန်မှ မကျသေးပဲ၊ ရေမှာတောင် မပေါက်သေးဘူး၊ ရေမှာကွဲပြီးမှ အထဲက ကလေးက လိုက်လာမှာ ..."

"အခြေအနေက ထူးထူးထွေထွေ စိုးရိမ်စရာတော့ မရှိဘူး မဟုတ်လား ဆရာ"



www.burmeseclassic.com

www.burmeseclassic.com

"ခရီးလောတော်ပါဘူး၊ ခုအတိုင်းဆိုရင်တော့ - ကလေးက ပုံမှန်အတိုင်း ဆင်းလာနေတာပဲ၊ ကလေးသားအိမ်ဝ ရောက်ပြီဆိုမှ ကျွန်တော် သားအိမ်ဖွင့်ဆေး ထိုးမယ်၊ တစ်ခုတော့ ရှိတယ်၊ သားဦးဆိုတော့ မွေးလမ်းကြောင်းကို ချဲ့ပေးမှဖြစ်မယ်၊ ဒါကြောင့် - နည်းနည်းပါးပါး ခွဲချင် ခွဲရလိမ့်မယ်"

"ဗျာ - ခွဲရလိမ့်မယ်၊ ကျွန်တော့်မိန်းမဗိုက် ခွဲရမှာလား"

ညီကြီးက အလန့်တကြား ပြောလိုက်သည်၊ ဤတွင် ထိုင်နေသော မိန်းမကြီးတစ်ယောက် ညီကြီးကို မျက်စောင်းထိုးကာ လှမ်းပြောလိုက်သည်၊

"ဒုံးကလည်း ဝေးပါ့တော်၊ ဗိုက်ခွဲဖို့ပြောတာ မဟုတ်ဘူးတော့်၊ ကလေး ထွက်လို့လွယ်အောင် မွေးလမ်းကြောင်းကို ခွဲရမှာ၊ ဟိုဟာ - ဟိုဟာ"

ထိုမိန်းမကြီးစကားကြောင့် ကျန်လူများက ကျိတ်၍ရယ်ကြသည်၊ ခဲဘော်ညီကြီးကား မရယ်နိုင်ပေ၊ ထိုအချိန်မှာပင် မီးနေစန်းထဲမှ မိန်းမကြီး တစ်ယောက် ထွက်လာကာ ကိုသောင်းဟန်ကို သတင်းပို့လိုက်သည်၊

"ဆရာ - ရေမွှာပေါက်သွားပြီ - လာကြည့်ပါဦး"

ကိုသောင်းဟန်က ခပ်သုတ်သုတ် ပြန်ဝင်သွားလိုက်သည်၊ အတွင်းမှ ခင်ဝင်း၏ ညည်းညူအော်ဟစ်သံ၊ အမေတ.သံများက ပို၍ပင် ကျယ်လောင်လာသည်၊ ဆူညံလာသည်၊ ညီကြီးကား ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လိုက်၊ ထရံဘေးကပ်ကာ နားထောင်ကြည့်လိုက်၊ အတွင်းသို့ ချောင်းကြည့်လိုက်နှင့် ဂနာမငြိမ်အောင်ပင် ဖြစ်နေတော့သည်၊ ပြာပူထဲသို့ ကျရသော ငါးပမာ ဖျပ်ဖျပ်လူးနေရတော့သည်၊

အချိန်က တရွေ့ရွေ့ကုန်လွန်လျက် ရှိသည်၊ အတွင်းမှ ခင်ဝင်း၏ညည်း ညူသံများကလည်း ညီကြီး၏နားဝသို့ သံရှည်မှုနှင့် လောင်းချသည့်ပမာ အဆက်မပြတ် ရိုက်ခတ်နေဆဲပင် ဖြစ်သည်၊ သို့နှင့် နာရီဝက်ခန့် ကြာမြင့်သွားပြီးနောက် ခင်ဝင်း၏ အားရပါးရ ညည်းလိုက်သံကြီးနှင့်အတူ ညီကြီး အကြားချင်ဆုံးအသံကို ကြားလိုက်ရတော့သည်၊

"အူဝဲ - အူဝဲ - အူဝဲ"



ထိုအသံကြောင့် ညီကြီးက ဂုန်းခနဲ ထ,ခုန်လိုက်သည်၊ အခန်းဝသို့လည်း တန်းခနဲ ပြေးသွားသည်၊ ထိုအချိန်မှာပင် အတွင်းမှ လှမ်းပြောလိုက်သောအသံက အပြင်ဘက်သို့ ပျံလွင့်လာသည်၊

"ညီကြီးရေ - မိန်းကလေးဟေ့ - မိန်းကလေး"

"အမလေးဗျာ - သမီးကလေးတဲ့လား"

ဝမ်းခေါင်းသံကြီးဖြင့် ညီကြီးက ပြန်ပြောလိုက်သည်၊ ထို့နောက်တွင် အပေါက်ဝမှ ဝါးပိုးတိုင်ကို ခေါင်းဖြင့် ထိုးကာ ညီကြီးတစ်ယောက် ဝမ်းသာစိတ်ကို မထိန်းနိုင်တော့ပဲ မျက်စိကြီးမှိတ်၍ မျက်ရည်ဖြိုင်ဖြိုင်ကျနေရလေတော့သည်၊

ဝ၀ဝ

"ကျေးဇူးတင်လိုက်တာ - ဆရာရယ်၊ ဆရာ့ကျေးဇူးကြောင့် ကျွန်တော့်သမီးလေး လူ့ပြည်ကို ချောချောမောမော ရောက်ရတာ ..."

ညီကြီးက လှိုက်လှဲသောအသံဖြင့် ပြောလိုက်သည်၊ သူ့ပေါင်ပေါ်မှ အနီးဖြင့် ထွေးထားသော ကလေးနီတာရဲကလေးကိုလည်း ချစ်မဝသော မျက်လုံးများဖြင့် ငုံ့ကြည့်နေသည်၊ ညီကြီးမိန်းမ ခင်ဝင်းကား ခေါင်းပေါင်း ကလေးဖြင့် အိပ်ရာထဲ လှဲနေရင်းစမုန်နက်ထုပ်ကလေးကို ရှူ၍ရှူ၍နေလေသည်၊ သို့သော် သူကလည်း ဖျော့တော့သော မျက်လုံးကလေးဖြင့် ကိုသောင်းဟန်အား ကျေးဇူးတင်စွာ လှမ်းကြည့်၍နေလေသည်၊

ကိုသောင်းဟန်က ကလေးကိုကြည့်ရင်း ခပ်ပြုံးပြုံး ပြောလိုက်သည်၊

"အံမယ် - ကလေးက ခင်ဗျားသမီးလို့ မပြောရဘူး၊ ခင်ဗျားရုပ်နဲ့ တော်တော့်ကိုတူတာပဲဗျ - ညီကြီး"

"ကျွန်တော့်သမီးပဲဟာ - ကျွန်တော်နဲ့ တူမှာပေါ့ - ဆရာ၊ ဒီသမီးလေးကို နာမည်မှည့်ရင်တောင် ကျွန်တော့်နာမည်ပါအောင် ထည့်မှည့်ရမှာပဲ ဆဲ - ဟဲ"



www.burmeseclassic.com

www.burmeseclassic.com

ညိုကြီးကား ဝိတိအဖြစ်ကြီး ဖြစ်နေလေသည်။ ကိုသောင်းဟန်တပါ ထိုသားအဖ၏ မြင်ကွင်းကို ကြည့်ပြီး ကြည်နူးသွားမိသည်။ ထိုအချိန်မှာပင် တစ်စုံတစ်ခုကို ကိုသောင်းဟန် သတိရလိုက်မိသည်။ တစ်ဆက်တည်းမှာပင် သူ့အင်္ကျီအိတ်ကပ်ထဲမှ စာရွက်ပိုင်းတစ်ခုကို ထုတ်ယူလိုက်သည်။

"အော် - ဒီမှာ ကိုညိုကြီး - စခန်းအတွက် လိုအပ်တဲ့ ဆေးစာရင်းတွေ အခု - ခင်ဗျားမိန်းမကိုပဲ အားဆေးသွင်းပေးဖို့လိုနေပြီ၊ ဒီမှာ - ဘာအားဆေးမှမရှိဘူး၊ ဒါကြောင့် - မှာရမယ့်ဆေးစာရင်းတွေကိုညကတည်းက ကျွန်တော် ချရေးထားတာ ..."



ကျွန်တော့်ကိုလည်း တောထဲမှာပဲ မွေးတာ။ ကျွန်တော်ငယ်ငယ်တုန်းကတော့ အဖေက ရွှေမြို့ကျောင်းဘုန်းကြီးဆီမှာ စာသင်လွှတ်ဖို့ စီစဉ်ပါသေးတယ်။ ဒီအချိန်မှာပဲ ဒီအဖွဲ့က လူသစ်စုဆောင်းတဲ့အထဲကို ငယ်ငယ်ရွယ်ရွယ်နဲ့ ပါခဲ့ရတာ။ စာမသင်ဖြစ်လိုက်ဘူးပေါ့ - ဆရာ။



တပါ လာရောက်၍ ဝိုင်းကြည့်နေကြသည်။ သူတို့ကို ကိုသောင်းဟန်က အောက်ပါအတိုင်းပင် ရှင်းပြသည်။

"ဒီကျောက်က နယ်နယ်ရရကျောက် မဟုတ်ဘူးဗျ၊ သင်ပုန်းကျောက်၊ ဒီမှာ တွေ့လား - သူ့အလွှာနဲ့သူနေတာ၊ ဒီကျောက်တွေကို ခွဲပြီး ကျောက်သင်ပုန်းသွေးမယ်ဗျာ၊ ကျောက်တံတွေ လုပ်မယ်ဗျာ၊ ပြီးတာနဲ့ ကျွန်တော် ကျောင်းဖွင့်မယ်၊ ကလေးလူကြီးမရွေး ဆန္ဒရှိတဲ့သူတိုင်းကို ကျွန်တော် စာသင်ပေးမယ်၊ ကျွန်တော်လည်း အပြင်းပြေ၊ ခင်ဗျားတို့လည်း အကျိုးရှိ၊ ပြီးတော့ - ကျွန်တော်က ပညာပါရမီလည်း ဖြည့်ပြီးသား ဖြစ်သွားတာပေါ့ ဗျာ - ဟဲ - ဟဲ"

ကိုသောင်းဟန်၏ အစီအစဉ်ကို အံ့သြနေကြသည်။ မည်သို့မျှတော့ စောဒကမတက်ကြရေး၊ ကိုသောင်းဟန်က သူ့လုပ်ငန်းကို ဆက်လုပ်သည်။ ခဲ့ဘော်အောင်ငြိမ်းအကူအညီဖြင့် ကျောက်တုံးကို ဆောက်ဖြင့်ရိုက်ကာ တစ်လွှာစီ ခွဲထုတ်သည်။ ခွဲပြီးသား ကျောက်ပြားများကို လေးထောင့်စပ်စပ် ဖြစ်အောင် ဓားဖြင့် ညီညီညာညာ ခုတ်ရသည်။ ထို့နောက် မျက်နှာပြင်နှစ်ဖက်ကို ကျားလျှာဖြင့် ပွတ်စားပြီး ညီညာအောင် ပြုပြင်သည်။ မကြာမီ ထိုကျောက်ပြားများက ရှစ်လက်မပတ်လည်ခန့်အရွယ်ရှိသော ကျောက်သင်ပုန်းများအဖြစ်သို့ အသွင်ပြောင်းသွားလေပြီ။ ကျောက်တံကိုလည်း ထိုကျောက်ပြားများကိုပင် အချောင်းသေးသေးကလေးများဖြစ်အောင် စိပ်၍ အထပ်ထပ်သွေးလေသည်။ သို့နှင့်ပင် မည်းညစ်ညစ်အရောင်ရှိသော ကျောက်သင်ပုန်းအချပ်နှစ်ဆယ်ခန့်နှင့် ကျောက်တံ အတော်များများကို အောင်မြင်စွာ ရရှိလိုက်လေပြီ။

ပြီးလျှင် - ကိုသောင်းဟန်က သူ့ဆေးခန်းမှာပင် ကျောင်းဖွင့်ရန် စီစဉ်သည်။ ထိုကိစ္စလည်း စခန်းတစ်ခုလုံးသို့ ကြော်ငြာလိုက်သည်။ အံ့သြစရာ ခင်၊ သူ ကြော်ငြာပြီးပြီးချင်းမှာပင် ကလေး(၁၅)ယောက်ခန့်က လာရောက် စာရင်းပေးတော့သည်။ အသင့်ဖြစ်နေသော ကျောက်သင်ပုန်းနှင့် ကျောက်တံများကို ထိုကလေးများက ကိုင်တကြည့်ကြည့်နှင့် လုပ်နေကြတော့သည်။

www.burmeseclassic.com

အချိန်ဆိုင်းနေတော့ပါ၊ ထိုကလေးများအား ကျောက်သင်ပုန်းတစ်ချပ်စီ ပေးပြီးနောက် ကိုသောင်းဟန်က ချက်ချင်းပင် သင်ခန်းစာကို စတင်လိုက်တော့သည်၊

ပို၍သာ အံ့ဩရပြန်သေးသည်၊ ကလေးများမှာ စာသင်ရသည်ကို စိတ်ဝင်စားမှုရှိသလို၊ ဝီရိယစိုက်ထုတ်မှုတွင်လည်း အတော်ပင် အားကောင်းလှသည်၊ ထိုအချက်များကြောင့်ပင် သူတို့က လွန်စွာ သင်လွယ် တတ်လွယ်ကြလေသည်၊ ကွပ်ပျစ်တွင် ဝိုင်းထိုင်ကြကာ ကိုသောင်းဟန်သင်ပေးသမျှကို စိတ်အားသန်သန်ဖြင့် ရေးလိုက် ဖျက်လိုက်လုပ်နေကြသည်မှာ မိုးချုပ်၍ ထမင်းစားချိန်ရောက်သည့်တိုင်အောင် အိမ်ပြန်လိုစိတ် မရှိကြသေးပေ၊ ကိုသောင်းဟန် စဉ်းစားမိသည်၊ ဤကလေးများမှာ ကျောင်းထားရမည့် အရွယ်ကို များစွာကျော်လွန်နေသော ကလေးကြီးအရွယ်များ ဖြစ်ကြသည်၊ ပြီးလျှင် သူတို့နေထိုင်သောနေရာကလည်း စာသံ ပေသံ ဆိတ်သုဉ်းခြောက်ခန်းလျက်ရှိသော တောတွင်းနေရာ ဖြစ်သည်၊ ထိုအချက်များကြောင့်ပင် ကိုသောင်းဟန်၏အစီအစဉ်က သူတို့အတွက် ရေငတ်သူ ရေတွင်းထဲကျဆိုသလို ဖြစ်ကြရခြင်းဖြစ်ပြီး ကိုသောင်းဟန်အနေနှင့်လည်း သူတို့အား အထူးပင် သင်ပြရလွယ်ကူနေခြင်း ဖြစ်ပေတော့သည်၊ မည်သို့ဆိုစေ ကျောက်တံကလေးတွေဖြင့် မနားတမ်း တဂျစ်ဂျစ်ခြစ်ရေးနေသော သူတို့ကလေးတွေကိုကြည့်ကာ ကိုသောင်းဟန်တစ်ယောက် ရင်နင့်အောင်ပင် ခံစားမိရသည်၊

သို့နှင့် ကိုသောင်းဟန်၏ကျောင်းက နောက်တစ်နေ့မကူးမီပင် စာသင်သားများ ထပ်တိုးလာသည်၊ ထိုနေ့မိုးချုပ်သည်နှင့် ညိုကြီးအပါအဝင် လူကြီးအချို့ကပါ စာသင်လိုကြောင်း ဆန္ဒပြုကြသည်၊ အားလုံး၏ကိုယ်စား ညိုကြီးကပင် စပ်ဖြီးဖြီးမျက်နှာဖြင့် ပြောသွားခဲ့ခြင်းဖြစ်သည်၊

"ကျွန်တော်တို့လည်း အသက်ကြီးမှ လက်ပေးသင်ဆိုသလို ဖြစ်နေပြီ ဆရာ၊ ခုမှ စာသင်ချင်စိတ်တွေ ပေါက်လို့ ..."



"ရပါတယ်ဗျ၊ ပညာလို့ အိုသည်မရှိတဲ့၊ တတ်ထားတော့ ကောင်းတာပေါ့ဗျာ ..."

"သူများတွေအတွက်တော့ မဆိုလိုပါဘူး၊ ကျွန်တော်ကတော့ သမီးလေးအတွက်ကို ရည်စူးပြီး စာသင်ထားချင်တာပါ - ဆရာ၊ သမီးလေးက တဖြည်းဖြည်း ကြီးလာမှာလေ ...၊ ကျွန်တော်တို့ဘဝက ရှေ့လျှောက်ပြီး ဘယ်လိုနေရဦးမယ်ဆိုတာ မပြောနိုင်ဘူး၊ ခုလိုပဲ - တောထဲ တောင်ထဲမှာ နေရတဲ့ဘဝက မကျွတ်မလွတ်နိုင်သေးခဲ့ရင် ကျွန်တော်က ကျွန်တော်ကိုယ်တိုင် သမီးလေးကို စာပြန်သင်ပေးရအောင်ပေါ့ - ဆရာ"

ညိုကြီး၏မိဘမေတ္တာ ကြီးမားပုံပင် ဖြစ်တော့သည်၊ သူ၏ စာသင်ရခြင်းသည် သမီးကလေးအတွက် ရည်စူးပြီး စာသင်ရခြင်းဖြစ်ပါသတဲ့၊ ညိုကြီးကား မိမိကိုယ်တိုင်အတွက် စာသင်လိုခြင်း၊ စာတတ်လိုခြင်း မဟုတ်ပါပေ၊

၀၀၀

ထိုရက်ပိုင်းအတွင်းမှာပင် နိုင်ငံရေးမှူးဆိုသူက ဗဟိုမှ ပြန်ရောက်လာသည်၊ သူနှင့်အတူ သတင်းထူးတချို့ပါလာသည်၊ ထိုသတင်းများမှာ ယခုအလော အစိုးရဘက်မှ ထိုးစစ်များ ပြင်းထန်လျက်ရှိကြောင်း၊ တစ်ပြည်လုံးရှိ နေရာအတော်များများမှာပင် တိုက်ပွဲများ ဖြစ်လျက်ရှိကြောင်း၊ သူတို့၏ပါတီဌာနချုပ်အပြင် စခန်းအတော်များများမှာ မြို့ရွာများအနီးတစ်ဝိုက်တွင် စခန်းချ နေထိုင်နိုင်ခြင်း မရှိတော့ပဲ အလွန်ဝေးခေါင်သည့် တောတွင်းနေရာများဆီသို့ ပြောင်းရွှေ့နေကြရပြီဖြစ်ကြောင်း၊ မိမိတို့၏ စခန်းကိုလည်း အစိုးရတပ်က အချိန်မရွေး ထိုးစစ်ဆင်လာနိုင်ကြောင်း၊ စခန်း၏လုံခြုံရေးကို အထူးကြပ်မတ်ဖို့လိုကြောင်း၊ စခန်းကိုလည်း အချိန်မရွေး နေရာရွှေ့ပြောင်းနိုင်သောကြောင့် အမြဲတစေ အသင့်အနေအထားဖြင့် နေထိုင်ရမည်

www.burmeseclassic.com

ဖြစ်ကြောင်း စသည့် အကြောင်းအရာများပင် ဖြစ်လေသည်၊ ထိုအကြောင်းများကို စေန်းရှိ နေရာတိုင်းလိုလိုမှာပင် သူတို့အချင်းချင်း ပြောဆိုဆွေးနွေးနေကြသည်ဖြစ်ရာ ကိုသောင်းဟန်က တစေ့တစောင်းအားဖြင့် သိရှိနေရလေသည်၊

ကိုသောင်းဟန်မှာ သူ့ဆေးခန်းအလုပ်၊ စာသင်ဝိုင်းအလုပ်ကိုသာ အာရုံစိုက်ပြီး လုပ်နေမိသည်၊ ကလေးများမှာ အတော်တိုးတက်လျက်ရှိကြလေပြီ၊ သင်ပုန်းကြီးကို တစ်ခဏအတွင်းမှာပင် ကြေညက်သွားကြရုံမျှမက တစ်လောတုန်းက ရှားရှားပါးပါး မှာကြားရရှိလိုက်သည့် ဖတ်စာအုပ်များကိုပင် သူတို့က မြိုင်မြိုင်ဆိုင်ဆိုင် ဖတ်ကြားသိကြွေး၍ နေကြလေပြီ၊ သူ့တပည့်များထဲတွင် ရဲဘော်ညက်မောင်နှင့် ဒေါ်ခင်သိုက်တို့၏သားမောင်မျိုးမြင့်ခေါ် ဂျစ်တူးကလေးမှာ အထူးပင် ညက်ကောင်းလှသည်ကို ကိုသောင်းဟန် သတိပြုမိသည်၊ ထိုကလေးမှာ ယခင်က တရှောင်ရှောင် ဖျားနေတတ်သဖြင့် ကိုသောင်းဟန်၏ဆေးခန်းသို့ မကြာခဏလာနေရသောကလေးဖြစ်သည်၊ ယခုမူ သူက ရောဂါကင်းစင်လေပြီ၊ သူ နေကောင်းသွားသည်နှင့်အမျှ သူ၏ ရှိရင်းစွဲညက်ကလေးကပါ အလိုလို ပွင့်လင်းတောက်ပလာခြင်းပင် ဖြစ်သည်၊

ဂျစ်တူးကလေးမှာ တစ်ထွာပြ တံတောင်မြင်တတ်သူလေးဟုပင် ဆိုရမည်၊ ကလေးများထဲတွင် သူသာ စာအတော်ဆုံးဖြစ်သည်၊ ထို့ပြင် သူက ကိုယ်ပိုင်ညက်ဖြင့်လည်း စဉ်းစားတတ်သေးသည်၊ တွေးခေါ်တတ်သေးသည်၊ ကိုသောင်းဟန်အားလည်း နက်နဲသောမေးခွန်းများကို ပြန်လည်မေးမြန်းတတ်သေးသည်၊ ဤနေရာ၌ သူမေးသောမေးခွန်းတစ်ခုကိုပင် ဥပမာသဘောမျိုး ဖော်ပြလိုက်ပါမည်၊ သူက -

"ဆရာ - ဆရာ - ဆရာပြောပြတဲ့ ပါဏာတိပါတကံအကြောင်းကို ကျွန်တော် မေးချင်လို့ပါ - ဆရာ၊ သူ့အသက်သတ်လို့ ငရဲကြီးတာချင်းအတူတူ ခြင်ကို သတ်မိတာနဲ့ ဆင်ကိုသတ်မိတာ တူနိုင်ပါ့မလား - ဆရာ၊ ခြင်တလက်ဝါးလေးနဲ့ ရိုက်လိုက်ရုံနဲ့ သေသွားပေမယ့် ဆင်ကြီးကိုကျတော့ တော်



ကိုသောင်းဟန်ပြောပြသည့် ကျန်းမာရေး၊ ပညာရေးတို့နှင့်ပတ်သက်သော ဗဟုသုတရစရာ အကြောင်းအရာတို့ကို သူတို့က စိတ်ဝင်တစား နားထောင်ကြသည်၊ သူတို့ နားမလည်သော၊ မရှင်းလင်းသော အချက်များကိုလည်း ပြန်၍မေးမြန်းကြသည်၊ ကိုသောင်းဟန်စကား၌ ရယ်စရာပါလျှင် သူတို့က ရယ်ကြသည်၊ ကိုသောင်းဟန်စကား၌ ရွှင်လန်းတက်ကြွစရာပါလျှင် သူတို့လည်း တက်ကြွကြသည်၊ ရွှင်လန်းကြသည်၊ ကိုသောင်းဟန်စကား၌ ဝမ်းနည်းကြေကွဲစရာပါခဲ့လျှင်မူ သူတို့က စိတ်တသပ်သပ်ပြုကြသည်၊ မျက်နှာညှိုးငယ်ကြသည်၊ တစ်ခါတစ်ရံ၌ ဝတ္ထုဝင်ကဲ့သို့ အကြောင်းအရာများကို ကိုသောင်းဟန်က ဇာတ်ဟန်ပါပါဖြင့် ရှည်လျားစွာ ပြောပြတတ်သောအခါများတွင် သူတို့က ကိုသောင်းဟန်၏ အပြောနောက်သို့ စီးမျော၍ တုတ်တုတ်မလှုပ် လိုက်ပါနားထောင်တတ်ကြသည်၊ ထိုအခါများတွင် ပုံတိုပတ်စကြိုက်တတ်သော ကလေးများပါ ကွပ်ပျစ်အနီးတွင် အုံခဲနေတတ်ကြတော့သည်၊

သို့နှင့်ပင် နေ့ရက်များက တရွေ့ရွေ့ ကုန်လွန်လာခဲ့သည်၊ ကိုသောင်းဟန်အဖို့ကား သူတို့နှင့်ကြာကြာနေရလေ သူတို့အကြောင်းကိုပို၍သိရလေခင်၊ ထို့အတူ လင်းမာတ်ရနေသော လောကကြီးနှင့် ဝေးကွာနေကြရပြီး အတာလ မျက်စိအမြင်၊ နားအမြင် ပိတ်ဖုံးနေကြရှာသော သူတို့ဘဝကိုပို၍သိလာရသည်နှင့်အမျှ ကိုသောင်းဟန်ရင်ထဲတွင် သူတို့အပေါ် ပို၍အရှကာပွားနေမိရလေတော့သည်၊

၀၀၀

ထိုနေ့ညနေပိုင်းတွင် ညီကြီးတို့အဖွဲ့က အစီအစဉ်တစ်ခု ပြုလုပ်နေကြသည်၊ လူအတော်များများက လက်နက်ကိုယ်စီဖြင့် စခန်းရုံးရှေ့တွင် စုရုံးစုံနေလုပ်နေကြသည်၊ ကိုသောင်းဟန်က သွားရောက်စုံစမ်းကြည့်ရာ စခန်းရွာအတွက် တောပစ်ထွက်ကြရန် စီစဉ်နေကြမှန်း သိလိုက်ရသည်၊ သောက်များများက တောပစ်ကြမည်၊ မိန်းမနှင့် ကလေးများက ခသီးအန်

www.burmeseclassic.com

နားထွက်ကြရည်ဟု ဆိုလေသည်။

တိုသောင်းဟန်က စိတ်ကူးတစ်ခု ရသွားပြီး ညီကြီးကိုပင် ပြောလိုက်သည်။

"ကိုင်း - ကိုညီကြီး - ခင်ဗျားတို့တောလည်တဲ့နောက် ကျွန်တော်လည်း လိုက်ခဲ့မယ်ဗျာ။ အပျင်းပြေပေါ့။ စခန်းထဲမှာရှည်းနေရတာ ငြီးငွေ့လှသဗျာ"

"ကောင်းသားပဲ - ဆရာ၊ လိုက်ချင်လိုက်ခဲ့လေ။ ဒီဘက်က တောတောင်တွေ တော်တော်ထူတယ်။ သားကောင်တွေလည်း ပေါတယ်။ ကျွန်တော်တို့အဖွဲ့တွေ တောခြောက်ကြလိမ့်မယ်။ ဆရာလည်း မြင်ဖူးသွားတာပေါ့"

သို့နှင့် ထိုအဖွဲ့ခရီးစလျှင်ပင် ကိုသောင်းဟန်ပါ အတူလိုက်ပါလာခဲ့တော့သည်။ ထိုအဖွဲ့ကို ဗိုလ်တင်ဝင်းကိုယ်တိုင် ဦးစီးလေသည်။

စခန်းမှထွက်ပြီး အတန်ကြာသည်နှင့် ထူထပ်သော တောအုပ်အတွင်းသို့ ရောက်သွားသည်။ လေက တဖြူးဖြူးတိုက်ခတ်နေသည်။ သစ်ခက်သစ်ရွက်တို့က လေတိုင်းတိုင်း တဖျော့ဖျော့ လှုပ်ခါနေကြသည်။ လေနှင့်အတူ တောပန်းတောင်ပန်းတို့၏ရနံ့က နှာဝသို့ ရောက်လာသည်။ သားငှက်မျိုးစုံတို့၏ ဘာသာဘာဝ အော်ဟစ်မြည်ကြွေးသံများကိုလည်း ဟိုမှ သည်မှ သာယာနာပျော်ဖွယ် ကြားနေကြရသည်။

"ယောက်ဖခွေးခေါ် - ယောက်ဖခွေးခေါ်"

"အိုးဝေ - အိုးဝေ - အိုးဝေ"

"ကြိုးခွေ - ကြိုးခွေ - ကြိုးခွေ"

"တီ - တွတ်တွတ် - ခါးခါး၊ တီ - တွတ်တွတ် - ခါးခါး"

တောတောင်တို့၏ရနံ့ကြောင့် စိတ်က အလိုလိုပြောင်းလဲသွားသည်။ လူတစ်ကိုယ်လုံး ပေါ့ပါးသွားသည်။ လန်းဆန်းသွားသည်။ ကြွကြွရွရွ ရွှင်ရွှင်လန်းလန်း ဖြစ်သွားသည်။ ပလိုင်းကိုယ်စီနှင့် ကာလေးတစ်သိုက်တသီချင်းများကိုပင် တကြော်ကြော် အော်ဆိုနေကြတော့သည်။ အမျိုးသမီးများကလည်း စကားတပြောပြော၊ တရယ်ရယ် တမောမောဖြင့် လိုက်ပါလာကြသည်။



လမ်းဆုံတစ်ခုသို့ အရောက်တွင် အမျိုးသမီးနှင့် ကလေးများအဖွဲ့တလမ်းခွဲထွက်သွားတော့သည်။ တောပစ်မည့်အဖွဲ့ကသာ ရှေ့သို့ ဆက်လက်ထွက်ခွာလာခဲ့ကြသည်။ တောက နက်သည်ထက် နက်လာသည်။ ပင်စည်ဆုတ်တုတ်နှင့် မိုးထိုးမတတ် မြင့်မားလှသော သစ်ပင်ကြီးများကို မြင်တွေ့လာရသည်။ ထိုသစ်ပင်ကြီးများမှာ အထက်၌ တစ်ပင့်တစ်ပင် အခက်အရွက်ချင်း ယှက်သိုင်းအုပ်မိုးထားသည်ဖြစ်ရာ အောက်ခြေတွင် နေပြောက်ထိုးသာတော့ပဲ မှောင်၍ပင်နေလေတော့သည်။ အချို့သစ်ပင်များတွင် သစ်တိုင်းများကို ဆွဲ၍ တစ်ပင်မှ တစ်ပင် ခုန်ကူးနေကြသော မျောက်များကို အထင်အရှားပင် တွေ့ရသည်။

ကွင်းစပ်တစ်ခုသို့အရောက်တွင် အားလုံးရပ်လိုက်ကြသည်။ လုပ်ငန်းခွဲမြင်သည်။ ဗိုလ်တင်ဝင်းကပင် သူ့အဖွဲ့နှင့်သူ တာဝန်ခွဲဝေပေးနေသည်။ အစီအစဉ်အရ အဖွဲ့တစ်ဖွဲ့က တောခြောက်မည်ဖြစ်ပြီး ကျန်အဖွဲ့တစ်ဖွဲ့က ကွင်းစပ်မှနေပြီး ပြေးထွက်လာသော သားကောင်များကို ဆီး၍ပစ်ခတ်မည်ဖြစ်လေသည်။ မကြာမီပင် တောခြောက်မည့်အဖွဲ့က ထွက်ခွာသွားတော့သည်။

ညီကြီးက ကိုသောင်းဟန်ကို တိုးတိုးပြောသည်။

"ဆရာ - ဟိုကျောက်တုံးဘေးမှာ အသာထိုင်ပြီး ကြည့်နေ၊ ကျွန်တော်တို့ တန်းစီနေရာယူပြီး ကွင်းထဲ ရောက်လာတဲ့အကောင်တွေကို ပစ်လိမ့်မယ်"

ညီကြီးပြောသည့်နေရာမှာပင် သွားထိုင်နေလိုက်သည်။ တအောင့်ကြာသော် တောခြောက်သံများကို စပြီးကြားရလေပြီ။ တဒုန်းဒုန်း တဝုန်းဝုန်း သံထုံးတီးသံ၊ သစ်ခေါက်ရိုက်သံများအပြင် တဟေးဟေး တဟားဟား အော်ဟစ်တဝါးဝါးနှင့် အော်ဟစ်ခြောက်လှန့်သံများက တောအလုံးတောင်ကိုသို့ ရိုက်ဟည်းထစ်ရှန်းသွားသည်။

ဆိုရာရာညည်းအသံများက တဖြည်းဖြည်းနီးကပ်လာသည်။ မိုမိုမှဆူညံ ကျယ်လောင်လာသည်။ တစ်ဆက်တည်းမှာပင် ကွင်းစပ်သို့ပြေးထွက်လာသော သားကောင်တချို့ကိုပါ ကိုသောင်းဟန် မြင်ရလေပြီ။ ညီကြီး



www.burmeseclassic.com

www.burmeseclassic.com

တို့အဖွဲ့ကလည်း တစ်ပြိုင်တည်းလိုလိုပင် ထိုသားကောင်များကို ပစ်ခတ်ကြလေပြီ။

"ဒိုင်း – ဒိုင်း – ဒိုင်း – ဒိုင်း – ဒိုင်း"

ကျည်ပေါက်ထွက်သံများက ဆူညံသွားသည်။ ယမ်းနံ့ယမ်းငွေ့များကလည်း ဝေမှောင်သွားသည်။ မှုန်ထူသွားသည်။ သားကောင်အချို့ကွင်းထဲ၌ ထွေးခနဲ၊ ထွေးခနဲ လဲကျသွားသည်ကိုပါ ကိုသောင်းဟန် မြင်ရသည်။ သို့သော် ထိုအချိန်မှာပင် မမျှော်လင့်သောအခြေအနေက ရုတ်ခြည်းဖြစ်ပေါ်လာသည်။ ကိုသောင်းဟန်နှင့် မလှမ်းမကမ်းတွင်ရှိနေသော ရဲဘော်ဘလှက သူရပ်နေသောနေရာမှ ရုတ်တရက်ဆိုသလို နောက်ပြန်ပြေးလာသည်။ သူ့ပုံက အူယားဖားယားနိုင်လှသလို သူ့မျက်နှာကလည်း ကြောက်လန့် ချောက်ချား၍နေသည်။ ထိုသို့ပြေးလာရင်း ကိုသောင်းဟန်ကို တွေ့သည်နှင့် ပါးစပ်မှ ဗလုံးဗထွေး လှမ်းအော်ပြောသည်။

"ကျားထွက်လာတယ်ဗျို့ – ကျား – ကျား။ ဆရာ – ပြေး – ပြေး"

ပြောပြီး သူက ဦးစွာ ရှေ့မှ ပြေးလေသည်။ အခြားလူတစ်ဦးနှစ်ဦး ကမူးရှူးထိုး ပြေးထွက်လာကြသည်ကို ထပ်မံ၍ တွေ့ရသည်။ "ကျား" ဆို သည်နှင့် ကိုသောင်းဟန်ပါ ဖြုံသွားသည်။ ထူးထူးထွေထွေ စဉ်းစားမနေ တော့ပဲ နောက်လှည့်၍ ခြေဦးတည့်ရာ စွပ်ပြေးလိုက်တော့သည်။

အားရှိသမျှ ခြေကုန်သုတ်လိုက်မိသည်။ အတန်ကြာတော့မှ အမော ရပ်ပြီး နောက်လှည့်ကြည့်လိုက်သည်။ ထိုအခါမှ သူ့ကနောက်တွင် မည်သူ မျှလိုက်ပါမလာသည့်အဖြစ်ကိုလည်းကောင်း၊ သူတစ်ဦးတည်းသာလျှင် မည်သည့်နေရာသို့ ရောက်နေမှန်းမသိရသည့်အဖြစ်ကိုလည်းကောင်း သတိထားမိလိုက်သည်။ တောတောင်တစ်ခုလုံး တိတ်ဆိတ်နေသည် ဘာသံကိုမျှ မကြားရ၊ အဝေးသို့ နားကိုစွင့်ကာ စူးစိုက်ပြီး နားထောင်ကြည့် ပါသော်လည်း လူသံ သူသံဟူ၍ သဲ့သဲ့မျှပင် မကြားရ။ နောက်တွင် ကျန် သောအဖွဲ့နှင့် ကိုသောင်းဟန် လူချင်းကွဲလေပြီ။

ဝဝဝ



အမှန်မှာ ကွင်းထဲသို့ ထွက်လာသည်မှာ ကျား မဟုတ်ပါ။ သစ်ပေါက် တစ်ကောင်မျှသာ ဖြစ်သည်။ ထိုသစ်ပေါက်မှာလည်း သူတို့၏ပစ်ကွင်းမှ လွတ်ရာသို့ တစ်ဟုန်ထိုး ထွက်ပြေးသွားပြီဖြစ်သည်။ သို့သော် အတွေ့အကြုံ နည်းသော ရဲဘော်လေးတစ်ယောက်က သစ်ပေါက်ကို မြင်မိရာမှ အကြောက် လွန်ပြီး နောက်သို့ ဆုတ်ပြေးလာရာ ကျန်လူများကပါ ကျားဟု မှတ်ထင် လိုက်ကြပြီး ဒရောသောပါး ထွက်ပြေးကြခြင်းဖြစ်သည်။ နောက်ပိုင်းရောက်မှ အဖြစ်မှန်ကို သိကြရကာ ထိုအကြောင်း အချင်းချင်းပြောဆိုကြလျက် ရယ် မောမိကြလေသည်။

အခြေအနေ ငြိမ်သွားသည်နှင့် ဗိုလ်တင်ဝင်းက သူ့လူများကို တစ်နေ ရာတွင် စုဝေးခိုင်းလိုက်သည်။ ပစ်ခတ်ရရှိသော သားကောင်များကိုလည်း စုခိုင်းလိုက်သည်။ ထို့နောက် လူစစ်လေသည်။ ဤတွင် စခန်းရှိ ရဲဘော် အလုံး စုံလင်ကြပါသော်လည်း ကိုသောင်းဟန်တစ်ယောက် ပျောက်ဆုံး နေသည့်အဖြစ်ကို သိရှိသွားကြသည်။ ဗိုလ်တင်ဝင်းက ချက်ချင်းပင် အမိန့် ပေးသည်။

"ရဲဘော်ညိုကြီး – မင်းလူကိုမင်းပဲ လိုက်ရှာပေတော့။ ရဲဘော်ဖိုးသန်းတို့ အသံစိပ်ကပါ လိုက်ပြီးကူရှာပေးလိုက် ..."

ကိုသောင်းဟန်ကို အရှာထွက်ကြရသည်။ ရဲဘော် ဖိုးသန်းအဖွဲ့နှင့် ရဲဘော်ညိုကြီးအဖွဲ့ နှစ်ဖွဲ့ခွဲပြီး လိုက်ရှာကြသည်။ ညိုကြီးအဖွဲ့တွင် ရဲဘော် ဘလှနှင့် ရဲဘော်ခင်သာတို့ နှစ်ဦး လိုက်ပါလာသည်။ ညိုကြီးက လက်ဝါး စောင်ကို ပါးစပ်တွင် ကာပြီး အသံကိုမြှင့်၍ အော်လာခဲ့သည်။

"ဗျို့ – ဦးသောင်းဟန် – ဗျို့ – ဆရာ ဦးသောင်းဟန်။ ကျုပ်တို့ – ဒီမှာဗျို့ ကျုပ်တို့ ဒီမှာ"

ညိုကြီးအသံက တောတောင်တစ်ခွင် ပျံ့လွင့်သွားသည်။ ပဲ့တင်ထပ်၍ ပင် အဆင့်ဆင့် ပျံ့နှံ့သွားသည်။ ရဲဘော်ဘလှနှင့် ရဲဘော်ခင်သာတို့က သေနတ်သီးများကို ဖွဲ့စားရင်း လိုက်ပါလာကြသည်။ ညိုကြီးက အော်၍ မော သွားချိန်တွင် သူတို့က တစ်လှည့်စီ အော်ကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဗျို့ - ဆရာ - ဗျို့ - ဆရာ၊ ကျုပ်တို့ ဒီမှာဗျို့ - ကျုပ်တို့ ဒီမှာ"

အကြောင်းမထူးချေ၊ မည်သည့်တုံ့ပြန်သံကိုမျှ မကြားရ၊ တောက ပို၍ နက်လာသည်၊ ခရီးက တဖြည်းဖြည်း ရှည်သည်ထက် ရှည်လာသည်၊ တစ်နေရာအရောက်တွင် ရဲဘော်ဘလူက ညိုကြီးကို ပြောလိုက်သည်၊

"ကေနွ - ဒီဆရာ ထွက်ပြေးပြီးထင်တယ်ဗျ၊ ခင်ဗျား - ဘယ်လိုထင်လဲ ရဲဘော်ညိုကြီး"

ရဲဘော်ဘလူစကားကြောင့် ညိုကြီး တွေခနဲ ဖြစ်သွားသည်၊ ထိုစကား ဖြစ်နိုင်စရာရှိသည်ကိုလည်း စဉ်းစားလိုက်မိသည်၊ သို့သော် ညိုကြီး ငိုင်တွေနေမိသည်၊ သူ့မျက်လုံးထဲတွင် ကိုသောင်းဟန်၏ ရုပ်သွင်ကို မြင်ယောင်လာသည်၊ မိမိရင်သွေးကလေးကို ချော့ချော့မော့မော့ မွေးထုတ်ပေးခဲ့သည့် ချစ်ခင်လေးစားဖွယ် ကျေးဇူးရှင်၏မျက်နှာကို ပီပြင်စွာ မြင်ယောင်လာသည်၊ မနေ့ညတုန်းက စကားဝိုင်း၌ပင် ဆရာနှင့်မိမိ သမီးကလေးအတွက် အမည် မှည့်ပေးခဲ့ကြသေးသည်၊ မိမိက သမီးကလေး၏နာမည်တွင် မိမိအမည်ကို ပါထည့်၍မှည့်လိုကြောင်းပြောရာ ဆရာက အင်္ဂါသမီးဖြစ်သော သမီးကလေးအား "ညိုညိုဆန်း" ဟူ၍ မှည့်ပေးလေသည်၊ ဤတွင် မိမိက ဆရာ့ကို အမှတ်တရဖြစ်စေလိုသောကြောင့် "ညိုညိုဆန်း" အစား "ညိုညိုဟန်" ဟူ၍သာ မှည့်လိုကြောင်း ဆန္ဒပြုရာ ဆရာက ဝမ်းမြောက်ဝမ်းသာပင် လက်ခံခဲ့သည်၊

တစ်ဆင့်တက်၍ တွေးမိပြန်သည်မှာ မိမိက မိမိ၏မိသားစုကို ချစ်ခင် သကဲ့သို့ ဆရာသည်လည်း သူ့မိသားစုအပေါ် ချစ်ခင်ပေလိမ့်မည်၊ သံယော ဇဉ် ရှိပေလိမ့်မည်၊ သူ့ခမျာ မိမိတို့၏စခန်း၌ အကျယ်ချုပ်ဖြင့် နေထိုင်ရင်း သူ့မိသားစုအပေါ် တမ်းတနေပေလိမ့်မည်၊ သတိရနေပေလိမ့်မည်၊ တွေ့ လည်း တွေ့ချင်၊ ဆုံလည်း ဆုံချင်ရှာပေလိမ့်မည်၊ ထို့ကြောင့် ယခုကဲ့သို့ အခွင့်အရေးရသခိုက်တွင် ဆရာ့အနေနှင့် ထွက်ပြေးခဲ့မည်ဆိုပါက ထိုလုပ် ရပ်မှာ အကျိုးအကြောင်း ညီညွတ်သောလုပ်ရပ်သာ ဖြစ်ပေသည်၊ စသည် ဖြင့် တစ်သီတစ်တန်းကြီး တွေးတောရင်း ညိုကြီးမှာ သက်ပြင်းကိုသာ အခါ



ခါချနေမိတော့သည်၊ "ဆရာ - ပြေးချင် ပြေးပါစေတော့လေ" ဟုလည်း ဝမ်း နည်းစိတ်နှင့်အတူ စိတ်ကိုပါ လျှော့ချလိုက်တော့သည်၊

သို့သော် ညိုကြီး တွက်ကိန်းမှားသွားလေပြီ၊ သူထင်သလို မဟုတ်ခဲ့ လေပြီ၊ ထိုအခိုက်အတန့်၌ အရှေ့ဘက် ခပ်ဝေးဝေးတစ်နေရာမှ လှမ်းအော် ပြောလိုက်သောအသံတစ်ခုက သူတို့ရှိရာသို့ ပျံ့လွင့်လာလေသည်၊

"ဗျို့ - ရှေ့ကလာတဲ့လူတွေ စခန်းကလူတွေလား၊ ကျွန်တော် ဒီမှာ ရှိ တယ်ဗျို့ - ဆရာသောင်းဟန် - ဆရာသောင်းဟန်"

ညိုကြီးတို့အဖွဲ့ အံ့အားသင့်သွားသည်၊ တစ်ယောက်မျက်နှာ တစ် ယောက် ကြည့်မိကြသည်၊ ထို့နောက် အသံလာရာဆီသို့ ခပ်သွက်သွက် သွားလိုက်ကြရာ ကိုသောင်းဟန်နှင့် ဆုံတွေ့မိကြလေသည်၊ ကိုသောင်း ဟန်က ကျောက်တုံးကျောက်ခဲများ စုပုံနေသော နေရာတစ်ခုတွင် ရပ်လျက် ရှိသည်၊ သူတို့ကို တွေ့ရလျှင် တွေ့ရချင်းပင် လှမ်းအော်ပြောလိုက်သည်၊

"ဗိုး - ကျွန်တော်ဖြင့် တစ်ယောက်ထဲကွဲပြီး ဘယ်ရောက်လို့ ရောက်နေ မှန်းကို မသိဘူး၊ ခင်ဗျားတို့ လိုက်ရှာလို့ တော်သေးတာပေါ့"

"ဆရာက ကျားဆိုတာနဲ့ မာရသွန်အပြေးမျိုးနဲ့ တအားကြဲပြေးတာ ကိုးဗျ - ဟား - ဟား - ဟား"

ရဲဘော်ဘလူနှင့် ရဲဘော်ခင်သာတို့က ပြောပြီးရယ်လိုက်ကြသည်၊ ကိုသောင်းဟန်က ပြုံးစေ့စေ့သာ လုပ်နေသည်၊

"ပြေးဆို - ခင်ဗျားတို့က အရင်ထပြေးတာကိုးဗျ၊ ကျွန်တော်လည်း နောက်ကျတဲ့ခြေထောက် သစ္စာဖောက်ဆိုပြီး ပြေးရတော့တာပေါ့၊ ဒါထက် အားကောင်းတွေကော ရကြရဲ့လား"

"ရပါ့ဗျာ - မြောက်ကောင်းတောင် ရတယ်၊ ခုညတော့ - ဆရာ ဝမ်းတွင်း အားရုက်နဲ့ ထမင်းမြိန်ဖို့သာ ပြင်ပေတော့ ..."

"ထမင်းမြိန်ဖို့က ခဏထားဦး၊ ခင်ဗျားတို့သုံးယောက် ကျွန်တော် ရှာထားတဲ့ ပေါဒီကျောက်တုံးတွေကို တစ်ယောက်တစ်တုံးစီ သယ်လာခဲ့ ကြဦး"



www.burmeseclassic.com

www.burmeseclassic.com

"ဘာလုပ်ဖို့တုံးဗျ၊ ဒီကျောက်တုံးတွေကို ..."

"တို့ကျတော့ သိမှာပါလေ၊ အလုပ်ရှိလို့ပေါ့"

ညိုကြီးတို့က ထပ်မမေးကြတော့ပဲ ကိုသောင်းဟန် ညွှန်ပြသော ကျောက်တုံးများကို တစ်ယောက်တစ်တုံးစီ ကောက်ထမ်းကြသည်၊ ကိုသောင်းဟန်ကပါ တစ်တုံးကို ယူ၍ ပခုံးပေါ်တင်လိုက်သည်၊ ထို့နောက် စုရပ်ရှိရာသို့ ပြန်လာခဲ့ကြသည်၊

လမ်းတွင် ညိုကြီးက ရှေ့မှသွားနေသော ရဲဘော်ခင်သာတို့နှစ်ယောက် မကြားအောင် ကိုသောင်းဟန်အား ခပ်တိုးတိုးပြောလိုက်သည်၊

"ခက်ပါဘိ – ဆရာရယ်၊ အခွင့်အရေးရတုန်း ဘာလို့မပြောတာတုန်းဗျ ကျုပ်တို့က ဆရာ ပြေးပြီးမှတ်နေတာ ..."

ညိုကြီးစကားကြောင့် ကိုသောင်းဟန်မျက်နှာက တည်ခနဲ ဖြစ်သွားသည်၊ ခေါင်းကို ခါယမ်း၍လည်း ညိုကြီးအား ပြန်ပြောလိုက်သည်၊

"မပြေးပါဘူး – ညိုကြီးရာ၊ ကျွန်တော်က ကတိနဲ့သစ္စာတရားကိုတန်ဖိုးထားတယ်၊ လေးစားတယ်ဗျ၊ ကျွန်တော် လူကောင်းတစ်ယောက်ဖြစ်ကြောင်းကို တစ်နည်းအားဖြင့် အဲဒီကတိသစ္စာတရားနဲ့ပဲ သက်သေပြလိုက်တာပဲ"

စကားပြတ်သွားသည်၊ ညိုကြီးက လမ်းလျှောက်နေရင်း ခပ်ငေးငေး ဖြစ်သွားသည်၊ သူ့စိတ်ထဲတွင်မူ ကိုသောင်းဟန် ပြောလိုက်သည့် "ကတိသစ္စာ" ဆိုသည့်စကားလုံးကိုသာ အထပ်ထပ် ရွတ်ဆိုနေမိလေတော့သည်၊

၀၀၀

နောက်တစ်နေ့နံနက်တွင် ကိုသောင်းဟန်က သူ့ကျောက်တုံးများဖြင့် အလုပ်ရှုပ်နေတော့သည်၊ လက်သမားလုပ်တတ်သော ရဲဘော်အောင်မြင့် ဆိုသူကိုလည်း သူ့အား ကူညီရန် ခေါ်ယူထားသည်၊ ကိုသောင်းဟန်တို့လုပ်ကိုင်နေသည်ကို ညိုကြီးတို့တစ်သိုက်အပြင် အမျိုးသမီးနှင့် ကလေးတစ်



အုပ် လာရောက်၍ ဝိုင်းကြည့်နေကြသည်၊ သူတို့ကို ကိုသောင်းဟန်က အောက်ပါအတိုင်းပင် ရှင်းပြသည်၊

"ဒီကျောက်က နယ်နယ်ရရကျောက် မဟုတ်ဘူးဗျ၊ သင်ပုန်းကျောက်၊ ဒီမှာ တွေ့လား – သူ့အလွှာနဲ့သူနေတာ၊ ဒီကျောက်တွေကို ခွဲပြီး ကျောက်သင်ပုန်းသွေးမယ်ဗျာ၊ ကျောက်တံတွေ လုပ်မယ်ဗျာ၊ ပြီးတာနဲ့ ကျွန်တော် ကျောင်းဖွင့်မယ်၊ ကလေးလူကြီးမရွေး ဆန္ဒရှိတဲ့သူတိုင်းကို ကျွန်တော် စာသင်ပေးမယ်၊ ကျွန်တော်လည်း အပြင်းပြေ၊ ခင်ဗျားတို့လည်း အကျိုးရှိ၊ ပြီးတော့ – ကျွန်တော်က ပညာပါရမီလည်း ဖြည့်ပြီးသား ဖြစ်သွားတာပေါ့ဗျာ – ဟဲ – ဟဲ"

ကိုသောင်းဟန်၏ အစီအစဉ်ကို အံ့သြနေကြသည်၊ မည်သို့မျှတော့ စာအက မတက်ကြရှေး၊ ကိုသောင်းဟန်က သူ့လုပ်ငန်းကို ဆက်လုပ်သည်၊ ရဲဘော်အောင်မြင့်အကူအညီဖြင့် ကျောက်တုံးကို ဆောက်ဖြင့်ရိုက်ကာ အလွှာစီ ခွဲထုတ်သည်၊ ခွဲပြီးသား ကျောက်ပြားများကို လေးထောင့်စပ်စပ် ဖြစ်အောင် ဓားဖြင့် ညီညီညာညာ ခုတ်ချသည်၊ ထို့နောက် မျက်နှာပြင်နှစ်ဘက်ကို ကျားလျှာဖြင့် ပွတ်စားပြီး ညီညာအောင် မြူပြင်သည်၊ မကြာမီ ထိုကျောက်ပြားများက ရှစ်လက်မ ပတ်လည်ခန့်အရွယ်ရှိသော ကျောက်သင်ပုန်းများအဖြစ်သို့ အသွင်ပြောင်းသွားလေပြီ၊ ကျောက်တံကိုလည်း ထိုကျောက်ပြားများကိုပင် အရှောင်းသေးသေးကလေးများဖြစ်အောင် စိပ်၍ အထပ်ထပ်သွေးလေသည်၊ သို့နှင့်ပင် မည်းညစ်ညစ်အရောင်ရှိသော ကျောက်သင်ပုန်းအချပ်နှစ်ဆယ်ခန့်နှင့် ကျောက်တံ အတော်များများကို အောင်မြင်စွာ ရရှိလိုက်လေပြီ၊

ပြီးလျှင် – ကိုသောင်းဟန်က သူ့ဆေးခန်းမှာပင် ကျောင်းဖွင့်ရန် စီစဉ်သည်၊ ထိုကိစ္စလည်း စခန်းတစ်ခုလုံးသို့ ကြော်ငြာလိုက်သည်၊ အံ့သြစရာ ပင်၊ သူ ကြော်ငြာပြီးပြီးချင်းမှာပင် ကလေး(၁၅)ယောက်ခန့်က လာရောက် စာရင်းပေးတော့သည်၊ အသင့်ဖြစ်နေသော ကျောက်သင်ပုန်းနှင့် ကျောက်တံများကို ထိုကလေးများက တိုင်တာကြည့်ကြည့်နှင့် လုပ်နေတော့သည်၊



www.burmeseclassic.com

www.burmeseclassic.com

အချိန်ဆိုင်းမနေတော့ပါ။ ထိုကလေးများအား ကျောက်သင်ပုန်းတစ်ချပ်စီ ဝေပေးပြီးနောက် ကိုသောင်းဟန်က ချက်ချင်းပင် သင်ခန်းစာကို စတင်လိုက်တော့သည်။

ပို၍သာ အံ့သြရပြန်သေးသည်။ ကလေးများမှာ စာသင်ရသည်ကို စိတ်ဝင်စားမှုရှိသလို၊ ဝီရိယစိုက်ထုတ်မှုတွင်လည်း အတော်ပင် အားကောင်းလှသည်။ ထိုအချက်များကြောင့်ပင် သူတို့က လွန်စွာ သင်လွယ် တတ်လွယ်ကြလေသည်။ ကွပ်ပျစ်တွင် ဝိုင်းထိုင်ကြကာ ကိုသောင်းဟန်သင်ပေးသမျှကို စိတ်အားသန်သန်ဖြင့် ရေးလိုက် ဖျက်လိုက်လုပ်နေကြသည်မှာ မိုးချုပ်၍ ထမင်းစားချိန်ရောက်သည့်တိုင်အောင် အိမ်ပြန်လိုစိတ် မရှိကြသေးပေ။ ကိုသောင်းဟန် စဉ်းစားမိသည်။ ဤကလေးများမှာ ကျောင်းထားရမည့် အရွယ်ကို များစွာကျော်လွန်နေသော ကလေးကြီးအရွယ်များဖြစ်ကြသည်။ ပြီးလျှင် သူတို့နေထိုင်သောနေရာကလည်း စာသံပေသံ ဆိတ်သုဉ်းခြောက်ခန်းလျက်ရှိသော တောတွင်းနေရာ ဖြစ်သည်။ ထိုအချက်များကြောင့်ပင် ကိုသောင်းဟန်၏အစီအစဉ်က သူတို့အတွက် ရေငတ်သူ ရေတွင်းထဲကျ ဆိုသလို ဖြစ်ကြရခြင်းဖြစ်ပြီး ကိုသောင်းဟန်အနေနှင့်လည်း သူတို့အား အထူးပင် သင်ပြရလွယ်ကူနေခြင်း ဖြစ်ပေတော့သည်။ မည်သို့ဆိုစေ ကျောက်တံကလေးတွေဖြင့် မနားတမ်း တဂျစ်ဂျစ်ခြစ်ရေးနေသော သူတို့ကလေးတွေကိုကြည့်ကာ ကိုသောင်းဟန်တစ်ယောက် ရင်နင့်အောင်ပင် ခံစားမိရသည်။

သို့နှင့် ကိုသောင်းဟန်၏ကျောင်းက နောက်တစ်နေ့မကူးမီပင် စာသင်သားများ ထပ်တိုးလာသည်။ ထိုနေ့မိုးချုပ်သည်နှင့် ညီကြီးအပါအဝင် လူကြီးအချို့ကပါ စာသင်လိုကြောင်း ဆန္ဒပြုကြသည်။ အားလုံး၏ကိုယ်စား ညီကြီးကပင် စပ်ဖြီးဖြီးမျက်နှာဖြင့် ပြောသွားခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့လည်း အသက်ကြီးမှ လက်ပေးသင်ဆိုသလို ဖြစ်နေပြီ ဆရာ။ ခုမှ စာသင်ချင်စိတ်တွေ ပေါက်လို့ ..."



"ရပါတယ်ဗျ။ ပညာလို အိုသည်မရှိတဲ့၊ တတ်ထားတော့ ကောင်းတာပေါ့ဗျာ ..."

"သူများတွေအတွက်တော့ မဆိုလိုပါဘူး။ ကျွန်တော်ကတော့ သမီးလေးအတွက်ကို ရည်စူးပြီး စာသင်ထားချင်တာပါ - ဆရာ၊ သမီးလေးက တဖြည်းဖြည်း ကြီးလာမှာလေ ...။ ကျွန်တော်တို့ဘဝက ရှေ့လျှောက်ပြီး ဘယ်လိုနေရဦးမယ်ဆိုတာ မပြောနိုင်ဘူး။ ခုလိုပဲ - တောထဲ တောင်ထဲမှာ နေရတဲ့ဘဝက မကျွတ်မလွတ်နိုင်သေးခဲ့ရင် ကျွန်တော်က ကျွန်တော်ကိုယ်တိုင် သမီးလေးကို စာပြန်သင်ပေးရအောင်ပေါ့ - ဆရာ"

ညီကြီး၏မိဘမေတ္တာ ကြီးမားပုံပင် ဖြစ်တော့သည်။ သူ၏ စာသင်ရခြင်းသည် သမီးကလေးအတွက် ရည်စူးပြီး စာသင်ရခြင်းဖြစ်ပါသတဲ့။ ညီကြီးကား မိမိကိုယ်တိုင်အတွက် စာသင်လိုခြင်း၊ စာတတ်လိုခြင်း မဟုတ်ပါပေ။

၁၁

ထိုရက်ပိုင်းအတွင်းမှာပင် နိုင်ငံရေးမှူးဆိုသူက ဗဟိုမှ ပြန်ရောက်လာသည်။ သူနှင့်အတူ သတင်းထူးတချို့ပါလာသည်။ ထိုသတင်းများမှာ ယခုအလော အစိုးရဘက်မှ ထိုးစစ်များ ပြင်းထန်လျက်ရှိကြောင်း၊ တစ်ပြည်လုံးရှိ နေရာအတော်များများမှာပင် တိုက်ပွဲများ ဖြစ်လျက်ရှိကြောင်း၊ သူတို့၏ဌာနချုပ်အပြင် စခန်းအတော်များများမှာ မြို့ရွာများအနီးတစ်ဝိုက်တွင် စခန်းချ နေထိုင်နိုင်ခြင်း မရှိတော့ပဲ အလှမ်းဝေးခေါင်သည့် တောတွင်းနေရာများဆီသို့ ပြောင်းရွှေ့နေကြရပြီဖြစ်ကြောင်း၊ မိမိတို့၏ စခန်းကိုလည်း အစိုးရတပ်က အချိန်မရွေး ထိုးစစ်ဆင်လာနိုင်ကြောင်း၊ စခန်း၏လုံခြုံရေးကို အထူးကြပ်မတ်ဖို့လိုကြောင်း၊ စခန်းကိုလည်း အချိန်မရွေး နေရာရွှေ့ပြောင်းနိုင်သောကြောင့် အမြဲတစေ အသင့်အနေအထားဖြင့် နေထိုင်ရမည်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကြောင်း စသည့် အကြောင်းအရာများပင် ဖြစ်လေသည်၊ ထိုအကြောင်းများကို စခန်းရှိ နေရာတိုင်းလိုလိုမှာပင် သူတို့အချင်းချင်း ပြောဆိုဆွေးနွေးနေကြသည်ဖြစ်ရာ ကိုသောင်းဟန်က တစေ့တစောင်းအားဖြင့် သိရှိနေရလေသည်၊

ကိုသောင်းဟန်မှာ သူ့ဆေးခန်းအလုပ်၊ စာသင်ဝိုင်းအလုပ်ကိုသာ အာရုံစိုက်ပြီး လုပ်နေမိသည်၊ ကလေးများမှာ အတော်တိုးတက်လျက်ရှိကြလေပြီ၊ သင်ပုန်းကြီးကို တစ်ခဏအတွင်းမှာပင် ကြေညက်သွားကြရုံမျှမက တစ်လေလာတုန်းက ရှားရှားပါးပါး မှာကြားရရှိလိုက်သည့် ဖတ်စာအုပ်များကိုပင် သူတို့က မြှုင်မြှုင်ဆိုင်ဆိုင် ဖတ်ကြားသီကြွေး၍ နေကြလေပြီ၊ သူ့တပည့်များထဲတွင် ရဲဘော်ဉာဏ်မောင်နှင့် ဒေါ်ခင်သိုက်တို့၏သား မောင်မျိုးမြင့်ခေါ် ဂျစ်တူးကလေးမှာ အထူးပင် ဉာဏ်ကောင်းလှသည်ကို ကိုသောင်းဟန် သတိပြုမိသည်၊ ထိုကလေးမှာ ယခင်က တရှောင်ရှောင် ဖျားနေတတ်သဖြင့် ကိုသောင်းဟန်၏ဆေးခန်းသို့ မကြာခဏလာနေရသောကလေး ဖြစ်သည်၊ ယခုမူ သူက ရောဂါကင်းစင်လေပြီ၊ သူ နေကောင်းသွားသည်နှင့်အမျှ သူ၏ ရှိရင်းစွဲဉာဏ်ကလေးကပါ အလိုလို ပွင့်လင်းတောက်ပလာခြင်းပင် ဖြစ်သည်၊

ဂျစ်တူးကလေးမှာ တစ်ထွာပြ တံတောင်မြင်တတ်သူလေးဟုပင် ဆိုရမည်၊ ကလေးများထဲတွင် သူသာ စာအတော်ဆုံးဖြစ်သည်၊ ထို့ပြင် သူက ကိုယ်ပိုင်ဉာဏ်ဖြင့်လည်း စဉ်းစားတတ်သေးသည်၊ တွေးခေါ်တတ်သေးသည်၊ ကိုသောင်းဟန်အားလည်း နက်နဲသောမေးခွန်းများကို ပြန်လည်မေးမြန်းတတ်သေးသည်၊ ဤနေရာ၌ သူမေးသောမေးခွန်းတစ်ခုကိုပင် ဥပမာသဘောမျိုး ဖော်ပြလိုက်ပါမည်၊ သူက -

"ဆရာ - ဆရာ - ဆရာပြောပြတဲ့ ပါဏာတိပါတာကံအကြောင်းကို ကျွန်တော် မေးချင်လို့ပါ - ဆရာ၊ သူ့အသက်သတ်လို့ ငရဲကြီးတာချင်းအတူတူ ခြင်ကို သတ်မိတာနဲ့ ဆင်ကိုသတ်မိတာ တူနိုင်ပါ့မလား - ဆရာ၊ ခြင်ကလက်ဝါးလေးနဲ့ ရိုက်လိုက်ရုံနဲ့ သေသွားပေမယ့် ဆင်ကြီးကိုကျတော့ တော်



တော်သတ်ယူရတယ် မဟုတ်လား - ဆရာ၊ စခန်းက ရဲဘော်တွေ ဆင်လိုက်ကြတာကို ကျွန်တော်မြင်ဖူးတယ် ခင်ဗျ၊ ဆင်ကြီးတစ်ကောင်ဟာ သေနတ်တွေနဲ့ ပစ်တာတောင် မသေနိုင်သေးလို့ လူတွေ ဆယ်ယောက်လောက်က လှံတွေနဲ့ ထိုး၊ ရဲဒင်းတွေနဲ့ ခုတ်ကြတော့မှ တဖြည်းဖြည်း သေသွားတော့တာ - ဆရာ"

ဟူ၍ မေးလိုက်လေသည်၊ ကိုသောင်းဟန်မှာ စာလည်း သင်ပေးရင်း ယဉ်ကျေးမှုဆိုင်ရာတို့ကိုပါ အခွင့်သင့်တိုင်း ပြောပြတတ်ပေရာ ကိုသောင်းဟန်ပြောပြသော အချက်တစ်ချက်ကို ထောက်၍ ဂျစ်တူးက အထက်ပါအတိုင်း မေးမြန်းလိုက်ခြင်း ဖြစ်တော့သည်၊ သူ့မေးခွန်းက အံ့အားသင့်ရာ ကောင်းလှသည်၊ ကိုသောင်းဟန်က သူ့အား ချီးမွမ်းရင်းမှပင် သူ့မေးခွန်းကို ဆီလျော်အောင် ပြန်ဖြေရသည်၊

"မင်းပြောတာ - သိပ်မှန်တာပဲ - မောင်မျိုးမြင့်ရာ၊ မင်းပြောသလို သတ်တာချင်းတူပေမယ့် ကျူးလွန်တဲ့ကံချင်းက ဘယ်တူပါ့မလဲကွ၊ သတ္တဝါတစ်ဦးကို များများလုံ့လစိုက်ပြီး သတ်ဖြတ်ရလေ သူ့စိတ်ထဲက အကုသိုလ်တလည်း ပိုပြီးကြီးမားလေပဲပေါ့ကွ၊ ဒီတော့ - အကုသိုလ်ကြီးမားလေလေ အပြစ်ကလည်း ကြီးမားလေလေပဲပေါ့ကွာ ....၊

နောက်ပြီး - တိရစ္ဆာန်ကို သတ်တာနဲ့ လူကိုသတ်တာက ပိုပြီးအပြစ်ကြီးပြန်တယ်ကွ၊ တစ်ခါ - လူကို သတ်မိတာချင်းအတူတူ လူရိုးလူကောင်းတစ်ယောက်၊ သူတော်ကောင်းတစ်ယောက်ကို သတ်မိတာက ပိုပြီးအပြစ်ကြီးပြန်တယ်၊ မိဘတို့ ရဟန္တာတို့ တို့လိုပုဂ္ဂိုလ်မျိုးကို သတ်ဖြတ်မိရင်တော့ ဘာပြောကောင်းတော့မလဲကွာ၊ သေတာနဲ့ ငရဲကို သေချာပေါက် ရောက်ပြီသားပေါ့"

ကိုသောင်းဟန် အဖြေစကားကြားရသည်နှင့် မောင်မျိုးမြင့်က ဘဝင်ကျသွားဟန်တူသည်၊ သူ့ဘာသာ ခပ်ငေးငေးလေး ဆက်တွေးနေသည်ကို တွေ့ရသည်၊ ကိုသောင်းဟန်က မောင်မျိုးမြင့်ကို သဘောကျသွားသည်၊ ထို့ကြောင့် သူ့ကို လက်ရင်းတပည့်အဖြစ် သတ်မှတ်ရန်နှင့် ဆေးခန်းတွင်

www.burmeseclassic.com

တောတ်တိုမည်ရ နိုင်းရန်အပြင် ဆေးထည့်ခြင်း၊ ပတ်တီးစည်းခြင်းကဲ့သို့သော အသေးအမွှားပညာကလေးများကိုပါ သင်ပေးမည်ဟု ပိုင်းဖြတ်လိုက်လေသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် အထက်ပါအတိုင်း မောင်မျိုးမြင့်အမေးကို ကိုသောင်းဟန်က ပြန်ဖြေနေစဉ် အနီးတွင် ညိုကြီးပါ ရှိနေသည်။ ညိုကြီးတို့တစ်သိုက်မှာ ကလေးများကဲ့သို့ အချိန်ပြည့် လာပြီးစာမသင်နိုင်၊ လှည်းကင်း၊ ပတ်ကင်းကဲ့သို့ စခန်းတာဝန်များကို ဆောင်ရွက်ပြီးချိန်ကျမှသာ လာရောက်သင်ကြားခွင့် ရကြသည်။ ယခု - ညိုကြီးပင် စာအတော် တတ်နေလေပြီ။

ထိုနေ့က လူရှင်းချိန်ရောက်တော့မှ ညိုကြီးက ကိုသောင်းဟန်ကို ခပ်တိုးတိုးပြောသည်။

"ဆရာ - ဂျစ်တူးကိုပြန်ဖြေတဲ့စကားဟာ တော်တော်မှန်တာပဲ - ဆရာ၊ လူဆိုးကိုသတ်မိတာထက် လူကောင်းကို သတ်မိတာက ပိုအပြစ်ကြီးတယ် ဆိုတဲ့စကားလေ ...၊ ဒီကနေ့ - ကျွန်တော်တို့ ဆုံကုန်းဆိုတဲ့ရွာနဲ့ တာလွန်ဆိုတဲ့ရွာက သူကြီးနှစ်ယောက်ကို ဖမ်းပြီးတော့ သုတ်သင်ရေးလုပ်ခဲ့ရတယ် ဆရာ၊ နိုင်ငံရေးမှုးရဲ့အမိန့်နဲ့ပဲပေါ့၊ ဒီနိုင်ငံရေးမှုးဆိုတဲ့လူက တဖောက်ကန်းနိုင်ငံရေးသမား - ဆရာ၊ တိုင်စာကလေး နည်းနည်းရောက်လာတာနဲ့ ဘာမှဆင်ခြင်စဉ်းစားမနေတော့ပဲ ပြည်သူ့ရန်သူဆိုသူ ဆိုပြီး ခေါ်သတ်ရှင်းလုပ်နေတော့တာပဲ။

ဒီကနေ့ ကျွန်တော်တို့ စီရင်ခဲ့တဲ့သူကြီးနှစ်ယောက်ဆိုရင် အမိန့်ပေးလို့သာ လုပ်ခဲ့ရတယ်၊ ကျွန်တော် နည်းနည်းမှ စိတ်မပါဘူး၊ သူတို့ရွာအသက်ကို ချမ်းသာပေးဖို့ အမျိုးမျိုးတောင်းပန်လိုက်ကြတာ၊ မျက်ရည်လည်ရွဲနဲ့ပေါ့ - ဆရာ၊ သူတို့မျက်နှာမြင်ရတာနဲ့ပဲ ဒီလူတွေဟာ သတ်ထိုက်လောက်အောင် ယုတ်မာတဲ့သူတွေမဟုတ်ဘူးဆိုတာ ကျွန်တော့်စိတ်ထဲက အလိုလို သိနေမိတယ် - ဆရာ၊ လက်လွန်ပြီးသွားမှပဲ - ကျွန်တော်



အကြောင်းစုံ သိခဲ့ရတယ်၊ ဒီသူကြီးနှစ်ယောက် အရှောင်အသတ်ခံလိုက်ရတာ - ဆရာ၊ ထုံးစံအတိုင်း - မလိုသူတချို့က တစ်စိတ်ကို တစ်အိတ်လုပ်ပြီး ပုံကြီးချဲ့တိုင်ကြတာ၊ တိုင်တာကလည်း နိုင်ငံရေးမှုးနဲ့ တော်တော်ရင်းနှီးတဲ့ ရွာသားတစ်ယောက်ကတစ်ဆင့် တိုင်တာဆိုတော့ ထိရောက်မှုရှိသွားတာပေါ့၊ ဘာပဲပြောပြော - ဆရာ၊ ကျွန်တော်တော့ အပြစ်မဲ့သူနှစ်ယောက်ကို သတ်လိုက်မိတဲ့အတွက် တော်တော်ကို စိတ်မကောင်းဘူး၊ တနုံ့နုံ့နဲ့ ခံစားရတယ်"

ညိုကြီးအသံက တကယ်ပင် ခံစားချက်သံ ပါသည်။ ပြောနေရင်း အတန်ငယ် တုန်ယင်နေသည်ဟုပင် ထင်ရသည်။ ထိုအကြောင်းကြားရသည့်အတွက် ကိုသောင်းဟန်ပါ စိတ်ညှိုးနွမ်းသွားမိသည်၊ သို့သော် နှုတ်ကတော့ မည်သို့မျှ မဝေဖန်မိ၊ မပြောဆိုရေး၊ သက်ပြင်းကိုချ၍ ဆိတ်ဆိတ်သာနေလိုက်မိသည်။ ထို့နောက် စိတ်မကောင်းစွာနှင့်ပင် ညိုကြီးနှင့်လူချင်းခွဲခဲ့ရသည်။

ထိုညမှာပင် ခြောက်ဘက်အရပ် အတော်ဝေးဝေးဆီမှ ပေါက်ကွဲသံများကို ကြားကြရသည်။ ပထမတွင် ကိုသောင်းဟန်က မိုးချုန်းသံလိုလို ထင်နေခဲ့သေးသော်လည်း သေသေချာချာ နားထောင်ကြည့်မှ လက်နက်ကြီးပစ်ခတ်ကွဲသံများဖြစ်နေမှန်း သိလိုက်ရသည်။ ကြိုးကြား၌ တဖျောက်ဖျောက် အဖောက်ဖောက်နှင့် ပစ်ခတ်သံများကိုပါ သဲသဲကွဲကွဲ ကြားလာရသည်။

အချိန်မှာ ည(၁၁)နာရီခန့် ရှိနေလေပြီ၊ ကိုသောင်းဟန်က အိပ်ရာထဲက ထလိုက်သည်၊ ပြီး - အပြင်သို့ပါ ထွက်လိုက်သည်၊ အပြင်ဘက် စခန်းမှန်များက ထုထဲစွာ ကျရောက်လျက်ရှိသည်၊ ထိုနင်းများကြားမှာပင် စခန်းတစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်နေသည်ကို တွေ့ရသည်၊ အများစုက ခြောက်ဘက်ကမ်းပါးယံမှနေ၍ တိုက်ပွဲဖြစ်နေသော ကွင်းပြင်ထဲ ငေးမျှော်ကြည့်နေကြသည်၊ တိုက်ပွဲမှာ ဤနေရာမှဆိုလျှင် အတော်ဝေးသည်၊ သို့သော် ညဖြစ်နေသည့်အတွက် "အုံး" ခနဲ မော်တာ ကျည်ကျ



www.burmeseclassic.com

www.burmeseclassic.com

လိုက်ထိုင်း "ဝင်း" ခနဲ မီးပွင့်သွားသည်ကိုလည်းကောင်း၊ ကောင်းကင်ထဲသို့ အဆင့်ဆင့်ဖောက်ဝင်သွားသော မီးကျည်နီနီရဲရဲများကိုလည်းကောင်း ဆင်မှူးမှူး မြင်တွေ့နေရလေသည်။

နိုင်ငံရေးမှူး၏အသံက ပေါ်လာသည်။

"ရဲဘော်ချစ်ဦး - ချက်ချင်းစက်ဖွင့်ပြီး နားထောင်ကြည့်စမ်း၊ ဗိုလ်တင်ဝင်း - ကင်းတွေကို လိုက်စစ်ပါ၊ ရဲဘော်ညက်မောင်နဲ့ ရဲဘော်မြင့်စိုးတို့တပ်စိပ်ဘက်မှာ ကင်းသစ်နှစ်တွဲ ထပ်ချပါ၊ ပြီးတော့ - ခုညကစပြီး စခန်းတစ်ခုလုံး စတင်းတူးလုပ်မယ်"

သို့နှင့် အားလုံးလူစုခွဲလိုက်ကြပြီး ကိုယ့်နေရာကိုယ် ပြန်ကြလေသည်၊ ကတုတ်များ၊ ကင်းပုတ်များတွင်လည်း အံသီးသီး နေရာယူလိုက်ကြသည်၊ စတင်းတူးဆိုသည့်အတိုင်းပင် နိုင်ငံရေးမှူးထံမှ အမိန့်မရမချင်း မည်သူမျှ မအိပ်ရပဲ မိမိနေရာများတွင် အသင့်စောင့်နေကြရမည်ကို ကိုသောင်းဟန်က သိရှိပြီး ဖြစ်လေသည်၊

ကိုသောင်းဟန်က တဲသို့ပြန်ကာ စောင်ခြုံ၍ ပြန်ကွေးနေလိုက်သည်၊ တမည့်ဖြစ်သူ မောင်မျိုးမြင့်မှာ သူ့ခြေရင်းရှိ အိပ်စင်ကလေးပေါ်မှာပင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လျက်ရှိသည်၊ တအောင့်အကြာတွင် တတိတိ ထွက်ပေါ်လာသော ဆက်သွယ်ရေးစက်သံနှင့်အတူ ရဲဘော်ချစ်ဦး၏ စက်ခေါ်နေသံ ခပ်ဝါးဝါးကို အိပ်ရာထဲမှပင် ကြားလိုက်ရလေသည်၊

ဝဝဝ

နံနက်မိုးလင်းသည်နှင့် စခန်းအခြေအနေက ပုံမှန်အတိုင်းပင် ပြန်ဖြစ်သွားသည်၊ သို့သော် စခန်းပတ်လည်ရှိ ကင်းများကိုတော့ ပို၍ ဂရုတစိုက် ချထားလိုက်သည်၊ ကင်းတိုကင်းရှည်တို့မှ ကင်းသားများ အရေအတွက်ကိုလည်း ယခင်ကထက် တိုးမြှင့်ချထားလိုက်သည်၊ သည်ရက်ပိုင်းအတွင်း အမျိုးသမီးနှင့် ကလေးများပါမကျန် မည်သူမျှ တောလည်မထွက်ရဟု နိုင်ငံရေးမှူးက အမိန့်ထုတ်လိုက်သည်ဟု ဆိုလေသည်၊



နံနက် (၁၀)နာရီခန့် အရောက်တွင် အရေးပေါ်ကိစ္စတစ်ခုက ကိုသောင်းဟန်ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာသည်၊ စခန်းဆော်မတို့ ရဲဘော်ကြာညွန့်၏ဇနီး မကြည်ရွှေနှင့် မီးယပ်သည် ဒေါ်စိန်ပွင့်တို့နှစ်ယောက်က ဆေးခန်းသို့ အူယားဖားယား ရောက်လာကာ ကိုသောင်းဟန်အား အမောတကောဖြင့် သတင်းပို့လိုက်သည်၊

"ဆရာရေ - လုပ်ပါဦး၊ မြန်မြန်လိုက်ခဲ့ပါဦး၊ ဗိုလ်တင်ဝင်းမိန်းမ - မပုစိန်အလေးပျက်ကျပြီး သွေးတွေ တအားသွန်နေလို့ ..."

သူတို့စကားကြောင့် ကိုသောင်းဟန် ရုတ်တရက် မိုက်ခနဲဖြစ်သွားသည်၊ ချက်ချင်းပင် ဆေးအိတ်ကိုယူ၍ သူတို့နှင့်အတူ လိုက်ပါသွားလိုက်သည်၊ မကြာမီ လူနာရှိရာ ဗိုလ်တင်ဝင်းတဲသို့ ရောက်သွားသည်၊ လူနာရှင် ဗိုလ်တင်ဝင်းမှာ ဇနီးဖြစ်သူအနီးတွင်ထိုင်ရင်း ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေလေသည်၊

ကိုသောင်းဟန်က အမြန်ဆုံးပင် လုပ်ငန်းစ,လိုက်သည်၊ မပုစိန်မှာ အတော်ပင် သွေးလွန်လျက်ရှိသည်၊ သတိမရတစ်ချက်၊ ရတစ်ချက်ဖြစ်ကာ အသံမြော့မြော့သာ ကျန်တော့သည်၊ သွေးဖိအားကို တိုင်းကြည့်ရာ သွေးပေါင်မှာ အောက်သို့ များစွာပင် ကျဆင်းနေလေသည်၊

"ခုချက်ချင်း - သွေးသွင်းရမယ်ဗျ၊ မပုစိန်က ဘာသွေးလဲဆိုတာ သိသလား - ဗိုလ်တင်ဝင်း"

"သိတယ် - ဆရာ၊ ဘီသွေးပါ"

"အဲဖြင့် - စခန်းထဲမှာ သူနဲ့ သွေးအုပ်စုတူတဲ့သူကို မြန်မြန်လိုက်ရှာပေတော့၊ ကိုယ့်ကိုယ်ကိုယ် ဘီသွေးမှန်း သိတဲ့သူ ချက်ချင်း ဒီခေါ်လာခဲ့"

ဗိုလ်တင်ဝင်းက ခပ်သုတ်သုတ်ပင် ထွက်သွားသည်၊ ကံအားလျော်စွာ မကြာမီမှာပင် ဘီသွေးရှင်နှစ်ဦးကို ခေါ်လာပြီး ဗိုလ်တင်ဝင်း ပြန်ရောက်လာသည်၊ ကိုသောင်းဟန်က အချိန်မဆိုင်းပဲ ထိုနှစ်ဦးထံမှ သွေးကိုယူ၍ မပုစိန်အား ဆက်ပေးလိုက်သည်၊ လိုအပ်သော အားဆေးရည်ကိုပါ တစ်ပါတည်း ဆက်ပေးလိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com

သွေးရသွားသည်နှင့် မပုစိန်၏အခြေအနေက အကောင်းဘက်သို့ ရုတ်ခြည်းပြန်ရောက်လာသည်၊ သွေးပေါင်ကတရိပ်ရိပ်ပြန်တက်လာသည်၊ နလုံးခုန်နှုန်း၊ အသက်ရှူနှုန်းများကပါ ပြန်လည်ကောင်းမွန်လာသည်၊ ဖြူရော်ရော်ဖြစ်နေသော မျက်နှာကလည်း သွေးရောင်ကလေးတက်၍လာသည်၊ လူနာအား စိတ်ချရပြီဆိုတော့မှ ကိုသောင်းဟန်က သူ့တဲသို့ ထမင်းစားရန် ပြန်လာခဲ့သည်၊

လူနာထံသို့ ညနေပိုင်း တစ်ခေါက်ပြန်ရောက်သည်တွင် မပုစိန်၏ အခြေအနေက လုံးဝတူတူထောင်ထောင်ဖြစ်နေလေပြီ၊ ခင်ပွန်းဖြစ်သူ ဗိုလ်တင်ဝင်းက ဇနီးဖြစ်သူ၏လက်ကလေးများကို ဆုပ်နယ်ပေးလျက်ရှိသည်၊ ကိုသောင်းဟန် ဝင်လာသည်ကို မြင်သည်နှင့် မပုစိန်က ချက်ချင်းပင် မျက်ရည်ကလေး လည်လာသည်၊ တစ်ချက်မျှလည်း ရှိုက်လိုက်သည်၊ ကိုသောင်းဟန်က မပုစိန်အကြောင်းကို သိလေပြီးသားမို့ နှစ်သိမ့်စကားကို ပြောရလေသည်၊

"ကလေးအတွက် ဝမ်းနည်းနေသလား - မပုစိန်၊ သူက ကိုယ်နဲ့ သားသမီး မတော်ထိုက်လို့ ခုလိုဖြစ်သွားရတာပဲဗျာ၊ ဘာတတ်နိုင်မလဲ၊ ခင်ဗျားသာ ကျန်းမာအောင်၊ အားရှိအောင် နေပါ၊ ကလေးက မကြာခင် ပြန်ရလာလိမ့်မယ် - သိရဲ့လား"

မပုစိန်က နှုတ်မှ ပြန်မပြောနိုင်ရှာ၊ ခေါင်းကိုသာ ညိတ်ပြလေသည်၊ ကိုသောင်းဟန်ကိုလည်း ဦးသုံးကြိမ်ချ၍ ကန်တော့၏၊ ကိုသောင်းဟန်က သောက်ရမည့်ဆေးများကို မပုစိန်အား ပေးပြီးနောက် တဲမှ ပြန်ထွက်လာခဲ့သည်၊ သူ့နောက်တွင် ဗိုလ်တင်ဝင်းက ကပ်လိုက်လာသည်၊ တဲအပြင်ရောက်သည်နှင့် ဗိုလ်တင်ဝင်းက လေသံကိုနှိမ့်၍ ကိုသောင်းဟန်အား ပြောသည်၊

"ကျေးဇူးတင်လိုက်တာ - ဆရာရယ်၊ ကျွန်တော့်မိန်းမ နေကောင်းလာတာ - ဆရာ့ကျေးဇူးကြောင့်ပဲ၊ ဆရာပြောသလိုပေါ့၊ ကလေးက အရေးမကြီးပါဘူး၊ နောက်လိုချင်ရင် ရတာပဲ၊ သိလား - ဆရာ၊ ကျွန်တော်တို့ထဲ



နဲ့ မကြာခင်မှာပဲ ဒီစခန်းကနေ ပြောင်းရ ရွှေ့ရဖို့ရှိတယ်၊ အသင့်ပြင်ထားဖို့ ထမအကြိမ် အမိန့်ဝင်လာပြီးပြီ၊ ဒုတိယအကြိမ် အမိန့်ရတာနဲ့ ဒီစခန်းကို ရွှေ့ရမှာဗိုပဲ၊ ကျွန်တော့်မိန်းမ ဆရာရှိနေတုန်းမှာ ခုလိုဖြစ်သွားတာ တော်သေးတယ်လို့ ဆိုရမှာပဲ၊ ကသုတ်ကရက်နဲ့ ရွှေ့ဟယ် ပြောင်းဟယ်အချိန်မျိုးမှာသာ ခုလိုဖြစ်နေရင် ဘယ်နှယ့်လုပ်ပါ့မလဲ"

ဗိုလ်တင်ဝင်းစကားကို အသိအမှတ်ပြုသောအားဖြင့် ကိုသောင်းဟန်က ပြုံးပြီး ခေါင်းညိတ်ပြလိုက်သည်၊ လူချင်းခွဲခါနီးတွင် ဗိုလ်တင်ဝင်းက ကိုသောင်းဟန်၏လက်ကို ခပ်တင်းတင်းဆုပ်ညှစ်၍ နှုတ်ဆက်လိုက်လေသည်၊

ထိုညကလည်း အိပ်ရာဝင်ချိန်လောက်မှာပင် အဝေးမှ တိုက်ပွဲဖြစ်သံများကို ကြားရပြန်သည်၊ သည်တစ်ခါတော့ သူကြားရသည့်အသံများမှာ အခင်တစ်ခါကထက် ပို၍နီးကပ်လာသည်ဟု ကိုသောင်းဟန် ထင်မိသည်၊

ထိုနေ့ညနေကား အထူးပင် ရာသီဥတု ပွင့်လင်းကြည်သာလျက် ရှိသည်၊ ဝန်းကျင်တစ်ခုလုံး လင်းလင်းချင်းချင်း ဖြစ်နေသည်၊ ကောင်းကင်ကကြာလဲ့နေသလို မြင်ရသမျှ တောင်တန်းများကလည်း မှိုင်းမှုန်နေခြင်းမရှိပဲ အတိစိမ်းလဲ့ တောက်ပနေတော့သည်၊ ထိုတောအုပ်စိမ်းစိမ်းများကြားမှာပင် ဖြူဖြူဝါဝါ အရောင်ရှိသော တောပန်းတောင်ပန်းတို့ ပွင့်ဖွင့်လျက် ရှိကြတိုဝါ အတိုင်းသားမြင်နေရသည်၊ ပေါ်မန်ဆောင်း၏ ငြိမ်းချမ်းခြင်းသရုပ်ဆို အဓွမ်းကုန် ဖော်ပြလျက်ရှိသော မြင်ကွင်းများပင် ဖြစ်တော့သည်၊

ကိုသောင်းဟန်က ငေးကောင်းနေမိသည်၊ ရင်ထဲတွင်လည်း လွမ်းဆွတ်မိသလိုလို ဖြစ်လာသည်၊ သို့သော် သူက ကြာကြာတော့ ငေးကောင်းငွမ်းကောင်း မလုပ်လိုက်ရပါ၊ အကြောင်းမှာ သူ့အနီးတွင် ရပ်လာသော ခြေသံတချို့ကို ကြားလိုက်ရသောကြောင့် ဖြစ်သည်၊ လှည့်ကြည့်လိုက်ရာ အခင်သိုက်နှင့် မကြည်ရွှေတို့နှစ်ယောက်ကို တွေ့လိုက်ရသည်၊ ထုံးစံ



www.burmeseclassic.com

www.burmeseclassic.com

အတိုင်း မကြည်ရွှေက သူ့ဗိုက်ကလေးကို လာအစမ်းခံခြင်းဖြစ်ပြီး ဒေါ်ခင်သိုက်တာမှ အဖော်အဖြစ် လိုက်ပါလာခြင်း ဖြစ်သည်။

ကိုသောင်းဟန်က သူတို့ကို ဆေးခန်းအတွင်းသို့ ခေါ်ယူကာ လိုအပ်သလို စမ်းသပ်ပေးလိုက်သည်။ ဤတွင် မကြည်ရွှေက မျက်နှာငယ်လေးဖြင့် ကိုသောင်းဟန်အား ပြောတော့သည်။

"မပုစိန် ကလေးပျက်ကျတာမြင့်တော့ ကျွန်မဖြင့် ကြောက်လိုက်တာ ဆရာရယ်။ ကျွန်မဗိုက်ကော ရှောရှောမောမောမှ ဖြစ်ပါ့မလား မသိဘူး"

"အို - ဒီလိုမတွေးနဲ့လေ။ သူဖြစ်တိုင်း ကိုယ်လိုက်ဖြစ်ရမလား မကြည်ရွှေရဲ့ နင့်ဗိုက်ကို ဆရာ သေသေချာချာကြည့်ပြီးပြီ၊ အားလုံးကောင်းတယ်၊ ဘာမှမဖြစ်နိုင်ဘူး"

"ဒါဆိုရင် - အားရှိပါတယ် - ဆရာ၊ ကျွန်မတော့ ဘာပဲပြောပြော ဒီဗိုက်ကို ခင်ဝင်းတို့လို ဆရာ့လက်ထဲမှာပဲ မွေးချင်တာပဲ - ဆရာ"

"အို - မွေးရမှာပေါ့၊ ဆရာမွေးပေးမှာပေါ့၊ ဘာမှအားမငယ်နဲ့၊ ဘာမှ မစိုးရိမ်နဲ့ - သိလား"

ကိုသောင်းဟန်၏စကားကြောင့် မကြည်ရွှေက အားတက်သွားဟန်တူသည်။ မျက်နှာကလေး ဝင်းလက်သွားသည်၊ ထို့နောက် သူတို့ကကိုသောင်းဟန်ကို နှုတ်ဆက်ကာ ပြန်လည်ထွက်ခွာသွားကြသည်။

သို့သော် မကြည်ရွှေကား ဆုတောင်းမပြည့်ခဲ့ပါလေပြီ၊ သူမ၏ဗိုက်ထိုကိုသောင်းဟန်၏လက်ဖြင့် မွေးဖွားခွင့် ရရှိစေမည့်အခွင့်အရေးအား လက်လွှတ်ခဲ့ရပါလေပြီ၊ အကြောင်းမှာ မမျှော်လင့်သောအခြေအနေတစ်ခုထိုနေ့ညနေမှာပင် ဖန်တီးလာခဲ့ခြင်းကြောင့်ပါတည်း။

နေဝင်ခါနီးအချိန်လောက်မှာပင် စခန်း၏ မြောက်ဘက်တံခါးဆီမှ ဆူညံညံ လှမ်းအော်လိုက်သောအသံများကို ကိုသောင်းဟန် ကြားလိုက်ရသည်။

"ဒီလုံးတို့ လာတယ်ဟေ့ - ဒီလုံးတို့ လာတယ်၊ ဗေဒါရှိလားဟေ့ - ဗေဒါ"

"ဗေဒါ ရှိတယ် - အဲဒီမှာ ရပ်နေ"



အပြင်မှ လူများနှင့် ကင်းပုတ်မှလူများက စကားဝှက်ဖြင့် အပြန်အလှန် ပြောဆိုကြသည်၊ မကြာမီ ကျားလံထိုးထားသော တံခါးရွက်ကို အတွင်းမှ လူများက ဖွင့်ပေးလိုက်သည်၊ လက်နက်ကိုင်လေးငါးရှစ်ယောက်ခန့် အတွင်းသို့ ဝင်လာကြသည်၊ ဤတွင် ထိုလူစုအတွင်းမှ တစ်ယောက်သောသူကိုမြင်လိုက်ရသည့်ခဏ ကိုသောင်းဟန် အံ့အားသင့်သွားသည်၊ ထိုင်ရာမှထ၍လည်း ထိုလူထံသို့ လျင်မြန်စွာ ပြေးသွားလိုက်သည်၊ ထို့နောက် -

"ကိုစိန်သန်း ..."

"ကိုသောင်းဟန် ..."

တစ်ယောက်နာမည် တစ်ယောက်ခေါ်၍ တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ကိုင်ပြီး နှုတ်ဆက်လိုက်ကြသည်၊ ကိုသောင်းဟန်က ကိုစိန်သန်းလက်ကို ခပ်တင်းတင်းညှစ်ထားရင်း ပြောလိုက်သည်၊

"ခင်များ - ဒီကိုပြန်လာရအောင်က ရက်စေ့သွားပြီလား"

"မစေ့သေးဘူး၊ (၄၂)ရက်ပဲ ရှိသေးတယ်၊ ဒါပေမဲ့ - ကျွန်တော် ခင်များအတွက် စိတ်မချလို့ စောစောပဲ လာလိုက်တော့တာ ..."

"ခက်ပါဘိ - ကိုယ့်လူရာ၊ ဘာဖြစ်လို့ ပြန်လာနေသေးလဲ၊ ဒီကိစ္စက ကျွန်တော့်နည်း ကျွန်တော့်ဟန်နဲ့ ဖြေရှင်းလို့ရသွားမယ့်ဥစ္စာ ..."

ကိုသောင်းဟန်က ဘေးလူမကြားအောင် တိုးတိုးကြိတ်ကြိတ် ပြောလိုက်သည်၊ ကိုစိန်သန်းက ခေါင်းကို ဖြေးလေးစွာ ခါယမ်းလိုက်သည်၊

"တတိပေးထားတဲ့အတိုင်း လာရမှာပေါ့ - ကိုသောင်းဟန်၊ ကျွန်တော့်အတွက် ခင်များကို အပေါင်သဘောမျိုး ထားခဲ့ရတာ ကျွန်တော် နည်းနည်းမှ စိတ်မချမ်းသာဘူး၊ ခုတော့ - ကိစ္စဝိစ္စတွေလည်း အားလုံးပြီးသွားပြီ၊ ကျွန်တော်လည်း အသေဖြောင့်ပြီ၊ သူတို့ လုပ်ချင်သလိုသာ လုပ်ကြပေတော့၊ ခင်များသာ ချမ်းချမ်းသာသာနဲ့ ပြန်ပါ"

ကိုသောင်းဟန်က တစ်စုံတစ်ခုပြန်ပြောရန် ပြင်လိုက်သည်၊ သို့သော် ပြောချိန်မရလိုက်တော့ပေ၊ နိုင်ငံရေးမှူးက ထိုနေရာသို့ အခြံအရံများနှင့် ရောက်လာခြင်းဖြစ်သည်၊ ထိုအဖွဲ့ထဲ၌ ညီကြီးကိုပါ တွေ့ရသည်၊



www.burmeseclassic.com

www.burmeseclassic.com

လက်နက်ကိုင်တစ်ဦးက နိုင်ငံရေးမှူးသို့ သတင်းပို့လိုက်သည်။

"ကျွန်တော်တို့ လှုပ်ရှားအဖွဲ့ တီတူးနဲ့ သီးကုန်းကြားမှာ လှည့်ကင်းလုပ်နေတုန်း ဒီလူ့ကိုတွေ့လို့ခေါ်လာခဲ့တာ – နိုင်ငံရေးမှူး၊ သူက စခန်းကိုသွားစရာရှိတယ်၊ စခန်းက သူ့ကို ခေါ်ထားတယ်လို့ ပြောနေတာနဲ့ ကျွန်တော်တို့လည်း ဒီအရောက် လာပို့လိုက်တာ – နိုင်ငံရေးမှူး"

"အေး – ဟုတ်တယ်၊ ဒီလူ့ကို တို့အပြစ်ပေးထားတာ ရှိတယ်၊ ကဲ – ရဲဘော်ညီကြီး – ဒီလူ့ကို ခုချက်ချင်း အချုပ်ထဲထည့်၊ ထိတ်တုံးနဲ့ထား၊ ဒီဆေးဆရာကိုတော့ မနက်စောစောမှပဲ ပြန်လွှတ်ပေးလိုက် ..."

"ဟုတ်ကဲ့ – နိုင်ငံရေးမှူး"

ညီကြီးနှင့်အဖွဲ့ ကိုစိန်သန်းကို အချုပ်ဆီသို့ ခေါ်ဆောင်သွားကြသည်၊ ကိုစိန်သန်းက သူတို့နှင့်အတူ မျက်နှာငယ်လေးဖြင့် လိုက်ပါသွားတော့သည်၊ နိုင်ငံရေးမှူးကား ထိုနေရာမှာပင် လှုပ်ရှားအဖွဲ့နှင့်အတူ သတင်းများအကြောင်း မေးမြန်းဆွေးနွေး၍နေလေသည်၊

မိုးချုပ်သည့်ရှိသော စခန်းရုံးမှ အမိန့်ထွက်လာသည်၊ ကိုစိန်သန်းအား နောက်နေ့မနက်စောစောမှာပင် ပြစ်ဒဏ်စီရင်ရန်နှင့် ကိုသောင်းဟန်အားလည်း မိုးလင်းသည်နှင့်ပြန်လွှတ်ပေးရန် ဖြစ်လေသည်၊ ထိုသတင်းက စခန်းတစ်ခုလုံးသို့ ပျံ့နှံ့သွားသည်၊

၀၀၀

ထိုည၊

စခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်၊ အမှောင်ထုက စခန်းတစ်ခုလုံးပေါ်သို့ လွှမ်းအုပ်လျက်ရှိသည်၊ လမိုက်ရက်ဖြစ်သဖြင့်လည်း လောကဓာတ်တစ်ခုလုံးကို အမှောင်ထုကသာ ကြီးစိုးလျက်ရှိသည်၊ နိုင်ငံရေးမှူးက ဤရက်ပိုင်းအတွင်း၌ စခန်းရှိလူအားလုံး မီးကို လုံးဝမသုံးရန်နှင့် ညအခါ တိတ်တိတ်ဆိတ်ဆိတ်နေကြရန် အမိန့်ထုတ်ထားလေသည်၊ ယခုကဲ့သို့ မှောင်မည်းဆိတ်ငြိမ်လျက်ရှိနေရခြင်းပင်၊





ဒါပေမဲ့ – အမိန့်က ထုတ်ထားပြီးပြီ – ဆရာ။ တာဝန်ကိုလည်း သူ့လူနဲ့သူ ချထားပြီးနေပြီ။ ဆရာ့လူကို ပြစ်ဒဏ်စီရင်ရေးကိစ္စမှာ ဗိုလ်တင်ဝင်းက ကြီးကြပ်လိမ့်မယ် – ဆရာ။ လုံ့စွပ်ထိုးမှာကတော့ တပ်စု(၃)က ရဲဘော်အုံးသွင်တို့အဖွဲ့ လုံ့စွပ်ထိုးလိမ့်မယ်။ ဒီတာဝန်ပိုင်းမှာ ကျွန်တော်မပါရတာ ခက်နေတာပေါ့။ အင်း – ဒါပေမဲ့။

ထိုအခိုက်အတန့်အတွင်း၌ ထိုအမှောင်ကိုခိုလျက် ကြိတ်၍လှုပ်ရှားနေသူမှာကား ကိုသောင်းဟန်ပင် ဖြစ်သည်၊ ကိုသောင်းဟန်က သူ့တဲမှနေ၍ အမှောင်တွင်းမှာပင် စမ်းတဝါးဝါး လျှောက်လာခဲ့သည်၊ မကြာမီ ညီကြီးတဲသို့ ရောက်သွားသည်၊

"ကိုညီကြီး – ကိုညီကြီး – ရှိလား"

အသံခပ်အုပ်အုပ်ဖြင့် လှမ်းခေါ်လိုက်သည်၊ ချက်ချင်းပင် တဲဝ၌ လူရိပ်ပေါ်လာသည်၊

"ဆရာလား – လာ – လာ၊ ဒီလိုလာ – ဆရာ"

ညီကြီးက အသံတိုးတိုးဖြင့် လှမ်းခေါ်သည်၊ ကိုသောင်းဟန်က ဝင်သွားလိုက်သည်၊ ထို့နောက် နှစ်ယောက်သား ကြမ်းပြင်ပေါ် အတူထိုင်လိုက်သည်၊ ညီကြီးမိန်းမ မခင်ဝင်းက လဲလျောင်းနေရာမှ ထောက်ခနဲထလာသည်၊ တလေးကား အိပ်ပျော်နေဟန်တူလေသည်၊

www.burmeseclassic.com

ညိုကြီးက ကိုသောင်းဟန်၏လက်ကို တင်းတင်းဆုပ်ကာ မချိတင်ကဲ ပြောသည်။

"ဆရာ - မနက်ဖြန် ပြန်တော့မယ်ပေါ့နော်၊ ဆရာနဲ့ခွဲရမှာ ဝမ်းနည်းစရာကောင်းလိုက်တာ ..."

"ဟုတ်ပါရဲ့ - ဆရာရယ်၊ ကျွန်မလည်း ဒီအကြောင်းကြားရကတည်းက နည်းနည်းမှ စိတ်မကောင်းဘူး"

လင်မယားနှစ်ယောက်လုံး၏အသံက အမှန်ပင် စိတ်ထိခိုက်သံ ပါနေသည်။

"ဆရာ့ကျေးဇူးတွေ ကျွန်တော်တို့အပေါ်မှာ မနည်းပါဘူး - ဆရာ၊ ဆရာက ကျွန်တော့်မိန်းမနဲ့ ကျွန်တော့်သမီးကို ကယ်တင်ပေးခဲ့ရုံမက ကျွန်တော့်ကို စာတတ်အောင်ပါ သင်ပေးခဲ့ပြန်တယ်၊ ဒီကျေးဇူးတွေကို ကျွန်တော် ဘယ်လိုပြန်ဆပ်ရမှန်းတောင် မသိတော့ပါဘူးဗျာ ..."

"ကျွန်တော့်ကို တကယ်ကျေးဇူးဆပ်ချင်တယ်ပေါ့ - ဟုတ်စ"

"ဟုတ်ပါတယ် - ဆရာ၊ ကျွန်တော် တကယ်ပြောတာပါ"

"အဲဒါဖြင့်ရင် - ကျွန်တော့်ကို ကျေးဇူးဆပ်ရာရောက်အောင် ကျွန်တော့်လူကိုစိန်သန်းကို ခင်ဗျားကယ်တင်ပေးပေတော့ - ဘယ့်နှယ်လဲ၊ ဒီအကြောင်း ပြောချင်လို့လည်း ခင်ဗျားဆီလာခဲ့တာပဲ"

ကိုသောင်းဟန်စကားကြောင့် ညိုကြီး နှုတ်ဆိတ်သွားသည်၊ ဘာပြောရမှန်းလည်း မသိပဲ ဖြစ်သွားသည်၊ ကိုသောင်းဟန်ကပင် အလေးအနက်ဖြစ်သောလေသံမျိုးဖြင့် ဆက်ပြောလိုက်သည်၊

"ဒီမယ် - ကိုညိုကြီး - ကိုစိန်သန်းဆိုတဲ့လူဟာ လူကောင်းတစ်ယောက်ပါဗျ၊ ခုလို သေဘေးကို ရင်ဆိုင်ဖို့ ကတိသစ္စာရှိရှိပြန်လာတာကို ကြည့်ရင်ပဲ လူကောင်းတစ်ယောက်ဖြစ်တယ်ဆိုတာ ပေါ်လွင်နေပါပြီဗျ၊ ခင်ဗျားလည်း နှလုံးသားရှိတဲ့လူတစ်ယောက်ပဲ၊ အပြစ်မဲ့သူတစ်ဦးကို သတ်ဖြတ်ဖို့ဝန်လေးတတ်တဲ့သူပဲ၊ ဒီတော့ - ကျွန်တော့်ကို ကျေးဇူးဆပ်ချင်တယ်ဆိုရင် ဒီနည်းနဲ့သာ ဆပ်ပေတော့လို့ ပြောချင်တယ်ဗျာ ..."



"ဟုတ်ပါတယ် - ဆရာ၊ ဆရာ့ဆန္ဒကိုလည်း ကျွန်တော်ဖြည့်ဆည်းပေးချင်ပါတယ်၊ ဒါပေမဲ့ - အမိန့်က ထုတ်ထားပြီးပြီ - ဆရာ၊ တာဝန်ကိုလည်း သူ့လူနဲ့သူ ချထားပြီးနေပြီ၊ ဆရာ့လူကို ပြစ်ဒဏ်စီရင်ရေးကိစ္စမှာ ဗိုလ်တင်ဝင်းက ကြီးကြပ်လိမ့်မယ် - ဆရာ၊ လုံစွပ်ထိုးမှာကတော့ တပ်စု(၃)က ခဲဘော်အုံးသွင်တို့အဖွဲ့ လုံစွပ်ထိုးလိမ့်မယ်၊ ဒီတာဝန်ပိုင်းမှာ ကျွန်တော်မပါတာ ခက်နေတာပေါ့၊ အင်း - ဒါပေမဲ့"

ညိုကြီးက စကားကိုဖြတ်၍ စဉ်းစားနေသည်၊ နက်နက်နဲနဲပင် စဉ်းစားနေသည်၊ အတန်ကြာမှ ကိုသောင်းဟန်အား ပြန်ပြောလိုက်သည်၊

"ဒါပေမဲ့ - တစ်ခုတော့ ရှိတယ် - ဆရာ၊ ဒီကိစ္စကို ကျွန်တော် ဗိုလ်တင်ဝင်းနဲ့ နှစ်ကိုယ်ကြား ပွင့်ပွင့်လင်းလင်း သွားဆွေးနွေးကြည့်မယ်၊ ဆရာ့ဆန္ဒကို တင်ပြပြီး ဆွေးနွေးကြည့်ရင် ဗိုလ်တင်ဝင်း လက်ခံလိမ့်မယ်ထင်တယ်၊ ဗိုလ်တင်ဝင်းက စိတ်ကောင်းရှိတယ် - ဆရာ၊ ဆရာ့အပေါ်ကိုလည်း သံယောဇဉ်ရှိတယ်၊ လုံစွပ်ထိုးမယ့် ရဲဘော်အုံးသွင်တို့တာဝန်ကို ကျွန်တော့်အဖွဲ့ကို လွှဲပေးဖို့ ပြောကြည့်မယ်၊ အဆင်ပြေတယ်ဆိုရင် ဆရာ့လူ လွတ်ပြီပေါ့"

"ကောင်းပါလေ့ဗျာ - သိပ်ကောင်းတာပဲ၊ ကြိုးစားလိုက်စမ်းပါ - ကိုညိုကြီးရာ၊ ဗိုလ်တင်ဝင်းကို ကျွန်တော်ပါ လိုက်ပြီးပြောကြည့်ရမလား"

"ဒီလိုတော့ - မလုပ်နဲ့ - ဆရာ၊ ဒီလိုကိစ္စမျိုးကို သူ့အနေနဲ့ မသိချင်ယောင်ဆောင်ပေးတာမျိုးပဲ လုပ်ပေးနိုင်တယ်၊ ပေါ်တင်ကြီး ခွင့်ပြုပေးလို့တော့ မရဘူး - ဆရာ၊ ကဲပါ - ဆရာ - တဲမှာပဲ ပြန်နေချေပါ၊ ကျွန်တော် အခု ဗိုလ်တင်ဝင်းတဲကို သွားလိုက်မယ်၊ ပြီးရင် - ခုညပဲ ဆရာ့ဆီကို အကျိုးအကြောင်း လာပြောမယ်"

သို့နှင့်ပင် ကိုသောင်းဟန်က တဲသို့ ပြန်လာခဲ့သည်၊ အိပ်၍ကား မရသေးပေ၊ စိတ်လက်မအေးနိုင်သေးပဲ ကုတင်ပေါ်မှာသာ ငုတ်တုတ်ထိုင်နေသည်၊ ညိုကြီးထံမှ အခြေအနေကိုသာ သိရဖို့ စိတ်စောနေမိသည်၊

ညဉ့်အတော်နက်မှ ညိုကြီးက ကိုသောင်းဟန်တဲသို့ရောက်လာတော့သည်၊ ရောက်ရောက်ချင်းပင် ညိုကြီးက အားတက်သရောပြောသည်၊

www.burmeseclassic.com

"တန်တာပြီ – ဆရာ၊ ရဲဘော်အုံးသွင်းတို့နေရာမှာ ကျွန်တော့်အဖွဲ့နဲ့ တာဝန်ပြောင်းပေးလိုက်ပြီ၊ ဗိုလ်တင်ဝင်းလည်း မသိချင်ယောင်ဆောင်ပေးမယ့်သဘောပဲ၊ ပြောရရင် – ဗိုလ်တင်ဝင်းကိုယ်တိုင် ဒီနိုင်ငံရေးမှုကို သိပ်ပြီး မတော်နပ်ဘူး၊ တစ်ယူသန် တဖောက်ကန်း သတ်ဖြတ်ရှင်းလင်းရေးတွေ လုပ်နေတာကို သူ လုံးဝသဘောမတွေ့ဘူး၊ ဒီတော့ – ဆရာ စိတ်ချမ်းချမ်းသာသာနဲ့ အိပ်ပေတော့၊ ဒီကိစ္စအတွက် ဘာမှကြောင့်ကျမနေနဲ့တော့၊ ဟုတ်ပြီလား – ဆရာ"

"ကျေးဇူးကြီးပါပေ့ – ကိုညီကြီးရာ၊ ကျွန်တော်ဖြင့် ဝမ်းသာလွန်းလို့ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး"

ညီကြီးလက်ကို တင်းတင်းဆုပ်ကာ ကိုသောင်းဟန်က လှိုက်လှဲစွာ ပြောမိသည်၊ ထို့နောက်တွင် ကင်းဝင်ရန်ရှိသေးသည်ဟု ပြောပြီး ညီကြီးက ကိုသောင်းဟန်ကို နှုတ်ဆက်၍ထွက်ခွာသွားလေသည်၊ ကိုသောင်းဟန်က နေရာမှာပင် ငုတ်တုတ်ထိုင် ကျန်ရစ်ခဲ့သည်၊ သူမှာ ဝမ်းသာစိတ်ကြောင့် အိပ်မရနိုင်ပြန်ပေ၊ ကိုစိန်သန်းခမျာ ယခုညအတွက် ထိတ်တုံးထဲတွင် ခြင်ကိုက်ဖြုတ်ကိုက်ဖြင့် ဒုက္ခခံရရှာမည်ဖြစ်သော်လည်း အသက်ဘေးမှမူ လွတ်ရပေတော့မည်၊ သို့အတွက် ကိုသောင်းဟန်၏ စိတ်ချမ်းသာရခြင်းမှာ ဖော်ပြ၍ပင် ကုန်နိုင်စရာ မရှိတော့ပါပေ၊

၀၀၀

ညီကြီးက သူ့အဖွဲ့သားများကို သူလုပ်မည့်အစီအစဉ်အား ရှင်းပြထားလိုက်သည်၊ သူ့လူများဖြစ်ကြသော ရဲဘော်ခင်သာ၊ ရဲဘော်ဘလှနှင့် ရဲဘော်ညွန့်ဝေတို့မှာ မဆွကတည်းကပင် ကိုသောင်းဟန်အပေါ် ခင်မင်လေးစားကြပြီးဖြစ်သည်၊ ထို့ပြင် နိုင်ငံရေးမှုး၏ပေါ်လစီကို မနှစ်သက်သူများထဲတွင် သူတို့လည်း ပါဝင်ကြသည်ဖြစ်ရာ သူတို့က ညီကြီးအစီအစဉ်ကို မဆိုင်းမတွပင် လက်ခံလိုက်ကြသည်၊ ညီကြီးအစီအမံအတိုင်း ပိပိရိရိလုပ်ကြရန် သဘောတူကြသည်၊

သို့နှင့် နောက်တစ်နေ့ ဝေလီဝေလင်းအချိန်မှာပင် ညီကြီးတို့အဖွဲ့က သတ်နက်အပြည့်အစုံဖြင့် အချုပ်ခန်းသို့သွားကာ အကျဉ်းသားကို ထုတ်ယူလေသည်၊ ကိုစိန်သန်းအား ကြိုးတုပ်၍ပင် ခေါ်ယူလာကြသည်၊ ထိုနံနက်ခွင် နှင်းများက ထူးထူးကဲကဲပင် ထူထပ်စွာ ကျဆင်းလျက်ရှိသည်၊ အအေးဓာတ်ကလည်း အတော်ဝင် လွန်ကဲလှသည်၊ သို့သော် ကိုစိန်သန်းခမျာ ချမ်းခြင်း အေးမြင်းထက် ကြောက်ရွံ့ခြင်းကသာ ပိုနေရှာသည်၊ ညီကြီးတို့ ခေါ်ဆောင်ရာသို့ တုန်လှုပ်စွာဖြင့် လိုက်ပါလာခဲ့ရသည်၊

မကြာမီ သတ်မှတ်ထားသောနေရာသို့ ရောက်လေသည်၊ ထိုနေရာမှာ စခန်းအပြင်ဘက်ရှိ တောအုပ်အတွင်းမှ သစ်ဖြူပင်တစ်ပင်အနီးတွင် ဖြစ်သည်၊ ထိုနေရာသို့ရောက်သည်နှင့် ညီကြီးက ကိုစိန်သန်းအား ကြိုးများဖြေပေးလိုက်ကာ ခပ်မြန်မြန်ပင် ပြောလိုက်သည်၊

"ဟော့လူ – ခင်ဗျားရဲ့ပုဆိုးနဲ့ အင်္ကျီကို မြန်မြန်ချွတ်စမ်း"—

ပထမတော့ ကိုစိန်သန်းက အံ့အားသင့်နေသည်၊ သို့သော် အမိန့်အတိုင်းပင် ပုဆိုးနှင့်အင်္ကျီကို ချွတ်ပေးလိုက်သည်၊ ညီကြီးက တစ်ခွန်းသာ ထပ်ပြောလိုက်သည်၊

"ကဲ – ခင်ဗျားပြေးပေတော့"

ကိုစိန်သန်းက ပို၍ အံ့အားသင့်နေသည်၊

ကိုစိန်သန်းက ပို၍အံ့အားသင့်သွားသည်၊ အတွင်းခံဘောင်းဘီတိုလေးဖြင့် လက်ပိုက်၍ရပ်နေရင်း ညီကြီးကို အကြောင်သား ငေးကြည့်နေမိသည်၊

"ပြေးတော့လို့ပြောနေတယ်၊ မြန်မြန်ပြေးပါလား"



www.burmeseclassic.com

www.burmeseclassic.com

သည်တော့မှပင် သဘောပေါက်သွားသည်။ ကိုစိန်သန်းက နောက်လှည့်ပြီး အားကုန်ပြေးတော့သည်။ ချက်ချင်းဆိုသလို နင်းမှုန်များကြားတွင် တိုးဝင်ပျောက်ကွယ်သွားတော့သည်။

ညီကြီးတို့က ခပ်မြန်မြန်ပင် လုပ်ငန်းစ,ကြသည်။ ရဲဘော်ခင်သာ သယ်ယူလာသည့် ကောက်ရိုးသွင်းထားသော လူရုပ်ပုံ ရုပ်လုံးတစ်ခုအား ကိုစိန်သန်း၏ပုဆိုးနှင့်အကျီများ ဝတ်ဆင်ပေးလိုက်သည်။ ထိုရုပ်လုံးမှာ စခန်းရှိ ရဲဘော်များ သေနတ်ပစ်လေ့ကျင့်ရန်နှင့် လှံစွပ်ထိုးလေ့ကျင့်ရန် ပြုလုပ်ထားခြင်း ဖြစ်သည်။ ထိုရုပ်လုံးများမှာ စခန်းအတွင်း၌ အများအပြားပင် ရှိသည်။

ရုပ်လုံးအား သစ်ဖြူပင်၌ ကြိုးဖြင့် ကပ်ရှည်လိုက်သည်။ အပေါ်မျက်နှာပိုင်းကိုမူ အဝတ်စ တစ်စဖြင့် ပုဝါစည်းသလို စည်းပေးထားလိုက်သည်။ သူတို့ လုပ်ငန်းပြီးစီးချိန်မှာပင် ဗိုလ်တင်ဝင်းနှင့်အဖွဲ့ ရောက်ရှိလာသည်။ ညီကြီးက သွားရောက်သတင်းပို့လိုက်သည်။

"အားလုံးအဆင်သင့်ဖြစ်နေပါပြီ။ ဒီလူက အကြောက်လွန်ပြီး သတိတောင်လစ်နေပြီ။ ကျွန်တော်တို့ အပြစ်ပေးရတော့မလား"

"ကောင်းပြီ - ပေး"

ဗိုလ်တင်ဝင်းက အမိန့်ပေးလိုက်သည်။ သူနှင့် သူ့အဖွဲ့ကမူ အနီးသို့မကပ်ပေ။ ကိုက်(၅၀)ခန့်လောက်မှသာ ရပ်ကြည့်နေကြသည်။ ညီကြီးတို့အဖွဲ့က သစ်ဖြူပင်ရှေ့တွင် တန်းစီလိုက်ကြသည်။ လှံစွပ်တပ်သေနတ်များကိုလည်း အသင့်အနေအထားမျိုး ကိုင်ဆောင်ထားလိုက်ကြသည်။ မကြာမီ ညီကြီး၏နှုတ်မှ အမိန့်သံ ထွက်ပေါ်လာသည်။

"ထိုး ..."

ရဲဘော်တစ်ယောက်က အပြစ်သား၏ ရင်အုံတည့်တည့်ကို လှံစွပ်ဖြင့် စွပ်ခနဲ ထိုးလိုက်သည်။ ထိုးပြီး နောက်ပြန်ဆုတ်လိုက်သည်။

"ထိုး ..."

အမိန့်သံ ပေါ်လာပြန်သည်။ နောက်တစ်ယောက်က ရှေ့တစ်လှမ်းတက်ကာ ထိုးလိုက်ပြန်သည်။ သို့နှင့် တစ်ယောက်တစ်လှည့်စီ လှံစွပ်ဖြင့် ထိုးသွား



လိုက်ကြသည်။ လူစေ့သည်နှင့် ညီကြီးက ဗိုလ်တင်ဝင်းထံ သွားရောက်သတင်းပို့လိုက်သည်။

"တာဝန်ပြီးဆုံးပါပြီ - ဗိုလ်တင်ဝင်း"

"ကောင်းပြီ - ဆက်လုပ်၊ စခန်းထဲက ဆေးဆရာကိုလည်း ခုပဲ ပြန်လွှတ်ပေးလိုက်၊ စခန်းအပြင်ဘက်က ညောင်ကျပ်ပင်လမ်းခွဲအထိ ရဲဘော်ညီကြီးတို့ပဲ လိုက်ပို့ပေးလိုက် ..."

ထိုမျှပြောပြီး ဗိုလ်တင်ဝင်းအဖွဲ့ ပြန်လည်ထွက်ခွာသွားသည်။ ညီကြီးတို့အဖွဲ့က သစ်ဖြူပင်မှ အပြစ်သားကို ဖြုတ်ယူလိုက်ကြသည်။ ထို့နောက် ရဲဘော်ဘလူ တူးထားသည့်ကျင်းထဲသို့ ထည့်မြှုပ်လိုက်ကြသည်။ ပြီးလျှင် စခန်းဘက်သို့ပြန်လာခဲ့ကြသည်။

၀၀၀

ကိုသောင်းဟန်က အပြင်ဘက်သို့ လှမ်းကြည့်လိုက်မိသည်။ အပြင်ဘက်တွင် နင်းထုက သိပ်သည်းစွာ ကျရောက်လျက်ရှိသည်။ ထိုနင်းထုကြောင့်ပင် ဝန်းကျင်အား ဘာတစ်ခုမျှ သဲသဲကွဲကွဲ မမြင်ရပေ။ မီးမလင်းမီ အတည်းကပင် လွယ်အိတ်ကလေးကို ဘေးတွင်ချကာ ကိုသောင်းဟန် ဘော်တုတ်ထ,ထိုင်နေခြင်း ဖြစ်သည်။

မကြာမီ တဲဝတွင် လူရိပ်မည်းမည်းတစ်ခု ပေါ်လာသည်။ ထိုအရိပ်မည်းမည်းက အတွင်းသို့ ဝင်လာသည်။ ညီကြီးပင် ဖြစ်သည်။ ညီကြီးက ချက်ချင်းပင် ပြောသည်။

"ကိုင်း - ဆရာ - ဆရာ့လူအတွက် စိတ်အေးရပြီ။ ဆရာလည်း ခုချက်ချင်း မြန်မြန်ပြန်ပေတော့၊ လာ - လာ - ကျွန်တော်တို့ လိုက်ပို့မယ်"

ထိုင်ရာမှ လျင်မြန်စွာထ,လိုက်သည်။ ညီကြီးနှင့်အတူ အပြင်သို့ ထွက်ခဲ့သည်။ အပြင်ဘက်၌ အခြားလူနှစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရပြီး ထိုနှစ်ယောက်မှာ ရဲဘော်ဘလူနှင့် ရဲဘော်ခင်သာတို့ ဖြစ်နေသည်ကို ပါ တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

နှင်းတစ်ဖွဲဖွဲကြားမှာပင် သူတို့ ခပ်သုတ်သုတ် ထွက်လာခဲ့ကြသည်။ စခန်းအပြင်ရောက်သည်နှင့် လမ်းအတိုင်း ဆက်လျှောက်လာခဲ့ကြသည်။ မကြာမီပင် ညောင်ကျပ်ပင်လမ်းဆုံသို့ ရောက်လေတော့သည်။

သူတို့ ရပ်လိုက်ကြသည်။ ဦးစွာ ညိုကြီးထံမှ ဆို့နင့်စွာ ပြောလိုက်သော အသံက ထွက်ပေါ်လာသည်။

"ကိုင်း – သွားပေတော့ – ဆရာ၊ ခုလိုခွဲရမှာ ဝမ်းနည်းလိုက်တာ – ဆရာရယ်"

ပြောပြီး ညိုကြီးက ကိုသောင်းဟန်လက်ကို တင်းတင်းဆုပ်သည်၊ ကိုသောင်းဟန်ကိုယ်တိုင် ကြေကွဲစိတ်ဖြင့် ရင်တွင်း၌ လှိုက်ဖိုလာမိသည်၊

"ကံမကုန်ရင် ပြန်ဆုံကြသေးတာပေါ့ဗျာ၊ ကိုင်း – သွားပြီနော် – ရဲဘော်ဘလှ၊ ရဲဘော်ခင်သာ"

အားလုံးကို တစ်ပါတည်း နှုတ်ဆက်လိုက်သည်၊ ညိုကြီးက သူ့လက်ကို လွှတ်ချလိုက်သည်၊ ကိုသောင်းဟန်က နောက်သို့လှည့်လိုက်သည်၊ ထိုအချိန်မှာပင် နောက်ဘက်ခပ်လှမ်းလှမ်းဆီမှ အမျိုးသမီးတချို့နှင့် ကလေးတချို့၏စကားသံများကို ကြားလိုက်ရသည်၊ ထိုအသံများကြောင့် ညိုကြီးကပင် ကိုသောင်းဟန်ကို လှမ်းပြောလိုက်သည်၊

"နေဦး – ဆရာ၊ ဆရာ့ကို နှုတ်ဆက်ချင်လို့ ထင်တယ်၊ စခန်းကလူတွေ လိုက်လာကြတယ်"

ကိုသောင်းဟန်က ပြန်ရပ်နေလိုက်သည်၊ မကြာမီပင် ထိုလူစုက အနီးသို့ ရောက်လာသည်၊ နှင်းမှုန်များကြောင့် သူတို့မျက်နှာကို သဲကွဲစွာ မမြင်ရပေ၊ သို့သော် သေသေချာချာကြည့်လိုက်မှ ဗိုလ်တင်ဝင်း၏ဇနီး မပုစိန်၊ စခန်းကော်မတီရဲဘော်ကြာညွန့်၏ဇနီး မကြည်ရွှေ၊ ဒေါ်ခင်သိုက်၊ ဒေါ်စိန်ပွင့်နှင့် ညိုကြီး၏ဇနီး မခင်ဝင်း။ (မခင်ဝင်း၏လက်ထဲတွင် ကလေးငယ်ကလေး၏ ပွေ့လျက်သား ပါလာသည်၊) ထို့ပြင် အမည်မသိ အမျိုးသမီးသုံးလေးဦးနှင့် အတူ ဂျစ်တူးအပါအဝင် ကလေး လေးငါးယောက်ခန့်ပါ လိုက်ပါလာကြသည်။



"အမလေး – မီသေးလို့ပေါ့၊ ဆရာ – ပြန်ပြီကြားကြားချင်း ကျွန်မတို့ အားချင်းထ လိုက်လာကြတာ ..."

မပုစိန်က မောကြီးပန်းကြီး ပြောသည်၊ အခြားလူများကလည်း ကိုသောင်းဟန်ကို တစ်ယောက်တစ်ပေါက် ပြောဆိုနှုတ်ဆက်ကြသည်၊ သူတို့ကိုမြင်ရပြန်တော့ ကိုသောင်းဟန် ပို၍ပင် စိတ်မကောင်းဖြစ်ရသည်၊

ရဲဘော်ကြာညွန့်ဇနီး မကြည်ရွှေက –

"ဆရာရယ် – ဆရာမရှိတော့ဘူးဆိုတော့ ကျွန်မဗိုက်ကို ကြုံရာနေရာမှာ ဖြစ်သလို မွေးရတော့မှာပေါ့၊ အားငယ်လိုက်တာ – ဆရာရယ်"

"အို – ဘာမှအားမငယ်နဲ့ – မကြည်ရွှေ၊ ဆရာ – သိတယ်၊ မကြည်ရွှေ – ဟောဒီဗိုက်ကို ချောချောမောမော မွေးကို မွေးနိုင်မှာပါ၊ ရောက်တဲ့နေရာ တနေ ဆရာ မေတ္တာပို့ပေးမယ် – သိလား"

မျက်နှာငယ်နေသော မကြည်ရွှေကို လှိုက်လှဲစွာပင် အားပေးစကား ပြောရသည်၊ ထိုစဉ် မခင်ဝင်းက သူ့ကလေးကို ရှေ့သို့ ထိုးပေးရင်း ပြောလိုက်ပြန်သည်၊

"ညိုညိုဟန်ကလေးကို ကြည့်ပါဦး – ဆရာ၊ ဆရာ့သမီးကို ..."

"အို – ကလေးကို ဘာလို့ခေါ်လာရတာလဲ၊ ဒီလောက် နှင်းတွေကျနေတဲ့ဥစ္စာ ..."

"ဆရာ့ကို နှုတ်မဆက်လိုက်ရမှာစိုးလို့ – ဟင့်"

မခင်ဝင်းက ရှိုက်သံနှင့်အတူ ပြောလေသည်၊ ကိုသောင်းဟန် ပို၍ပင် ဆွံ့အောင် ဖြစ်သွားသည်၊ မခင်ဝင်းလက်ထဲမှ ညိုညိုဟန်ကလေးအား အနီးစ ကိုယ်ကာ တစ်ချက်ငုံ့နမ်းလိုက်ရသည်၊ ထိုအချိန်မှာပင် ဒေါ်ခင်သိုက်အသံက ပေါ်လာပြန်သည်၊

"ဆရာ – ဒီမှာ – ဂျစ်တူးက ဆရာ့ကို အသားခြောက်ကလေးတွေ လက်ဆောင်ပေးလိုက်ချင်လို့တဲ့ ..."

ကိုသောင်းဟန်၏အကြည့်က ဂျစ်တူးထံသို့ ရောက်သွားသည်၊ ဂျစ်တူးက သူ့လက်ထဲမှ ဖက်ထုပ်ကလေးတစ်ခုကို လှမ်းပေးနေရှာသည်၊ ကိုသောင်းဟန်က ခေါင်းကို ခါယမ်းလိုက်ပြီး –



www.burmeseclassic.com

www.burmeseclassic.com

"ဆရာ - မယူပါဘူး - မောင်မျိုးမြင့်ရာ၊ မယူချင်ပါဘူး။ မင်းတို့သာ စားကြပါတွာနော်"

"ယူသွားပါ - ဆရာ၊ ညကတည်းက ဆရာ့ကို ပေးဖို့ဆိုပြီး သုံထုပ်ထားတာ၊ ဆရာ - မယူရင် သူ့စိတ်မကောင်းဖြစ်နေပါ့မယ်"

ဒေါ်ခင်သိုက်က ဝင်ပြောသည်။ ကိုသောင်းဟန်က ပင့်သက်တစ်ချက်ကိုရှိုက်၍ မောင်မျိုးမြင့်ခေါင်းကိုကိုင်ကာ ပွတ်သပ်လိုက်သည်။

"ကဲ - ကဲ - ဒါဖြင့်လည်း ဆရာယူပါ့မယ်၊ စာကိုတော့ ရောက်လေရာမှာ ဆက်ပြီး ရေးကြ ဖတ်ကြရမယ်နော် - မောင်မျိုးမြင့်၊ ကျန်တဲ့ မင်းသူငယ်ချင်းတွေကိုလည်း ဆရာမှာခဲ့တယ်လို့ ပြောလိုက် - ကြားလား"

"ဟုတ်ကဲ့ပါ - ဆရာ"

မောင်မျိုးမြင့်လက်ထဲမှ ဖက်ထုပ်ကလေးကိုယူ၍ လွယ်အိတ်ထဲသို့ ထည့်လိုက်ရသည်။ ထိုအချိန်မှာပင် ငိုသံပါဖြင့် ပြောလိုက်သော ညီကြီး၏ အသံက နောက်ဆုံးအခနေနှင့် ထွက်ပေါ်လာလေသည်။

"ကဲ - ဆရာ - သွားပါတော့ဗျာ၊ မြန်မြန်သာ သွားပါတော့"

ခံစားချက်မှ ပေါက်ကွဲထွက်လာသော အသံပင် ဖြစ်တော့သည်။ မှန်ပါသည်။ ကိုသောင်းဟန်ကိုယ်တိုင် ရင်တွင်း၌ တလှိုက်လှိုက်ဖြစ်နေမိသည်။ တစ်ဆို့နေမိသည်၊ မျက်ရည်ကပါ အလိုလိုလည်လာမိရသည်၊ ထို့နောက်တွင် ကိုသောင်းဟန်က ညီကြီးစကားအတိုင်းပင် ထိုနေရာမှ အမြန်ဆုံးထွက်ခွာလိုက်တော့သည်။

သို့သော် ခြေလှမ်းနှစ်ဆယ်မျှ လှမ်းမိပြီးချိန်တွင် သူ့စိတ်က နောက်သို့ အလိုလိုလှည့်ကြည့်ချင်စိတ် ပေါ်လာသည်၊ ထို့ကြောင့် ရပ်လိုက်ကာ နောက်ဘက်သို့ လှည့်ကြည့်လိုက်မိသည်။ ထိုအခါ ကျန်ခဲ့သည့်အဖွဲ့က ထိုနေရာမှာပင် သူ့အား ငေးကြည့်နေကြသည်ကို တွေ့ရသည်။ ထိုအချိန်၌ နှင်းများက မှိုင်း၍ပင် ကျလာနေလေရာ သူတို့၏မျက်နှာများကို သဲသဲကွဲကွဲ မမြင်ရတော့ပေ၊ ကလေး၊ လူကြီးတို့၏ အရိပ်မည်းမည်းများကို အတိုအရှည် အမျှာန်ဖြင့်သာ မြင်နေရတော့သည်၊ ထိုအရိပ်များက ကျောက်ရုပ်များအသွယ် မလှုပ်မယှက် ငြိမ်သက်၍နေလေသည်။

ကိုသောင်းဟန် မျက်လုံးကို မှိတ်လိုက်သည်၊ ထို့နောက် စိတ်ကိုတင်း၍သာလျှင် နောက်သို့ပြန်လှည့်လိုက်သည်၊ တဖွဲဖွဲကျလျက်ရှိသော နှင်းမှုန်များကြားသို့လည်း လျှောက်လှမ်းတိုးဝင်သွားလိုက်တော့သည်။ ။

>>> ခဲမြတ်တခင်

**စာမူရှင်များသို့**

သည်းထိတ်ရင်ဖိုမဂ္ဂဇင်းတွင်
ရွေးချယ်ဖော်ပြခဲ့သော စာမူများ၏ အချို့စာမူရှင်များသည်
ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊
ဆက်သွယ်စုံစမ်း၍မရရှိခြင်း စသည့် အခက်အခဲများရှိပါသဖြင့်
စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ
စာမူခနှင့် လက်ဆောင်စာအုပ် ထုတ်ယူနိုင်ရန် ဆက်သွယ်မှု
ပြုကြပါရန် ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

# ဆားပုလင်းနေမင်းခေါင် ★ ခေါင်းပြတ်အလောင်းကြီး

ဗိုး (မူဆယ်)



" ခေါင်းဖြတ်အသတ်ခံလိုက်ရသည့်

လူသတ်မှုအတွက် အမှုမှန်ပေါ်အောင် လိမ္မာပါးနပ်စွာ

အမှုကို တည်ဆောက်ပြီး ဖော်ထုတ်လိုက်ပုံ .. "

**အသက် ဝိညာဉ်** ချုပ်ငြိမ်းသွားခြင်းသည် လူတစ်ယောက်အဖို့ လူ့လောကနှင့်လုံးဝကင်းကွာသွားခြင်းသာဖြစ်လေ၏။ သူနှင့်လူ့လောကကြီး မည်သို့မျှနောက်ထပ်ဆက်နွှယ်နိုင်ခြင်း တိုက်ရိုက်မရှိနိုင်တော့ပေ။ သို့သော် သေဆုံးသွားခဲ့သော လူတစ်ဦး၏ အလောင်းနှင့် တိုက်ရိုက်ပတ်သက် ဆက်နွှယ်နေမှုများကို ကျွန်ုပ်၏မိတ်ဆွေကြီး ဆားပုလင်းနေမင်းခေါင်နှင့်အတူ ကျွန်ုပ် ကိုယ်တွေ့ဖော်ထုတ်ပေးခဲ့ရဖူးလေ၏။

တစ်နေ့သ၌သာလွန်မြို့၏အရှေ့မြောက်ဖက်စူးစူးအရပ်၊ ရွာနိုင်ကြီးတိုက်နယ် အတွင်းထဲမှ ဆယ်မိုင်ခန့်ဝေးသော လွန်ကျော်စိုက်ခင်းနယ်မြေဒေသရှိ ကျွန်းညို သစ်ပင်ကြီးတစ်ပင်အောက်တွင် ဦးခေါင်းမရှိသော လည်ပင်းနေရာမှ တိတိပြတ် ဖြတ်ရွန်းပစ်ခံရသည့် အလောင်းတစ်လောင်းကို နွားကျောင်းသားဖိုးဆောင်မှ တွေ့ရှိခဲ့လေသည်။ ထိုအလောင်းအား မြင်ရသူများအဖို့ လွန်စွာတုန်လှုပ်ဖွယ် [illegible] ခဲ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုအမှုသည် ကျွန်ုပ်တို့၏ ကွမ်းတောင်ကုန်းဂတ်နှင့် တိုက်ရိုက်စစ်ဆေးဖော်ထုတ်ပေးရန် တာဝန်မရှိပါ။ နယ်မြေပိုင် ရွာနိုင်ကြီးဂတ်တဲ၏ တာဝန်သာဖြစ်ပါသည်၊ သို့သော် ကျွန်ုပ်တို့ထံသို့ မှုခင်းအစီရင်ခံစာ တင်သွင်းလာသော အခါ အရေးကြီးဆုံး သဲလွန်စ ကောက်နိုင်ရန်အတွက် ဗုင်းဦးခေါင်း မရှိတော့သည့်အလောင်း၏ လက်ဗွေရာများကို နိုပ်ကူးယူထားရန် မေ့လျော့နေခဲ့ကြောင်း ကိုနေမင်းခေါင်မှ ထောက်ပြလေ၏။

ကိုနေမင်းခေါင်က -

"သေသူရဲ့ လက်ဗွေရာတွေကို နှိပ်ယူကူးထားခြင်းဟာ သေသူ ဘယ်သူဘယ်ဝါဖြစ်တယ်လို့ စီစစ်ရှာဖွေနိုင်တဲ့ အသေအချာဆုံးနည်းလမ်းပဲဗျ"

"ဘယ်လိုကြောင့်လဲ - ကိုနေမင်းခေါင်"

"ဒီလိုလေ - အိုင်ပီရဲ့ ကျုပ်တို့မြန်မာပြည်မှာ အရွယ်ရောက်သူတိုင်းကို လက်ဗွေယူထားပြီး မှတ်ပုံတင် တစ်ခုစီ လုပ်ထားပေးပြီးပြီမဟုတ်လားဗျ"

"ဟုတ်ပါလေ့ဗျာ၊ ပေါက်ပြီ - ကိုနေမင်းခေါင်ရေ့ လက်ဗွေရာ တိုက်ဆိုင်စစ်ဆေးရှာဖွေလိုက်မှုဖြင့် အလွယ်ကလေးပဲပေါ့။ သေသူသိရင် သတ်သူကိုလည်း စုံထောက်အတွေးအခေါ်နဲ့ ဆက်စပ်လိုက်မယ်ဆိုရင် ကွက်တိ နီးနီးပေါ့ဗျာ၊ ကဲ - ကျုပ် အခုပဲ နယ်မြေပိုင် ရွာနိုင်ကြီးဂတ်တဲကို အကြံပြုစာ ရေးပို့လိုက်ပါ့မယ်၊ တော်တော်ပေါ့လျော့တဲ့လူတွေပဲဗျို့..."

"သူတို့ကို အပြစ်မမြင်ပါနဲ့ - အိုင်ပီရယ်၊ နယ်စွန်ဒေသတွေမှာ နေထိုင်ကြတဲ့လူတွေဟာ အင်မတန်မှ ရိုးသားကြသူတွေပါပဲဗျာ၊ ခုလို ဦးနှောက်နဲ့ ချင့်ချိန်ပြီး ပြစ်မှုကျူးလွန်လေ့ မရှိကြဘူးဗျ၊ ဒါကြောင့် နယ်မြေပိုင်ဂတ်က ပုလိပ်တွေဟာလည်း ခုလိုလူသတ်မှုတွေမှာ အတွေ့အကြုံအရ ဘာလုပ်ရမယ်ဆိုတာ အလေ့အထ မရှိတဲ့သဘောပါပဲ - အိုင်ပီ"

ဟု ပြောပြလေ၏။



ရွာနိုင်ကြီးဂတ်တဲမှ ခြောက်ရက်မြောက်သာနေ့တွင် ကျွန်ုပ် အိုင်ပီမင်းစံနှင့် ဆားပုလင်းနေမင်းခေါင်တို့အား လူသတ်မှုကို ကူညီစုံစမ်းဖော်ထုတ်ပေးပါရန် ရဲမင်းကြီးထံသို့ တိုက်ရိုက်အစီရင်ခံတင်ပြလေသည်၊ ထို့ကြောင့် ကျွန်ုပ်နှင့် ကိုနေမင်းခေါင်တို့သည် အော်စတင်ကား အနက်ရောင်ကလေးနှင့် ရွာနိုင်ကြီးဂတ်တဲသို့ ရောက်ရှိခဲ့ကြလေတော့သည်၊

ထိုဂတ်တဲရှိ ဌာနအုပ်ကြီး ဦးတင်ထွန်းက -

"လူသတ်မှုဖြစ်ပွားခဲ့တဲ့ နယ်မြေထဲက အနီးဝန်းကျင်မှာ နေထိုင်တဲ့လူတွေကတော့ အတော့်ကို ထိတ်လန့်နေကြတယ်ဗျို့၊ လူသတ်သမားဟာ



လည်ပင်းပြတ်ခန္ဓာကိုယ်ကြီး မြေပေါ်မှာနဲ့
ချည်ထည်ခြုံလွှာစောင်ပါးကလေးအတွင်း မျက်နှာမှာ မည်းနက်နေပြီဖြစ်တဲ့
သွေးတုံးသွေးခဲတွေ ကပ်နေတာတလွဲလို့ ခေါင်းမတွေ့ရဘူး။
ကြွတ်စရာကောင်းလိုက်တာဗျာ။ လည်ပင်းပြတ် အလောင်းကောင်ကြီးရဲ့ ...

တခြားလူတစ်ယောက်ကို ထပ်သတ်ဖို့ရှိသေးတယ်လို့ ကောလဟလ သတင်းပြောနေကြတယ်။ ညဘက်ရောက်ပြီဆိုမှဖြင့် အိမ်တိုင်းလိုလို တံခါးပိတ်၊ မီးမှောင်ရှု တိတ်ဆိတ်ပဲ၊ ချိုးချိုးချွတ်ချွတ် အသံကြားရင်ကိုပဲ သွေးလန့်နေကြပြီဗျို့”

“လူသတ်မှုအလောင်းက လက်ဖွေကိုတော့ယူပြီးရဲမှတ်တယ်”

ဟု မေးလိုက်လေ၏၊ ထိုအခါ ဌာနာအုပ်ကြီး ဦးတင်ထွန်းက -

“ဟုတ်ကဲ့ - လက်ဗွေတွေအားလုံး ကျွန်တော်ကိုယ်တိုင် သွားယူထားပြီးပါပြီ ခင်ဗျာ”

ဟု ပြောလေရာ ဆားပုလင်းနေမင်းခေါင်က -

“ကောင်းပါတယ် - လက်ဗွေရာနဲ့ပတ်သက်ပြီး မန္တလေးမြို့ထိ ကျုပ်ကိုယ်တိုင်သွားပြီး တိုက်ဆိုင်စစ်ဆေးကြည့်ပါ့မယ်၊ ခုတော့ - အလောင်းကို စတွေ့တဲ့ နွားကျောင်းသားဖိုးဆောင်ကို တွေ့ချင်ပါတယ်ဗျာ”

ဟု ပြောလိုက်ရာ ဌာနာအုပ်ကြီး ဦးတင်ထွန်းက ချက်ချင်းပင် စီစဉ်ပေးလေ၏၊ ကျွန်ုပ်တို့သည် ကင်းတားမြောင်းပေါင်တာရိုးလမ်းပေါ်အတိုင်း အော်စတင်းကားကလေးကို မောင်းနှင်လာရာ သပြေသာဟူသော ရွာလေးသို့ ရောက်လေ၏၊ ထိုရွာလေး၏ထိပ်ရှိ နွားခြံတွေနှင့် ယာခင်းတဲသို့ ရောက်သောအခါ နွားကျောင်းသားဖိုးဆောင်ကို တွေ့ရလေသည်၊ ရုပ်ကြောတတ်သော ရိုးသားသည့်လူငယ်ကလေးတစ်ဦးသာ ဖြစ်လေ၏၊

နွားကျောင်းသားဖိုးဆောင်မှာ လမ်းပြလိုက်ပါလာပြီး စိုက်ခင်းနယ်မြေ ဧရိယာသို့ သွားကြလေ၏၊ အတန်ငယ် လမ်းလျှောက်လာကြရာ ကျေးရွာလူနေရပ်ကွက်တို့ လွန်စွာအလှမ်းဝေးကွာသော လယ်ကွင်းလွင်ပြင်ထဲမှ ကြီးမားအုံ့ဆိုင်းလွန်းသည့်ကျွန်းညိုပင်ကြီးဆီသို့ရောက်လေ၏၊ နွားကျောင်းသား ဖိုးဆောင်က -



“အဲဒီနေ့က ခါတိုင်းလိုပဲ စားကျက်ကွင်းထဲမှာ နွားတွေကို လွှတ်ထားခဲ့ပြီး ကျုပ် ဒီကျွန်းညိုပင်ကြီးအောက်မှာ အနားယူဖို့လာတော့ လူတစ်ယောက် သစ်ပင်ခြေရင်းမှာ လဲလျောင်းနေတာ တွေ့ရပါတယ်၊ ကျုပ် စရောက်တဲ့အချိန်က မနက်ခင်းစောစောနေတောင်မထွက်သေးပါဘူး၊ ကိုယ်ပေါ်မှာ ချည်အညိုရောင် စောင်ပါးကလေး လွှမ်းထားတာမို့ အိပ်ပျော်နေတဲ့ လယ်စောင့်အမားတစ်ဦးလို့ ထင်မိပါသေးတယ်၊ ဆွမ်းခံပြန်ချိန်လောက်မှ သူ့ဆီကို ကျုပ် သတိထားပြီး သေချာကြည့်မိတယ်၊ ခန္ဓာကိုယ် လှုပ်လှုပ်ရှားရှားတာ သည်း မရှိဘူး၊ နေပူရှိန်ကလည်း သူ့ကိုယ်ပေါ်ကို ပြင်းပြင်းကျရောက်နေပြီ၊ ဒီလူ ထူးခြားတယ်လို့ ကျုပ်ထင်မိတာနဲ့ အနားကျုပ်သွားပြီး ဟေ့လူ - ထခင်ဗျားတစ်ကိုယ်လုံး နေပူနေပြီဗျ၊ ကြာရင် - ကိုယ့်လူ လူခြောက်ဖြစ်သွားတော့မယ်ဗျ လို့ အော်ပြောပေမယ့် ဒီလူ လှုပ်တောင် မလှုပ်ဘူးလေဗျာ၊ အဲကြောင့် - ကျုပ်လည်း စိတ်မြန်လက်မြန်နဲ့ သူ့ကိုယ်ပေါ်က လွှမ်းခြုံထားတဲ့ ချည်ထည်ခြုံလွှာစောင်ပါးကလေးကို ဆွဲဖယ်လိုက်တယ်၊ အဲဒီမှာ ကျုပ်တွေ့လိုက်တာကတော့ ခေါင်းမရှိဘူး၊ လည်ပင်းပြတ်ခန္ဓာကိုယ်ကြီး မြေပေါ်မှာနဲ့ ချည်ထည်ခြုံလွှာစောင်ပါးကလေးအတွင်း မျက်နှာစာမှာ မည်းနက်နေပြီဖြစ်တဲ့ သွေးတုံးသွေးခဲတွေ ကပ်နေတာကလွဲလို့ ခေါင်းမတွေ့ရဘူး၊ ကြောက်ရောကောင်းလိုက်တာဗျာ၊ လည်ပင်းပြတ် အလောင်းကောင်ကြီးပဲဗျို့...”

ဟု ပြောလေပြီး နွားကျောင်းသားဖိုးဆောင်သည် မျက်နှာကို လက်ဝါးနှင့် အုပ်လေ၏၊ ခြေထောက်ပေါ်တွင် တည်တည်ငြိမ်ငြိမ် ရပ်မနေနိုင်ပဲ ယိမ်းယိုင်နေလေ၏၊ လွန်စွာ ထိတ်လန့်တုန်လှုပ်နေသဖြင့် နားနားနေနေ ပြန်လိုက်နိုင်ကြောင်း ကျွန်ုပ်က ပြောလိုက်ရလေသည်၊

ထို့နောက် ကျွန်ုပ်နှင့် ကိုမင်းခေါင်တို့သည် လူသတ်မှုဖြစ်ပွားရာ ကျွန်းညိုပင်ကြီးအောက်မှ ပြန်လည်ထွက်ခွာခဲ့ကြလေ၏၊ လွန်ကျော်စီးတော်ခင်း

www.burmeseclassic.com

နယ်မြေအသတွင်းနှင့် ရွာနီးချုပ်စပ်များတွင် လူပျောက်မှု ရှိ၊ မရှိ စုံစမ်းမေး မြန်းရာ မည်သည့်သတင်း အစအနမှ မရရှိခဲ့ပေ။ သို့သော် လွန်ကျော်ရွာမှ လယ်သမားကြီး ကိုဖိုးသောင်းက -

"အလောင်းမှာ ဝတ်ဆင်ထားလျက် ရှိနေတဲ့ အဝတ်အစားတွေကို မြင် ရတည်းက ကျုပ် ကောင်းကောင်းကြီးကိုမှတ်မိလိုက်ပါတယ်၊ အသတ်ခံရတဲ့ သူဟာ အလောင်းမတွေ့ခင် ညနေဘက်က ကျုပ်လယ်ကွင်းဘေးနားက သွား လှည်းမောင်းလမ်းမအတိုင်း ဖြတ်သွားတဲ့လူနှစ်ယောက်ထဲက တစ်ယောက် ဖြစ်တာ သေချာပါတယ် - အရာရှိမင်းရယ်"

ဟု ပြောလေရာ နေမင်းခေါင်က -

"အဲဒီလူနှစ်ယောက်ကို အရင်ကရောပဲ မြင်ဖူးသလား"

ဟု မေးလိုက်လေ၏။ လွန်ကျော်ရွာမှ လယ်သမားကြီး ကိုဖိုးသောင်း က -

"ဟင့်အင်း - ဒီလူနှစ်ယောက်စလုံး ကျုပ်မသိတဲ့လူစိမ်းတွေပဲဗျ၊ တစ် ယောက်က အရပ်ရှည်ရှည်၊ ကျန်တစ်ယောက်က နည်းနည်းအရပ်ပုတယ်၊ နှစ်ယောက်စလုံး ပခုံးသိုင်းလွယ်အိတ်ကြီးတွေကိုယ်စီနဲ့ ဆောင်မားဘတ် ချောင်းစီလည်း ကိုင်ထားကြတာ တွေ့တယ်၊ ခရီးသွားသိုင်းသမားတွေထင် ပါရဲ့"

ဟု ပြောလေရာ ထိုအခါ လွန်ကျော်ရွာသူကြီးမင်း ဦးဘိုးခကာ -

"ဒီနယ်မြေမှာ နှစ်စဉ်ကောက်ရိတ်သိမ်းချိန်ဆို ဆေးဆရာ၊ ဝိဇ္ဇာဆရာ တွေနဲ့ သိုင်းဆရာတွေ ရောက်လာတတ်ကြပြီး အခကြေးငွေယူလို့ နယ်ခံ လူငယ်တွေကို လူစုပညာပေးကြတယ်လေ ..."

ဟု ပြောလေသည်။ ထိုအခါ လွန်ကျော်ရွာသား ငမိုးညိုကလည်း -

"ဟုတ်လိမ့်မယ်ဗျို့ ကိုရင်ဖိုးသောင်းပြောတဲ့နေ့က ကျုပ်လည်း မြို့ကုန်း ရွာက ယောက္ခမတွေ လယ်တလင်းသိမ်းပေးပြီးလို့ ကျုပ်ဇာတိရွာကို ပြန် အလာမှာ ဒီလူနှစ်ယောက်ထင်ရဲ့ လမ်းမှာ တွေ့လို့ လမ်းကြုံလှည်းပေါ်တင် ခေါ်လာရသေးတယ်၊ ဟုတ်ပါတယ် - ဒီလူတွေပါပဲ၊ အရပ်ရှည်ရှည်လူက စကားများလွန်းတယ်ဗျ၊ သူတို့နှစ်ယောက် ဒိုင်းမြနဒီ၊ နွားကူးလေး၊ ပိန္နဲပင် တဲ့ရွာတွေဆီက နယ်လှည့်ပညာတွေ သင်ပေးပြီးပြန်လာကြတာတဲ့၊ တစ် ယောက်က သိုင်းဆရာ၊ တစ်ယောက်က ကာယသိဒ္ဓိဂိုဏ်းဆရာ၊ အာဋ္ဌဝက ဆေးထိုးတာတဲ့၊ နေပါဦး - အဲဒီအရပ်ရှည်ရှည်လူက သူ့နာမည်ကိုတောင် ကျုပ်ကို ပြောခဲ့သေးရဲ့ အင်း - အဲ - အဲ - ဆရာတောကျော်၊ ဟုတ်တယ် - သိုင်းဆရာ တောကျော်တဲ့ဗျ၊ သံရွာမှာ ကလေးသုံးယောက်နဲ့ မိသားစုရှိ တယ်တဲ့ ပြောတယ်"

ဟု ပြောလေရာ နေမင်းခေါင်က -

"ကျန်တဲ့တစ်ယောက်ကရောပဲ၊ သူ ဘယ်သူဆိုတာ ပြောသေးလား"

ဟု မေးလေရာ လွန်ကျော်ရွာသား ငမိုးညိုက -

"ဟင့်အင်း - မပြောဘူးဗျ၊ ဒီလူက မျက်နှာထား မှုန်တေတေနဲ့၊ ပြီးတော့ သူတို့တွေ သပြေသာရွာထိပ်မှာ ဆင်းနေရစ်ခဲ့ကြတဲ့အချိန်အထိ စကား တစ်ခွန်းမှ မပြောဘူး၊ အ.အတစ်ယောက်လိုပဲ ငြိမ်နေတာ၊ ခြေဆင်းထိုင် ပြီး လှည်းရုံတိုင်ကို ကျောမှီလို့ မျက်နှာပေါ်ကိုလည်း ခေါင်းမှာဆောင်းလာ တဲ့ သက္ကလတ်ဦးထုပ်ကြီးကို ခပ်ငိုက်ငိုက် ဆွဲဆောင်းထားပြန်တယ်၊ သူ့ ဒူးပေါ်ကို သူကိုင်လာတဲ့ ဆောင်ဓားကိုတင်လို့ လက်နှစ်ဖက်စလုံးနဲ့ ဆုပ် ကိုင်ထားတယ်ဗျို့..."

ဟု ပြောလေသည်။ ကိုနေမင်းခေါင်သည် ကုလားအုပ်တံဆိပ်စီးကရက် ကို မြမြကလေး ရှိုက်ဖွာနေရင်းမှ ပြုံးလေ၏။ ပြီးနောက် - ကျွန်ုပ်နှင့်တို့နေ





www.burmeseclassic.com

www.burmeseclassic.com

မင်းခေါင်တို့သည် ရှာနိုင်ကြီးဂတ်တဲဌာနအုပ်ကြီး ဦးတင်ထွန်းကိုယ်တိုင် အလောင်းမှ ကူးယူထားသော လက်ဗွေရာများကိုယူပြီး အော်စတင်းကားကို မောင်း၍ ကွမ်းတောင်ကုန်းဂတ်သို့ ပြန်ခဲ့ကြလေတော့သည်။ နောက်မကြာမီမှာပင် ကိုနေမင်းခေါင်၏ကြိုးစားမှုကြောင့် ထိုလက်ဗွေရှင်သည် သိုင်းဆရာ တောကျော်ဖြစ်ကြောင်း သေချာနေပြီ၊ သူ ဘာကြောင့် အသတ်ခံရသလဲဟူသော မေးခွန်းကို ကျွန်ုပ် စဉ်းစားနေမိတော့လေသည်။

••✋••

**မမိုးစိန်ကို စ,မေးပြီ**

လွန်ကျော်ရွာသား ငမိုးညိုပြောသော လှည်းကြုံလိုက်စီးကြသည်ဆိုသော လူနှစ်ဦးထဲမှ အရပ်ရှည်ရှည်လူမှာ သိုင်းဆရာတောကျော် အသက် (၅၃)နှစ်၊ သံအရေ့ရွာတွင်နေပြီး အိမ်ထောင်သည် ဖနီးမယား မရှိတော့သော မုဆိုးဖိုတစ်ဦးသာ ဖြစ်လေ၏။ ကျွန်ုပ်နှင့် ကိုနေမင်းခေါင်တို့သည် အော်စတင်းကား အနက်ရောင်လေး မောင်းနှင်၍ သံအရေ့ရွာသိုင်းဆရာ တောကျော်၏အိမ်သို့ ရောက်ခဲ့ကြလေ၏။ ထိုရွာအရှေ့ဖျားလမ်းမကြီး တောင်ဘက်ဘေးတွင်နေသော တောကျော်၏အစ်မတော်စပ်သူ မအုန်း... တို့အိမ်၌ စေတ္တပြောင်းရွှေ့နေသော ဆယ့်ခုနစ်အရွယ်ရှိ မမိုးစိန်ခေါ် တောကျော်၏သမီးအကြီးဆုံးကို တွေ့ဆုံမေးမြန်းစုံစမ်းကြည့်သောအခါ သူ့အဖေ အသတ်ခံရကြောင်း ကြားသိနှင့်နေသည်မို့ ဗုဒ္ဓဘာသာ ထုံးတမ်းအစဉ် အလာအရ သေသူအတွက် ရည်စူးလို့ ဆွမ်းသွတ်တရားတော်နာ ကောင်းမှု ကုသိုလ်များ ပြုလုပ်နေကြသောနေ့နှင့် တိုက်ဆိုင်နေသဖြင့် အားနာနေ ပြန်လေ၏။



ကျွန်ုပ်နှင့် ကိုနေမင်းခေါင်တို့သည်အသတ်ခံရသော သိုင်းဆရာတောကျော်၏အမှုအား ဖော်ထုတ်ပေးမည့် ကွမ်းတောင်ကုန်းဂတ်မှ ပုလိပ် စုံထောက်များဖြစ်ကြောင်း ပြောပြလေသောအခါ မမိုးစိန်ကလေးလည်း ဝမ်း နည်းလွန်းလေသဖြင့် သည်းထန်စွာ ငိုကြွေးလေ၏။ ကျွန်ုပ်နှင့် ကိုနေမင်း ခေါင်တို့သည် နှစ်သိမ့်စကားဆိုပြီး ကူညီပေးပါရန် ပြောပြီး သိချင်သည်များ အမေးမြန်းလေ၏။ ထိုအခါ မမိုးစိန်ကလေးက ကျွန်ုပ်အား စာနှစ်စောင် ထုတ် ပြလေ၏။ တစ်စောင်မှာ အမှုသဲလွန်စအတွက် သိပ်အထောက်အကူ မရနိုင် သော်လည်း ကျန်တစ်စောင်မှာမူ စိတ်ဝင်စားဖွယ် ကောင်းလေ၏။ ထိုစာကို သိုင်းဆရာတောကျော် အသတ်မခံရမီ ရက်ပိုင်းအလိုခန့်က ရေးပို့သောစာ ဟု ခန့်မှန်းမိလေသည်။ မြန်ဒီကျေးရွာမှ လူကြုံပါး ရေးပို့လိုက်ခြင်းဟုလည်း ပြောလေ၏။ ထိုစာမှာ အောက်ပါအတိုင်း ဖြစ်လေ၏။

သို့ /

သမီးကြီး မမိုးစိန် –

အဖေ စာရေးလိုက်တယ်။ ကျန်းမာရေးလည်း ကောင်းပါတယ်။ အဖေ ...ပြန်ဆိုရင် အဖေ့မိတ်ဆွေနဲ့ မြေနိုရွာကို အလည်လိုက်သွားဦးမယ်။ ...ရက် နှစ်ရက်လောက်ဆိုပြန်လာမှာပေါ့။ အဖေ့ဆီမှာ အခုရှုပီငွေ (၄၀၀) ...ဝါ စုဆောင်းမိနေပြီ–ဗွတ်ဘိုင်။

တောကျော်

စာတွင် အဆုံးသတ်ထားတာ ထူးဆန်းနေသည်ဟု ကျွန်ုပ်ထင်၏။ ...မင်းခေါင်က စာနှစ်စောင်ကို အပြန်ပြန် အလှန်လှန် ဖတ်ရှုပြီး တိုက် ...ကြည့်နေပြန်၏။ စီးကရက်ကို နှုတ်ခမ်းဖျားတွင် တပ်ပြီး ငြိမ်သက်စွာ ...အနက် စဉ်းစားချင့်ချိန်နေလေ၏။ အတန်ကြာသောအခါ မြေခနဲ ...ပျော်ပြုံးလိုက်ပြီး ကိုနေမင်းခေါင်က –

www.burmeseclassic.com

"ဒီစာတစ်စောင်က အဆုံးသတ်မှာ ထူးဆန်းနေတယ် - အိုင်ပီ၊ မကြာခင် တစ်ရက် နှစ်ရက်အတွင်းမှာ သူ့သမီးဆီကို ပြန်လာတော့မယ့် ဖခင်တစ်ယောက်က စာရဲ့အဆုံးပိုဒ်မှာ ဗွတ်ဘိုင်ဆိုတဲ့ နှုတ်ဆက်စကားကို ထည့်ရေးစရာ မလိုဘူးလို့ ကျုပ်ထင်တယ်ဗျ။ ပြီးတော့ - စာနှစ်စောင်လုံးမှာ ကွဲပြားနေတာက လက်ရေးတွေပဲ၊ လူတစ်ယောက်တည်းက ရေးပို့လိုက်တာ မဖြစ်နိုင်ဘူး"

ဟု ပြောလေရာ မမိုးစိန်ကလေးက -

"ဒီက အရာရှိမင်းပြောတာ အမှန်ပါပဲရှင်၊ အဖေက စာမတတ်ဘူးရှင့်၊ ကျွန်မဆီကို စာရေးပို့တိုင်း သူ့မိတ်ဆွေတစ်ယောက်မဟုတ် တစ်ယောက်ကို အကူညီတောင်း၊ ရေးခိုင်းလေ့ရှိတယ်လေ ..."

ဟု ပြောလေသည်၊ ကိုနေမင်းခေါင်က -

"ဒီလိုဖြင့် ရှင်းပါပြီ - မိန်းကလေးရယ်၊ ဒါနဲ့ - မင်းရဲ့အဖေဆီက ပေးလိုက်တဲ့စာတိုင်းမှာ ရဲဖန်ရံခါဆိုသလို ဒီစာထဲမှာ အဆုံးသတ်သကဲ့သို့ ဗွတ်ဘိုင်ဆိုတဲ့ နှုတ်ဆက်ခြင်းစကားကိုများ ရေးကျင့်ရှိသလား"

ဟု မေးမြန်းသည်တွင် မမိုးစိန်ကလေးက -

"ဟင့်အင်း - မရှိပါဘူးရှင်၊ ဒီတစ်ခါပဲ ပါပါတယ်"

ဟု ပြန်ပြောလေသည်၊ ထိုအခါ ကိုနေမင်းခေါင်သည် တစ်စုံတစ်ရာကို ပြတ်ပြတ်ထင်ထင် တွေ့မြင်လိုက်ရသည့်အလား ပြုံးလေ၏၊ ကျွန်ုပ်က -

"အိုင်ဆေး ကိုနေမင်းခေါင် - လူသတ်သမားကို ပုံရိပ်ဖမ်းနိုင်ပြီမှတ်တယ်"

ဟု မေးလိုက်ရာ ကိုနေမင်းခေါင်က ခေါင်းညိတ်ပြလေ၏၊

"ကျုပ်ယူဆချက်တစ်ဝက်တော့ မှန်ပြီ - အိုင်ပီရေ၊ သိုင်းဆရာတော်ကျော်က စုဆောင်းထားတဲ့ ငွေကလေးရှစ်(၄၀၀)အတွက် အသတ်ခံလိုက်ရတာပါပဲ"



"ဘယ်လိုကြောင့်လဲ - ကိုနေမင်းခေါင်ရယ်"

"ဒီလို အိုင်ပီရဲ့ - စာထဲမှာ ရေးနေကျ နိဂုံးချုပ် အသုံးအနှုန်းမဟုတ်ပဲ - ဗွတ်ဘိုင်လို့ရေးထည့်ပေးခြင်းဟာ တစ်ဖက်လူကိုပြက်ရယ်ပြုလိုက်ကြောင်း အတိသက်ဖော်ပြလိုက်တယ်ဆိုတာ ပေါ်လွင်နေတယ် - အိုင်ပီရေ"

ထို့နောက် ကျွန်ုပ်တို့သည် သံအရှေ့ရွာမှ ပြန်ခဲ့ကြလေ၏၊ ကိုနေမင်းခေါင်သည် အော်စတင်းကားအနက်ကလေးအား တစ်နာရီလျှင် မိုင်သုံးဆယ်ထက်မနည်းသော အရှိန်ဖြင့် ကျွမ်းကျင်စွာ မောင်းနှင်နေ၏၊ မြေသားလမ်းမကြီးက ဟန်မြင့်မိုရ်ရွာကြီးသို့ ရောက်သည်အထိ ကားနောက်ပိုင်းမှာ ဖုန်လုံးကြီးတွေ ဝေ့ဝဲမွှန်ထူကျန်ရစ်ခဲ့၏၊ ကျွန်ုပ်မှာ ကိုနေမင်းခေါင်၏ဘေးနားထိုင်၍လိုက်ပါ၏၊

အမှန်အတိုင်းဝန်ခံရလျှင် ကျွန်ုပ်သည် တိုက်ပိုင်ပုလိပ်အရာရှိတစ်ဦး ဖြစ်သော်လည်း ကျွန်ုပ်၏ လက်အောက်၌ ထားပုလင်းဟုခေါ်သော လူဆိုးခိုးရာထူးကလေးနှင့် တာဝန်ထမ်းဆောင်နေသော ကိုနေမင်းခေါင်၏ အတွေးခေါ် ဉာဏ်ကိုမမီ၊ ယခုအမှုကြီးမှာပင်လျှင် လူသတ်သမားပုံရိပ် ပေါ်ပြီ ဆိုသော်လည်း ကျွန်ုပ်၏ ကိုယ်ပိုင်တွေးခေါ်ချက် ဘာတစ်ခုမှမပါ၊

တရားခံကိုသူ ဘယ်လိုဆက်ပြီး ခြေရာကောက်မှာပါလိမ့်ဟု တွေးတောနေမိလေတော့သည်၊

## ခြေရာခံမိသော သဲလွန်စ

သိုင်းဆရာတော်ကျော်မြန်ဒီရွာမှ ရေးပို့လိုက်သည့်နောက်ဆုံးရရှိသော မိန်းကလေးထံမှစာကြောင့် ကျွန်ုပ်နှင့် ကိုနေမင်းခေါင်တို့သည် မြန်ဒီရွာသို့တည်း စုံစမ်းရန် သွားခဲ့ကြလေ၏၊ သူကြီးမင်း ကိုပေါက်စီ၏အိမ်သည် ရွာနောက်ပိုင်းအဝင် တံခါးကြီးနားတွင် ရှိလေ၏၊ မြို့အတွင်းအရှေ့ဘိုင်းရှိ စည်းရိုးနံ့ဘေးရှိ မန်ကျည်းပင်ကြီးအောက်တွင် ကားကိုရပ်၍ ကျွန်ုပ်

www.burmeseclassic.com

တို့သည် ထရံကာသက်ကယ်မိုး နှစ်ထပ်အိမ်ကြီးဆီသို့ လျှောက်ခဲ့ကြလေသည်။ အိမ်ကြီးအောက်ထပ်မှ သူကြီးမင်း ကိုပေါက်စီက ဆီးကြိုသည်။

"ကြွပါ - ကြွပါ - အရာရှိမင်းတို့။ ဘယ်လိုအရေးအကြောင်းများ ရှိ သလဲ"

"သူကြီးမင်း ကိုပေါက်စီ မှတ်တယ်"

"ဟုတ်ကဲ့ - အရာရှိမင်း"

"အဆင်သင့်လိုက်ပေါ့ - သူကြီးမင်းရယ်။ ကျုပ်တို့က ကွမ်းတောင်ကျ ဂတ်က ပုလိပ်စုံထောက်တွေပါပဲ။ ဟောဒီက အရာရှိမင်းက အိုင်ပီမင်း ခေါ်ပါရဲ့။ ကျုပ်ကတော့ ဆားပုလင်းနေမင်းခေါင်ပါ"

"ကြားဖူးပြီလားခင်ဗျာ"

"ဟိုတစ်နေ့က ဖြစ်ပွားခဲ့တဲ့ လွန်ကျော်စိုက်ခင်းနယ်မြေထဲက ကျွန်ပြ ပင်လူသတ်မှုနဲ့ပတ်သက်ပြီး သူကြီးမင်းရွာမှာ စုံစမ်းစရာကလေးရှိလို့ လာ ကြတာပဲ"

"ဘုရားရေ - အသတ်ခံရတာက ဘယ်သူတုံး"

"နာမည်က တောကျော်တဲ့။ နယ်လှည့်ပြီး သိုင်းပညာသင်ကြားဖြ အသက်မွေးတယ်"

"အို - ဖြစ်ရလေ။ ဟိုတစ်နေ့ကမှ ဒီရွာက ပြန်သွားပါပကောလား။ ရွာ တောင်ပိုင်းက ကျုပ်တူသားနှစ်ယောက်နဲ့ သူငယ်ချင်းတစ်သိုက်ကို သိုင်း ပညာ လာသင်ပေးတာလေ။ နှစ်စဉ် စပါးရိတ်ရိုန်ဆို သူလာနေကျဗျ။ ကျွ တောင် ရင်းနှီးနေပြီ"

ဟု သူကြီးမင်း ကိုပေါက်စီက ပြောလေ၏။ ဆားပုလင်းနေမင်းခေါင် စီးကရက်ကို နှုတ်ခမ်းများမှာ တပ်ပြီး ငြိမ်သက်စွာ နားထောင်နေရင်းမှ -

"သူ - ဒီရွာက တစ်ယောက်ယောက်နဲ့များ အချင်းများတာ၊ ရန်ငြ တာ ဖြစ်သွားသေးသလား"



"ဟင့်အင်း - မဖြစ်ပါဘူး။ တစ်ရွာလုံးနဲ့ သူ အဆင်ပြေပါတယ်။ အဲ - အဲ သူနဲ့အတူပြန်သွားတဲ့ သူ့မိတ်ဆွေ ကာယသိဒ္ဓိဂိုဏ်းဆရာဆိုတဲ့လူကတော့ သူ့အကြောင်းကို တော်တော်ဖုံးဖိနိုင်တဲ့လူဗျာ။ ဘယ်အရပ်ဇာတိသား ဆို တာတောင် ရင်းနှီးသူတိုင်းကို မပြောဘူး။ စကားနည်းတာကလည်း လွန် ရောဗျို့။ ဒါပေမဲ့ - သူ့အကြောင်းကို တိတိကျကျ သိသူရှိတယ်။ အဲဒါ - ရွာနိုင် ငြိမ်တဲ့က ဗြာနအုပ်ကြီး ဦးတင်ထွန်းပါပဲ။ ကြုံချင်တော့ တစ်ရက်မှာ ဗြာန အုပ်ကြီး ဦးတင်ထွန်းတို့အဖွဲ့ နယ်မြေလုံခြုံရေး ကင်းလှည့်လာကြရင်း ဒီရွာ ကိုအရောက်မှာ တွေ့သွားပြီး။ ဟာ - မင်းက ဒီကိုရောက်နေတာလား။ ကောင်း ကောင်းမွန်မွန်နေပေ့ - ကြားလားလို့ ပြောသွားတာ ကြားရတယ်။ ဗြာနအုပ် ကြီးပြောစကားအရ သူ့အဖေက ရာဇဝင်လူဆိုးကြီးတစ်ယောက်ပဲတဲ့။ မြေ ခွေးလက်လို့ နာမည်ကြီးတယ်တဲ့"

ဟု ပြောပြလေသည်။ ကျွန်ုပ်နှင့် ကိုနေမင်းခေါင်တို့သည် သူကြီးမင်း ကိုပေါက်စီနှင့် အတန်ကြာမျှ စကားပြောဆိုပြီးနောက် တောကျော်၏ သိုင်း ပညာသင် လူငယ်တစ်သိုက်ရှိရာ ရွာတောင်ပိုင်းဆီသို့ သွားရောက် စုံစမ်းကြသော်လည်း ထိုလူငယ်တို့က တောကျော်နှင့် ပတ်သက်၍လည်း ကောင်း၊ ထူးခြားဖြစ်စဉ် ဘာမှပြောမပြနိုင်ကြပါ။ ကိုနေမင်းခေါင်က -

"ဖြစ်ရပ်မှာ အသတ်ခံရတဲ့တောကျော်ကို လည်ပင်းဖြတ်သတ်ဖို့ဆိုတာ ကော်ရှုံစိတ်မာတင်းနိုင်မှပုံနဲ့ မဖြစ်နိုင်ဘူးဗျ။ လူသတ်သမားက လက်ယဉ်ပါး သူဖြစ်တဲ့ ရာဇဝတ်ကောင်တစ်ယောက်ပဲဗျို့။ ဒီလိုလူတစ်ယောက်က သူ နေထိုင်ရာ နယ်မြေပိုင်ဂတ်တဲမှာလည်း ရာဇဝတ်မှုစာရင်းဝင် မှတ်တမ်း တင်ခံထားရတာရှိမှာပဲ။ ဒီတော့ - အိုင်ပီရေ - ကျုပ်တို့အပြန်ခရီးမှာ ရွာနိုင် ငြိမ်တဲမှာ တစ်ခါတည်း ဝင်ပြီးရှာကြည့်ရအောင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလေ၏၊ ကိုနေမင်းခေါင်၏ ခန့်မှန်းချက်သည် ကွက်တိနီးပါး မှန်ကန်ကြောင်း ရွာနိုင်ကြီးဂတ်တဲသို့ ဝင်ရောက်စုံစမ်းသောအခါ ကျွန်ုပ်သိရလေ၏၊ ဌာနအုပ်ကြီး ဦးတင်ထွန်းက -

"ကျော်ကြားဆိုတဲ့ကောင်က မျိုးရိုးစဉ်ဆက်ကို ပုလိပ်မှတ်တမ်းတွေမှာ အတင်ခံထားရတာဗျ၊ ဟိုတစ်လောက ဖြစ်ပွားခဲ့တဲ့ မယ်ဖယ်ခြံရွာ လုယက်မှုမှာလည်း ဒီကောင့်ကို သံသယတရားခံအဖြစ် စစ်ဆေးခဲ့ပြီးပြီ၊ မနိုင်လို့သေးလို့ ပြန်လွှတ်ထားတာ၊ ဟောဒါ - အဲဒီကောင်နဲ့ပတ်သက်တဲ့ ပုလိပ်မှတ်တမ်းပါပဲဗျာ"

ဟု ပြောပြီး ပုလိပ်မှတ်တမ်းဖိုင်စာအုပ်ကြီးအား လှန်၍ ကျွန်ုပ်တို့ရှေ့ တည့်တည့် စားပွဲပေါ်မှာ ချပြလေ၏၊ နှစ်ဦးအတူ ဆွဲယူကြည့်ပြီးနောက် ကိုနေမင်းခေါင်က -

"အလို - ဒီထဲမှာ ရေးထားတာက မင်းမောင်၊ မြေစိုရွာဆိုပါလားဗျ"

ဟု ပြောလေရာ ဌာနအုပ်ကြီးက -

"ဟုတ်တယ် - ကိုနေမင်းခေါင်ရေ၊ မင်းမောင်ဟာလည်း ကျော်ကြားပါပဲဗျာ၊ ပဲခင်းကြီးရွာသားစစ်စစ်ဖြစ်ပေမယ့် မြေစိုသူ တုတ်ခင်နဲ့ အိမ်ထောင်ကျလို့ အခုထိ မြေစိုရွာမှာပဲ နေလေရဲ့၊ ကလေးသုံးယောက် ရှိတယ်"

ဟုပြောပြလေတော့သည်၊ ထိုအခါနေမင်းခေါင်ကခေါင်းတညိတ်ညိတ် နှင့် ပြုံးလေ၏၊ အားရကျေနပ်သော အပြုံးပင် ဖြစ်လေ၏၊

## တရားခံဖမ်းပြီ

ကျွန်ုပ်နှင့် ကိုနေမင်းခေါင်တို့သည် အော်စတင်းကားကလေးကို မောင်းနှင်၍ မင်းမောင်ခေါ် ဝိုက်းဆရာ ကျော်ကြား နေထိုင်သည့် မြေစိုရွာသို့ သွားခဲ့ကြလေသည်၊ ရွာသူကြီးအိမ်ကိုဝင်သည်၊ ထို့နောက် ပျာသီးပျာယာနှင့် ဆယ်အိမ်မှူးခေါင်း မောင်မြကိုလည်း ဝင်ခေါ်ခဲ့လေ၏၊ ရွာတောင်ဘက်ဝတွင်ရှိသော အတန်ငယ်ရှဲ့စောင်းနေပြီဖြစ်သည့် တဲအိမ်အတွင်းဝယ် ဝိုက်းဆရာ ကျော်ကြားကား မိသားစုနှင့် ထမင်းစားနေမိုက် ဖြစ်လေ၏၊

သူကြီး၊ ဆယ်အိမ်ခေါင်းနှင့် ကျွန်ုပ်တို့အား မြင်သောအခါ ဝိုက်းဆရာ ကျော်ကြားက ဇဝေဇဝါနှင့် မော့ကြည့်သည်၊ ဝိုက်းဆရာ ကျော်ကြားက -

"ဘာကိစ္စလာပါသလဲ ခင်ဗျာ"

ဟု မေးရာ သူကြီးက -

"ဟောဒီက ပုလိပ်အရာရှိမင်းတို့က မင်းကို လာဖမ်းကြတာတဲ့"

ဟု ပြောလေ၏၊ ထိုအခါ ခပ်ပြုံးပြုံးအမူအရာနှင့် ဝိုက်းဆရာကျော်ကြားက -

"ခက်ပြီ - ဘာပြစ်မှုများ ကြံပြန်ပြီလဲ ခင်ဗျာ၊ ကျွန်တော် မသိရပါလား"

ဟု ပြန်ပြောလေရာ ကိုနေမင်းခေါင်က -

"လွန်ကျော်စိုက်ခင်းဒေသ၊ ကျွန်းညိုပင်ကြီးအောက်မှာ သိုင်းဆရာ ထောကျော်ကို ခေါင်းဖြတ်သတ်ခဲ့တဲ့အမှုပါပဲ"

"ဗျာ ..."

"ကျုပ် - ကွမ်းတောင်ကုန်းဂတ်က ဆားပုလင်းနေမင်းခေါင်ပါပဲ"

ဟု ပြောလေသောအခါ ဝိုက်းဆရာ ကျော်ကြား၏မျက်နှာတွင် တွေဝေ ချော် သွေးတစ်စက်မှ မရှိတော့ပေ၊ ရုတ်တရက်ထကာ အိမ်အပြင်ဘက် ထွက်ပြေးမည်ပြုစဉ် ကိုနေမင်းခေါင်ကလည်း လျင်မြန်စွာ လက်တစ်ဖက်ကို ဆွဲ၏၊ လက်သီးဖြင့်လည်း တစ်ချက်ထိုးလေ၏၊ ထို့နောက် ခါးမှာချိတ်ထားသော လက်ထိတ်ကိုဖြုတ်၍ ခတ်လေ၏၊ ပြီးနောက် - ဆယ်အိမ်ခေါင်း မောင်မြအား တဲအိမ်အတွင်းပိုင်းအနှံ့ လှည့်ပတ်ကြည့်ရှုရှာဖွေစေရာ ဆောင်းအနှစ်ရှောင်း၊ ခရီးဆောင်လွယ်အိတ်ပွကြီး နှစ်လုံးနှင့် ရှမ်းဘောင်းဘီဟု

www.burmeseclassic.com

ခေါ်သော သိုင်းဝတ်စုံ ဘောင်းဘီပွပွကြီးနှစ်ထည်ကို တွေ့ရလေသည်။ ကိုနေမင်းခေါင်က -

"ကဲ - ကျော်ကြီးရေ - ဆောင်မားနှစ်ချောင်း၊ ခရီးဆောင်လွယ်အိတ်ပွကြီးနှစ်လုံးနဲ့ သိုင်းဝတ်စုံဘောင်းဘီနှစ်ထည် တွေ့တယ်၊ ဆောင်မားတစ်ချောင်း၊ လွယ်အိတ်တစ်လုံး၊ သိုင်းဝတ်စုံဘောင်းဘီနှစ်ထည်ကတော့ သိုင်းဆရာတောကျော်ရဲ့ ပစ္စည်းတွေပဲ မှတ်တယ်၊ မင်း ဖြင်းဦးမယ်ဆိုရင်တော့ မြန်ဒီရွာက သူကြီးမင်းပေါက်စီနဲ့ သိုင်းသင်တန်းသားတွေကို ခေါ်ပြီး သက်သေထွက်ဆိုနိုင်ရဲ့ပဲပေါ့ကွာ"

ဟု ပြောပြီး ခပ်တေ့တေ့စိုက်ကြည့်လိုက်လေသည်။ ထိုအခါ မင်းမောင်ခေါ် ဂိုက်းဆရာ ကျော်ကြီးသည် ထိတ်လန့်ကြောက်ရွံ့စွာဖြင့် ခေါင်းငိုက်စိုက်ကျသွားလေတော့သည်။ ကျွန်ုပ်တို့သည် လူသတ်မှုတရားခံကျော်ကြီးအား လက်ထိပ်ခတ်ပြီးလျှင် ရွာနိုင်ကြီးဂတ်တဲသို့ ခေါ်လာခဲ့ကြလေတော့သည်။

## ခေါင်းဖြတ်လူသတ်သမား

ကျော်ကြီး၏လူပုံသဏ္ဌာန်အနေအထားမှာ အလတ်တန်းစား အသားမည်း၍ သစ်ခေါက်ကဲ့သို့နေလောင်ထားသည့် ခါးကိုင်းကိုင်း လူပုံသေးသွယ်၍ မျက်နှာစုတ်ချွန်းချွန်း၊ မုတ်ဆိတ်ပါးသိုင်းမွေး ထူလပျစ်နှင့် ဖြစ်လေ၏။ အစပထမတွင် သူ့တွင် အပြစ်မရှိဟု ငြင်း၏။

"ကျုပ် - တောကျော်ကို ခုခံကာကွယ်ရင်း လက်လွန်သွားတာပါ။ ကျုပ်အိမ်ကို အလည်လိုက်တာတဲ့၊ သူနဲ့ လမ်းခုလတ် ကွျန်းညိုပင်ကြီးအောက် အရောက်မှာ ရန်ဖြစ်ကြတယ်၊ သူက ကျုပ်ကို သိုင်းဆရာပီပီ မျက်စိနောက်လောက်အောင် သိုင်းကွက်တွေနင်းပြီး စလို့ တိုက်ခိုက်တာပါပဲ၊ ကျုပ်က

လည်း အာဠဝကဆေးတွေ ထိုးထားသူဆိုတော့လည်း ကျုပ် အသားတစ်ချက် အနာခံလိုက်ရတာနဲ့ ကျုပ်ခန္ဓာကိုယ်အနှံ့ထိုးထားတဲ့ ဆေးမှော်တွေ ဝင်ပြီး စိတ်ရိုင်းတွေကြောင့် သတ်လိုက်မိတာပါပဲဗျာ"

"ဒါဆို - ခေါင်းဖြတ်လိုက်တာကရောပဲ"

"ဒါက သေသူကို လူမမှတ်မိအောင်လို့ပါ၊ သူ ဘယ်သူဆိုတာ ပုလိပ်တွေသိမှဖြင့် ဒီလူသတ်မှုအတွက် ဖြေရာခံမိမှာ ကျုပ်သိနေတယ်လေ"

ဟု ကိုနေမင်းခေါင်က ဆေးလိပ်ကို နှုတ်ခမ်းဖျားတွင် တပ်၍ခဲရင်း ပြောလေ၏၊ ထိုအခါ ကျော်ကြီးက -

"ဟင့်အင်း - ဒါကို ကျုပ် မတွေးမိဘူးဗျာ"

ဟု ခေါင်းကို ယမ်းခါပြ၍ ပြောလေ၏၊ ကိုနေမင်းခေါင်က -

"ကိုယ့်လူပြောတာ ယုတ္တိတော့ တန်ပါရဲ့၊ ဒါပေမဲ့ - လိမ်လည်ပြောဆိုနေတာ ကျုပ်သိတယ်၊ တောကျော်ဆီက ရူပီငွေ (၄၀၀) လိုချင်လို့ သတ်ပစ်လိုက်တာမဟုတ်လား"

ဟု ပြောလိုက်လေရာ ကျော်ကြီး၏မျက်နှာမှာ ဖြူဖပ်ဖြူရော်နှင့် သွေးမရှိတော့အောင် အမူအရာပါ ပျက်ယွင်းသွားလေ၏၊

"မဟုတ်ဘူး - ခင်ဗျားပြောတာ မဟုတ်ဘူး၊ ကျုပ်တို့နှစ်ယောက်တည်း ရန်ဖြစ်ကြတာ သူစုဆောင်းမိတဲ့ ရူပီငွေ(၄၀၀)ကြောင့် မဟုတ်ဘူးဗျ၊ မိန်းမတစ်ယောက်ကြောင့် သူက ကျုပ်ကို စိန်ခေါ်တာဗျ၊ ကျုပ်တို့နှစ်ယောက်တည်း ထိုးကြ၊ ကြိတ်ကြရင်းက သူ့ခေါင်းကို ကျုပ်က သစ်ကိုင်းခြောက်တစ်ခုနဲ့ တောက်ရိုက်လိုက်တာ၊ အချိန်မသင့်လို့ လက်လွန်သွားတဲ့အဖြစ်ပါဗျ။ ကျုပ်က အဲဒီလိုမရိုက်ခဲ့မိရင်လည်း ခုလောက်ရှိ သူ့လက်ချက်နဲ့ ကျုပ်သေနေရောပေါ့ဗျာ၊ တကယ့်သေရေးပါပဲ"





www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားတို့နှစ်ယောက် မြန်မာနိုင်ငံမှာ ရှိနေကြတုန်းက မမိုးစိန်ကလေးဆီကို ခင်ဗျားလက်ရေးနဲ့ စာတစ်စောင် ဘောကျော်ကိုယ်စား ရေးပေးရသေးတယ်မဟုတ်လား"

"ဟုတ်ပါတယ် - ကျုပ်ကိုယ်တိုင် ရေးပေးခဲ့တာပါ"

ဟု ကျော်ကြီးက ဝန်ခံလေ၏။ ထိုအခါ နေမင်းခေါင်က နှုတ်ခမ်းထောင့်ကလေး တွန့်ကွေးရုံ ပြုံးလေသည်။

"ပြီးတော့ - စာပိုဒ်ရဲ့အဆုံးမှာ ဂွတ်ဘိုင်ဆိုတဲ့စကား ခင်ဗျား ထည့်ရေးလိုက်တယ်မဟုတ်လား"

"ဟုတ် - ဟုတ်ပါတယ်"

"အဲဒါ - ဘာကြောင့်လဲ။ မကြာခင် တစ်ရက် နှစ်ရက်အကြာမှာ သမီးဆီကို ပြန်ရောက်လာတော့မယ့် ဖခင်တစ်ယောက်က ရေးလိုက်တဲ့စာထဲမှာ အဲဒီလို နောက်ဆုံးနှုတ်ဆက်တဲ့စကားမျိုး ထည့်မှာမဟုတ်ပါဘူးလေ"

ဟု ပြောပြီးနောက် ကိုနေမင်းခေါင်သည် ရှေ့တည့်တည့်စားပွဲပေါ်တွင် တင်ထားသော အဝတ်ထုပ်တစ်ခုအား ဖြေချပြလိုက်ရာ သိုင်းဆရာဘောကျော်၏အလောင်းမှ သိမ်းဆည်းထားသော သိုင်းဝတ်စုံဘောင်းဘီအင်္ကျီနှင့် ချည်ထည်ခြုံလွှာ စောင်ပါးကလေးကို တွေ့ရလေ၏။ ကိုနေမင်းခေါင်က -

"ဒီဟာတွေကို ကြည့်စမ်းပါဦး"

ဟု ပြောလေရာ ကျော်ကြီးသည် သူ့ကိုယ်ကို တည်ငြိမ်စေရန် ထိုင်နေသည့်ကုလားထိုင်လက်တင်များကို သတိလက်လွတ် ဆုပ်ကိုင်ထားလေ၏။ ဆက်၍ ကိုနေမင်းခေါင်က ချည်ထည်ခြုံလွှာစောင်ပါးကလေးကို ကျော်ကြီး၏ ရှေ့တည့်တည့်စားပွဲပေါ်မှာ ဖြန့်ခင်းပြလေ၏။ ချည်ထည်ခြုံလွှာစောင်ပါးကလေး၏ တစ်ဖက်မျက်နှာအလယ်တည့်တည့်တွင် သွေးများ ဆံပင်များနှင့် ဖေးကပ်လျက် အကြည့်ရဆိုးဝါးစွာ စွန်းထင်းနေလေသည်။ ကျော်ကြီးက

ချက်ချင်းရှေ့မှ ထိုမြင်ကွင်းကို မမြင်ဝံ့ ချောက်ချားစွာ မျက်စိစုံမှိတ်ထားလိုက်လေ၏။ ထိုအခါ ကိုနေမင်းခေါင်က -

"မင်းတို့ အမှန် ဘာဖြစ်တယ်ဆိုတာ ငါပြောမယ် - ကျော်ကြီး။ အဲဒီနေ့က ညနေစောင်းအချိန်မှာ မင်းတို့နှစ်ယောက် လွန်ကျော်စိုက်ခင်းနယ်မြေထဲက ကျွန်းညိုပင်ကြီးအောက်ကို ရောက်လာကြတယ်၊ ခရီးကလည်း သိပ်ပြီးပင်ပန်းလာကြလေတော့ ခဏအနားယူ အိပ်စက်ကြမယ်လို့ပြောပြီး ဘောကျော်က သူ့မှာအသင့်ပါလာတဲ့ ချည်ထည်ခြုံလွှာ စောင်ပါးကလေးကိုထုတ်လို့ မြေပေါ်မှာ ဖြန့်ခင်းပြီး လှဲလျောင်းတယ်၊ အိပ်ပျော်သွားတော့ သစ်ကိုင်းခြောက်တစ်ချောင်း ကောက်ပြီး ခေါင်းကွဲကြေမွသွားအောင် ဆင့်ကာ ဆင့်ကာ ရိုက်သတ်လိုက်တယ်၊ ဒါကြောင့် - ဒီမှာကြည့်စမ်း"

ဟု ပြောပြီး ကျော်ကြီး၏မျက်နှာအနီးသို့ ချည်ထည်ခြုံလွှာ စောင်ပါးကလေးကို ပို၍တိုးကပ်ပြလေ၏၊ ပြီးနောက် - ဆက်၍ ကိုနေမင်းခေါင်က -

"ဒါကြောင့် - ခေါင်းအရိုက်ခံရလို့ ကျွတ်ထွက်တဲ့ဆံပင်တချို့နဲ့ ဒဏ်ရာက ထွက်တဲ့သွေးတွေဟာ ရောစွန်းပြီး အခင်းလုပ်ထားတဲ့ ချည်ထည်ခြုံလွှာ စောင်ပါးကလေးပေါ်မှာ ကပ်ငြိနေခဲ့တာပဲ"

ဟု အချက်ကျကျ ပြောလိုက်လေရာ မင်းမောင် (ခေါ်) ကျော်ကြီးသည် သည်းအားအင်ရှိနဲ့သကဲ့သို့ ခေါင်းငိုက်စိုက် ချသွားလေတော့သည်။

"အားလုံးမှန်ပါတယ် - ဆားပုလင်းနေမင်းခေါင်၊ အဲဒီလိုပဲ ဖြစ်ခဲ့တာပါ"

ဟု ဝန်ခံလေတော့၏။ ထိုအခါ ကိုနေမင်းခေါင်က နယ်မြေပိုင် ရှာနိုင်ကြီးဂတ်တဲမှ ဌာနအုပ်ကြီး ဦးတင်ထွန်းထံသို့ တရားခံအား လွှဲပြောင်းပေးအပ်ပြီးမှ စစ်ချက်ယူစေလေသည်။ ပြီးနောက် ကိုနေမင်းခေါင်က -

"ဒါတော့ - ဟုတ်ပါရဲ့ - ကျော်ကြီးရယ်။ မင်း - ဘောကျော်ကို ခေါင်းကိုခွဲပြီး ဘာလုပ်ပစ်သလဲ"

www.burmeseclassic.com

"ကျုပ် - အဲဒီခေါင်းပြတ်ကြီးကို သွေးစွန်းနေတဲ့ ကျုပ်အင်္ကျီနဲ့ထုပ်ပြီး အဲဒီနေရာနဲ့ ခပ်လှမ်းလှမ်းမှာရှိတဲ့ မိုးနံ့ချုံကြီးထဲမှာ မြှုပ်ထားခဲ့တာပေါ့ဗျာ"

ဟု ပြောပြလေတော့သည်။ ထိုအခါ ဌာနအုပ်ကြီး ဦးတင်ထွန်းက -

"တော်တော်ဉာဏ်သွားတဲ့ လူပါပဲဗျာ။ ဆားပုလင်နေမင်းခေါင်မို့ ဒီအရှ တရားခံ ထုတ်ဖော်နိုင်တယ်ဗျို့"

ဟု ချီးကျူးစကား ပြောလေသည်။ ထို့နောက် ကျွန်ုပ်နှင့် ကိုနေမင်းခေါင်တို့သည်လည်း တာဝန်များပြီးဆုံးပြီမို့ သာလွန်မြို့ ကွမ်းတောင်ကုန်းဂတ်သို့ အော်စတင်းကားအနက်ရောင်ကလေးကို မောင်းနှင်၍ ပြန်လာခဲ့ကြလေတော့သတည်း။

>>> နိုး (မှုဆယ်)


စာရေးမွန်းပြည့် ဝေမ်းရိုက်ပါက

အပေါ်ဒီကောအဖွဲ့

သည်းထိတ်ရင်ဖိုမဂ္ဂဇင်း

အမှတ် (၅၀၈/၅၁၂)၊ (၂/ခ)၊ ၀ထမထပ်

ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။




ဝဿန်မင်းထက်

# ဗိုလ်ဘကြီး

www.burmeseclassic.com

www.burmeseclassic.com

# ၆၆ အလိုရမ္မက်

# လောဘလောင်မီးကို အမုန်းနှင့် ပေါင်းစပ်လိုက်သောအခါ .. ၆၆

**မောဟထည်** လောဘ၏လက်ကိုဆွဲ၍ ထွက်လာရာမမြင်မိသော အနိစ္စကို ခလုတ်တိုက်၍ လဲသောအခါ ဒုက္ခကြောင့် ဒေါသဖြစ်သွားရတော့သည်၊ ဒေါသသည် သူချည်းမလာ၊ အာဃာတကို အပါခေါ်၍ အတ္တဆီသွား၏၊ အတ္တက မာနနှင့် မိတ်ဆက်ပေးကာ ကိလေသာထံ ပို့ဆောင်သောအခါ သံသရာသည် သူတို့အားလုံးကို ပေါင်းစည်း၍ နောင်တအဖြစ် ပြောင်းလဲပစ်လိုက်ပါတော့၏၊

"အား - ကျွတ် - ကျွတ်"

နာကျင်ကိုက်ခဲမှုများကြောင့် ခန္ဓာကိုယ်ကို ရုန်းလိုက်မိသည်၊ သို့သော် လက်ပြန်ကြိုးတုပ်ခံထားရ၍ စိတ်သွားတိုင်း ကိုယ်မပါ၊ ရောက်ရှိနေသော နေရာက မှောင်မည်းသော အလုံပိတ်ခန်းဖြစ်၍ မိမိဘယ်ရောက်နေသည်ကိုပင် ဦးရိုန်ဇော်တစ်ယောက် မသိရှာ၊

"ကျွီ"

တံခါးဖွင့်သံနှင့်အတူ "ချောက်" ခနဲ မီးခလုတ်ဖွင့်သံ ကြားလိုက်ရပြီးနောက် တစ်ခန်းလုံး လင်းထိန်သွားရသည်၊ ထိုအခါမှ ဦးရိုန်ဇော်သည် အခန်းကိုလေ့လာနိုင်တော့သည်၊ အခန်းမှာ လေးဖက်လေးတန်ကို ဘိလပ်မြေဖြင့် ကာရံထားပြီး အလုံပိတ်အခန်းပုံစံ ဖြစ်သည်၊ ပြတင်းပေါက် တစ်ပေါက်မျှပင်မရှိ၊ ဖုန်တထောင်းထောင်းနှင့် ပင့်ကူအိမ်များ ထူထပ်နေ၍ လည်း လူမနေတာကြာပြီဟု မှတ်ချက်ချမိသည်၊

အခန်းဝမှာလူတစ်ယောက်ရပ်နေ၏၊ ထိုသူမှာ အသက်သုံးဆယ်ဝန်းကျင်ခန့်ရှိမည် ထင်ရပြီး ကိုယ်ကာယ တောင့်တင်းထွားကျိုင်းသူဖြစ်၏၊ သို့သော် မျက်နှာတွင် ကန့်လန့်ဖြတ် ဓားခုတ်ရာကြီးတစ်ခု ရှိနေသောကြောင့် အကျည်းတန်သော မျက်နှာပိုင်ရှင် ဖြစ်နေရ၏၊

"ခြော် - တရားသူကြီးမင်းတောင် သတိရလာပြီကိုး"

အသံသြသြနှင့် ထိုသူကဆို၍ ခေါင်းပေါ်မှ သက္ကလတ်ဦးထုပ်ကို ချွတ်ကာ တစ်လုံးတည်းရှိသော သစ်သားခေါက်ခုံတွင် ထိုင်လိုက်၏၊

"မင်း - မင်း - ဘယ်သူလဲ၊ ဘာလို့ ငါ့ကို ဖမ်းခေါ်လာတာလဲ"

ဦးရိုန်ဇော်က ဒေါသတကြီး အော်ဟစ်ပြောဆိုလိုက်၍ ထိုကိုရုပ်ဆိုးက ဆတ်ခနဲ တစ်ချက်ရယ်၍ -





www.burmeseclassic.com

www.burmeseclassic.com

"သိပ်လည်း ဒေါသမကြီးပါနဲ့ - တရားသူကြီးမင်း၊ အသံကုန်အော်ဟစ်လို့လည်း ခင်ဗျားကို ဘယ်သူမှ လာမကယ်နိုင်ဘူး။ ဒါ - မြေအောက်ခန်းဗျ"

ဟု ဆို၏။

"နေပါဦး - မောင်ရင်၊ မင်းက ကျုပ်ကိုဘာလို့ ဖမ်းလာတာလဲ၊ မင်းဘာလိုချင်လို့လဲ"

"ကျုပ်အကြောင်းသိချင်လို့လား၊ အင်းလေ - သေခါနီးလူတစ်ယောက်ရဲ့ဆန္ဒကို ဖြည့်ဆည်းပေးရမှာပေါ့လေ၊ ကျုပ်နာမည်က အောင်ထူး၊ လက်မရွံ့အောင်ထူးလို့ အများက ခေါ်ကြတယ်၊ ကျုပ်အလုပ်က - အင်း - ဘယ်လိုပြောရမလဲ၊ ပိုက်ဆံရရင် အကုန်လုပ်တယ်ဗျ၊ အခုတော့ - လူသတ်မှုနဲ့ ထောင်ကျတယ်၊ ရဲဘက်စခန်းက ထွက်ပြေးလာတယ်၊ ပြီးတော့ - ငြိမ်ငြိမ်လေးကုပ်နေခဲ့တယ်ဗျ၊ အခုတော့ - ငြိမ်နေတဲ့ကျုပ်ကို လူတစ်ယောက်က လှုပ်နှိုးလို့ပြန်ထလာရတာပါပဲဗျာ"

"ဘယ်သူက လာနှိုးလို့လဲ - မောင်ရင်"

"အလုပ်ရှင်ပေါ့ဗျာ၊ ကျုပ်ကို အလုပ်အပ်တဲ့ အလုပ်ရှင်ပေါ့၊ ဘယ်သူလဲလို့ မေးဦးမလို့လား - မမေးပါနဲ့၊ အချိန်တန်တော့ သိရမှာပေါ့"

"နေပါဦးကွယ် ဒါတွေက ကျုပ်နဲ့ ပတ်သက်နေလို့လား မောင်အောင်ထူး"

"ဟဲ - ဟဲ - သိပ်ဖေသရာတာပေါ့၊ ခင်ဗျားရှင်းအောင်ပြောရရင် ခင်ဗျားကို သတ်ပေးရင် ဆယ်သိန်းပေးမယ်ဆိုလို့ပါ၊ လောလောဆယ် အလုပ်မရှိတော့လည်း ကျုပ်လည်း လက်ခံလိုက်ရတာပေါ့ဗျာ"



"အောင်ထူး" ဆိုသည့် ကြေးစားလူသတ်သမား၏စကားကြောင့် တရားသူကြီးမင်း ဦးရှိန်ဖော်တစ်ယောက် အနည်းငယ်တုန်လှုပ်သွားမိသည်၊ မိမိသည် တရားစီရင်ရေးမဏ္ဍိုင်မှ လူဆိုး၊ လူယုတ်မာများကို စီရင်ချက်ချ၍ ထောင်ထဲပို့ဆောင်ခဲ့ပေသည်၊ ထိုအတွက် ရန်ငြိုးထားသူတစ်ဦးက ယခုကဲ့သို့ အခကြေးငွေပေး၍ ကျွန်ုပ်ကို သတ်စေခြင်းပင်လော။

" အင်းလေ - ကျုပ်က အပေါင်းအသင်းကဏ္ဍအရ ရန်ငြိုးရန်စ မရှိပေမယ့် တရားစီရင်ရေးကိစ္စနဲ့ ပတ်သက်ပြီး မကျေနပ်၊ ရန်ငြိုးထားသူတစ်ဦးဦးရဲ့လက်ချက်ပဲ ဖြစ်မှာပေါ့လေ ..."

ဟု ဦးရှိန်ဖော် ခပ်ညည်းညည်းပြောရာ အောင်ထူးက သဘောကျစွာဖြင့် တဟားဟား ရယ်ပါတော့သည်၊ ကျေနပ်လောက်အောင် အားရပါးရ ရယ်ပြီးသောအခါမှ -

"မဟုတ်ဘူး - လုံးဝမဟုတ်ဘူး။ ခင်ဗျားမှားသွားပြီ - တရားသူကြီးမင်းရေ၊ ခင်ဗျားထင်တဲ့လူတွေ မဟုတ်ဘူး။ ခင်ဗျားကို သတ်နိုင်းတဲ့လူက ခင်ဗျား လုံးဝမထင်ထားတဲ့သူ - ခင်ဗျားရဲ့အနီးဆုံးလူ"

ဟု ပြောလေတော့၏။

အမှန်တကယ်တွင်မူ လူသတ်သမားတို့မည်သည် အခကြေးငွေယူ၍ အလုပ်လက်ခံပြီးသော် အလုပ်ရှင်အပေါ်၌ စည်းစောင့်သည့်သဘောဖြင့် အလုပ်ရှင်အမည်ကို ထုတ်ပြောလေ့ မရှိ၊ သို့သော် အောင်ထူးကမူ အမှန်တကယ်အသတ်ခံရမည့် အဘိုးကြီးတစ်ဦးကို ထုတ်ပြောရုံနှင့် မည်သို့မျှ ပြဿနာမရှိဟု ယူဆ၍ ယခုကဲ့သို့ ထုတ်ပြောခြင်း ဖြစ်သည်၊ ထို့ပြင် ၎င်း၏ အလုပ်ကို ဂုဏ်ယူဝင့်ကြွားစွာဖြင့် ယခုကဲ့သို့ ဆရာကြီးလေသံဖြင့် ပြောဆိုခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

တော်တော်လည်း ကြောက်စရာကောင်းပါလား–ဦးရှိန်ဇော်ရေ။
နောင်ဘဝများကျရင် ကိုယ့်ထက် အနှစ် နှစ်ဆယ်လောက်ငယ်တဲ့
မိန်းမချောချောလှလှလေးတွေ မယူမိစေနဲ့ပေါ့ဗျာ။ ဟဲ–ကျုပ်လည်း အလုပ်ဓမယ်။



“အလို–အံ့ဩစရာပဲ၊ ကျုပ်ရဲ့အနီးကပ်လူ–ဟုတ်စ၊ တဆိတ်မေးပါဦးကွယ်–ဘယ်သူများပါလဲ၊ မသေခင်မှာ သိသွားပါရစေ–မောင်ရင်ရယ်”

“ဟုတ်တယ်–သိသင့်တယ်၊ ဘုမသိ ဘမသိသေရတာ ဘယ်ကောင်းမလဲ၊ ကျုပ်ဆိုလည်း ဒီလိုပဲ ခံစားရမှာပဲ၊ ကိုယ်ချင်းစာတယ်၊ ခင်ဗျားကို သတ်နိုင်းတာ ဘယ်သူမှတ်လဲ၊ တခြားသူ မဟုတ်ဘူး၊ ခင်ဗျားချစ်လှပါချည့်ဆိုတဲ့ ခင်ဗျားမိန်းမပဲ”

“ဟင်–ကျုပ်မိန်း”



“ဟုတ်တယ်–ခင်ဗျားထက် အနှစ် နှစ်ဆယ်လောက်ငယ်တဲ့ ခင်ဗျားမိန်းမချော နှင်းကေသွယ်ပါပဲ”

ဦးရှိန်ဇော်မှာ ကြားရသောစကားကြောင့် ကြက်သေသေသွားတော့သည်၊ လွန်စွာအံ့ဩထိတ်လန့်သွားပုံရသည်၊ သူ–ဘယ်လိုမှမထင်ထားသူဖြစ်နေ၍လည်း တုန်လှုပ်နေမိသည်၊

“မောင်ရင်ရယ်–သေချာရဲ့လားကွယ်၊ ဇနီးက ယောက်ျားကိုသတ်ဖို့ဆိုတာ ဟုတ်ပါ့မလား၊ ရန်ငြိုးလည်း မရှိ၊ ဘာပြဿနာမှလည်း မရှိပါဘူး၊ ပြီးတော့–ကျုပ်က သူ့ကိုသိပ်ချစ်တာကလား၊ အလိုလိုက်ပြီး အရိပ်တကြည့်ကြည့် ထားခဲ့တယ်၊ လိုလေသေးမရှိ ဆင်ယင်ခဲ့တယ်၊ လင်ဝတ္တရား မကျေပွန်တာ ဘာတစ်ခုမှ မရှိပါဘူး၊ သူ့ကွယ်ရာမှာ ကျုပ်က ဖောက်လွဲဖောက်ပြန်လုပ်နေတာမျိုးလည်း မရှိခဲ့တာ ဘာကြောင့် ကျုပ်ကိုသတ်ချင်ရတာလဲ၊ ကျုပ်ဖြင့် မစဉ်းစားတတ်အောင်ပဲ”

“အဲဒါပြောတာပေါ့၊ ခင်ဗျားက တရားသူကြီးဝိဝိ ကိုယ့်ဘက်ကိုဆွဲကွယ်ပြီး ပြောနေတာ၊ ကျုပ်က ခင်ဗျားတို့အိမ်တွင်းရေးဖာတ်လမ်းကို အစအဆုံး သိပြီးပြီ၊ ခင်ဗျားက သူ့ကို သိပ်ချစ်ခဲ့တယ်၊ သိပ်အလိုလိုက်ခဲ့တာ အတော်မှန်တယ်၊ ဟဲ–ကျုပ်မေးမယ်၊ သူကကော–ခင်ဗျားကို သိပ်ချစ်တယ်ဆဲ့လား”

အောင်ထူး၏အမေးကိုဦးရှိန်ဇော်ပြန်မဖြေနိုင်၊ အမှန်တော့–ဦးရှိန်ဇော်သည် သူ့ထက် အနှစ် နှစ်ဆယ်ကျော်ငယ်သော နှင်းကေသွယ်အား ချစ်ကြိုက်နီးလွန်း၍ မရရအောင် ယူခဲ့ခြင်းဖြစ်၏၊ မိဘအရှိန်အဝါ၊ ရာထူးအရှိန်အဝါတို့ဖြင့် ကာယကံရှင် သဘောတူချက်မယူပဲ မိဘချင်း လက်ဝါးရိုက်ခဲ့ခြင်း ဖြစ်သည်၊ နှင်းကေသွယ်၌ ထိုအချိန်က ချစ်သူ ရှိနေခဲ့သည်၊ ဆန့်ဆန်နိုင်သော မိဘဩဇာကြောင့် ချစ်သူချင်း ရှင်ကွဲကွဲခဲ့သည်၊

www.burmeseclassic.com

ထို့ကြောင့် ဦးရှိန်ဇော်မှာ နှင်းကေသွယ်၏ဘဝကို ရခဲ့သော်လည်း နှလုံးသားကိုတော့ မရခဲ့ရှာပေ။ ဘယ်လောက်ပင် အလိုလိုက်လိုက်၊ ဘယ်လောက်ပင် ဂရုစိုက်စိုက် နှင်းကေသွယ်ထံမှ အေးစက်စက်တုန့်ပြန်မှုကိုသာ ရခဲ့သည်၊ သို့သော် ဤမျှအထိ လင်ယောကျ်ား၏အသက်ကို လုပ်ကြံမည်ဟု မထင်ထားခဲ့။

"ဘယ်လိုလဲ - ခင်ဗျား မဖြေနိုင်တော့ဘူး မဟုတ်လား။ အင်း - မိန်းမဆိုတာ ကြောက်စရာ သိပ်ကောင်းတာ၊ လက်တွေ့မြင်ရပြီ မဟုတ်လား။ ကျုပ်က ခင်ဗျားကို ကိုယ်ချင်းစာပါတယ်၊ အမှန်ပြောရင် မသတ်ချင်ဘူး။ ပိုက်ဆံရလို့သာ မလုပ်ချင်ပဲ လုပ်ရတော့မှာ"

ဟု အောင်ထူးက ဆိုလေ၏။

===★===

အဖြစ်အပျက်တို့က သံဝေဂရစရာ၊ တရားရစရာ ကောင်းလှသည်။ လောကကြီးတွင် ကိုယ်ဖြစ်ချင်သလို မဖြစ်၊ ကိုယ်မျှော်လင့်ထားသလို ဖြစ်မလာ၊ အချစ်ဆုံးသူက အနီးကပ်ရန်သူဖြစ်ရသည်မှာ ဦးရှိန်ဇော် တစ်ယောက် ယောင်လို့ပင် စိတ်မကူးခဲ့။

"ကျုပ်ကိုကျော်ကျော်ဆွေကသုံးသိန်းလာပေးတယ် - စရံပေါ့။အလုပ်ပြီးရင်ခုနစ်သိန်းရမယ်၊ ဒီအတွက် ကျုပ်လည်း မလုပ်ချင်လည်း လုပ်ရမှာပေါ့လေ ..."

အောင်ထူးက လေသံအေးအေးဖြင့် ရှင်းပြနေသည်။



"နေပါဦး - တူမောင်၊ ကျော်ကျော်ဆွေဆိုတာက ..."

"ဗြော် - ခက်ပါလား - တရားသူကြီးမင်းရယ်၊ ကျော်ကျော်ဆွေဆိုတာ ခင်ဗျားမိန်းမရဲ့ချစ်သူပေါ့ဗျာ၊ သိပ်ချစ်ကြတဲ့ချစ်သူတွေ၊ ဒီကိစ္စက သူတို့ နှစ်ယောက်တိုင်ပင်ပြီး လုပ်တာ ..."

"အင်း - ပိုက်ဆံတွေက တကယ်တော့ ကျုပ်ပိုက်ဆံတွေပေါ့"

"ဟုတ်ပ - ခင်ဗျားဘက်ကကြည့်တော့လည်း တရားရစရာပဲ၊ ခင်ဗျားပေးထားတဲ့ ခင်ဗျားရဲ့ပိုက်ဆံတွေနဲ့ မိန်းမက ပြန်သတ်နိုင်းတယ်၊ ကောင်းကောင်းမွန်မွန်၊ လိုလေသေးမရှိ ထားခဲ့ပါရက်နဲ့ ကျေးဇူးကန်းတဲ့မိန်းမပေါ့၊ တော်တော်လည်း ကြောက်စရာကောင်းပါလား - ဦးရှိန်ဇော်ရေ၊ နောင်ဘဝများကျရင် ကိုယ့်ထက် အနှစ် နှစ်ဆယ်လောက်ငယ်တဲ့ မိန်းမချောချော လှလှလေးတွေ မယူမိစေနဲ့ပေါ့ဗျာ၊ ကဲ - ကျုပ်လည်း အလုပ်စမယ်"

အောင်ထူးက ရှေ့တိုးလာ၏၊ ဦးရှိန်ဇော်က ကမန်းကတန်းလက်ကာ၍ ပြော၏။

"နေ - နေဦး - မောင်ရင်၊မောင်ရင် - ပြောခဲ့တယ်နော်၊ကျုပ်ကိုမသတ်ချင်ပဲနဲ့ ငွေရလို့သာ သတ်ရတာလို့ ..."

"ဟုတ်တယ်လေ - ဒါအမှန်ပဲ"

"ဒါဆို - ကျုပ်ပြောမယ်၊ ကျုပ်မှာပိုက်ဆံတွေအများကြီးပဲ၊ သူက ဆယ်သိန်းပေးရင် ကျုပ်က သိန်းနှစ်ဆယ်ပေးမယ် - တကယ်ပါ၊ ကျုပ် အာမခံပေးပါတယ်၊ လောလောဆယ် - မယုံရင် - ရော့ - ဟောဒီမှာ စရံအဖြစ် ကျုပ်ရဲ့ ဟောဒီကျောက်စိမ်းစွပ်နဲ့ Rolex နာရီ ယူထားလိုက်ပါ၊ ဒီနှစ်ခုတောင် တာလတန်ဖိုး လေးသိန်းကျော်တယ်"

www.burmeseclassic.com

ဦးရှိန်ဇော်၏စကားကြောင့် အောင်ထူးမှာ ပါးစပ်အဟောင်းသား ခပ်တွေတွေဖြစ်သွားတော့သည်။

"မောင်ရင် - စဉ်းစားပါ၊ ကျုပ်က ငွေသားချည်း သိန်းနှစ်ဆယ်ပေးမယ်၊ ဒါ့အပြင် - ဟောဒီလက်စွပ်နဲ့နာရီကိုပါ ပေးမယ်၊ ကျုပ်တိုက်ပုံထဲမှာ ချက်လက်မှတ်ရှိတယ်၊ ကျုပ်ကို ကြိုးဖြည်ပေးပါ"

"ခင်ဗျား - ရက်ရောလှချည်လားဗျာ"

"လူ့အသက်ထက် ဘယ်အရာကများ အရေးကြီးသလဲ - မောင်၊ လူမသေ ငွေမရှား မဟုတ်လား"

"ကျုပ်က ဘာလုပ်ရမှာလဲ"

"ရှင်းနေတာပဲ၊ ဟိုမိန်းမဆီက သုံးသိန်းစရံ ရထားပြီးပြီ မဟုတ်လား၊ ပြန်မပေးနဲ့တော့၊ ကျုပ်ပေးတဲ့ငွေနဲ့ပစ္စည်းကိုယူ၊ ကျုပ်ကိုလွှတ်ပေး၊ ဒီမိန်းမ တွေ ဒီမှာ လာကြည့်မယ် မဟုတ်လား၊ ကျုပ်ရဲ့အလောင်းကိုလေ၊ ဒီအချိန် မှာ မလိမ့်တပတ်နဲ့ ဒီမိန်းမကို သတ်ပေးဖို့ပဲ၊ ရဲတွေ၊ ဂတ်တွေ ဘာမှမပါစေ ရဘူး၊ အရှုပ်အရှင်း မရှိစေရဘူး၊ ကဲ - ဘယ်လိုလဲ"

"တကယ်လို့ - ခင်ဗျားမိန်းမက သူတစ်ယောက်တည်း မလာဘဲ ကျော်ကျော်ဆွေပါ ခေါ်လာရင်ကော ..."

"အဲဒီကက ကျုပ်မိန်းမ သေဖို့ပဲ၊ ကျော်ကျော်ဆွေကို သတ်သင့်ရင် သတ်၊ သတိမေ့အောင်၊ ကွဲအောင် မလှုပ်နိုင်အောင် လုပ်ရင်လုပ်၊ မောင်ရင် သဘောပဲ၊ ဒီလို အလုပ်ပိုလာမယ်ဆိုရင် ကျုပ်ဘက်ကလည်း ကြေးကို ထပ်တိုးပေးမယ်၊ ငွေသားသိန်းသုံးဆယ်၊ ကျောက်စိမ်းလက်စွပ်နဲ့ ဒီနာရီ ထပ်တိုးပေးမယ်"



"သိန်းသုံးဆယ်"

"အသေအချာပဲ - မောင်ရင်၊ ကျုပ် - လူကြီးလူကောင်းပါ၊ ကတိတစ်လုံး အလွယ်မပေးတတ်ပါဘူး"

"အိုကေ - ကြိုက်ပြီဗျာ - လုပ်မယ်၊ ခင်ဗျားအလုပ်ကို လက်ခံလိုက်ပြီ"

အခုတော့ - ဦးရှိန်ဇော်မှာ အလုပ်ရှင် ပြန်ဖြစ်သွားရလေပြီ၊ သား ကောင်မှမုဆိုး ပြန်ဖြစ်သွားရပါပြီ၊ သံသရာသည် လည်နေသည် မဟုတ်ပါ လား၊

အောင်ထူးက ဦးရှိန်ဇော်ကို အနှောင်အဖွဲ့မှ လွတ်မြောက်ပေးလိုက် သလို ဦးရှိန်ဇော်ကလည်း သူ့ကတိအတိုင်း ကျောက်စိမ်းလက်စွပ်နှင့် နာရီ ကို ချွတ်ပေးလိုက်သည်၊ ထို့နောက် ချက်စာအုပ်ကို ထုတ်၍ သိန်းသုံးဆယ် ကို ထုတ်ပေးရန် လက်မှတ်ထိုးပေးလိုက်တော့၏၊ ထို့နောက်တွင်မှ ဦးရှိန်ဇော်သည် ကျေနပ်စွာပြုံး၍ အောင်ထူးကို နှုတ်ဆက်ကာ အပြင် ဘက်သို့ ထွက်လာခဲ့တော့သည်၊

အောင်ထူးသည် တရွေ့ရွေ့ထွက်ခွာသွားသော တရားသူကြီးမင်း ရှိန်ဇော်၏ကျောပြင်ကိုကြည့်ရင်း ကျေနပ်စွာပြုံးနေမိသည်၊ အခုတော့ သူ့အိတ်ထဲမှာ သိန်းသုံးဆယ်တန် ချက်လက်မှတ်နှင့်အတူ ကာလ တန်ကြေး သုံးသိန်းကျော်ရှိမည့် ကျောက်စိမ်းလက်စွပ်၊ လူကုံထံများသာ ဆင်နိုင်သည့် Rolex နာရီ အစစ်တစ်လုံး ရှိနေပေပြီ၊

သူသည် ဓားမြှောင်ကို ခါးကြားတွင် သေချာစွာ ထိုးလိုက်၏၊ စတီးကြိုး ကိုလည်း အိတ်ထောင်ထဲတွင် အဆင်သင့် ထည့်လိုက်၏၊ ထို့နောက် မီးကို ပိတ်လိုက်သည်၊ သူ့အနေဖြင့် အမှောင်ထဲတွင် နာရီဝက်မျှ ငုတ်တုတ်ထိုင် စောင့်နေရမည် ဖြစ်သည်၊



www.burmeseclassic.com

www.burmeseclassic.com

မောတာသည်လောဘနှင့်ပေါင်းဆုံမိသွားလေပြီ။ အတုံ့အလှည့်ရှိသော သံသရာ၏လှည့်ပတ်ခြင်းသဘောကိုလည်း သူ တွေ့ရှိသွား၏၊ တကယ်ဆို ကျူပ်ငွေအားလုံးကို ယူ၍ထွက်သွားခင့်ပေသည်၊ ထပ်မံလှုသတ်ရန် မလို တော့၊

သို့သော် အောင်ထူး၏အတ္တက နောင်တကို ဖုံးကွယ်ထားဆဲ၊ စိတ်ရိုင် များက အလျှံတညီးညီး တောက်လောင်ဆဲ၊ လောဘမီးလျှံတွေ တလူလူ တောက်လောင်နေပြီ၊

ထိုအခိုက် အဝေးမှမောင်းလာသော ဂျစ်ကားတစ်စီး၏ မီးရောင်နှ စက်အသံကို ကြားလိုက်ရချိန်မှာတော့ အောင်ထူးတစ်ယောက် ဆတ်ခနဲ ထရပ်လိုက်မိပါတော့၏၊

ကားစက်သံက ခြံဝမှာ ရပ်သွားသည်၊

အောင်ထူး၏လက်တစ်ဖက် ခါးကြားဆီသို့ ...၊

သူဘာဆက်လုပ်ရမလဲ - ဘာလုပ်ရမလဲ၊

ဘာ - ဆက် - လုပ် - ရ - မ - လဲ၊

ဘာ - ဆက်လုပ်၊

>>> ဝသုန်ဟိန်းထ



www.burmeseclassic.com

**ရင်တွေ** တဒိတ်ဒိတ် ခုန်နေသည်၊ တဖိုးဖိုး တဖော်ဖော်၊ စိတ်တွေ လှုပ်ရှားလွန်းနေမှန်းလည်း ကိုယ့်ဘာသာကိုယ်မို့ ခင်ထား သိနေသည်။ နောက်ရောက်လိုက်ရမလား၊ ဆုံးဖြတ်ထားသည့်အတိုင်း တုံးတုံးချ ဖွတ်နှစ်၍ မိုက်ပစ်လိုက်ရမလား။ ချိတုံချတုံ ဖြစ်ဝေဝါ။

ပုံစံအကျီ ညစ်ထပ်ထပ်နှင့် လုံးတွေး၍ ကိုင်ထားသည့် ခင်ထားလက်ထဲက သုံးမြှောင့်သံချောင်းရှည် သည် မြေပေါက်တစ်ကောင် မာန်ဖီနေသည့်နယ် တဆတ်ဆတ်တုန်နေလျက် "ချလိုက် - ချပစ်လိုက် ဒီအတိုင်း ငြိမ်ခံမနေဘဲ တစ်ချိုတစ်မောင်းလောက်တော့ သောင်မှန်း ကမ်းမှန်း သိအောင် တူးတူးခါးခါး မိုက်ပစ်လိုက်စမ်း" ဟု ဒေါသတကြီး မီးလောင်လေပင့် သွေးထိုးပေးလျက်၊

# အရိုးကွဲဇေား

## ဇေယျမင်းသျှင်



သားနှစ်ယောက်ဖခင်
ထောင်ကျတစ်ယောက်၏
မဟုတ်မခံ စိတ်ပိုက်မာန်ပါ
မဆင်ခြင်မှုကြောင့်
ဘဝတစ်ဆစ်ချိုး
ဆိုးဝါးစွာ
ပြောင်းလဲရပုံမှာ ..

www.burmeseclassic.com

www.burmeseclassic.com

"အငယ်ကောင်လေးကသူငယ်နာဝမ်းတွေတဖြစ်ဖြစ်သွားပြီးပက်လက်ကလေး ပိန်လိုက်တာ - တူးလို့ အရိုးပေါ်အရေတင်၊ နို့ညှာကောင်ကလည်း ကျောင်းကို ဟုတ်ဟုတ်ညားညားတက်တာ မမြင်ပေါင်ဘူး၊ လမ်းကြို လမ်းကြားမှာချည်းပဲ၊ ဟိုဟာကောက်ရောင်း၊ ဒီဟာကောက်ရောင်းနဲ့ သူ့အသက်သူမွေးနေရှာတာ၊ တော်စမ်းပါအေရယ်၊ ညည်းလင်ဖိုးသမားတ ဒေါ်စိုးကြီးတို့အရက်ဆိုင်မှာ ပန်းကန်ဆေး၊ ခွေးမောင်း တောက်တိုမည်ရ တွေ လုပ်ပြီး နို့စို့မှုဝ ခွက်ကပ်နဲ့ ဖူးနေတဲ့ဟာကို၊

တရားရုံး ရုံးထုတ်ထွက်သနိုက် မမေ့မလျော့ သံယောဇဉ်တကြီး လာ တွေ့ဖော်ရနေသေးသည့် လုကြည်မ၏ သူ့အိမ်သူ့ယာ သတင်းများကလည်း ခင်ထားရင်ထဲမှာ ကျွမ်းထိုးမှောက်ခုန် ဂလုံဆန် လောင်မီးကျစေ၏၊ ရင်တွေ ပူသည်၊ ကြိတ်ပိုရလွန်း၍လည်း မျက်ရည်ဖြင့် မထွက်၊ ခင်ထားမျက်ရည်တွေ ခန်းခြောက်ခဲ့သည်မှာ ကြာလှလေပြီ၊

• • ၇ • •

အမေ့နောက်အိမ်ထောင် ယစ်ထုပ်ကြီး၏ ရမ္မက်ရိုးဝေသော တကျာ ကြည့်များကို သတိထားမိတတ်လာသည့် ကြီးကောင် မဝင့် တဝင်စကော စက အရွယ်ကလေးမှာပင် "ဖြစ်ချင်ရာဖြစ်၊ ဒီလူကြီးစက်ကွင်းက လွတ်ရင် ပြီးရော၊ သင်းကြီးဆီမှာတော့ ပန်းကောင်း အညွန့်ချိုး အဖြစ်မခံနိုင်ပါဘူး" စိတ်ဖြင့် ဘဝရေဆန်ကို ဖွတ်မျက်စိမှိတ်တိုးခဲ့ရာက သူ့လင်နီတာနှင့် ရေစက် ဆုံ ခဲ့ကြခြင်းပင်၊ အိမ်ထောင်ကျစဦးကဖြင့် နီတာထက်ယောက် အရက် မသောက်တတ်သေး၊ ခင်ထားကိုလည်း တုန်နေအောင် ချစ်ရှာသေးသည်၊ ဆိုက်ကားကို နေ့မီး ညမီးဆက်၍ ကုန်းကျုံးနင်းလျက် သူ့မယား ခင်ထား အရိပ်တကြည့်ကြည့် အလုကြည့်နေခဲ့သည်၊ ခင်ထားဘဝ၌ သနပ်ခါး ခြေဆုံးခေါင်းဆုံးလိမ်းကာ အခြားတစ်ပါးသူတစ်ယောက်၏ အလှအသစ်၌ ကြည်မွေ့ငြိမ်းချမ်းခဲ့ရသည့်ကာလမှာ ရေပွက်ပမာသာ၊ သားဦးကလေး



မော်စီကို ရလာချိန်၌ ပင်ပန်းလိုဟူသော ဆင်ခြေဖြင့် သူ့လင်နီတာ အရက် စ၍သောက်တတ်လာသည်၊ အရက်နံ့တလေး တသင်းသင်းဖြင့် ခင်ထားကို ဖွတ်သီးပွတ်သပ် တယုကယင် ကြူတတ်လွန်းသဖြင့်လည်း "တော်ရှုပဲ ကြည့်လုပ်နော်" ဟုလွဲ၍ ခင်ထား မတားဖြစ်ခဲ့၊ ဟော - နို့ညှာကောင် "အုဓဲ" ကလေးလည်း ရရော၊ နီတာတစ်ယောက် မသောက်ရ မနေနိုင်၊ ဖိုးငနဲဖြစ် မှန်းမသိဖြစ်ခဲ့ပြီ၊ ထိုအချိန်ကတည်းက ခင်ထား မျက်ရည်မခြေခဲ့ရသည်မှာ နေ့စဉ်ညဆက်၊ လစဉ်နှစ်ဆက်၊

ကလေးနှစ်ယောက် တိုးလိုးတွဲလောင်းဖြင့် တောက်တိုမည်ရ ပျံကျ အလုပ်ကလေးတွေကို မလုပ်မဖြစ် ခင်ထား လုပ်ဖြစ်ရချိန်တွင် လင်တော် မောင်အိမ်ဦးနတ် ကုလားရောက ဆိုက်ကားပေါ်မှသည် သူတို့ ခယိုးယိုင် ဆတ်သိုက်တဲကလေးပေါ်၌ အရက်စွဲအက်ဖြင့် ပက်လက်စံမြန်းနေခဲ့ပြီ ဖြစ် သည်၊ သင်းကို မသေအောင် မနည်းကုခဲ့ရ၏၊ ခင်ထားသည်လည်း နေ့ရှင်း ညရှင်း မရင့်ခင် အရည်မှည့်အောင် အရွယ်ကလေး မတောက်တခေါက်နှင့် ဒီးစိမ်းမကြီးဂိုက် ဖြစ်လာခဲ့ရတော့သည်၊ ပြီးလျှင် -

"ထမင်းဆွဲမယ် - ထမင်းဆွဲမယ်"

"ထမင်းဆွဲမယ်ဟေ့"

• • ၇ • •

"ဘောက်ဆင်းတွေက တန်းစီကွင်းမှာ၊ အခန်းကျန်တွေက စကြံလမ်း တန်းစီထားကြဟေ့၊ ထမင်းဆွဲမယ် - ထမင်း - ထမင်း"

ချစ်သဲဆိုသည့် ထမင်းဆွဲကုလားမ ဒေါ်ငီးတည့်မောင်းတ ညှိ မဲမဲသဲသဲ ဒါအသံ တပြုံပြုံက ထုံးစံအတိုင်း စီခနဲ ညံခနဲ ပွက်နေဆဲ၊ မိန်း ထောင် တဲတိုင်းကျဉ်းကျုတ်ကျုတ်ကလေးထဲမှာ သူ့အသံက ဟိန်းညံပြေးလွှား ချောင်ကြိုချောင်ကြားကလေးပင် မကျန်စေရဘဲ အဆောင်သူများကို မောင်းထုတ်နေ၏၊ သည်ကနေ့က အသားတားနေ့၊ တစ်ပတ်တစ်ခါ

www.burmeseclassic.com

အသားနဲ့ကလေးများ တိုရေ ရှားရေ ရတတ်သည့်နေ့၊ အသားတစ်မျှင် တစ်စမျှ မပါသည့်အဆီတုံး၊ အခေါက်တုံးချည်းသက်သက် ဝက်သားဖဲ ဖြစ်ဖြစ်၊ ထောင်အုတ်တံတိုင်းကို ခြေကန်ဆွဲတောင် မဖြုံပေါင်ဆိုသည့် အရှိန်နိုင်းချင်းနှင့် အမဲသား အရွတ်တုံးကြီးပင်ဖြစ်စေ၊ နို့စွမှု၀ ကြိတ်မှိတ် မျိုချနေရသည့် ပဲပိုးထိုးဟင်းရေကျဲတောက်တောက်ကြည်လောင်လောင်း ရှဉ့်ပေါင်တာလပေါ်၊ ဘုရားစူး မိုးကြိုးပစ်၊ ငါးပိစိမ်းစား၊ အိုးတင်းမှုတိုက်တွေ့ နှင့်ချည်း၊ ညပြန် မနက်ပြန် စခန်းသွားနေရသည့် သူတို့ဘဝများအတွက် နတ်သုဒ္ဓါတမျှ မက်မက်စက်စက် သွားရည်ယိုတတ်ကြစမြဲ၊ ထောင်မြဲက ဝက်နာကျ၍ ကြိုကျွေးဆိုပြီး တစ်ပတ်တည်း အသားနစ်ကြိမ် သုံးကြိမ်စား ကြရလျှင်လည်း နောက်အပတ်တွေမှာ အသားစားရက်နတ္ထိ၊ ပဲနှင့် ရှဉ့်ပေါင် ချည်း မျက်စောင်းထိုးနေရခါမှ နေရော့၊ နောက်ခါလာ နောင်ခါရေးလျော် လျှားသဘောထားနိုင်ကြကာ ပျော်တပြုံးပြုံး အရွှင်အပြုံးနေခဲ့ကြသည့်ရှည် ထောင်ကျသားဘဝ လက်ငင်းအနေကို စကာမေ့လျက် ပါးစပ်ဆိတဝင်းဝင်း နှင့် လောကစံကို မသိကျိုးကျွံ ပြုထားတတ်ကြမြဲ၊ ယခုလည်း အသားရေ တဲ့၊

လူဆိုသည်က ခက်သား၊ မြင်ပ မြင်လွှင်တုန်းက ထမင်းဆိုသည် ဝတ္ထုရားတစ်ခုနယ် မင်းတိုင်းကျေ စားခဲ့ကြသူတွေပင်၊ ဘယ်လိုက ဘယ် ဖြစ်တယ်မသိ၊ ထောင်ထဲရောက်မှ ထောင်ပုံစံထမင်းကို အလုအယ တမက်တမော တန်းစီတိုးစားတတ်လား စားတတ်ရဲ့၊ "ဒီလိုဟာမျိုး အိမ် ခွေးတောင် မကျွေးပေါင်" ဟု မဲ့ကာ ရွဲ့ကာ အားမနာပ ပြောခဲ့ကြဖူးသည် ထောင်ပုံစံအသားဟင်း ခပ်ညှံ့ညှံ့မျိုးကိုလည်း ထောင်တွင်းဖြစ် အသီးအရွက် အမျိုးမျိုးနှင့် ရောချက်၍တစ်နည်း၊ သုပ်၍တစ်သွယ် အသွင်ပြောင်း စုံရေမက်ရေအရသာတွေ့တတ်လား တွေ့တတ်ရဲ့၊ ဘယ်လိုအနံ့မျှမရ ပဲပိုးထိုးအရေကျဲကိုပင် ဟိုအရွက်ကလေးခပ်၊ သည်အသီးကလေးရော ပုံစံတင် ဖလုံပြောင်တလင်းခါအောင် သောက်တတ်လား သောက်တတ် "ဘဝက ရိုက်နှက်ပြုပြင်ပေးတဲ့အသိတွေဟဲ့" ဟု ဆရာမကြီး ဒေါ်အေး



နှတ်ခမ်းတလန် ပန်းတလန် မဲ့ကာ ရွဲ့ကာ ပြောပြောနေတတ်သည်ပင် ဟုတ် တောင်း ဟုတ်လိမ့်ထင်သည်၊

"ဟဲ့ - ငါးယောက်တစ်တွဲထိုင်လေ၊ ဘာလို့ ရှေ့ကိုချည်း ခွေးတိုး ဝက် တိုး တိုးနေကြတာတုန်း၊ ငါးယောက်တစ်တွဲ တန်းစီထိုင်နော်၊ ပါးစပ်နဲ့ပြော လို့မှ မရရင် လက်ပါလာတော့မှာနော်၊ အဲဒီတော့မှ ရှိုးပြော မိုးပြော မပြော ကြနဲ့ -"

ချစ်သဲ အသံပြဲကြီးနှင့် မိန်းမအုပ်၏ တရုန်းရုန်း တိုးဝှေ့နေရာယူသံတွေ ဓာ ခင်စိန်ကို သတိဝင်လာစေသည်၊ မျက်စိရှေ့က တိုးတိုးဝှေ့ဝှေ့ လူအုပ်ကြီး ကြိုကို မမြင်၊ သူ့ရန်သူတော် "ခင်ထား" ကိုသာပဲ ကျီးကန်းတောင်းမှောက် ဆုတ်သုတ်ပျာပျာ အပြေးအလွှား ရှာကြည့်လိုက်မိ၏၊ မတွေ့၊ ရှတ်တရက် သာဖြင့် ရှာ၍မတွေ့သေး၊ "ဒီကောင်မ - ဘယ်ချောင်ကို ရောက်နေသလဲ သိဘူး၊ တိမ်ကြားမင်းခေါင်လို ဘယ်အနားက ပြုန်းခနဲ ပြေးထွက်လာလေ မလဲ"၊ "ဒီတခေ့ - နေမကုန်စေရဘူး၊ နင်တို့ တန်းစီးမကျားခင်စိန်ကိုပြားပြား မှောက်သွားအောင် ငါလုပ်ပြမယ်၊ ခင်ထားကို ဘာကောင်မ အောက်မေ့နေ ကြသလဲ၊ ကိုယ့်အသက်ကို ကိုယ်မွေးပြီး အသက်ရှင်နေရတာကိုတောင် ညစ်နေတာနော်၊ ရင်းဝစ်လိုက်မယ်၊ ရှဉ့်ပေါင်နဲ့ ဝက်သား မလဲရဲ့စရာ ဘာ အကြောင်းမှမရှိဘူး - သိလား" တဲ့၊ "ထောင်ထဲကိုရုန်းရုဝင်လိုက်ထွက်လိုက် လုပ်နေတဲ့ လမ်းဘေးနေ လမ်းဘေးစား သာတီးဒီမကာ ရာရာစစ လူပါးဝလို့" ဆုရှင်ထဲ တန္နဲ့နဲ့ တွေးရင်း ခင်ထားနှင့် သူ့အပေါင်းအသင်းများကို ဘယ်နားက ဘယ်လိုပေါ်လာမလဲ မျက်စိလျှင်နေရလေသည်၊

ခင်ထားဆိုသည့်အဲသည်ဟာမကလေးက တဆိတ်လူပါးဝလွန်းသည်၊ အရွယ်ကလေးက နနငယ်ငယ်၊ ရုပ်ကလေးက သနရှုပ္ပကလေးမို့ "ဒီကောင် လေး - မဆိုးဘူးဟဲ့" ဟု သူတို့ဆရာမကြီး တပ်ကြပ်ဒေါ်အေးသီက အရေး ထားခဲ့ခြင်းဖြစ်၏၊ အပြောချိုဖင်ဝျံ၊ လောကွတ်က ခပ်ကောင်းကောင်း ဆရာမကြီးအနားက မခွာရဘဲ အရိပ်ကလေးလို တွယ်ကပ်နေခွင့်ရခဲ့တာ ရှေ့က ခြေသံ့နယ် တန်းစီး၊ တာရာ၊ စည်းကမ်းထိန်းသိမ်း၊ ထုတ်တိုင်

www.burmeseclassic.com

များအပေါ်ထိမထင်ဟန် အကြောင်းတင်း၊ အကြောင်းမာတတ်လာခြင်းဖြစ်သည်။ ခွေးကလေးအရောင်၊ ပါးလျက်နားလျက်၊

သူ့ထောင်ကျသားက တစ်လလား၊ တစ်လခွဲလား၊ သူများအသား တားရက်တောင် မရှိချင်သည့် ထောင်သက်ကလေး မတောက်တခေါက်နှင့် ဆရာမကြီးအနားကပ်ခွဲပြီး သနားလောက်၊ ကျလောက်အောင် မျက်ရည်စံထိုး၊ ပလီပလာပြောလဲ့ဖာချဲ့တွေလုပ်ရင်း မိန်းမထောင်တစ်ထောင်လုံး ဖိကုပ်ထားသည့်ဆရာမကြီး၏လက်စွဲ "အချစ်တော်" ဖြစ်လာခဲ့ပြန်သေး၊ ကပွလီတို့၊ ဖင်မာတို့၊ ဝိုင်းစိန်မတို့၊ နို့တစ်လုံးစိန်တို့ အာဂဖော်ဂလိဖွက်များကိုပင် နောက်ကားက ကျော်တက်ကာ အပြတ်အသတ် ဗိုလ်စွဲသွားခဲ့ခြင်းပင်။ "ဟဲ့ – ခင်စိန် – ဒီကလေးမကလေးက ငါ့သမီးလို နေ့နေတာ၊ ထောင်ကျလာခဲ့တာလည်း နှစ်ရက်တစ်ပိုင်းလောက်ရယ်၊ ဒီအထဲမှာ ရှိတုန်း ရေစိမ်းတစ်ပေါက် မစဉ်စေနဲ့ ဟဲ့" ဟု ဆရာမကြီးနှုတ်က ဖွင့်ဟ၍ လေသံပစ်လာတော့ ပတ်တောကိုပိတ်ကရော၊ ခင်ထားလို ကောင်မက မြင်းကိုရိုတပ်ပေး လိုက်သလို ဖြစ်ကရော၊

သင်းက ကြည့်တော့သာ မထုံတက်သေး၊ မရတ်တတ်သည့်ကြောင်း ဆရာမကြီး၏ တစ်ချက်လွှတ်အမိန့်အာဏာသံကိုလည်း ကြားရော သင်းဘာလုပ်သည်ထင်သနည်း၊ "ခေါင်းထိရင်အကုန်စား" ဟုပဲ တွေးလေသလား မသိ၊ ကိုင်မည့်ကိုင်တော့ ထိတ်ဆိုသည့် "ခေါင်" ကိုမှ တက်ကိုင်သည်၊ ကြည့်ထောင်မှူးမ၏လက်ကသုံးတော်ဝေ့ လက်ထောက်တန်းစီးဒေါ်နန်းမိုင်ကြီး လုပ်နေသည့် "အပေါင်းထည်လိုင်း" ကိုမှ ထိပ်တိုက်ဝင်တိုးတော့သည်။

ထောင်ထဲက ကမ္ဘာငယ်ကလေးသည် ကျဉ်းပင် ကျဉ်းလှသော်ငြား ရှုပ်လိုက်ပုံကဖြင့် လက်လန်ခြေခွင်၊ မည်မျှကွပ်ညှပ်ဖိနှိပ်ထားသော်မှ မိန်းမထောင်တွင် "ယောက်ျား၊ အမျိုးသားဆောင်" တွင် "မိန်းမ" က လွှဲ၍ လိုချင်တာ အကုန်ရသည်၊ လိုချင်သမျှ ဖုံးပေါ်လာအော မဟုတ်သည့်တိုင် လိုအပ်သလောက်ကတော့ ဖင်လှည့်ခေါင်းလှည့်နှင့် မရတုပ်ကရှာ၍ ဖွေ၍ရသည်။ ဘိန်းဖြူယူမလား၊ ဘိန်းမည်းယူမလား၊ ပိတ်ဆံဆိုသည့်ကိုတော့ ပေး



ထည့်ပြောမနေနှင့်၊ "ဘယ်လောက်လိုချင်တုံး – လာထား" ထဲက ဖြစ်သည်။ လူရှိ ငွေရှိ၊ လူမသေ ငွေမရှား မဟုတ်လား၊ ပြည့်တန်ဆာမှုနှင့် ထောင်ထဲ ခဏခဏဝင်၊ ဝင်လာသည့် ပုစိမပြောသလို 'I sell my own property' (ငါ့အမေ မွေးရာပါပစ္စည်းကို ငါရောင်းတာ ဘာဖြစ်တုံး" ဆိုဘိသို့ ကိုယ့်လက်ကိုယ့်ခြေကိုသုံးပြီး နှိပ်လိုက်၊ နင်းလိုက်နှင့် အဘွားဒေါ်ဘွားတင်ကြီးပင် အိုကြီးအိုမနှင့် လက်ဖျားငွေသီး၊ တဲ့ – ဘာမှုမရှိဘူးလား၊ ဘာမှုမလုပ်တတ် မကိုင်တတ်ဘူးလား၊ တွေးမနေ၊ ဝေးမနေ၊ ဆွေးမနေနှင့်၊ ကိုယ့်ကိုယ်ပေါ်က ကောင်းတာ လတ်တာကလေးတွေ ချွတ်ရောင်း၊ ဈေးသင့်သည့် စုတ်တာ နပ်တာကလေးတွေ ပြန်လဲဝတ်၊ ငွေဖြစ်ကရော၊ ခက် – ခက်လွန်လွန်းလို့၊

သည်သို့ဖြင့် မိန်းမအချုပ်ဆောင် ဂျင့်ကလယ်ကျဉ်းကျုတ်ကျုတ်ကလေးထဲ၌ အင်္ကျီ၊ ထမီ၊ မျက်နှာသုတ်ပဝါ၊ တဘက်၊ အိပ်ရာခင်း၊ စောင်အစ အတွင်းခံဘော်လီအဆုံး ချွတ်ရောင်း ချွတ်ဝယ် "အပေါင်းထည်လိုင်း" ကလေးက တိုးတိုးတိတ်တိတ်ဖြင့် စည်လွန်းလှတော့သည်၊ သည်လိုင်းကို အဆောင်မှူး ထောင်မှူးမ၏ "ညာလက်ရုံး" ဒေါ်နန်းမိုင်ကြီးက အပိုင်ကိုင်ထားခြင်း ဖြစ်သည်၊ တန်းစီးခင်စိန်အပါအဝင်အားလုံး လက်ရှောင်ထားကြရ၏၊ နှုတ်နေကိုင်းကိုမျှ မချွန်တတ်လျှပ် ထောင်ထဲမှာ ခေါင်းဝင်ကိုယ်ဆန့် လွှယ်ရေးချ မလွယ်၊

အဲ – တော်ရေ့ – ခင်ထား ကောင်မကဖြင့် အထူအပါးနားမလည်သည် သွေးတိုးစမ်းပြီး ပွဲလန့်ကြည့်လေသည်လား မသိ၊ ဒေါ်နန်းမိုင်ကြီး၏ "အပေါင်းထည်" ခွင်ထဲသို့ စပ်မိုက်မိုက် ဝင်ရှုလာတော့သည်၊ သူ့နောက် အသည်ထောင်သို့ ပြောင်းလာသည်ပင် လသား မပြည့်တတ်သေးသည့် ဝင်ကြပ်မ ခင်စံပယ်နက ဘောစိ၊ ခင်ထားရှိသမျှငွေကို ထုတ်ပေးသည်၊ ပြီး – ထောင်ထဲက ခင်ထားကောက်ပေးသမျှ အပေါင်းအသစ် အသည်ပျိုးစုံကို နေ့ပြန်ညပြန် ခွေးဆွဲသလို သယ်ထုတ်လျှော် တရုတ်တန်းဈေးနိုင်မှာ သွင်းပေးသည်၊ အကျိုးအမြတ်က စင်(၈)တီး၊ စင်(၈)ခါး၊ ကောင်မကဘ သည်ခွင်နှင့် အတော်လေး လန်းသွားခဲ့ခြင်းဖြစ်သည်၊



www.burmeseclassic.com

နေ့ရှင်းညရှင်း ပြောင်ပြောင်ရောင်ရောင် တောက်တောက်ပပဖြစ်လာလိုက်သည်မှာ မျက်စိကျိန်းမတတ်၊ မိန်းမထောင်ထဲမှာ "ခင်ထား" ချင်းမို့ မှုန်နေတော့၏။

ဒေါ်နန်းမိုင်ကြီးကလည်း ဒေါ်နန်းမိုင်ကြီး၊ စီးလိုက် တပ်လိုက်သည်မှာ ဆင်ကော်က ဆလံတင်ရတော့ မလောက်၊ သည်အထဲ ထောင်မှူးမ အားကိုးနှင့် ဟိုးမိုးပေါက အထက်စီး အာဏာသံ၊ ပါဝါသံပေးလျက် အပေါက်ဆိုးမှတ်တတ်လွန်းသည်၊ နိုင်ထက်စီးနင်း နသားပါရလည်း လုပ်တတ်သည်၊ လိုတာမရလျှင် ခွင်ဆင်ပြီး ချွန်တွန်းလုပ်ပစ်လိုက်ဖို့လည်း နည်းနည်းမှ ဝန်မလေး၊ ဒေါ်နန်းမိုင်ကြီး၏ပယောဂနှင့် တိုက်ခန်းထဲ ကျွမ်းပစ်ဝင်သွားရသူတွေ၊ ဒူးနှင့်မျက်ရည် သုတ်ရသူတွေ ဒုနှင့်ဒေး၊ ထို့နယ် ဒေါ်နန်းမိုင်ကြီးက တောရှောက်ကြမ်းလွန်းသဖြင့် ခင်ထားပိုက်ကွန်ထဲ ဂုပ်ပြုတိုးကုန်ကြသည်လည်း ပါသည်၊ ဘာပဲဖြစ်ဖြစ် ရက်သတ္တတစ်ပတ်အတွင်း ထောင်တွင်းက အဟောင်းထည်လိုင်းမှာ ခင်ထားမှ ခင်ထားဖြစ်သွားတော့သည်ပင်၊ ကဲ- ခင်ထားကောင်မ ဘာဖြစ်သတဲ့လဲ၊

ဟင့်အင်း - ဘာမျှမဖြစ်ပေါင်၊ အဲ -ဖြစ်တော့ ဖြစ်သည်၊ ဆရာမကြီး ဒေါ်အေးသီ၏ အရိပ်ကလေးအဖြစ်မှ ထောင်မှူးမ၏ လက်ရုံးအဖြစ် အရှင်မွေး နေ့ချင်းကြီး သွားခဲ့ရခြင်း၊ အထောင်မှူးရုံးစာရေးတဲ့၊ "ရယ်ချင်ပါရဲ့- ဖတ်ဖတ်မော၊ ရင်ဘတ်နောက်က ကျော" ဆိုသလို ကျနေပါရော၊ သူ့လက်မှတ်ထိုး ပဲညှောက်ပေါက် ကောက်ကွေးကွေး ခယိုးခယိုင်တလေးတိုင် မနည်းကြီး နင်းကန်မျက်လုံးပြူးပြီး ကမ္ဘာရှုံးအောင် ခြေတုန်လက်တုန်ထိုးယူနေရသည့် ကောင်မက စာရေးတဲ့၊ တကယ်တမ်းက မိန်းမထောင်ထဲမှာ ခင်ထားကို ဆေးစက်ကျရာ အရုပ်ထင်အောင် အရာတော်သွင်းပေးလိုက်ခြင်းသာ၊

ဘာမျှမကြာလိုက်၊ နေ့ချင်းတွင်းပင် ဒေါ်နန်းမိုင်ကြီးတစ်ယောက် ထောင်မှူးမရုံးသို့တက်ပြီး ဝန်ခံကတိလက်မှတ်ထိုးလိုက်ရသည်၊ "လက်ထောက်တန်းစီးအလုပ်ဌာနရှားမှုတစ်ပါး အိတ်ထောင်အတွင်းလူမှုရေးတိစ္စများတွင်



ဝင်မပါ၊ ဝင်မရှုပ်ရ" တဲ့၊ ကိုင်း - မှတ်ကရော့၊ ခင်ထား တောင်မက သည်လောက်အထိ လက်သံပြောင်ပြလိုက်သည်၊ ဒေါ်နန်းမိုင်ကြီးမျော ကြက်နာကျထားသည့် ကြက်အိုမကြီးနယ် ဖက်ကြီးလည်လိမ်ဝပ်ဆင်းသွားရတော့၏၊ ခင်ထား - ခင်ထား၊

"အစ်မ - အစ်မ"

"အင် - ဟဲ့ - ဘာတုံး"

ပုစိမက အနားကပ်ပြီး လက်ကုတ်ခေါ်လေမှ ခင်စိန် သတိဝင်သည်၊ ကြောင်တောင်ကြီး အတွေးလွန်နေခဲ့ခြင်းဖြစ်ရာ ပုစိမ၏ အိုးကင်းပုတိုက်ရက်နှာ ပြုံးဖျာဖျာကို မြင်မိလေလျှင် "ဟယ် - ဘာတွေ အရေးပေါ်လာပြန်ပါလိမ့်မလဲ" ဟု ထိတ်ခနဲ ပူမိသေးတော့၏၊

"ဟိုလေ - အမေ"

"ဟဲ့ - ပြောမှာဖြင့် မြန်မြန်ပြောစမ်း - ဘာတုံး"

"လာ - လာ - ကျွန်မ ပြောမယ်"

ပုစိမက ခင်စိန့်လက်ကိုဆွဲကာ ထောင်မှူးမရုံးအကွယ် ထောင့်စွန်းတလေးနားအထိ ခေါ်သွားပြီးမှ ယခုပင်မိုးပြိုကျတော့မလောက် မျက်နှာပေးဖြင့် စကားစသည်၊

"အစ်မကို သတ်မလို့တဲ့"

"ဘာ ..."

"ဟုတ်တယ် - ဒီတခေါ့ နေမဝင်စေရဘူး၊ အသေသတ်ပစ်မတဲ့"

"အောင်မယ် - ကျားသားမိုးကြိုး၊ နေပါဦး - နေပါဦး၊ ကျားခင်စိန်ဆိုတဲ့ ဒါလိုမိန်းမကိုများ ရာရာစစ ဘယ်ကောင်မက ..."

"ခင်ထား - အစ်မ၊ ခင်ထားက"

"ဟင် - ခင်ထား - ဟုတ်လား၊ ဒီကောင်မက"

ခင်စိန့်ရင်ထဲ၌ မီးပုံကြီးတစ်ပုံ ရုတ်တရက်ထ၍ ပေါက်လာလိုက်သည်မှာ သူ့တစ်ကိုယ်လုံး ကျွမ်းခြစ်ပြာကျသွားတော့မတတ်၊

www.burmeseclassic.com

"ခင်ထား - ခင်ထား - ဒီကောင်မ တယ်ချိုထောင်နေပါကလား"

.. ၇ ..

"ဘောက်ဆင်းတွေ ကျန်သေးလား။ အဆောင်ကျန်တွေ ထမင်းမဆွဲရသေးတာ ရှိသေးလား။ လာနော် - လာနော်၊ ထမင်းပုံး၊ ဟင်းပုံးတွေ သိမ်းပြီးမှ ဘာညာသာရကာ လာလုပ်ရင် ပါးစပ်ပောင်းလောင်းနဲ့ လဲသာ သောလိုက်ပေတော့၊ ထမင်းတစ်စေ့မှတော့ မရဘူး၊ ချစ်သဲရဲ့လက်မည်းကြီး ကိုပဲ တစ်ဝစားရစေ့မယ် - ကြားကြလားဟေ့"

ဟော - ထုံးစံအတိုင်း ဗောလောကျန်းတောမ မချွေချစ်သဲ၏ ထမင်းဆွဲ သိမ်းခါနီး ဗေထီသံတွေကို ကြားနေရပြီ၊ မိန်းမထောင်ရှိ ဝေနေယျအကျဉ်း နနက်စာ ထောင်ထမင်း၊ ထောင်ဟင်းကို တိုးတိုးဝှေ့ဝှေ့ ယူကြပြီး ဖြစ်မှန်း ကျိန်းသေသလောက် ရှိ၏၊ ပြီးလျှင် - ဝမ်းသမုဒ္ဒရာ အုအာဂါတို ကောင်း ကောင်း၊ မကောင်းကောင်း ထိုးသိပ်ဖြည့်တင်းကြရဦးမည်၊ တစ်နနက်ခင်း လုံး တလှုပ်လှုပ် တရှုရှု ရုတ်ပွ ရုတ်ပွ ရှိနေခဲ့သော မိန်းမထောင်ဝင်းကလေး သည် တဒင်္ဂဖြင့် ငြိမ်ကျသွားလိမ့်မည်၊ သူ့အစုကလေးတွေနှင့်သူ အလွမ်း သင့်ရာ စားအိုးတွဲလျက် ထောင်သံသရာ ခရီးရှည်ကြီးကို ဖွဲ့တင်းအံခဲထောက် လျှောက်နိုင်ဖို့အရေး မသေထမင်း၊ မသေဟင်းကလေးတွေကို ကြိတ်မှိတ် မျိုရနေကြလိမ့်မည်၊ လောဘ၊ မော၊ ဒေါမနဿတွေကို ဘေးအသာချထား စားဆဲခဏပုံစံထမင်း၊ တာလဖေါဟင်းနှင့် ငါးပိအိုးကင်းပုတိုက်ကလေးတွေ ဆီမှာပဲ အာရုံကျုရင်း ဖောကပ်နေကြလိမ့်မည်၊ သည်လိုအချိန်မှာပဲ ...။

အတွေးတွေ တစ်သီကြီး ငင်ရင်း တွန့်ခနဲ တစ်ချက်ဖြစ်သွားလိုက်သော ၏၊ ခင်ထားတစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ တဖျိုးဖျိုး တဖျင်းဖျင်း ထလာသည်၊

ထောင်ထုံးစံအရ ယခုလို ရုတ်ခြည်းငြိမ်ကျသွားတတ်သည့် မနက်ခင်း တန်းစီချိန်၊ ထမင်းဆွဲချိန်၊ နေ့လယ်နှင့် ညနေခင်း ထောင်ပိတ်တန်းစီချိန်

ည(၉)နာရီ အိပ်ချိန်ပေးလိုင်းခေါင်းမီးကြီး ချရိန်စသည့် တဒင်္ဂများမှာ သွေးရဲ သံရဲ ရိုက်မှု၊ သတ်ဖြတ်မှုကြီးတွေ ဝုန်းခနဲ ဒိုင်းခနဲ ထ,ထဖြစ်တတ်မြဲမဟုတ် လား။ လက်ရဲဇက်ရဲသမားများက လူတိုင်းကိုယ်စီ ကိုယ့်အာရုံ ကိုယ့်ဖော်နှင့် တိုယ်လုံးလည်ချပ်ပြား လိုက်နေတတ်သည့် ထိုအချိန်ကောင်းမျိုးကို လက်ဦး မှုယူလျက် အသုံးချတတ်ကြသည် မဟုတ်လား၊

ယောကျ်ားထောင်၊ ထောင်မကြီးဘက်မှာသာ လူရိုက်မှု၊ ဓားထိုးမှု၊ လူ သတ်မှုတွေ ဟောတစ်ပွဲ ဟောတစ်ပွဲ တငြိမ်းငြိမ်း ဖြစ်နေတတ်သည်မဟုတ်၊ ခင်ထားတို့ မိန်းမထောင် ခွက်စီနောက်ကလေးထဲမှာပင် ထောင်မြေကို ခင်ထား နင်းမိခဲ့သည့်တစ်လတာအတွင်း ရိုက်မှုကြီးနစ်မှု အကျော်ဖေယျ ဖြစ်ပွားခဲ့ပြီ၊ ထောင်ယာဘုတ်ကိုင်ညီနှဲ့က လူသစ်ခန်း တန်းစီးခြင်းကိုပေါက် ပြားဖြင့် ခုတ်သတ်မှုတစ်မှု၊ မင်းတဲ - အီကင်းဘက်မှ ချုပ်သစ် ခေါင်းမလေး ဆိုသည့် လက်ဝေ့သမက နာမည်ကျော် မူးယစ်ဝိုက်ဆားစတား ခင်မဲ့ကို ထမင်း ဆမ်းထမ်းပိုးဖြင့် အသေရိုက်သတ်မှုတစ်မှု၊ ကံကောင်းလွန်းလှ၍သာ စံလိုက် ကြရသူများ မသေမပျောက်ခဲ့ကြရသည့်တိုင် ပိုးစိုးပက်စက်ဖြင့် အလဲအကွဲ အလုပျောပါ၊၊ အရေးအခင်း နစ်ခုစလုံး ယခုလို နေ့ခင်းကြောင်တောင် အခင်းစားဆွဲချိန်တွေမှာချည်း၊

သို့ဖြစ်၍ ထိုအရေးအခင်းများကို မျက်စိတစ်ကမ်းအတွင်း ဒိဋ္ဌကြုံဖူးခဲ့ သူ ခင်ထား စိတ်တွန့်သွားမိရခြင်း ဖြစ်သည်၊

"ကျားခင်စိန် - ကျားခင်စိန်နဲ့ နာမည်တစ်လုံး ဟည်းဟည်းထနေပြီး မိန်းမ ဘယ်ချောင်မှာ အမြီးတုပ်နေသလဲ မသိ၊ အခုအထိ အရိပ်တောင် မမြင်ရသေးဘူး၊ ထမင်းဆွဲတဲ့အနားမှာလည်း ချစ်သဲရယ်၊ သူ့ထမင်းပုံးထမ်း ဟင်းပုံးထမ်း ကောင်မကလေးတွေရယ်ပဲ ရှိရဲ့၊ ချစ်သဲကိုတော့ ထည့်တွက် မလိုဘူး၊ မနေ့ညတတည်းက ဘယ်ဘက်ကမှ ဝင်မပါဘဲ နေတတ်သလို နှင့် တော်ဗီမစ်အထုပ်ကြီးတစ်ထုပ်နဲ့ ယဉ်းသွင်းထားပြီးသား၊ အဲ - အဲဒီ မိန်းမရဲ့နောက်မြီးဆွဲ စည်းကမ်းထိန်းကောင်မတွေပါ ပျောက်ခြင်းမလှ ပျောက်နေကြတာပါလား၊ ကပ္ပလီတို့၊ သက်မာတို့၊ အာဖြူတို့၊ မှုံးတို့၊





www.burmeseclassic.com

www.burmeseclassic.com

ပေါက်စီတို့၊ မော်စီတုံးတို့ အကုန်လုံး ပျောက်နေတာပဲ။ ကြည့်စမ်း - ဟိုသေနာမကြီး ဒေါ်နန်းမိုင်း နှုတ်မှ လုံးရုံလား။ ခင်စိန် မာလကီသွားရင် သူပဲ တန်းစီးတတ်ဖြစ်မှာမို့ ပုံတော်သလို ကြည့်လုပ်လို့ ခုမနက်ပဲ ရေကန်မှာ မျက်နှာချင်းဆိုင် ကြရင်း ပြောခဲ့သေးတဲ့ဟာ၊ ဒင်းကြီးတများ ဓွေဖောက်ပြီး လက်ထောက်ရှလိုက်လေသလား၊ ကဲပါလေ၊ ဘာပဲဖြစ်ဖြစ် ထင်းခွေမကြုံရခေတော့ ကြုံဦးမှာပဲ၊ ကျားခင်စိန်ဆိုတဲ့ကောင်မ ပေါ်လာတဲ့အချိန်ဟာ ဒင်းကာလနာတိုက်မယ့်အချိန်ပဲပေါ့"

ခင်ထားက သူ့လက်ထဲမှ သံစူးကို တင်းတင်းရင်းရင်း ဆုပ်ကိုင်လျက်သားက သူ့ကိုယ်ကိုယ်သူ မောင်းတင်လိုက်သည်။ "ငရဲကလာတဲ့သူ မြာမလောက်ကို ဘယ်ကြောက်လိမ့်မလဲ။ "မှုဆိုးခြေထောက် ဆူးမကြောက်" တဲ့၊ ဘာတဲ့လဲဟဲ့ လောကာဓံ၊ နင်ကပဲ ရှိင်းမလား၊ ငါကပဲ ကြမ်းမလား။ ကြည့်ကြသေးတာပေါ့။ တွေးရင်း ရေတွးရင်း ဒေါ်သတွေ အလိပ်လိပ်ထလာပြန်၍ ခင်ထားတစ်ကိုယ်လုံး နတ်ကျသလို ကတုန်ကယင်ကြီး ဖြစ်နေလေသည်။

"ဟဲ့ - ခင်ထားရယ် - စကားနောက် တရားပါ၊ နှုတ်ကျွံလက်လွန်တွေ မလုပ်စမ်းနဲ့ဟယ်၊ နင့်လွှတ်ရက်ကပဲ နီးပေါ့မဟုတ်လား၊ ခင်စိန်လို အရိုးရှုံးနေတဲ့ ဒုစရိုက်သမနဲ့ ဖက်ကိုက်နေလို့ရော နင် ဘာဖြစ်လာမှာမို့တုံး။ ကျားခင်စိန်ဆိုတဲ့ သေမထူး နေမထူး ကောင်မနေရာမှာ ခင်ထားဆိုတဲ့ ရှုမိုက်လက်သင်တစ်ယောက် ပေါ်လာတာကလွဲလို့ ဒီလောကကြီး ဘာထူးခြားသွားမှာတဲ့တုံး။ မိုက်ဖို့က လွယ်တယ်၊ လူကောင်းဖြစ်ဖို့ကသာ ခက်တာ။ မသူတော်တွေနဲ့ အမိုက်မပြိုင်စမ်းနဲ့၊ သူ့အကုသိုလ်နဲ့သူ သွားလိမ့်မယ်။

ဘာရယ်မသိ၊ ခင်ထားကို သံယောဇဉ်လာတွယ်နေသော အမေဒေါ်ဘွားတစ်ကြီးက ကိုယ့်သွေးသားရင်းရာလို ပူပူပန်ပန်ထားရှာသော၏ သည်တောင်ကြီးကို ရောက်ဦးစ ခေါင်နှုတ်ဖမ်းစားခံရစဉ်ကဖြင့် မိခင် ပျောက်နေကြရာမည့် သူ့ကလေးနှစ်ကောင်ကို လွမ်းတရင်း မျက်ရည် ချောင်းစီး မိုးလင်းပေါက်ငိုမိခဲ့ရသည့်ညတွေ မနည်းလှခဲ့၊ သူ့အရိုးကိုပင် သူ အနိုင်နိုင် သယ်နေရရှာပြီဖြစ်သည့် လင်တော်မောင် နီတာကိုလည်း မျှော်



တွေး ရုံးရုံးနစ်နစ်ကြီး လွမ်းမိလိုက်သေးသည်။ အသက်လေးနှစ်ကျော်ပြီဖြစ်သည့်တိုင် သူ့ညီအထွေးလေးနှင့်အပြိုင် ခင်ထားရင်ခွင်ထဲ အလုအယက် ဖွတ်တိုးဝင်ရင်း နို့တစ်လုံးကို အပိုင်စီးတာ ကလေးပေါက်စ ပြန်လုပ်ချင်ဆဲ နီညာကောင်ကို အလွမ်းဆုံး။

"ဟယ် - သမုဒ္ဒရာရေမဲ၊ ဘယ်သူစပ်သောက်သောက် ကုန်နိုင် ခန်းနိုင်တာမှတ်လို့။ ဒီတစ်ခွင်လုပ်လို့ အဆင်မပြေရင် နောက်တစ်ခွင်ပေါ့၊ ကိုယ်လည်း ဒီလောက်ကြီး မလှုပ်သာ မလှည့်သာတာမှ မဟုတ်တာ၊ နေရကျိုးတားရကျိုးတယ်၊ ဒင်းနဲ့ ဖက်ပြိုင်နေလို့လည်း ပိုက်ဆံတစ်ပြားမှ ဝင်လာမှာ မဟုတ်ဘူး။ ထောင်ဆိုတာမျိုးဟာ တန်းစီး၊ ဘာရာ၊ စည်းကမ်းထိန်းတွေ ဘယ်သူလိမ့်လိမ့်လဲလဲ ချောက်ပေါက်တိုးပြီး ပြုတ်မလဲပဲ ချောင်းနေတတ်တဲ့ အရပ်၊ လက်ကြားရေယိုနေရာဝင်စီးမယ့် သူတွေက တင်းကျမ်း။ သွေးရူးသွေးတန်းနဲ့ ထင်ရာလျှောက်မလုပ်ဘဲ ရှောင်လိုက်မှ ထင်ပါရဲ့"

အိမ်လွမ်းစိတ်နှင့် စိတ်အခနေ ညှိုသက်နေရှိန်များတွင် သူ့စိတ်ထဲက အရိုးခံအတိုင်း ခင်ထားက တွေးချင်တွေးဖြစ်နေတတ်သည်၊ သို့နှင့်တိုင် သိတယ်မဟုတ်လား။ ဘဝ၊ ဘဝ ... "ဘ" နှင့် "ဝ" နှစ်လုံးတည်း ပေါင်းထားပေ၍သာ၊ သည့်ထက်များ ပိုခဲ့လျှင် သောက်ကျိုးနည်း ဒုက္ခဘောင်ဘင်ဝေလိုက်မည်ဖြစ်ခြင်း။ ထောင်ဆိုသည့် ဤအရပ်မှာ ပို၍ဆိုးသည်၊ မျှော်လင့်ချက်တွေနှင့် တလွဲတချော် ဇရိုဇရဲ တိမ်းပါးလွဲချော်ခဲ့ရသူတွေချည်း၊ စုပုံ ခြွတ်သိပ် ကျောချင်း ရင်ချင်း ကပ်နေကြရသည့် လူ့အမှိုက်ပုံကြီးလိုအရပ်၊ လုပ်သမျှလွဲ၊ ကြံသမျှပျက်သည့်ကံနည်းတဲ့သူတို့စံရာမြေ၊ သနွှေမကောင်းသည့် ထောင်မြေမှာ ခင်ထား၏ စိတ်အစဲကောင်းကလေးများ ဖွပ်သထက်ညစ်ဖို့ချည်း ကြုံနေရသည်။

"ခင်ထားဆိုတဲ့ ကောင်မက သိပ်လှုပါးဝတာပဲ၊ နောက်မှ ပေါက်တဲ့ အဝင်တ အရင်ပိုရှည်ချင်နေသေးတယ်၊ သိလား - အစ်မ၊ သူ့ခွင်ကို ဝင်လုချင် တျားသော ဆင်သော ရွေးမနေဘူး၊ လာထားပဲတဲ့၊ အစ်မကို ကြိမ်းနေလေရဲ့..."



www.burmeseclassic.com

www.burmeseclassic.com

"အိုး – အဲဒါမျိုးကိုမှ ကျားခင်စိန်တို့က ဝက်သားနပ်ထက် ပိုကြိုက်တာ၊ တိုယ့်ကိုယ်ပေါ်က အမွှေးတောင် ဆံပင်ထက် ပိုရှည်ရင် ဆွဲနုတ်ပစ်တတ်တဲ့ ကောင်မဟဲ့၊ နောက်မှပေါက်တဲ့ရွှေကြာပင်ကို ချေးပုံးထမ်း သေးပုံးထမ်း ဘဝရောက်အောင် လုပ်ပြလိုက်စမ်းမယ်၊ ကျားခင်စိန်ဆိုတာ အလတားနေရင်း ရလာတဲ့နာမည်တစ်လုံး မဟုတ်ဘူးဟဲ့၊ စောင့်သာကြည့်နေကြ၊ ကြာလှ နှစ်ရက်သုံးရက်ပေါ့၊ ခင်ထားဆိုတဲ့ အဲဒီမလောက်လေး မလောက်စား ကောင်မ – ကျားခင်စိန်ရှေ့ဒူးထောက်ပြီး မျက်ရည်ခံတိုးနေရစေမယ်"

မီးပွားတွေက စဉ်လှ လွင့်လှသည်၊ အလကား မတ်တင်းကြားကဝင်၍ မီးလောင်ရာလေပင့် ဘေးတီးပေးချင်သူ၊ ချွန်တွန်းပင့်လုပ်သူ၊ ရှူးတိုက်ပေးသူတွေကလည်း ပေါမှပေါ့၊ စကားအရောင်းအဝယ်၊ အသယ်အပို့တွေကလျင်လှ သွက်လှချည့်၊ ခင်ထားဘက်လူ၊ ခင်စိန်ဘက်ကလူ၊ ဘယ်သူတွေဘယ်ဝါတွေရယ်မသိ၊ ထောင်ဆိုသည့်အရပ်မှာ သတ်ပွဲ ပုတ်ပွဲ သွေးသံရဲရဲကိုသာပဲ အပျင်းပြေ ကြည့်ချင်ပွဲတစ်ခုပမာ မျက်စိအရသာခံ၍ ရေနှင့်တစ်ဝမြည်းတတ်ကြစမြဲကိုး၊

သူတစ်ပြန် ကိုယ်တပြန် နှုတ်လှန်ထိုးကြသည့် စကားရိုင်းများက ဓားဦးချွန်များနယ် ခင်ထားရင်ကို မွှေသည်၊ ရှက်လည်း ရှက်သည်၊ နာလည် နာကြည်းသည်၊ ဒေါသအဆိပ်များက ငယ်ထိပ်၌ ပွက်ပွက်ဆူလျက်ရှိသည်၊

"ကိုင်း – ဒီလောက်တောင် ရှိလှတာ၊ ဒီကျားခင်စိန်ဆိုတဲ့ ဂန်းမကြီးကို ဒီကနေ့ လက်စတုံးဖြစ်အောင် လုပ်မှပါပဲ၊ သန်းခေါင်ထက် ညဉ့်နက်မယ် မထင်တော့ပါဘူး"

တိခနဲ စိတ်ကို ပိုင်းချလိုက်သည့်အခါ စိတ်တွေ ကြည်၍ ပေါ့သွားပြီး အတွေးတွေလည်း ငြိမ်သွားသည်၊ "ယုန်က မတိုး ရင်ပိုက်က တိုးရတော့မှာ ပေါ့" ယတိပြတ် စိတ်ဖြတ်ခါမှပင် ခြေလှမ်းများကို စ,ရွေ့ဖြစ်တော့သည်၊ တစ်လှမ်း၊ နှစ်လှမ်း၊ နောက် – နောက်၊

"ဒီကောင်မကြီးကို အရပဲ သတ်မယ်"

..၇..



"အစ်မ – ခင်ထား – ဒီဘက်ကို လာနေပြီ"

ကပ္ပလီမအသံက စိပ်အုပ်အုပ်ပင်ဖြစ်လည်း ခင်စိန့်နားထဲမှာ ဗုံးတွဲသလောက်နီးနီး စူးဝင်သွား၏၊ "တစ်ရှိန်လုံး ပျောက်ခြင်းမဲ့လှ ပျောက်နေခဲ့တဲ့ကောင်မ ထမင်းဆွဲရှိန်ကျတော့မှ ပေါ်လာခဲ့တာပဲ၊ သောက်ပြောကြီးကြီးနဲ့ လေဖင်ခေါင်း ကျယ်ထားပြီးမှ သွေးကြောင်နေတာနဲ့တူရဲ့၊ သင်းမျက်ခွက်တ ဘူးသီးပိန် နွားနင်းမယ့်မျက်ခွက်ခွက်နဲ့၊ ရွတည်တည်မျက်နှာသေကြီး၊ သွားပုံလာပုံကတော့ ပုံမှန်၊ သူမဟုတ်သလို၊ ဘာမျှဖြစ်မထားတော့သလို၊ ဆတ်လည်း တတ်နိုင်တဲ့ အာဂမီးခဲမ၊

ခပ်လှမ်းလှမ်းက ရုတ်တရက်ပေါ်လာလျက် သူတို့တွေရှိရာဆီ တည့်တည့်ရှူးရှူးကြီး လျှောက်လာနေသည့် ခင်ထားကို ပြူးကြည့်နေမိရင်း သူ့လူအုပ်များကို အမိပ္ပာယ်ပါပါ မျက်လုံးဝေ့ပြလိုက်သည်၊

"သေချာကြည့်ထား – ဟော့၊ ကောင်မလာနေပုံကတော့ မော်ဒယ်ဂဲ(လ်) တွေ ရှိုးလျှောက်တဲ့အတိုင်း၊ ထိမထင်မျက်နှာပေးနဲ့ပဲ၊ လက်ထဲမှာ ပုံစံအကျီ ခုတ်ကလွဲလို့ ဘာမျှပါမလာပုံထောက်ရင် ကောင်မ ချေးချမ်းသွားပြီနဲ့တူ သယ်ဟဲ့"

"အေးလေ – ကြည့်ပါလား၊ ကျားနဲ့ရလို့ ဖင်သီနေတဲ့ခွေးမအိုကြီးလို ကုပ်ချောင်း ကုပ်ချောင်းနဲ့"

"ဆင်သွားမှ လမ်းဖြစ်တာအေရဲ့၊ ခွေးကျိုးက မြေဒရွတ်ဆွဲပြေးလို့ လမ်းတော့ မဖြစ်ဘူး၊ ဖုန်ထရုံပဲရှိမှာ"

"အလကားပါဟယ်၊ ကိုယ့်ဖင်နဲ့ကိုယ် နားကြားအောင် လေလည်ကြည့်တာပါ၊ အရှိန်တန်လို့ ဘာမှဖြစ်မလာတော့လည်း ဒုံရင်း ဒုံရင်း ပြားပြားဝပ်သွားမယ့် ဝဲစားမျိုးပါအေ ..."

တီးတိုးတီးတိုး သဖန်းပိုးဖြင့် မကြားနိုင်နား ခနီးခနဲ့ လှောင်သံတွေက ဟုန်ဖိ လျှံထွက်လာနေသည်၊ ကပ္ပလီမတို့၊ နီတစ်လုံးစိန်တို့၊ မော်စီတုံးတို့ စသတို့အုပ်တွေ နေခင်းကြောင်တောင်မှာ ပြဿနာကို မီးခွက်ထွန်း၍ရှာနေကြခြင်း၊

www.burmeseclassic.com

ရုပ်ရှက် လူ့သဘာဝကိုက ခက်သားလား။ ကိုယ်ကိုယ်တိုင် မစွမ်းသန်နိုင်သည့်ကိစ္စမျိုးတွေမှာ ဇ,ရှိသူ၊ လက်ယဉ်သူ၊ သွေးရဲသူများတို့ ပိုင်း၍ ဗိန်းမောင်းတိုက်ပြီး တည်ပေးဖို့များ အလွန်မတန် ခံတွင်းတွေ့တတ်ကြသတောင်း။ နိစ္စဓူဝ နေ့နေ့ညည ဘဝမတူ၊ အလွှာမတူ၊ စရိုက်မတူ၊ ဗီဇသဘောမတူသူများ တိုးတိုးဝှေ့ဝှေ့ ကျောချင်းကပ်လိုက်၊ ရင်ချင်းအပ်လိုက်နေနေရသည်။ သူတို့ထောင်ထဲမှာက ပို၍ဆိုးသည်။ တအုန်းအုန်း တမြိန့်မြိန့် ဆော်ပလော်တီးနေသည့် အဝဲကပင် နောင်ရှိန်ပွဲတွေ ဟောတစ်ပွဲ ဟောတစ်ပွဲ ခုနင်ကထ,ထဖြစ်နေတတ်စမြဲ၊ သည်ဗိန်းမထောင်မှာ ထောင်ကျရော၊ အချုပ်နေနှစ်ဆောင်စလုံးကို တွဲ၍ ကိုင်ထားရသည့် တန်းစီးချုပ်အဖြစ် လေး၊ ငါးခြောက်နှစ် အဝါးဝ အရိုးရင့်ခဲ့ပြီ၊ အံ့စွနေပြီ။

သူတို့အုပ်တွေ ဟီလာတိုက်ပြီး အုသံပေးနေကြသည်က ဘာမှမဆန်းတပ္ပလီမကာ လူတွင်ကျယ် ထ,လုပ်နေသည့် သူတို့ ဇော်ကာလီဖွက်အုပ်စီးဆဲမ ခင်ထားတစ်ဦးတည်း မောင်ပိုင်စီးထားသည့် ခွင်ကို သရဲမရဲစီး ကြောင်တောင် ဝင်နှိုက်ချင်နေကြသည်။ ခွင်က ခွင်သစ်၊ ကျားခင်စိန်ကိုယ်တိုင်သူ့ထောင်သက်တစ်လျှောက် တစ်ခါဘူးမျှ လေသံမသလပ်ခဲ့စဘူး။ ကြံဖို့ဝေး၊ အတွေးထဲ၌ပင် မရှိခဲ့စဘူး။ သည်မီးခဲမ ခင်ထား ထောင်မြေနင်းမိမှ ခေါင်ခေါင်ခါးခါး နားရွက်ကားခဲ့ကြရခြင်းမျိုး။

သင်းမို့ ဖွေဖွေရှာရှာ ကတ်သီးကတ်သတ်တွေ ကြံလည်း ကြံတတ်တွေးလည်း တွေးတတ်ပ။ မိန်းမတွေချည်း စုပြုံအုံခဲနေသည့် သည်အခုပ်မျိုးမှာ ဆံပင်တွေကိုဖြတ်ပြီး ပိုက်ဆံလုပ်သည့် လိုင်းသစ် ခွင်သစ်၊ ထောင်အပြင် မြို့လယ်က ဆံပင်အဝယ်ဒိုင်များနှင့် ဆရာမ ခင်စံပယ်နက သွားဆော်လာခဲ့ပြီး ခင်ထားကို ငွေပင် ငွေရင်း ထုတ်ပေးလျက် ငွေတွင်းတူးနေကြခြင်းဖြစ်သည်။

သိသည်မဟုတ်လား။ ထောင်တွင်းက အပူသည်ဒုက္ခအိုးများအချိန်ဖြန်မှာဖြစ်မှာ လာမပြောနဲ့။ သည်ကနေ့ ဝမ်းအေး ကျောအေးဖို့သာ အဓိက



အချိန်တန်လျှင် သူ့အလိုလို ပြန်ပေါက်လာမည့် ခေါင်းပေါ်က ဆံပင်ကို ဖြတ်ရောင်းပြီး လောလောဆယ် လျှာဦးစို အူစိုနေရလျှင်လည်း အိုကေ၊ "ယောက်ျားတို့ဘုန်း လက်ရုံး၊ မိန်းမတို့ဘုန်း ဆံထုံး" တွေ၊ ဘာတွေကို မြောင်းထဲ လွှင့်ပစ်လိုက်၊

ရုပ်လုံ့ဖို့ထက် ဝမ်းဝဖို့အရေးဦးစွန်းမက်ကာ ထားနေရသည့်ဘဝပေးနှင့်ချည်းမျက်ညီအောင် အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစား၊ ရှေးတွေ နာတွေ နည်းတာတွေ၊ များတာတွေ တောင်တောင်အီအီမတွေး၊ "ရှေ့ပတ္တမြား - ရှော့ နဂါး" ခေါင်းထက်က ဆံနွယ်တွေ တိစနဲ့ပြတ်၊ "ရှော့ - အင့် - ပိုက်ဆံ"၊ ဟုတ်ပေ့ကို ဖြစ်နေကြတော့သည်၊

ကြိတ်ကြိတ် ကြိတ်ကြိတ်နှင့် မိန်းမထောင်တစ်ထောင်လုံး ကတုံးမယ်တွေ၊ ဘိုကေနောက်ပါးတွေ၊ ဝမ်းဝေး ဝမ်းကွေးတွေကော ထ,လာလေမှ ထောင်မှူးမမနှင့် ထောင်ကြပ်ဆရာမတွေရော၊ ထောင်တွင်း ဇော်ဂနီ ဇော်နက်ပိုက်ဆံဝါလား ပေါက်ကျော်မတွေရော မျက်လုံးပြူး မျက်ဆံထွက်ဖြစ်ကြရသည်၊ "အပြင်မှာ ဆံပင်ရှည် (၁၀) သားကို ဘယ်နှသိန်းပေးဆိုလား ဒီထဲမှာ ခင်ထားက နှစ်ပဲတစ်ပြား အလကားပဲ တင်းလောက်နီးနီးနဲ့ ချောင်ရလိုက်တာ၊ ကောင်မကတော့ ထောတာပဲ၊ ဒင်းကို ငွေရင်းထုတ်ပေး ခွင်ဆင်ပေးတဲ့ သူ့ဆရာမ ခင်စံပယ်နတောင် ရွှေဆွဲကြိုးတွေ၊ လက်စွပ်တွေ တဝင်းဝင်းနဲ့ မျက်နှာကြီးကို မင့်လို့၊ ကြည့်ပါလား၊ ထောင်ထဲဝင်စဉ်းက အနုပ်စုတ် တုပ်စုတ် ပါတိတ်အပြဲဘောထုပ်ထည်အင်္ကျီဝတ်လာခဲ့တဲ့ ကောင်မက အခုတော့ ဘူးပါတိတ် ထည်လဲဝတ်လို့၊ ဟွန်း - ပြော မပြောချင်ဘူး"၊ နှုတ်ခမ်းတလန်၊ ဝန်းတလန် မလိုတမာသံတွေ လျှံနေသည့်ကြားက ခင်ထားတို့က မဖြုံဖြေးရှု မဖြုံ။ ပန်းပန်လျက်ပါ မစေ့ဒါ လုပ်နေနိုင်ခဲ့သည်။

သည့်လိုနှင့် ခင်ထားက ဇ,ကလေးလည်းရှိ၊ ကြံရည် ဖန်ရည်ကလေးလည်း မခေ၊ လက်ရဲ ဇက်ရဲ လက်ယဉ်တတ်လွန်းသည့် သွေးရဲသူလည်း

www.burmeseclassic.com

မြစ်မြန်၍ ထောင်မှူးမမ၏ ရုံးစာရေးအဖြစ် တော်တောက်ခြင်း ခံလိုက်ရရာ သူ့ဇရှုက နေရာယူနှင့်ပြီး ထောင်ကြီးမျှော် ထိတ်ထိတ်ကြဲမတွေကို နေ့ရှင်း ညချင်း ပခုံးချင်း ယှဉ်နိုင်လာခဲ့ခြင်း ဖြစ်သည်။

ယှဉ်ရိုးယှဉ်စဉ် သမားရိုးကျဆိုကလည်း အကြောင်းမဟုတ်၊ သူတင် ကိုယ်တင် ထင်သလိုကြဲလိုက်ကြဖို့ပင်။ ယခုက သည်လိုဖြစ်မလာ။ သေနာ မ ခင်ထားက "ဆံပင်ရှည်လိုင်း" ဖွင့်၍ အားလုံးကို နာတစ်ဖျားမက ကျော် တက်သွားနိုင်ခဲ့လေရာ ထောင်မှူးမတင်မက မိန်းမထောင်တစ်ထောင်လုံး "ခင်ထားမှ ခင်ထား" မိုးမွှန်နေကြတော့သည်။ အရင်းအနှီးမလို၊ ကိုယ့်ခေါင်း ထက်က ဆံပင်ဖြတ်ပေးသည်နှင့် ငွေဖြစ်အောင် စွမ်းဆောင်ပေးနိုင်သော ခင်ထားသည်ပဒီးရိုးမှ အားလုံး၏တကယ့်ပဒီးရိုး။

"ဒီဆံပင်တွေကို တရုတ်ပြည်ဘက်က ဝယ်တာတဲ့၊ မီးနဲ့ရှို့ပြီး ငွေသတ္တု ထုတ်တယ်ဆိုလားပဲ၊ တချို့ကလည်း ဆံပင်အတုလုပ်ဖို့ဝယ်တာလို့ ပြော ကြတယ်၊ သူတို့ဘာသာ ဘာပဲလုပ်လုပ် တို့နဲ့ ဘာဆိုင်တာမှတ်လို့၊ တို့ အတွက်က တစ်နေ့စာ တစ်ရက်စာ သာယာနေရရင် ပြီးစတမ်း"

"ဟဲ့ - ခင်ထားကမှ ဘဝသမားဟဲ့၊ သူကလည်း ဆင်းတောင့်ဆင်းရဲ ထဲကမို့ ကိုယ့်ဘဝတူချင်း ဖေးမရှာသားပဲ၊ ဘယ်တော့မဆို သူ့မှာရှိနေရင် သူ့ဆီက လက်ချည်းဗလာပြန်လာရတဲ့သူ ဘယ်သူရှိလို့တုံး၊ သူ့ရှေ့ ထောင်အပြင်မှာ ကျန်ရစ်ခဲ့တဲ့ သူ့ဇယာကျိုးအရက်ချိုးနဲ့ ကလေးနှစ်ကောင် ကို ထောင်ထဲက ရှာကျွေးနေရသေးတာ၊ ခင်ထားရဲ့ထောင်ဝင်စာဆိုတာ အပြင်က လာပို့တာကို စောင့်ယူရတာ မဟုတ်ဘူး၊ အထဲထဲက ခင်ထားရှာ ထားဖွေထားသမျှ အဝတ်အစား၊ စောင်၊ အိပ်ရာခင်း ကောင်းကောင်းကန် ကန်းတွေနဲ့ စားစရာတွေကို ထောင်အပြင်ပြန်ပို့နေရတာ၊ တစ်ပတ်နစ်ကြိမ် ကတော့ အထုပ်ကြီး အထုပ်ငယ်တွေနဲ့ မှန်နေတာပဲ၊ အဲဒီအထဲက ကိုယ့်ထဲ ကိုယ့်ဟာ မရှိနှမ်းပါး ပါးစပ်ပေါက်ဟောင်းလောင်းတွေကို သူပဲ ဒိုင်ခံကျွေး မွေးနေတာပဲ မဟုတ်လား"



"အေးဟဲ့ - အဲ့တာတော့ ဟုတ်တယ်၊ အိပ်ထောင်ထဲက ဖျားတဲ့ နာတဲ့ ဂီလာနတွေကို ဆေးကုဖို့ နော်အေအမီကိုဆေးတွေ ဝယ်ပေးပြီး စားဖို့ သောက် ဖို့ မပူရအောင် တာဝန်ယူထားတာလည်း ခင်ထားပဲလေ"

"နှစ်ရှည်နှစ်ကြီးများ ထောင်ကျလာခဲ့ရင် ခင်ထားကိုပဲ တန်းစီးခန့်လိုက် တာက ကောင်းသေး၊ ခင်စိန်ဆိုတာက ဝန်ထမ်းတွေ ဖက်လိုက်ပြီး ဗိုလ်ကျ ဖို့၊ အာဝါသဖို့ကလွဲလို့ ထောင်ကျသား အချင်းချင်း ဖဲ့မှုးတာရှိခဲ့လို့လား။

သူ့အလုပ် သူလုပ်၊ သူ့လိုင်းနှင့်သူ ဘာတွေပဲဖြစ်ဖြစ်။ ခင်စိန်တို့က ဘာ ကိုမျှ ဂရုမစိုက်။ တဖြည်းဖြည်းနှင့် ခင်ထားပရိသတ်တွေက ခင်စိန့်ရာဇပလ္လင် ကို မျက်စောင်းထိုးလာပြီး မှုးတင်းပဲတင်းလှည့်ချီတွေ ပေးလာကြသည့်အခါ ခင်စိန်မျက်ထောင့်နီ၊ အသံပြင်းလာချင်ပြီ။



"မမေ့ပေါင်–တန်းစီးမှန်းသိလို့ ပြောနေတာပေါ့။ တန်းစီးလည်း အကျဉ်းသူပဲလေ။
ထောင်ဝန်ထမ်းလည်း မဟုတ်၊ ထောင်မှူးလည်း မဟုတ်။
ဆောင့်ကြောင့်ထိုင်တတ်တိုင်း ဝဲစားခွေးတ ခြင်္သေ့ဖြစ်လာတာမှ မဟုတ်တာ။
ခင်ဗျားအလုပ် ခင်ဗျားလုပ်၊ ကျွန်တော့်အလုပ် ကျွန်တော်လုပ်နေကြတာ
မကောင်းဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ - ကျား၊ ကြည့်နေကြည့်လုပ်နော်၊ အထူအပါး အရိပ်အကဲကို မကြည့်တတ်ရင် နင့်တန်းစီးကုလားထိုင်က ခပ်လှုပ်လှုပ်ရယ်၊ ခင်ထားက ထောင်ကျတာလည်းစိပ်လာပြီးထောင်မှူးမမကလည်း "ရွှေထား - ရွှေထား" နဲ့ ပါးစပ်ဖျားက မချချင်တော့ဘူး" ဟု တပ်ကြပ်ဆရာမကြီး မအေးကြည်က လက်တို့လာသည့်အချိန်တွင်မှ ခင်စိန်၏ မစ္ဆရိယမီးလျှံတို့က မီးခိုးမီးညွန့် တလူလူ၊

အဲရေးထဲ ခင်စိန်အချစ်တော် သုံးယောက်အနက် အလှဆုံး၊ အကဲဆုံး ချောချောက ခင်ထားဆီမှာ သူ့ဆံပင်တံကောက်ကွေးအထိ ရောက်နေသည့် အရှည်တစ်ထွေးကြီးကို ဖြတ်၍ ရှမ္ပူရင်းသားချာကင်အဝါတောက်တောက် ခပ်လတ်လတ် တစ်ထည်၊ ခင်ထားအကျ တစ်ရေချပြီး ဓားကြီးဘူး ပါတီတ်ဝမ်းဆက်တစ်စုံ၊ ငွေကလေး (၃၀၀၀)ဖော်ာက်နှင့် ပီတိကျလျက် ဖြတ်ရောင်းလာခဲ့သည့်ကိစ္စကို ခင်စိန်သိသွားသည့်အခါ ယမ်းပုံမီးကျဒေါသ ပုန်ထတော့၏၊

စိတ်ဆိုးဆိုးဖြင့် ချောချောကို ဘယ်ပြန်ညာပြန် ပါးပိတ်တီးပစ်လိုက်မိသည်၊ ငုံထားမတတ် ချစ်လွန်လွန်း၍စကားကြမ်းကြမ်းဖြင့်ပင် မပြောခဲ့စဘူး။ ယခုဖြင့် "ဖြစ်ရလေခြင်း" ယူကြုံးမရစိတ်တွေတင်မက "ခင်ထားလိုကောင်မ မျိုးဆီမှာ နပ်ပစ်ခံခဲ့လေခြင်း" ဟူသည့် ရှက်ဒေါသကပါ ပင့်လိုက်လေရာ ခင်စိန် ဂုန်းဒိုင်းကြဲ စိတ်ရှိ လက်ရှိ သောင်းကျန်းတော့သည်၊

ခါတိုင်းခါ ထောင်မှူးမမနှင့် ဆရာမကြီး ဒေါ်အေးသီတို့ မျက်နှာထောက် ၍ နာလိုခံခက် ဝေဒနာပေါင်းစုံကို ထွက်မျိုချရင်း မျက်နှာလွှဲခဲ့ရပေါင်းများပြီ၊ သည်တစ်ကြိမ်တော့ မျက်စိထဲ ဘာမျှမဖြစ်၊ ဘာကိုမျှမထားတော့၊ ဖြစ်ချင် ရာဖြစ် မောင်ဘချစ်၊

"ဟိတ် - နင့်ဟာကလွန်လွန်းလာပြီနော်၊ သူတကာ တယုတယထားတဲ့ ဆံပင်ကို ဖြတ်ပြီး စီးပွားရှာစားတာနဲ့တင် အန်ချင်စရာ ကောင်းလှပြီ၊ အခု တော့ - အထာထားရကောင်းမှန်း မသိ ဘာမသိ၊ ငါ့ကောင်မလေးချောချော ရဲ့ဆံပင်အရှည်ကြီးကို နင့်ပစ္စည်း မကောင်းမကန်းတွေနဲ့ ပတ်တီးချပြီး ဖြတ်



ယူလိုက်ရတယ်လို့၊ သူများသားသမီးက အဲဒီလောက် ဆံပင်အရှည်ကြီးဖြစ် လာအောင် တယုတယ ပိုးမွေးသလို မွေးလာခဲ့ရတာဟဲ့၊ အဲဒါက နင့်စီးပွား ရေးသောင်းကျန်းဖို့ မဟုတ်ဘူး၊ ကဲ - အဲဒီဆံပင်တွေ အခုပြန်ပေး၊ ချော - ဒီမှာ နင့်ရဲ့အစုပ်ပလုတ်တွေကို ပြန်ယူ ..."

"နေပါဦး - ဒီကိစ္စက ခင်ဖျားနဲ့ ဘာဆိုင်လို့တုံး"

"ဟဲ့ - ငါက ဒီမိန်းမထောင်တစ်ထောင်လုံးရဲ့တန်းစီးလေဟဲ့"

"အဲဒါဆို တန်းစီးက တန်းစီးနေရာမှာနေ၊ တန်းစီးအလုပ်ကို လုပ်လေ၊ တစ်ထောင်လုံး မဟုတ်တရုတ် ဇရုတ်သုတ်ခတွေ မိုလိုပေါက်ပြီး ကိုယ်ထင် ရာကိုယ်လုပ်စတမ်းဖြစ်နေတဲ့ဟာ၊ ဘယ့်နယ် - ကျွန်တော့်ကျမှ လာပြော နေရတာလဲ၊ မကျေနပ်ရင် ချောချောကိစ္စ ချောချောကို လာပြောနိုင်းလေ၊ ထောင်ထဲမှာ "ကိုယ့်ကိစ္စ ကိုယ်ရှင်း၊ ကိုယ်နဲ့ မဆိုင်ရင် ဝင်မပါနဲ့" လို့ ခင်ဖျား ဝဲ ထောင်ဖွင့်ထောင်ပိတ် တန်းစီးချိန်တိုင် ပဒေသာပင်သီးခဲ့တာ မဟုတ်ဘူး လား၊ ကိုယ့်စကားကိုယ် မေ့နေပြီလား"

ကြည့်စမ်း - ကောင်မ - လူပါးဝလိုက်တာ၊ ပြန်ပြောစကား ရှာမတွေ့ပဲ ဒေါသတွေ တရှောင်းရှောင်း ထ,လာလျက် အသားတွေ တဖိုးဖိုး တဖပ်ဖပ် တုန်လာတော့သည်၊ ကျားခင်စိန်ကို ဘာကောင်မ ထင်နေသလဲ မသိ၊ ဒါလုပ်ပစ်လိုက်ရ - မကောင်းပဲ ရှိတော့မယ်၊

"နင်က ငါ တန်းစီးဆိုတာ မေ့နေသလား - ဟုတ်လား"

"မမေ့ပေါင် - တန်းစီးမှန်းသိလို့ပြောနေတာပေါ့၊ တန်းစီးလည်း အကျဉ်း သူပဲလေ၊ ထောင်ဝန်ထမ်းလည်း မဟုတ်၊ ထောင်မှူးလည်း မဟုတ်၊ ဆောင့် ကြောင့်ထိုင်တတ်တိုင်းဝဲစားခွေးကခြသေ့ဖြစ်လာတာမှမဟုတ်တာ၊ ခင်ဖျား အလုပ် ခင်ဖျားလုပ်၊ ကျွန်တော့်အလုပ် ကျွန်တော်လုပ်နေကြတာ မကောင်း ဘူးလား"

"နင် - နင်"

"ကဲပါ - တန်းစီးရယ်၊ တိုက်ကွဲမှန်ရင် ချိုးရာ မကင်းပါဘူး၊ ခင်ဖျားမှာ လည်း ခင်ဖျားခွင်နဲ့ခင်ဖျား အချိုးကြီးတော်နေတာ အသိသာချည်း၊ ခင်ထား



www.burmeseclassic.com

www.burmeseclassic.com

က ဒီလောက်မနံ့မအေသေးဘူးရယ်၊ နယ်ရဲဘက်စခန်း မထွက်ရဖို့ ပေးရတဲ့ သိုင်းကြေးတွေထဲက ခင်ဗျား ပိုပိုသာသာတင်ပြီး ဖြတ်ခုတ်ထားတာတွေ၊ "ထောင်တွင်းကျွန်"ဖြစ်ဖို့ တရားဝင် "လေဘာ"ရုံပြီး လျှော့ရက်တွေ အထူး "ကွာ"တွေရဖို့ အပ်ထည်လိုင်းသမားဆီက ခင်ဗျား လည်ပင်းညှစ်ပြီး မဆန့် ရင်ကန် ရစ်ယူထားတဲ့ လိုင်းကြေးတွေ၊ ဘုရားခန်းနဲ့ တရာတန်းဘေးမှာ အိပ်ရာတစ်နေရာရဖို့ ခင်ဗျားကို လစဉ်ပေးနေရတဲ့ ဘောက်ချာကြေးတွေ၊ အဲ - ကျန်သေးတယ်၊ အများကြီးပဲ - အများကြီးပဲ၊ အဲဒါ - ဘာဖြစ်လို့ ကျွန်တော့်မျက်ရေးကျမှ ခင်ဗျားက လာမြင်နေရတာလဲ၊ ထောင်ပဲဗျာ၊ သမုဒ္ဒရာ အကျယ်ကြီးပါ၊ ဘယ်သူခပ်သောက်သောက်ပေါ့"

"ကဲ - ကြည့် - ပြောလေကဲလေပါလား"

ရင်ထဲ၌မီးပုံကြီးပေါက်၍ဗလောင်ဆူနေလည်း ခင်ထားကိုအလဲမထိုးနိုင်ခဲ့၊ အမြီးလှန်၍ မချိုးနိုင်ခဲ့၊ ခင်ထားက သူ့ငယ်နိုင်ချက်ကောင်းကို အပိုင်ကိုင်ထားနိုင်လိုက်ပြီမှန်း သိလိုက်ရသဖြင့် အားမတန် မာန်လျှော့လုပ်ပစ်လိုက်ရသည်၊ "နေသေးသပ ချုံထဲက ချိုသွေးသမှ တမြမြပေါ့ မိခင်ထားရယ်"၊ မကျေမနပ် ဒေါမနဿတွေက မြွေဟောက်တစ်ကောင်နယ် ရင်ထဲ ခွေကျန်ရစ်ခဲ့ပြီး တမြည့်မြည့် လောင်မြိုက်နေသည်၊ တစ်နေ့ထက်တစ်နေ့ ကာလတောင်တာ ကြာလာလေ အနာက ငမ်းမန်းဖမ်းလျက် ရောင်ကိုင်းလာလေ၊

သည်သို့ဖြင့် ခင်ထားနှင့် သူက အညာနွားတိုက်ပွဲ ကွင်းပြင်မှာ ရှုံပန်းနီကို ချိုစမှာ ချည်လျက် ရန်စောင်နေကြသည့် နွားသိုနစ်ကောင်လို အချင်းချင်း ခြေအလှုပ် လက်အလှုပ်ကို စောင့်ကြည့်ရင်း သည်ကနေ့လိုမျိုး ကြုံခဲ့ရခြင်းပင်၊ တစ်နေ့နေ့မှာ ကျားခင်စိန်နှင့် လူငယ်ခြေတက်ခင်ထားတို့နှစ်ဦးသား ပွဲကြီးပွဲကောင်း တွေ့ဖြစ်ကြတော့မည်ကို သိသိကြီးနှင့် ထိုနေ့ကိုဝဲကြိတ်၍ မျှော်တလင့်လင့် သွားရေတများများ လုပ်နေကြမှန်းလည်း သိသည်၊ သိလျက်သားနှင့် မရှောင်နိုင်၊ ရှောင်၍လည်း မလွတ်တော့၊



"အစ်မ - ဟိုမှာ - တော်တော်နီးလာပြီနော်၊ သူ့မျက်လုံးကြည့်ပုံကြီးကို တယ်မကြိုက်ချင်ဘူး၊ တစ်မျိုးကြီးပဲ - သတိထားဦး"

ကပွလီမ မပြောခင်ကတည်းက ခင်ထားမျက်နှာကိုမြင်ပြီး ခင်စိန့်ရင်ထဲ စိမ့်သွားသည်၊ သူကိုယ်တိုင်ပင် လူတကာကို ရိုက်ခွဲ၊ ထိုးခွဲ၊ သတ်ခဲ့ဖူးသူမို့ ခင်ထားမျက်ဝန်းမှ မီးလျှံတလက်လက်သည် သေမင်း၏ ရှေ့ပြေးတမန်ဖြစ်ကြောင်း ရုတ်ချင်းရိပ်မိလိုက်သည်၊

"ဟိတ် - သူ့ - သူ့လက်ထဲမှာ"

ခြေလှမ်းလေး၊ ငါး၊ ဆယ်လှမ်းအကွာမှာ ရိပ်ခနဲ လေအဟုန်လို လွင့်ဝဲလာသည့် ခင်ထား ခန္ဓာကိုယ်၊ မြွေပွေးတစ်ကောင် ပေါက်ချလိုက်သည့်နှယ် ဘယ်၊ ညာ အတုံ့အပြန် ပတ်ရှာယမ်းတွယ်ချလိုက်သည့်လက်၊ လက်ယှက်ထိုး၍ ကာထားသည့် လက်ဖျံနှစ်ဖက်စလုံးနှင့် အကွယ်အကာမဲ့နေသော ဝဲဖက်နံစောင်း၊ ရင်အုံတို့အား ထိုးဖြွခွဲချသွားသည့် သံစူးချွန်တို့ကို ကျားခင်စိန် တိမ်းရှောင်ချိန်မရလိုက်၊ "အား"ခနဲ သံကုန်ခြစ်အော်ရင်း ထောင်မှူးရုံးခန်း ရှေ့မြေတလင်းမှာ လူးနေတော့သည်၊

"ခင်ထား - လွှန်မယ် - မလုပ်နဲ့ - မလုပ်နဲ့"

မည်သူ့အသံမှန်းမသိ၊ သည်အသံသည်သာ လက်မတင်ကလေးထွက်မလာခဲ့လျှင် ....၊

..၇..

ညသည် ပကတိပိတ်ပိတ်သား အမှောင်၊

သန်းခေါင်ကျူးခဲ့ပြီ၊ ဘူးကြီးပေါ်က (၁၂)နာရီမောင်းခေါက်သံတွေ မှ ကလေးတင် ညံ့ဝေသွားခဲ့သေးသည်၊

အကျဉ်းထောင်ကြီးတစ်ခုလုံး ည၏မတုန်မလှုပ် ငြိမ်သက်ခြင်း၌ မိန်းမောပန်းလျနေဟန်တူ၏၊ တိတ်ဆိတ်ည၊ ငြိမ်သက်ည၊

ထောင်ဝန်ထမ်းဆရာမများ၊ စည်းကမ်းထိန်းများ၊ တရာမှူးများတင်သေတ်တစ်လက် ဝိုင်း၍ထွမ်းကြီးလောင်းလိုက်ကြသည့် ဒင်္ကာရာဒင်္ကာမျက်များဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ခင်ထားကိုယ်ကောင်ကြီးက ပြစ်ဒဏ်တိုက်ကြမ်းခင်းပြင်ပေါ်မှာ ဖွဲအိတ်ကြီး တစ်အိတ် ချထားသည့်နယ် ပုံပုံခွေခွေကြီး လဲနေလေသည်။ ဒဏ်ရာပြင်း လွန်း၍ အိပ်မရ၊ အိပ်မပျော်၊ တအင်းအင်း တအဲအဲ ညည်းညူရင်း သူ့သား လူမမည်ကလေးနစ်ကောင်နှင့် လင်တော်မောင် နီတာတို့ကို တရစ်ဝဲဝဲ မြင် ယောင်နေမိ၏၊ မျက်ရည်ခန်းသောရင်ဖြင့် ခင်ထား ငိုနေရပြန်ပြီ၊

"ဘုရား - ဘုရား - ဘုရား - ကယ်တော်မူပါ၊ ကျားခင်စိန်ဆိုတဲ့ ဟိုငြိုဟ် ကောင်မကြီး မသေပါစေနဲ့ ဘုရား"

နှုတ်ကလည်းအသံသဲ့သဲ့တိုးတိုးတိမ်တိမ်ဖြင့်ဆီမန်းမန်းနေလေသည်၊ ထောင်ဆေးရုံ၌ လွန်ခဲ့သော မိနစ်ပိုင်းကလေးကမှ ကျားခင်စိန်တစ်ယောက် သေဆုံးခဲ့ပြီဖြစ်သည်ကို ခင်ထားမသိ၊ ရှေ့ဆက်၍ ဘာတွေဖြစ်လာဦးမည် ကိုလည်း ခင်ထား မသိ၊

>>> ဇေယျာမင်းသျှစ်

## စာမူရှင်များသို့

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့ မည်မဟုတ်ပါ၍ မိတ္တူ ပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖို မဂ္ဂဇင်း




www.burmeseclassic.com

www.burmeseclassic.com

“ ပင်လယ်ပြင်၏

လှိုင်းလေကြားတွင် သက်စွန့်ဆံဖျား ငါးဖမ်းလှေ

မှောက်ရာမှ အသက်ရှင် ရပ်တည်ရန်

ရုန်းကန်လှုပ်ရှားခဲ့ရသည့် ရေလုပ်သားတို့ဘဝ ..”

“**ညလ** အကြောင်းကို ပြန်စဉ်းစားမိတိုင်း ကျုပ်ရင်ထဲက ကြောက်စိတ်တွေဟာ အရထိ ကထုန်ပေါက် ခြောက်လှန့်နေတုန်းပဲ ...”

အဲဒီ့လိုပြောလို့ ကျုပ်ထွန်းမြကိုအထင်တော့ မသေးလိုက်ပါနဲ့ဗျာ ... ကျုပ်က လယ်ဝေးသားပါ၊ ကြောက်မွေးပါရင် ဇာဂနာနဲ့ ထွဲနုတ်မယ်ဆိုတဲ့ လူစားမျိုးလေ၊ လွတ်လပ်ရေးရပြီးစ အချိန်ကပေါ့၊ မြန်မာပြည်အနှံ့အပြားမှာသောင်းကျန်းသူတွေအုံလိုက်၊ကျင်းလိုက် ရှုပ်ရှုပ်ရှားခဲ့ကြတယ်မဟုတ်လား၊ ကျုပ်တို့ ပျဉ်းမနား၊ လယ်ဝေးနယ်တွေမှာလည်း ကျိုးလန့်စရာပေါ့၊ အဲဒီသောင်းကျန်းသူတွေကို နှိမ်နင်းတဲ့ ခြောက်လက်မတပ်မှာ ကျုပ်က တပ်သားကလေးတစ်ယောက်ပဲ၊ ခြောက်လက်မဆိုတာ တခြားဟုတ်ရဲ့လား ... အဲဒီအချိန်က ပျဉ်းမနား၊ လယ်ဝေးနယ်မှာ ဩဇာအာဏာ ထက်မြက်တဲ့ ပုဂ္ဂိုလ်ကြီးပေါ့ ...



ကျုပ်က တိုက်ရဲတယ်၊ သေရဲတယ်၊ အငတ်ခံရဲတယ်၊ ပင်ပန်းတဲ့အလုပ်ကို မကြောက်မရွံ့ ရင်ဆိုင်ဝံ့တဲ့သူပါ၊ နောက်တော့ တပ်မတော်ထဲကို ဝင်ခဲ့တယ်ဆိုပါတော့၊ ရှေ့တန်းမှာဆို ကျုပ်ရဲ့စွမ်းဆောင်ရည်ကို အထက်အရာရှိတွေက သဘောတွေ့သဗျ၊ ဒါနဲ့ - လက်မောင်းမှာ အရစ် တစ်ရစ်၊ နှစ်ရစ် တက်လာခဲ့လို့၊ ဆရာ ... ဆရာနဲ့ အခေါ်ခံရတဲ့ဘဝ ရောက်လာသဗျ၊ တပ်က အနားယူတော့ တပ်ကြပ်ကြီး ထွန်းမြဘဝနဲ့လေ ...

တပ်က အနားမယူမီ ... သံဖြူဇရပ်မြို့က တပ်ရင်းမှာ တာဝန်ကျတယ်လေ၊ ကျုပ် တာဝန်ယူရတဲ့နယ်မြေထဲမှာ စက်စဲမင်းဆိပ်ရွာ ပါတယ်၊ အဲဒီ မင်းဆိပ်ရွာက မစိန်သုန်နဲ့ ကျုပ် ရေစက်ဆုံကြတယ်၊ ကျုပ်တို့နှစ်ဦးဟာ အသက်လေးဆယ်ကျော်တွေဆိုတော့ ... အရွယ်ကောင်းတုန်းပေါ့၊ တချို့က မကြားတကြားပြောကြတယ်၊ ကြောင်ခံတွင်းပျက်နဲ့ ဆက်ရက်တောင်ပံကျိုးတွေ တွေ့ကြပြီတဲ့၊ အဲ့ ... ကောင်းရော ...

ခက်တာက သျှောင်နောက်ဆံထုံးပါလို့ ဆိုရိုးရှိတယ်မဟုတ်လား၊ ကျုပ်အဝကတော့ ပြောင်းပြန်ဗျ၊ ဆံထုံးနောက် သျှောင်ပါပြီး ကိုယ့်ရွာကိုယ့်ဒေသဆီ မောင်ကြီး မပြန်နိုင်ဘူး၊ မင်းဆိပ်မှာ သောင်တင်နေလေရဲ့ ...

မင်းဆိပ်ဆိုတာ အခြားဟုတ်ရိုးလား ... မုတ္တမပင်လယ်ကွေ့ကမ်းခြေတွေမှာ ရွာတည်ပြီး ရေလုပ်ငန်းနဲ့ အသက်မွေးဝမ်းကြောင်းပြုနေတဲ့ ဒေသပဲ၊ ကျုပ်က ဒေါင်ကျကျ ပြားကျကျသမား၊ ရောမရောက်တော့ ရေလိုက်ငါးဘိုက်ပေါ့၊ ခေါ်မရောက်တော့လည်း “ရောတော့ရှိ” လုပ်စားတတ်တဲ့ လူစားမျိုးပဲ၊

အိမ်ထောင်ကျပြီး တစ်နှစ်လောက်အကြာမှာတော့ လှေ၊ စက်၊ ပိုက်နဲ့ အစ်စင်းစီး ကိုယ်ပိုင်လုပ်ငန်း ထူထောင်နိုင်ခဲ့တယ်၊

ဒီနေရာမှာ ပြောစရာရှိပြန်ရော ... မစိန်သုန် ပထမခင်ပွန်းနဲ့ရတဲ့ သမီးတွေမှာ အကြီးဆုံးကလေးက သားယောကျ်ားကလေးပေါ့၊ ဖိုးထူးတဲ့ ... အခုဆိုလူပျိုဖားဖားကြီးဖြစ်နေပြီး လှေဝယ်ရင်လှော်တတ်ပါရမယ် မဟုတ်လား၊ ကျုပ်က သူ့ကို မြေးအရင်းလို သံယောဇဉ်တွယ်မိတာဟာ ဆန်းတော့ဆန်း

www.burmeseclassic.com

ဘူး၊ ဒီတော့ - လင်မျက်နှာ တစ်ရွာမှတ်လို့ဆိုတဲ့ စကားဟာ ကျုပ်အဖို့ မဟုတ်နိုင်ဘူး၊ ကျုပ်ကို သီးသန့်ချန်ထားခဲ့ဟန်တူပါရဲ့ဗျာ၊ ကျုပ်ဘဝဟာ မယားမျက်နှာ တစ်ရွာမှတ်လို့ဆိုမှ မှန်ကန်တဲ့စကားပဲ၊ အဲဒီ့မြေးအကြီးဆုံးဟာ ကျုပ်ဘဝပဲဆိုရင် လွန်လိမ့်မယ်လို့ မထင်ဘူး၊

ဘာပဲပြောပြော ကျုပ်က ကျလှလေ ...၊ မင်းဆိပ်မှာ နေထိုင်လာခဲ့တဲ့ သက်တမ်းဟာ ဆယ်စုနှစ်တစ်ခု ကျော်လာပြီပေါ့၊ အခုဆို - ကျုပ်အသက် ငါးဆယ်ကျော် ရှိနေပြီ၊ လက်မောင်းက အသားအရေတွေ ပျော့စိပျော့ညက်နဲ့ တွဲရရွဲရှိလေရဲ့....၊ မျက်နှာမှာ အရေးအကြောင်း အတွန့်တွေက အထင်အရှား ...၊ ဇရာဆိုတဲ့ အိုမင်းခြင်းသဘာဝတရားကို မလွန်ဆန်နိုင်ဘူး၊

ဒါကြောင့် ကျုပ်မြေးကြီး ဖိုးထူးဟာ ကျုပ်ရဲ့လက်ကသုံး တောင်ဝှေးပဲ၊ ကျုပ်ရဲ့လုပ်ငန်းမှာ အစစ အရာရာ မျက်နှာလွှဲထားရတယ်၊ အလွန်အားကိုးရတဲ့မြေးကြီးပေါ့၊ ဒါကလည်း ဒီလိုပဲဖြစ်ရမယ်လေ၊ ကျုပ်နဲ့ မစိန်သုန်တို့ရဲ့ ပိုင်ဆိုင်မှုအားလုံး သူ့အတွက်ပဲ မဟုတ်လား၊

ကျုပ်တို့မင်းဆိပ်သားတွေဟာ ပင်လယ်ကျွဲဆိုရင် မမှားဘူး၊ ပင်လယ်ကို ဖက်တွယ်ပြီး အသက်မွေးဝမ်းကျောင်းပြုနေကြရတယ်လေ၊ ငွေလိုလို့ အကြွေးယူကြရင်လည်း ပင်လယ်ပြင်ကြီးကို လက်ညှိုးထိုးရောင်းစားပြီး ယူလိုက်ကြတာပဲ၊ ပင်လယ်ရေ မခန်းခြောက်သမျှ ကျုပ်တို့လုပ်ငန်းဟာ မတိမ်ကောဘူး၊ အမေကမွေး၊ ပင်လယ်က ကျွေးပေါ့၊ ဒါကြောင့် ကျုပ်တို့ဟာ ပင်လယ်ကို ချစ်တယ်၊ သံယောဇဉ်တွယ်မိတာ အမှန်ပဲ၊

ပင်လယ်ပြင်ကြီးကလည်း ကျုပ်တို့အပေါ်သားသမီးတွေလိုကောင်းရှာပါတယ်၊ တစ်ရံတစ်ခါတော့လည်း ပင်လယ်ပြင်ဟာ ကျုပ်တို့အပေါ်ကို စိတ်ကောက်တတ်တယ်၊ မုန်တိုင်းတွေကျ၊ လှိုင်းလုံးကြီးတွေ မိုးမျှော်တိုက်ပြီး အလား တအိအိနဲ့ ကြီးမားလွန်းလို့ မော့ကြည့်ယူရတယ်၊



အဲဒီလို ဒုက္ခ သုက္ခတွေများ တွေ့ကြုံလို့ကတော့ မျက်နှာတွေ ဆီးစေ့လောက် ငယ်ကုန်ကြလေရဲ့...၊ အသက်တောင် ဖြောင့်ဖြောင့်မရှူနိုင်ကြဘူး၊ အိမ်က မယားနဲ့ သားသမီးတွေကို သတိရကုန်ကြရော၊ ပင်လယ်မထွက်ရတဲ့အချိန်တိုင်း အရက်ဆိုင်မှာ ဦးခေါင်းစိုက်ကျထားတဲ့လူတွေတောင် အမှုဒွေဂါထာ၊ ဣတိပိသောဘုရားဂုဏ်တော် စတဲ့ ဘုရားစာတွေကို တောင်ရောက်၊ မြောက်ရောက် ကပေါက်တိ ကပေါက်ချာ ရွတ်ကြတယ်၊ တကယ်သေကြရမယ်ဆိုတော့ ကြောက်တတ်လွန်းတာ အမှန်ပဲ၊ လူတွေ ...လူတွေလေ ...၊

ကျုပ်တို့ ပင်လယ်သားတွေကို ကျားလုံးသမားလို့လည်း ခေါ်ကြတယ်၊ မြှတ်ကျားပါးစပ်သမားလို့လည်း ဆိုလေရဲ့၊ ပွင့်လင်းရာသီမျိုးဆို တစ်နေ့ လေးကြိမ် ပင်လယ်ထွက်ရတယ်၊ ရေတက်ရေကျ တစ်ရေကို ခြောက်နာရီကြာတာပေါ့၊ မိုးကာလအချိန်ဆို နေ့အချိန် နှစ်ရေပဲ ထွက်လေ့ရှိတယ်၊ ညဥ့်အချိန်ဆိုတာ ကျုပ်တို့အတွက် အန္တရာယ်ကို ဖိတ်ခေါ်နေတယ် မဟုတ်လား၊

ဆယ့်တစ်ရက် ... ဆယ့်နှစ်ရက်ဆို ရေထဦးလို့ ခေါ်လေရဲ့၊ ဆယ့်သုံးရက်ကလပြည့်ကျော် လေးရက်ထိ ရေထချိန်ပေါ့၊ ငါးရက် ... ခြောက်ရက်ဆို ရေပြန်သေစပြုပြီး ရှစ်ရက် ... ကိုးရက် ... ဆယ်ရက်ဆို ရေစင်းစင်းသေတယ်၊

ရေထပိုင်းဆို ကျားပါးစပ် ပြန်ဆွဲကြရတယ်၊ အကယ်၍ ပေကပ်ကပ်နဲ့ ရေထဲက ကျားပိုက်တွေကို မဆွဲဘူးဆိုရင် ပိုက်တွေ ပြတ်မျောကုန်တတ်တယ်၊ ရေစီးမြန်ပြီး ရေစီးကြမ်းတဲ့အတွက်ကြောင့် လုပ်ကိုင်ရတာ မလွယ်ဘူး၊

"ဒီမှာ - လူကလေး - သီတင်းကျွတ်လဆန်း ဆယ့်နှစ်ရက်တောင် ရှိနေပြီ၊ ကျားပါးစပ်ပိုက်တွေ ဘယ်ရက်လောက် ပြန်ဆွဲကြမလဲ"

"ဒီနေ့ညနေပိုင်း ဆွဲမယ်၊ ကျွန်တော်တို့ ကျိုက္ကမီဘုရားပွဲ သွားကြမယ်လေ၊ ကိုင်ပြာရည်လည်း ဘုရားပွဲ သွားမယ်မဟုတ်လား"

"ငါတ မသွားနိုင်ပါဘူး - ဖိုးထူးရာ၊ အိမ်က မိန်းမနဲ့ ကလေးတွေ ဦးစားပေးရမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

ငံပြာရည်က ကျုပ်တွန်းမြရဲ့လှေမှာ လိုက်စီးပေါ့။ လိုက်စီးဆိုတာ ကျုပ်တို့မင်းဆိပ်ဒေသအခေါ်ပေါ့၊ ကျားပါးစပ်တစ်လုံး၊ နှစ်လုံး ပိုင်ဆိုင်သူ၊ စက်တို့၊ လှေတို့ မရှိလို့ တခြားလှေပိုင်ရှင်ဆီမှာ လုပ်ခမယူဘဲ ကိုယ့်ကျားပါးစပ်ပိုက်နဲ့ ပိုက်ထောင်စားသူ၊ လှေတိုင်းမှာ လိုက်စီး မရှိဘူး။ မလွဲသာ မရှောင်သာမှ လိုက်စီးထည့်ကြတာလေ၊ လှေပိုင်ရှင်တွေဟာ လိုက်စီးထည့်မယ့်အစား၊ ကျားပါးစပ် နှစ်လုံးလောက်ကို ထည့်ပြီး လူငှားနဲ့ လုပ်ကိုင်တာ များတယ်။

ညနေပိုင်း ရေစစ်ချိန်ရောက်တော့ ... ကျုပ်မြေးဖိုးလူးဟာ ကျားပါးစပ်ပိုက်ဝါးလုံးကို ဆွဲခဲ့တယ်လေ၊

သီတင်းကျွတ်လပြည့်နေ့ နံနက်ပိုင်းရေမှာ ကျန်တဲ့ကျားတွေ အကုန်ဆွဲနိုင်ခဲ့တယ်။ ကျုပ်တို့လှေ ရေတက်ဦးနဲ့ ချောင်းတွင်းထဲ မောင်းဝင်လာခဲ့တယ်၊ တခြားလှေတွေလည်း ဝင်ထားတာ ရှိလေရဲ့၊ ချောင်းတွင်းထဲမှာ လှေတွေ ဆယ်စင်းလောက် ရှိနေပြီ၊

ငါးတောင်းဆေးသူဆေး၊ ဆေးကြောထားတဲ့ငါးပိတောင်းကို ဝါးဘိုးပိုင်းနဲ့ လျှိုထမ်းပြီး မိမိတို့ ငါးပိစင်ရှိရာကို ထမ်းသူထမ်း။ ပင်လယ်မှ ပိုက်ဆွဲလာသူတွေက ချောင်းရေနဲ့ ပိုက်တွေ လျှော်ဖွပ်နေကြတယ်။ ကျုပ်မြေးက လှေမှာ ပဲ့ကိုင်ပေါ့၊ စက်လှေကို စက်သတ်ပြီး နေရာလွတ်မှာ ထိုးလိုက်တယ်။ ကျုပ်လှေနဲ့ ဘေးချင်းကပ်ထားတဲ့ ကကျိုကရောင် ချစ်သိန်းက လှမ်းပြီး ကျုပ်ကို နောက်ပြောင်လေရဲ့၊

"ဘယ်လိုလဲ - ဖိုးရစ်ကြီး၊ ကျားတွေ စောစောစီးစီး ဆွဲလာပါလား"

"ကျိုက္ခမီဘုရားပွဲ ရှိတယ်လေ၊ ဒါကြောင့် - လပြည့်မတိုင်ခင် အကုန်ဆွဲခဲ့တယ်၊ မင်းတို့ကော - ဘယ်လောက်ကျန်သေးလဲ"

"ကျားလေးလုံးပဲ ကျန်တယ်၊ ညနေရေဆို အကုန်ပဲ"

ဒီနေရာမှာ ရှင်းစရာတစ်ခု လိုအပ်ပြန်ရော၊ ကျုပ်တို့ဒေသတွေမှာ ပြောင်ရှီးပြောစဉ်လေ့ ရှိတယ်။ နာမည်အရင်းကို ခေါ်ဆိုတာ နည်းတယ်၊ နာမည်ပြောင်တွေနဲ့ ခေါ်ဝေါ်လေ့ရှိတယ်၊ ဦးခေါင်းသေးသေးလူကို ခေါင်းသေးအုန်းခင်၊ ခြေဖဝါးကြီးမားတဲ့လူကျတော့ ခြေဖဝါးကြီးအုန်းခင်၊ စကားကို တတ်ကတတ်သတ်သတ် ပြောတတ်တဲ့လူကို ပခန်းမောင်စိုး၊ ကလန်တဆန်ပြောတဲ့လူကိုတော့ ကကျိုကရောင်ချစ်သိန်းတဲ့ ...။

ကျုပ်တို့မင်းဆိပ်မှာ ငါးပိစက်ရုံသုံးရုံ ရှိတယ်၊ စံပယ်တင်မှဲ့ရှိတဲ့ မလှညွန့်ကျတော့ မစံပယ်ငါးပိရုံလို့ ကင်ပွန်းတပ်ခေါ်ဆိုကြလေရဲ့၊ အဲဒီစက်ရုံက အရပ်ရှည်ရှည်နဲ့ တရေးကို ဖိုးလူပိန်တဲ့၊

စောစောက ဘေးချင်းကပ် စက်လှေပိုင်ရှင် ကကျိုကရောင်ချစ်သိန်းခေါ်သလို၊ မင်းဆိပ်သားတွေက ကျုပ်ကို ဖိုးရစ်ကြီးတဲ့လေ၊ ဒီနာမည်အွဲ့ထူး ဂုဏ်ဒြပ်ရဖို့ ကျုပ်အတွက်တော့ လွယ်လွန်းနေသလား မသိဘူး။ ဘာဖြစ်လို့လဲဆိုတော့ မင်းဆိပ်မှာ ပျော်ရွှင်စရာ၊ စိတ်အပန်းဖြေစရာ ပြပါဆိုရင် လက်ငါးချောင်း မပြည့်ဘူး။

ယောက်ျားသားများဆိုရင် အရက်ဆိုင်ပေါ့၊

အမျိုးသမီးပိုင်းကျတော့ မင်းဆိပ်တစ်ရွာလုံးမှာရှိတဲ့ တစ်ခုတည်းသော ဗီဒီယိုရုံ ...၊

ကျုပ်တို့ယောက်ျားသားတွေ ပင်လယ်မထွက်ရရင် အရက်သောက်အတတ်တာ ဆန်းသလား။ ပင်ပန်းသကိုး ...။ ကျုပ်က အရက်ဆို ကျုပ်မိန်းမ ခင်နီသုန်ထက်တောင် ချစ်သေး၊ အဲဒီလိုပြောလို့ မစိန်သုန် မကြားစေနဲ့နော်၊ ကြားသိသွားလို့ကတော့ ထဘီစွန်တောင်ဆွဲပြီး နေရာမရှောင်လိုက်ရှာမှာ။ တွေ့ရင်လည်း ကျုပ်နားရွက်ကို ခပ်ကြမ်းကြမ်း လိမ်ဆွဲပြီး အိမ်ပြန်ခေါ်သွားတတ်တယ် မဟုတ်လား။ ဒါကတော့ သူ့ယောက်ျား ဖိုးရစ်ကြီးကို သေမှာစိုးလို့၊

ကျုပ်က တခြားလူနဲ့တွေ့လို့ကတော့ စိတ်ညစ်သွားအောင် ရစ်ပြီးရင်းရစ်ပြီးသာမှတ်၊ ကျုပ် ဘယ်လောက်ပဲရစ်ရစ်၊ အားလုံးက စိတ်မဆိုးကြဘူး၊ ခတွေ့အောင် ရှောင်ပြေးတာက လွဲလို့ပေါ့၊ ဒီလိုနဲ့ ကျုပ်ဘွဲ့ထူးဟာ အရက်နရင်း ဖိုးရစ်ကြီး ထွန်းမြတဲ့ ...၊

အခုလည်း ကျားပါးစပ်တွေအားလုံး ဆွဲပြီးပြီဆိုတော့ ကျုပ်အရက်သောက်ချင်ပြီ၊



www.burmeseclassic.com

ကျုပ်တို့ဆီမှာ တစ်နှစ်ရဲ့ အချိန်ကျင်း ပြန်ဆွဲတဲ့အချိန်ပေါ့။ အခုကြည့်လေ၊ လှေဝမ်းထဲက ငါးပိအစိုတွေကို တောင်းထဲထည့်ပြီး ချောင်းရေနဲ့ ဆေးကြောရသေးတယ်။ တောင်းက ဝါးတောင်း၊ ငါးပိအစို အချိန် ခြောက်ဆယ်ခန့် ဆန့်တယ်လေ။ ဝါးဘူး၊ ကျုပ်လုံးခန့် ပိုက်ကြိုးတွေနဲ့ နှတ်ခမ်းနှစ်ဖက်မှာ လက်ကိုင်ကွင်း တပ်ထားရတယ်၊ ကိုင်လို့ ထမ်းလို့ ကောင်းတာပေါ့။ ကြိုးကွင်းနှစ်ဖက်ကို တစ်ယောက်စီကိုင်ပြီး ချောင်းရေထဲမှာ မြှုပ်လိုက်၊ ဖော်လိုက်လုပ်ပြီး လှုပ်ဆေးရတယ်၊ ဒါမှ ရွှံ့တွေ၊ အရိအရွဲတွေ သန့်စင်သွားမှာလေ၊

ဒီလို ဆေးကြောပြီးပြန်တော့ ဆွဲလာတဲ့ကျားပါးစပ်ပိုက်တွေကို ရေမှာ တဖျန်းဖျန်းရိုက်ပြီး ဆေးကြပြန်ရော၊ ပိုက်မှာ ညှိကပ်နေတဲ့ အမှိုက်၊ ဗိုက်နွံတွေ သန့်ပြန်သွားမှာ၊ ပိုက်ဆွေးတာ သက်သာတာပေါ့၊ တစ်နှစ်၊ နှစ်နှစ်ကိုင်ရမယ့်ပစ္စည်းကို သုံးလေးနှစ်ကြာအောင် ကောင်းကောင်းသန့်သန့်ကိုင်ရမယ် မဟုတ်လား။

"အဘိုး - ကျွန်တော်နဲ့ ကိုငံပြာရည် ပိုက်လျှော်ပြီး ကျန်ခဲ့မယ်၊ ဆေးပြီးတဲ့ပိုက်တွေ ထမ်းသွားတော့"

ဖိုးထူးက အလုပ်မှာ အကွက်စေ့တယ်၊ ကျုပ်လည်း လူသာ အိုတယ်၊ တန်းတူ ရင်ပေါင်တန်းပြီး လုပ်ကိုင်နိုင်တယ်၊ ဇာတ်လမ်းအစပိုင်းမှာ ကျုပ်ပြောထားတယ် မဟုတ်လား၊ ကျုပ်က လယ်ဝေးသားပါလို့ ....၊

ဒီလိုနဲ့ ငါးပိတွေ၊ ပိုက်တွေ သိမ်းပြီးတော့ လှေကို ရေလယ်ရွှေ့ပြီး ကျောက်ပေါက်(ကျောက်ချ)ထားလိုက်တယ်၊ လှေလည်း အနားယူချင်ရှာမှာပေါ့၊ သူကလည်း လူသားတွေလို ပင်လယ်ကို သတ္တိရှိရှိအံတုယှဉ်ပြိုင်နေရတယ် မဟုတ်လား၊

•• ••

ကျိုက္ခမီဘုရားပွဲက လဆုတ်ငါးရက်မှာပြီးစီးသွားလေပြီ၊ ကျုပ်တို့ဝမ်းဆိပ်သားများလည်း လုပ်ငန်းခွင် ပြန်ဝင်ကြရမယ်လေ၊ ပင်လယ်မှာ ပိုက်ပြန်ချခင်၊ ပိုက်အပေါက်အပြဲတွေ ပြန်ဖာထေးရတယ်လေ၊ ကျုပ်နဲ့ ငံပြာရည်တာ အိမ်ပေါ်မှာ ပိုက်တွေ ပြုပြင်နေကြရဲ့၊ အိမ်ရှေ့လမ်းမပေါ်မှာ ပနောင်လုပ်ဖို့ ဝါးဘိုးဝါးများကို တိုင်းထွာပြီး ဖိုးထူးက ခုတ်ထစ်ပိုင်းဖြတ်နေတယ်၊

"လူကလေးဖိုးထူး - ပိုက် ဘယ်နှစ်ဖုံ ပနောင်ဝါး လဲမလို့လဲ၊ ကြည့်လည်းလုပ်ဦးနော်၊ ပနောင်အသစ်ဟာ ရေသေပိုင်းမှာ ပိုက်တွေ ချက်ချင်းမမြုပ်ဘဲ လူတို့ ဒုက္ခပေးနိုင်တယ်နော်"

"ပိုက်တန်း ဟိုဘက်အစွန်နဲ့ ဒီဘက်အစွန်မှာရှိတဲ့ ပနောင်တွေ ရေဝင်ပြီး ရေမြုပ်လွန်းအားကြီးနေတယ် မဟုတ်လား၊ ဒီအတိုင်းထားလို့ မဖြစ်ဘူးလေ၊ ကျန်တဲ့ပနောင်တွေက ဒီပနောင်ဝါးတွေလောက် မဆိုးဝါးသေးဘူး"

"ဒါဆို - ဖိုးထူးရေ - နောက်ရက်တွေဆို ပိုက်ပြန်ထောင်မှာနဲ့ အလုပ်ရှုပ်နေလိမ့်မယ်၊ ဒီနေ့ ရေစစ်ကျရင် ပနောင်ဝါး သွားလဲထားရင် ကောင်းမယ်"

"အဲဒီအတိုင်းပဲ လုပ်မယ် - ကိုငံပြာရည်၊ ဒါကြောင့် - ပြီးစီးအောင် လုပ်နေတာပေါ့၊ ပြီးတော့မှာပါ၊ ပိုက်တစ်ဖုံစာ ပနောင်နှစ်လုံးပဲ ကျန်တော့တယ်"

ပနောင်ဝါးတွေဆိုတာ ကျုပ်တို့ရေလုပ်ငန်း ကျားပါးစပ်သမားတွေရဲ့ အသက်လေ၊ ပင်လယ်ရေထဲမှာ ပနောင်ဝါးတွေ အချိန်ကာလကြာသွားလို့ ဆွေးတော့ နေပူ၊ မိုးဒဏ် အလှည့်အပြောင်းခံရမယ်လေ၊ ဝါးတွေ ကွဲအက်ကုန်တယ်၊ ဒီလိုနဲ့ ရေတွေဝင်နေတဲ့ ပနောင်ဝါးဟာ ပိုက်ဖော်၊ ပိုက်ပြန် ချတဲ့အချိန်မှာ ကျုပ်တို့ရေလုပ်သားတွေ အရမ်းစိတ်ညစ်စရာ ဖြစ်ရတယ်၊ ဒါကြောင့် လုပ်ငန်းမတွင်ကျယ်ဘူးလေ၊ ရေထဲ၊ မိုးထဲမှာဆို ကျုပ်တို့အတွက် အသက်အန္တရာယ် နီးကပ်တာပေါ့၊

ဒါတင်လား ... မဟုတ်သေးဘူး၊ တချို့လှေသမားတွေဟာ မိုးကာလဆို အန္တရာယ်ကြုံလာရင် အသုံးပြုဖို့ ပနောင်တစ်လုံး အပိုယူသွားလေ့ရှိတတ်တယ်၊ "ဖွဟဲ့" မပြောကောင်း၊ မဆိုကောင်း၊ လှေမှောက်လို့ဖြစ်စေ၊ ရေထဲ လူကျသွားလို့ဖြစ်စေ ပနောင်ဝါးကို ဖက်တွယ်ပြီး နေနိုင်တယ်၊ အသက်ဘေးအန္တရာယ် မကျရောက်တော့ဘူးပေါ့၊

www.burmeseclassic.com

ဒါကြောင့် အဲဒီညနေရေစစ်ချိန်မှာ ပိုက်နှစ်လုံးအတွက် ပနောင်ဝါးလေးလုံး သွားပြီးလဲလှယ်ခဲ့တယ်၊ အိမ်ပြန်ရောက်လို့ တျုပ်နဲ့ဆုံတော့ ကျုပ်မြေဖိုးထူးက အားရဝမ်းသာစွာ ပြောလေရဲ့။

"အဘိုး – ဒီရေမှာ ရေကြီးမှာဗျ။ ကျွန်တော်တို့ပနောင်တွေ အခုလိုလဲလှယ်ထားတော့ စိတ်မပူရတော့ဘူး"

သူ့အပြောကို ကျုပ်က အရက်မူးဝေနေတဲ့မျက်လုံးအစုံနဲ့ စိုက်ကြည့်နေမိတယ်၊ ကျုပ်စိတ်ထဲမှာတော့ "ကျုပ်မြေးကလေးဟာ ကျုပ်အပေါ်အဘိုးအရင်းလို ကောင်းရှာတာပဲ"၊ ကျုပ်မြေးက ကျုပ်အပေါ်ကောင်းတဲ့အကြောင်းတော့ မပြောပါနဲ့ဗျာ၊ ကျုပ်အရက်သောက်တာရယ်၊ အရက်သောက်ပြီးဆိုရင် ထမင်းမေ့၊ ဟင်းမေ့သောက်တတ်တာရယ်၊ အဲဒီလိုအခါမျိုးမှာ လမ်းတွေ့တဲ့ လူတိုင်းကို အရစ်ကြီးရစ်တတ်တာရယ်၊ ဒါမှမဟုတ် ဖနီးရော မစိန်သုန်ကို အကြောင်းအမျိုးမျိုးရှာပြီး ရစ်တတ်တာရယ်၊ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ဗျာ၊ ကျုပ်အပေါ်အလိုက်သိလွန်းလှသဗျ။

အခုလည်း ကျုပ်အိမ်ပေါ်ရောက်တော့ ဖနီး မစိန်သုန်နဲ့ ပက်ပင်းတိုးပါရော၊ ကွမ်းကို တစိမ့်စိမ့်ဝါးနေတဲ့ မစိန်သုန်က ကျုပ်ကို မျက်စောင်းနီနဲ့ လှမ်းကြည့်နေတော့တယ်၊ ဒါက မကျေနပ်တဲ့လက္ခဏာပဲ၊

ဒါကြောင့် ကျုပ်က ပေါက်ကွဲထွက်သွားတာပေါ့၊ ကျုပ်ရဲ့ပေါက်ကွဲသံတွေက ပြင်းထန်ကောင်း ပြင်းထန်သွားသဗျ။

"ဒီမှာ – မစိန်သုန် – မင်းက ငါ့အပေါ် လုံးဝကြင်နာတာ မရှိဘူး။ လူ့စိတ်ကင်းမဲ့လွန်းတယ်၊ ဘာလဲ – ငါက တစ်ကောင်ကြွက် တစ်မျက်နှာမို့လို့လား ထွန်းမြတ် – လယ်ဝေးသားနော်၊ သွေး လုံးဝမကြောင်ဘူး"

"ဒီမှာ – ဖိုးရစ်ကြီး – ရှင့်ဟာရှင် သွေးကြောင်တာ မကြောင်တာ ကျုပ်အလုပ် မဟုတ်ဘူး။ ကိုယ်ကြိုက်တတ်လို့ သောက်စားလာရင်လည်း အေးအေးဆေးဆေးနေနော်၊ ဒီလိုမှမဟုတ်လို့ကတော့ ဒီတလည်း စက်စဲခင်ဆိပ်သူ စိန်သုန်တဲ့တော့"



"အဲဒီ့ခမင်းဆိပ်သူကို ယူမိလို့ ခမင်းဆိပ်မှာ ခေါင်းနစ်နေတာပဲ မဟုတ်ဘူးလား – ငါ့မြေးရာ"

ဘေးနားမှာ ထိုင်နေတဲ့ မြေးဖိုးထူးကို စစ်ကူတောင်းလိုက်တယ်၊ ဖိုးထူးက ကျုပ်ကို လာတွဲခေါ်ပြီး အိပ်ခိုင်းတယ်၊ ကျုပ်မြေးစိတ်ဆင်းရဲမှာ ကျုပ်မလိုလားဘူး၊ ဒါနဲ့ ငြိမ်နေလိုက်တယ်၊ တအောင့်လောက်ကြာတော့ ကျုပ်အိပ်ပျော်သွားပြီအထင်နဲ့ သူက အနားမှ ထွက်သွားလေရဲ့၊ သူ့ခြေသံပျောက်သလောက်ရှိလို့ မျက်လုံးဖွင့်ကြည့်လိုက်တော့ အိမ်ပေါ်က ဆင်းသွားတာ တွေ့ရတယ်၊

ကျုပ် အိပ်ရာက လူးလဲထလိုက်တယ်၊ ကျုပ်လေ့ခါးအတိုင်း အိမ်အောက်ဆင်းနေတဲ့အချိန်၊ မစိန်သုန်က ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့ မထင်ဘူး၊ ကျုပ်ကို လုံးဝဂရုမစိုက်ဘူး၊ ဒီလိုနဲ့ လမ်းမပေါ်ရောက်တော့ ခြေဦးတည့်ရာ လှမ်းလာမိလိုက်တယ်၊ ကျုပ်သတိရလို့ ကြည့်လိုက်ချိန် မစံပယ်ငါးပိစက်ရုံရှေ့ရောက်နေပြီလေ၊ စက်ရုံထဲမှာ စာရေးဖိုးလူပိန် ရှိတယ် မဟုတ်လား၊

ဖိုးလူပိန်က သဘောကောင်းတယ်၊ ကျုပ်တို့ငါးပိသွင်းတဲ့ ရေလုပ်သားတွေအပေါ်လည်း နစ်နာအောင် မလုပ်ဘူး၊ သူ့ဌေးမစံပယ် ကောင်းစားဖို့ ကျုပ်တို့အပေါ်မတရား ငါးပိမချိန်တွယ်ဘူး၊ အဲဒါကြောင့် ကျုပ်တို့ခမင်းဆိပ်သားတွေက ဖိုးလူပိန်အပေါ် ခင်မင်ကြတယ်၊ လေးစားချစ်ခင်ကြတယ်၊ ဒီ့အပြင် ကျုပ်အနေနဲ့ ဖိုးလူပိန်အပေါ်တခြားလူတွေထက် ပိုပြီးခင်မင်ရင်းနှီးရတဲ့အချက်တစ်ချက် ရှိတယ်၊

ကျုပ်ရဲ့ဇာတိ လယ်ဝေးအကြောင်းပေါ့၊ ကျုပ်ရဲ့ဆရာ လယ်ဝေးခြောက်လက်မအကြောင်း သိရှိထားလေရဲ့၊ အခုလို ကျုပ်မူးလာရင် ဖိုးလူပိန်ထံ ရောက်သွားတတ်ပြီး ကျုပ်ဇာတိမြေအကြောင်း ထွေရာလေးပါး ပြောကြတယ်ပေါ့၊

ကျုပ် စက်ရုံထဲဝင်လိုက်ပြီး သူ့စားပွဲရှေ့မှာ ရပ်လျက်ရှိတယ်၊ ဒယီးဒယိုင်နဲ့ပေါ့၊ ဒါတောင်မှ ကျုပ်မြေမပျက်အောင် မနည်း ကိုယ့်ကိုယ်ကိုယ် ထိန်းထားရတာဗျ။ စာရင်းတွေ ရေးနေတဲ့ ဖိုးလူပိန်က မော့ကြည့်ပြီး ပြောလေရဲ့။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ - ဖိုးရစ်ကြီးပါလား။ ကျုပ်ကို ရစ်ချင်လို့ ရောက်လာသလား။ မရစ်နဲ့နော်၊ ခြောက်လက်မနယ်မြေသား အချင်းချင်းပဲလေ"

အဲဒီ့အချိန် ကျုပ်ရင်ထဲ ဒိန်းခနဲ ရင်ခုန်သံ မြန်သွားတာ အမှန်ပဲ၊ မေ့မေ့ပျောက်ပျောက်ဖြစ်နေတဲ့ ကျုပ်ရဲ့ဇာတိမြေကို သတိရစေဖို့ နှိုးဆွပေးတာကိုး ....။

"မရစ်ရဲပါဘူး - ဖိုးလှုပိန်ရာ၊ နည်းနည်းပါးပါး စကားပြောချင်လို့ပါ၊ ဘာရယ်လို့ မဟုတ်ပါဘူး"

ကျုပ်အပြောကြောင့် သူက ရေးလက်စ စာအုပ်ထဲ ဘောလ်ပင်ညှပ်ပြီး ပိတ်ထားလိုက်သဗျ၊ ပြီးမှ - မျက်လုံးအစုံနဲ့ စိုက်ကြည့်ပြီး ပြောလေရဲ့ဗျာ၊

"ဘာလဲ - ရေမျိုနမကိုက်သေးဘူးလား။ ရေမျိုနမကိုက်ရင် ကျွန်တော် ဝယ်တိုက်မှာပါ - သောက်ဦးမလား"

"မသောက်တော့ပါဘူး - ဖိုးလှုပိန်ရာ၊ လစားသမားရဲ့ငွေနဲ့ မသောက်ချင်ပါဘူးကွာ၊ အလုပ်မအားရင် ပြန်မယ်"

ကျုပ်က သူ့စက်ရုံထဲကနေပြီး လမ်းမပေါ်ပြန်ထွက်ခဲ့တယ်၊

• • •

ဒီလိုနဲ့ ကျားပါးစပ်ပိုက်တွေ ပင်လယ်ပြန်ချတဲ့ရက်တောင် ရောက်လာတယ်၊ ရေစစ်ချိန်ဆိုတော့ လှေတွေကို ပင်လယ်ကမ်းခြေ သဲသောင်စပ်မှာ ဆိုက်ထားရတယ်။

ပင်လယ်မှာ ပိုက်ထောင်ပြီးရင်တော့ ကျုပ်အရက်ကို အလွန်အကျွံ မသောက်ဘူး။ ပင်လယ်ပြင်ဆိုတာ လျှို့ဝှက်နက်ရှိုင်းလွန်းတယ်၊ မမြင်နိုင်တဲ့ ခက်ခဲကြမ်းတမ်းမှု ... မထင်မှတ်တဲ့နေရာ၊ မထင်မှတ်တဲ့အချိန်တွေမှာ မမျှော်လင့်တာတွေ ဖြစ်ပေါ်လာတတ်တယ်လေ။

ရေစစ် လှေထွက်ဖို့ အချိန်ရောက်လာပြီ၊ ဒါကြောင့် လိုက်စီးငပြာရည်က အိမ်အောက်မှာရှိတဲ့ ပနောင်အဟောင်းတစ်လုံးကို ဆွဲထုတ်နေတယ်၊ ကျုပ်က လှမ်းပြီး ပြောလိုက်ရတယ်၊



"မင်းက ကြောက်တတ်ရန်ကောကွာ၊ သီတင်းကျွတ်ရေတွေဆိုတာ ငြိမ်လေ ကင်းတယ်၊ အန္တရာယ် မဖြစ်နိုင်ဘူး။

"ဖိုးရစ်ကြီးကလဲဗျာ၊ ကျုပ်က ကြောက်လို့ ပနောင်ကို ယူသွားမှာ မဟုတ်ဘူး၊ အကြောင်းကိစ္စပေါ်လာရင် အသုံးပြုလို့ရတာပေါ့၊ မလိုအပ်ဘူးဆိုရင် မယူရုံပဲပေါ့"

ကျုပ်စကားကြောင့် ငပြာရည်က ပနောင်ကို အိမ်အောက် ပြန်သွင်းလိုက်တယ်၊ ကျုပ်မြေးက ဆယ်ကောင်အား တရုတ်နီဒီဇယ်အင်ဂျင်စက်ကို ထမ်းဖို့ပြင်ဆင်နေလေရဲ့၊ ငပြာရည်က လော့တက်၊ ရေဘူးတွေ ယူတယ်၊ ကျုပ်က စက်ပစ္စည်း ကွင်း၊ ပုလာယာ၊ ခွရှင်တို့ ထည့်ထားတဲ့အိတ်ကို ယူပြီး သွယ်လိုက်တယ်၊

ကျုပ်တို့အိမ်နဲ့ ရေစပ်ကို ဆယ်မိနစ်ခန့် သဲသောင်ပြင် ဖြတ်လျှောက်ရတာပေါ့၊ နေပူရှိန်ကြောင့် သဲကပူပူ၊ ခြေတစ်လှမ်းချလိုက်ရင် အသည်းနိုက်အောင် ပူလောင်နေတာပဲ၊ ကျုပ်တို့ဘဝက ရိုးအီနေပြီလေ၊ တစ်မှုဟုတ်ချင်းကမ်းခြေမှာ စက်သံ ညံထွက်ကုန်တော့တယ်၊ ငြိမ်သက်နေတဲ့ ပင်လယ်ပြင်က လှိုင်းပွတက်လာရဲ့၊ ကျုပ်တို့လှေ ပင်လယ်ပြင် ထွက်ခဲ့တယ်၊ လှေဦးမှာ ငပြာရည်ကထိုင်လို့ ကျုပ်ကတော့ လှေစက်ရဲ့ရှေ့မှာ၊ ဖိုးထူးက ပဲ့ကိုင်လေ၊

ကျုပ်တို့ရဲ့ပိုက်တန်းကို နာရီဝက်ကျော်ကျော် မောင်းရတယ်၊ ပိုက်တန်းက ပြန်ကြည့်လိုက်တော့ ကမ်းခြေကို ပျပျလေးပဲ မြင်ရတယ်၊ အမှောင်ရိပ်ကျနေလို့ရှိရင် ကမ်းပျောက်ပဲ၊ မတွေ့နိုင်ဘူး။ မနက်ခင်းမို့ ပတ်ဝန်းကျင် ပင်လယ်ပြင်ကို သဲသဲကွဲကွဲမြင်တွေ့ရတယ်၊ ဖိုးထူးက ပိုက်တန်းရှိရာကို တန်းတန်းမတ်မတ် မောင်းနှင်နေလေရဲ့၊ မကြာမီ ပိုက်တန်းနား ရောက်လာတာပေါ့၊ လှေဦးမှာရှိတဲ့ ငပြာရည်က အသံပြဲကြီးနဲ့ အော်ပြောတယ်၊

"အသစ်လဲထားတဲ့ ဒီဘက်အစွန်က ပနောင်ပေါ်နေပြီဟေ့၊ ဟော - ဟော - ဟိုဘက်အစွန်ဆုံး ပနောင်လည်း ပေါ်လာပြီကွ"

ဟုတ်တယ်လေ၊ သူတို့ လဲလှယ်ထားတဲ့ ပနောင်ငါးအသစ်တွေဟာ ရေပေါ်မှာ ထိုးထိုးထောင်ထောင်နဲ့ ရေအောက်မှ ပိုက်တွေ အလွယ်တကူ ပေါ်



www.burmeseclassic.com

www.burmeseclassic.com

နိုင်ဖို့ ကျားပိုက်ခေါင်းခြမ်းတစ်ဖက်စီမှာ ပနောင်တွေ ချည်နှောင်ထားရတယ် ပေါ့။ ပိုက်အောက်နှုတ်ခမ်းမှာ ကျောက်ခဲတုံးတွေကို ပိုက်အဟောင်း အပိုင်းအစတွေနဲ့ ထုပ်ပိုးထားပြီး ချည်နှောင်ထားလေရဲ့၊ ဒါမှ ကျားရဲ့ပါးစပ်ဟာနေ သကဲ့သို့ နေတာပေါ့၊ ဒီလိုနဲ့ နံနက်ပိုင်း ရေစစ်မှာ အလွယ်တကူ လိုက်ဖော် နိုင်ခဲ့လေတယ်။

ဘာလိုလိုနဲ့ ပိုက်ချလာခဲ့တာ ဆယ်ရက်ရေတောင် ရှိနေပြီ၊ ဆယ်ရက် ရေဟာ စင်းစင်းသေ မဟုတ်လား၊ ဒါကြောင့် ပနောင်ဝါးတွေ အသစ်လဲထား တဲ့အတွက်ကြောင့် ကျုပ်စိတ်ထဲ နည်းနည်းစိုးရိမ်နေမိတယ်၊ ဘာရယ်လို့ တော့ မည်မည်ရရ မရှိဘူး၊ ဒါကြောင့် ထမင်းစားနေတဲ့ ဖိုးထူးကို ပြောလိုက် တယ်၊

"လူကလေး – ဒီနေ့ ဆယ်ရက်ရေ မဟုတ်လား၊ ပနောင်အသစ်ကြောင့် ပိုက်တွေ ချက်ချင်းမပြုပ်ပဲ ရှိဦးမယ်၊ မြိတ်စက်လှေကြီးတွေ ဖြတ်မောင်း သွားလို့ကတော့ ပန်ကာနဲ့ ရစ်ပတ်မိပြီး ပျက်စီးကုန်လိမ့်မယ်"

"အဘိုးကလဲဗျာ၊ ပင်လယ်မှာ လုပ်ကိုင်စားလာတာ နှစ်တွေလည်း ကြာခဲ့ပြီ၊ ပူပန်ကြောင့်ကြလွန်းတာပဲ"

"ဟုတ်ပ – ဖိုးရစ်ကြီးကလည်း လွန်ပါတယ်၊ တခြားလှေတွေလည်း ပနောင်မကောင်းရင် လဲပစ်မှ အဆင်ပြေတာပဲလေ၊ အခု – ကျုပ်တို့ပနောင် လဲတဲ့ကိစ္စ ဘာတွေအများအယွင်းရှိလို့လဲ"

"ဒါတော့ – ဒါပေါ့ကွာ၊ ငါ မသိပဲရှိပါ့မလား၊ ဒါပေမဲ့ ..."

ကျုပ်ပြောမယ့်စကားကြောင့် စိတ်ထဲ ထင့်ခနဲဖြစ်လာမိပြီး ရပ်ထား လိုက်ရတယ်၊ ဒီလိုစိုးရိမ်မှုမျိုး တစ်ကြိမ်မှ မခံစားမိတာ အမှန်ပဲ၊ အလို မှုက အောင့်သက်သက်နဲ့၊ ချောင်းတစ်ဖက်ကမ်းက ဘကြီးဦးမောင်စိန်ပြော တဲ့စကားတစ်ခွန်း အမှတ်ရလာမိတယ်၊

"လူဆိုတာ – အသက်အရွယ်ရလာရင် တစ်ပါးသူတွေလုပ်ကိုင်တာ အလိုမကျမှုနဲ့ မိမိကိုယ်ကို သိမ်ငယ်တဲ့စိတ် တစ်ပြိုင်တည်း ဖြစ်ပေါ်လာ တယ်ကွ၊ ဘာဖြစ်လို့လဲဆိုတော့ သူများတကာ လုပ်ကိုင်နေတာတွေ မျက် ရှေ့မှာ မြင်တွေ့ရတာ အပေါက်အလမ်း မတည့်ဘူး၊ စိတ်တိုင်းမကျဘူး



ကွာ၊ အဲဒီလိုအချိန်မှာ ငယ်စိတ်အတိုင်း ကိုယ်တိုင် ဝင်ရောက်လုပ်ကိုင်လိုက် ချင်တယ်၊ ဒါပေမဲ့ – ခါချဉ်ကောင် မာန်ကြီးပေမယ့် ခါးက မသန် ဆိုသလိုပေါ့၊ စိတ်သွားတိုင်း ခန္ဓာကိုယ်က မလိုက်ပါနိုင်တော့ဘူး"

"ဖိုးရစ်ကြီး – ဘာတွေစဉ်းစားနေသလဲ၊ ဒါပေမဲ့ – ဆိုပြီး စကားကို ရှေ့မဆက်ပဲ ထားတာတော့ မကောင်းဘူး"

ငံပြာရည်စကားကြောင့် ကျုပ်စိတ်ပြောင်းသွားလေရဲ့၊ အသိစိတ် ပြန် ဝင်လာတယ်၊ ကျုပ်စိတ်ကူး အတွေးလွန်တာ ဖြစ်မှာပါလို့ပေါ့၊ အဖြေကို တော့ မတင်မကျနဲ့၊

"ဘာရယ်လို့တော့ မဟုတ်ပါဘူးကွာ"

ကျုပ်စကားရဲ့နောက်ကွယ်မှာ ကျုပ်မိန်းမရဲ့စကားက ဖုံးလွှမ်းသွားတယ်၊

"ဟော့ – ငံပြာရည် – နင်တို့ဖိုးရစ်ကြီးရဲ့အကြောင်းလည်း အစင်းသိပဲ မဟုတ်လား၊ အကြောင်းမရှိ အကြောင်းရှာပြီး ရစ်ရမှ ထမင်းစားဝင်တဲ့လူစား မျိုးလေ ..."

မစိန်သုန်ကို ကျုပ် အံတုဖက်ပြိုင်ပြီး အငြင်းအခုံ မလုပ်ချင်ဘူး၊ ကျုပ် ဘက်က နည်းနည်းလေးများ စကားအခြေအတင် ပြောမိလို့ကတော့ ဖိုးရစ် ကြီးမို့ စကားကို ရစ်တယ်တဲ့လေ၊ ဒါကြောင့် ကျုပ် အိမ်ပေါ်က ဆင်းပြီး လမ်းမ ပေါ် ထွက်လာခဲ့မိတယ်၊ ကျုပ် ခြေဦးတွေက ဦးတည်ရာမဲ့ပေါ့၊

ဖိန်းမရဲ့ အိမ်ရှေ့ရောက်တော့ ရေငတ်နေသလိုပဲ၊ ရေငတ်တဲ့အချိန် ရေတွင်းထဲ ပြုတ်ကျတဲ့လူလို့ပေါ့ကွာ၊

"ဟော့ – ဖိန်းမ – ငါ့ကို အရက်တစ်ပိုင်း ပေးစမ်း"

ငါးကြင်းဖန်ခွက်နဲ့ အရက်ထည့်ပေးတယ်၊ ကျုပ်က ရေမကူ၊ အမြည်း မစားပဲ တစ်ကျိုက်တည်း မော့သောက်တယ်၊ အရက်နဲ့ လည်ချောင်းတိုက် မိတ်သံဟာ "ဂလွတ် – ဂလွတ်" ပင် မြည်ဟိန်းထွက်ပေါ်လာလေရဲ့၊ နှုတ်ခမ်း မှာ ပေကျံနေတဲ့ အရက်ကို လျှာနဲ့ သိမ်းလိုက်တယ်၊

ကျုပ်ရင်ထဲလည်း ပူစပ်ပူလောင်နဲ့ ဖိန်းခနဲ ရှိန်းခနဲပေါ့၊ ကျုပ်တို့မယ် ဆိပ်ရွာသားတွေအတွက် စိတ်ဖြေရာလေ၊ ကျုပ်တို့ဒေသမှာ နာမည်ကြီး တဲ့ကာဒတ်ရက်အရက်နော်၊ ချက်အရက်ဆိုလို့ အထင်တော့ မသေးနဲ့ဦး၊



www.burmeseclassic.com

www.burmeseclassic.com

အခုခေတ်လို မြန်မြန်စိမ်ရည်ပြည့်အောင် အမှုန့်များအောင် အင်ဒရင်းရည်နီးများနဲ့ တို့ပြီး စိမ်ရည်ထဲ ထိုးထည့်ထားတာမျိုး မဟုတ်ဘူး။

ထန်းလျက်နဲ့ စိမ်ရည်ပြုပြီး ချက်လုပ်ထားတဲ့ တောအရက်၊ ဟုန်းခနဲ မီးတောက်ချက်အရက်လေ၊ ဈေးကလည်း မဆိုးပါဘူး။ တစ်ပုလင်းမှ ကျပ်တစ်ဆယ်တည်း။ အဲဒီအရက်ဆိုင်က လှည့်အထွက် ကြည်သိန်းနဲ့တိုးရော၊ ကျုပ်ကိုတွေ့တော့ စပ်ဖြဲဖြဲနဲ့ ပြောတယ်၊

"ဖိုးရစ်ကြီး – လှေထွက်ရဦးမယ်နော်၊ ရေချိန်လွန်သွားရင် ပင်လယ် မထွက်နိုင်ပဲ ဖြစ်ဦးမယ်"

"ကြည်သိန်း – မင်းက ငါ့ကို ရစ်နေသလား။ ဖိုးရစ်တဲ့ တစ်ရစ်တည်း ရှိတယ်နော်"

ကြည်သိန်းက ကျုပ်အနားမှ လှစ်ခနဲ ထွက်သွားတယ်၊ သူပြောတာလည်း မှန်တာပဲ၊ အခုလိုအချိန် ငါးပိရေးက ကောင်းနေတော့ တစ်ရေလေ မထွက်နိုင်ဘူးဆိုရင် ဝင်ငွေလျော့သွားလိမ့်မယ်၊ နောက်တစ်ခုက ကျုပ်မိန်းမရဲ့အာပေါင်အာရင်းလည်း သိတယ်မဟုတ်လား။

မင်းဆိပ်ဆိုတာ လူကြမ်းတွေ နေထိုင်တာ မဟုတ်ပေမဲ့ အပြောအဆိုက ခပ်ကြမ်းကြမ်းပေါ့။ ကျုပ်ဖိုးရစ်ကြီး ... မစိန်သုန်ရဲ့မျက်စောင်းနဲ့ကြည့်ပြီး ပြောမယ့်ဒက်ကို ကြောက်လို့ ကိုယ်ရှိန်သတ်လိုက်ရတယ်ဗျာ၊

• • ⸻ • •

အခုထွက်မယ့်ရေက ညနေစောင်းအချိန်လေး၊ ပင်လယ်မှာ တစ်ခုံတစ်ရအစက်အခဲကြုံလို့ကတော့ နေဝင်မိုးချုပ်တာနဲ့ တဲ့တိုးဝင်ဆောင့်ပြီတာမှတ်။

ဒါကြောင့် ကျုပ်တို့ မင်းဆိပ်သားတွေဟာ ပိုက်ဖော်တဲ့အချိန်ဆို အလုအယက်ပဲ၊ ပင်လယ်ဆိုတာ မှောင်ရိပ်ကျပြီဆိုရင် ကိုယ့်လှေဦးထိပ်ပိုင်းတောင် မသဲမကွဲနဲ့ဗျ၊ အဲဒီတော့ စိုးရိမ်ကြောင့်ကြစိတ် မဖြစ်ပဲ ဘယ်သူနေနိုင်ကြပါ့မလဲ၊

ကျုပ်စိတ်တွေ အလိုလိုနေရင်း လေးလံထိုင်းမှိုင်းနေတာ အမှန်ပဲ၊



အခုလည်းလှေထွက်ပော့ဆိုလို့သာ ထွက်ခဲ့ရတယ်၊ စိတ်ထဲ လန်းဆန်းမှုမရှိဘူး၊ မှုန်းကျုပ်နေလေရဲ့၊

နေမင်းကြီးကလည်း ပင်လယ်ပြင်ကြီးရဲ့ တစ်ဖက်စွန်းမှာ ငုပ်လျှိုးစပြုနှံ့ အားယူနေချိန်ပေါ့၊ တစ်နေ့တာ သူ့တာဝန် ပြီးဆုံးဖို့ နီးကပ်နေကြောင်း ခဲရဲတောက် နီမြန်းနေမှုက သက်သေပြနေလျက်၊ လူသားအားလုံးကို နှုတ်ဆက်အနမ်းနဲ့ လက်ပြလို့ ရှိနေပြီလေ၊

မကြာမီ ပိုက်တန်းကို ရောက်တယ်၊ ပင်လယ်ဘက် အစွန်ဆုံးပိုက်က တင်ပြီး ကမ်းခြေဘက်ဆီကို တစ်လုံးချင်း ဖော်လာခဲ့တယ်၊ ကျုပ်တို့ အစ်တွေဟာ အလင်းရောင် ပျောက်ကွယ်သွားမှာစိုးတဲ့အတွက်ကြောင့် အလုအယက်ပဲ၊ နင်ပဲ၊ ငါပဲ၊ အို – စုံလို့၊ ဆဲဆိုကြိမ်းမောင်းသံတွေ ဆူညံနေတာပေါ့၊

နောက်ဆုံးတော့ ကမ်းခြေဘက် ပိုက်တစ်လုံးသာ ကျန်တော့တယ်၊ ကြာမီကမှ ပနောင်အသစ်လဲထားတဲ့ပိုက်လေ၊

"လုပ်ကြပေ့ – အမှောင်ရိပ်ယှက်သန်းနေပြီ။ ဒီထက် နောက်ကျသွားရင်တော့ အမှောင်ထဲ လုပ်မထိ ကိုင်မထိဖြစ်နေလိမ့်မယ်၊ သုံးတောင့်ထိုးထင်ပါတယ် မဟုတ်လား – ငံပြာရည်"

"ဒီနံ့အိတ်ထဲမှာ ကျုပ်ထည့်ပြီး ယူလာခဲ့တယ်"

"အေးကွာ – ပစ္စည်းပစ္စယတွေတော့ မှတ်မှတ်ရရရှိကြပေ့၊ အရေးကိစ္စကြုံရင် အလွယ်တကူ ယူလို့ရအောင် ..."

ကျုပ်ပြောနေကျစကားပေမယ့် ဒီတစ်ကြိမ်မှာတော့ အသံတွေ တုန်နေတယ်၊ နောက်ဆုံးပိုက်ရဲ့ ပနောင်ဟာ လှုပ်ယမ်းယိမ်းနွဲ့နေလေရဲ့၊ ရေလည်းဖြစ်ပြန်၊ ပနောင်ကလည်း လဲထားတာ မကြာသေးတဲ့အတွက် ရှက် အလွန်ကောင်းနေတာပေါ့၊

ငံပြာရည်က ပနောင်ထိပ်ကို ဖမ်းဆွဲပြီး လှေပေါ်ကနေလန် ဖြုတ်ဆွဲတင်တယ်၊ လှေပေါ်မှ ပြန်ပြီး လျှောမကျအောင် ကျုပ်လက်နှစ်ဖက်နဲ့ ဖိထားလိုက်တယ်၊ ငံပြာရည်က ပနောင်ထိပ်နဲ့ တွဲချည်ထားတဲ့ ပိုင်းကို ဆွဲတင်နေလေရဲ့၊



www.burmeseclassic.com

www.burmeseclassic.com

သူ့စကား မဆုံးလိုက်ဘူး။ ကျွားပါးစပ်ပိုက်ဟာ ပန်တာရွက်ကို ရေအောက်ဆွဲနှစ်နေတဲ့အတွက်ကြောင့် တဖြည်းဖြည်းလှေစောင်းပြီး နစ်သထက် နစ်နေပြီ။ တစ်ခြမ်းစောင်းတဲ့အထိ ဖြစ်လာပြီ။ ရေထဲ ပြုတ်မကျအောင် လှေနံကို ဆွဲကိုင်ထားရတယ်။ ရေတွေက ခြေသလုံးမြုပ်ပြီ။ လှေပေါ်ရှိပစ္စည်းတွေရော၊ ငါးပိတွေရော မျောပါကုန်နေပြီ။



အဲဒီအချိန် ကျုပ်မြေး ဖိုးထူးက စက်ကိုသတ်ပြီး စက်ဝင်ရိုးကို မ,တင် လျက်၊ လှေပဲ့ပိုင်းမှာ တင်လိုက်တယ်။ ကျုပ်တို့ လုပ်ကိုင်နေကြရသည် မညှာတမ်း၊ မလျှော့တမ်းရှိတယ်။ ကျုပ်မြေးဖိုးထူး လှေရှေ့ပိုင်းကို က ကမျောရောက်လာပြီး ငပြာရည်နှင့် ဝိုင်းဝန်းကူဆွဲလိုက်တယ်။ ပိုက်ထိ ခေါင်းပိုင်းမှာ ချည်ထားတဲ့ပိုက်အကူကြိုးကို တိုင်ဆွဲမိတော့ တဖြည်းဖြည်း ငါးတွေမိနေတဲ့အပိုင်းဆီ လှမ်းဆွဲယူနေလေရဲ့ ငပြာရည်တ ပိုက်ခေါင်း နဲ့ လက်အစိတ်အပိုင်းတွေကို လှေပေါ်ဆွဲတင်လျက် ငါးနေတဲ့အပိုင်းရော လာတော့ ခေါက်တုံ့ချည်ထားတဲ့အစကို ဆတ်ခနဲ ဆွဲတယ်။



ဖိုးထူးက ပိုက်ထိပ်အစနေစ်ဖက်ကို လက်တစ်ဖက်စီ ကိုင်ထားတယ်။ ငပြာရည်နဲ့ကျုပ်က ငါးများ ဖမ်းမိထားတဲ့ ထိပ်နေရာ ပိုက်တစ်စီကနေပြီး လှေဝမ်းထဲ မ,တင်ကြလေရဲ့ ကျုပ်တို့ပိုက်ကို ဝိုင်းတိုင်ပြီး ငါးတွေကို သွန်ချ နေသဗျ။ ပိုက်အဖျားပိုင်းကို အတွင်းထဲ ဆွဲသွင်းပြီး ပိုက်ခေါင်းခြမ်းဘက်ကို ဆွဲထုတ်လိုက်တယ်။ ဆွဲထုတ်ပြီးတဲ့ ငါးနေပိုင်းကို ပိုက်အကူကြိုးနဲ့ ပြန်ချည် ပြီး ရေထဲချလိုက်တယ်။

လှေပေါ်တင်ထားတဲ့ ပိုက်တွေကို ရေထဲ အလိုက်သင့်ဆွဲချ၊ ပိုက်တွေ ဟာ ရေပေါ်မှာ ငရုံပြေးနဲ့ ပေါလောပေါ်နေသပေါ့။ ရေက ရေသေချိန်၊ ပနောင် တ အသစ်မို့ ပိုက်တွေ မမြုပ်ဘဲ ရှိတယ်။

ထိုအချိန် နေလုံးက ပျောက်ကွယ်နေလေပြီ။ တခြားလှေတွေလည်း အလျှိုလျှိုကမ်းခြေဆီ မောင်းကုန်ကြပြီ။ ပတ်ဝန်းကျင်မှာ စက်သံတွေ တိတ် ဆိတ်နေပြီ။

"လူကလေး - လုပ်ပေဟ့၊ တခြားလှေတွေရဲ့စက်သံ မကြားရတော့ဘူး နော်၊ ကမ်းပြန်ရောက်ကုန်ပြီဖြစ်မယ်"

ဖိုးထူးက ကျုပ်အပြောကြောင့် စက်လှည့်ကောက်တံကို အလျင်စလို ကောက်ကိုင်ပြီး လှည့်လိုက်လေရဲ့ စက်ကလည်း သနေ့ကောင်းသဗျ။ ဝူးခနဲ နိုးတယ်။ ပဲ့ပိုင်းမှာ တင်ထားတဲ့ ဝင်ရိုးထိပ်က ပန်ကာခွက်တွေလည်း ရှာလ ဘတ်လည်လို့ … တရှူင်ရှူင်မြည်သံ ကြားနေရပြီလေ၊ ဒါကြောင့် ဖိုးထူးက ဝင်ရိုးပိုက်လိုင်းကို ကိုင်ပြီး ရေထဲ ပန်ကာရွက် ချလိုက်တယ်။ တစ်ပြိုင်တည်း စက်ရှိန်မြှင့်ပြီး မောင်းထွက်ဖို့ လုပ်လိုက်တဲ့အခိုက် လှေဟာ ရှေ့ဘက်ကို သုံးဝမရွေ့ပဲ ရပ်တန့်နေလေရဲ့၊ နောက်က ဆောင့်ဆွဲထားသလို တုံ့ဆိုင်း ဆုံ့ဆိုင်း ဖြစ်နေသပေါ့။

ဘုရားရေ … ဘယ်လိုဖြစ်တာလဲ၊

လှေပေါ်ရှိ ကျုပ်တို့အားလုံး မျက်လုံးမျက်ဆန် ပြူးကုန်တာပေါ့၊ ကျုပ် ထိအထင် မလွဲဘူးဆိုရင်လေ၊ ဒါပေမဲ့ - အခုတော့ နောက်ကျသွားပြီလို့ ပြာရမယ်၊ ပနောင်အသစ်လဲလှယ်တဲ့အချိန် ကျုပ်စိတ်တွေ တစ်ကြိမ်မှ ချဉ်သွားတဲ့ စိုးရိမ်မှုမျိုးပေါ့၊ ဒီစိုးရိမ်မှုဟာ အခုအချိန်တော့ ကျုပ်တို့အတွက်



www.burmeseclassic.com

www.burmeseclassic.com

ချက်ဝါးထင်ထင်မဲ မဟုတ်လား၊ ဒါကြောင့် ကျုပ်မြေးဖိုးထူးဆီ အော်ဟစ် မေးမြန်းလိုက်တယ်။

"ဘယ်လိုဖြစ်ကုန်ပြီလဲ၊ ရှေ့ကို လှေလုံးဝမတိုးတော့ဘူး၊ ပိုက်တွေ ချက်ချင်းမမြုပ်ရသေးလို့ ... ပန်ကာနဲ့ ရစ်ပတ်ကုန်ပြီ မဟုတ်လား"

"ဟုတ်တယ် - အဘိုး၊ အစုမှ ပိုက်ကလည်း တဖြည်းဖြည်း ရေအောက် မြုပ်နေပြီ၊ ဘယ်လိုတွေဖြစ်ကုန်သလဲ မသိတော့ဘူး"

"ငပြာရည် - ဓားမ ကိုင်ပြီး ရေထဲဆင်းကွာ၊ ပန်ကာနဲ့ ညှိနေတဲ့ပိုက်တို့ ရုတ်ဖြတ်စမ်း"

ဒီအချိန်မှာ အလင်းရောင် ပျောက်သွားပြီ၊

"ဟာ - မှောင်နေပြီလေ - ဖိုးရစ်ကြီးရဲ့ ပင်လယ်ထဲ ကျုပ် မဆင်းရဲဘူး"

သူ့စကား မဆုံးလိုက်ဘူး၊ ကျားပါးစပ်ပိုက်ဟာ ပန်ကာရွက်ကို ရေအောက်ဆွဲနစ်နေတဲ့အတွက်ကြောင့် တဖြည်းဖြည်းလှေစောင်းပြီး နစ်သထက် နစ်နေပြီ၊ တစ်ခြမ်းစောင်းတဲ့အထိ ဖြစ်လာပြီ၊ ရေထဲ ပြုတ်မကျအောင် လှေနံကို ဆွဲကိုင်ထားရတယ်၊ ရေတွေက ခြေသလုံးမြုပ်ပြီ၊ လှေပေါ်ရှိပစ္စည်းတွေရော၊ ငါးပိတွေရော မျောပါကုန်နေပြီ၊

"အဘိုး - ကျွန်တော်တို့တော့ ကယ်မယ့်သူ မရှိတော့ဘူးထင်တယ်၊ အနီးအနားက အော်သံ၊ လူသံတွေလည်း မကြားရတော့ဘူး"

ဒါပေမဲ့ - သူက အခြားလှေ ရှိလို့ရှိငြား အော်ပြီး အကူအညီတောင်းနေရဲ့၊ ဘယ်လိုအော်ပြီးခေါ်ခေါ် တုံ့ပြန်တဲ့အသံ မကြားရဘူး၊ မကြာမီ လှေတစ်စင်းလုံး တိမ်းမှောက်သွားလေရဲ့၊ ကျုပ်တို့အားလုံး ရေထဲ ဆင်းလိုက်ရတယ်ပေါ့၊ ရေထဲရောက်တဲ့အချိန်မှာ ကျုပ်အသက်ထက် ကျုပ်မြေးအတွက် ပူပန်မိလိုက်တယ်၊

"လူကလေး - အဘိုးတို့အနားမှာပဲ ကိုယ်ဖော့ပြီးနေနော်၊ လူစုမကွဲစေနဲ့"

"ဖိုးရစ်ကြီးပြောတာ ဟုတ်တယ်ပေါ့၊ ငါတို့တစ်တွေ ကယ်မယ့်သူတွေ့တော့လည်း အတူတူပေါ့ကွာ"



ကျုပ်အနီးမှာရှိတဲ့ ငပြာရည်က မြေးဖိုးထူးကို နစ်သိမ့်ပေးနေတယ်၊ ကျုပ်တို့တစ်တွေဟာ မှောင်မှောင်မည်းမည်း ပင်လယ်ထဲမှာ ပေါ်လော ပေါ်လောနဲ့ပေါ့၊ လူစုကွဲသွားမှာလည်း တွေးပူရ၊ ကယ်ဆယ်မယ့်သူလည်း တမ်းတရ၊ ပင်လယ်ရေငန်တွေ ပါးစပ်ထဲ ဝင်မှာလည်း စိုးရိမ်ရ၊ အပြင်ရေကြောင်း မျောပါမှာလည်း ရင်တထိတ်ထိတ်နဲ့ပေါ့၊ ပါးစပ်ထဲ ဝင်တဲ့ ရေငန်ကို ထွေးထုတ်နေရလေရဲ့၊ ကြာလာတော့ ရေငတ်လာတယ်၊ နှုတ်ခမ်းတွေ ခြောက်တပ်လာလေရဲ့၊ လှိုင်းပုတ်တဲ့ဒဏ်ကြောင့် မျက်နှာတစ်ခုလုံးလည်း စပ်ဖျင်းဖျင်းနဲ့၊ ကျုပ် အရက်မူးတာတောင် ဘယ်ရောက်သွားမှန်း မသိတော့ဘူး၊

တအင်္ဂ ကျုပ်တို့ ခံစားနေရတာက လောကငရဲပဲ၊ တစ်ယောက်လက်ကို တစ်ယောက်ဆွဲပြီး ရေစီးအတိုင်း အလိုက်သင့် မျောနေရတယ်၊ ရေထဲ ရောက်နေတာ ငါးမိနစ်ရှိနေပြီ၊ ကျုပ်တို့ပိုက်တန်းအဦးမှာပဲ ရှိသေးတယ်လေ၊ အဲဒီအချိန်မှာ ရေထဲကနေပြီး အရှိန်အဟုန်ပြင်းပြင်းနဲ့ အရာဝတ္ထုတစ်ခု ခေါ်တက်လာလေရဲ့၊

"ဗျန်း"

"ဟာ - ပနောင်ဝါးတစ်လုံး ရေအောက်ကနေ ကြိုးပြတ်ပြီး အပေါ်တက်လာပါလား"

ငပြာရည်က အားရဝမ်းသာစွာနဲ့ ပြောလည်း ပြော၊ သူ့အနီးက ပနောင်ဝါးကို လက်တစ်ဖက်နဲ့ လှမ်းဆွဲလိုက်တယ်၊ ကျုပ်ကလည်း အသက်အရွယ်နဲ့ မလိုက်အောင် ပနောင်ဝါးကို ဖမ်းကိုက်လိုက်သဗျ၊ အဲဒီလို အရှိန်နဲ့ လှမ်းဆွဲလိုက်တဲ့အတွက်ကြောင့် ကျုပ်မြေးကို ကိုင်ထားတဲ့လက်ချင်း ပြုတ်ထွက်သွားလေရဲ့ဗျာ၊

ကျုပ်တို့နှစ်ယောက်နဲ့ သူ လူချင်းကွဲသွားတာပေါ့၊ အမှောင်ထဲမှာ တစ်ယောက်တည်း၊ ကမ်းမမြင်၊ လမ်းမမြင်နဲ့ ပင်လယ်ထဲမှာလေ၊ ဘယ်လောက်ထိ ထိတ်လန့်ကြောက်ရွံ့နေလိမ့်မလဲ၊ ကျုပ်စိတ်တွေလည်း ချော



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်က လွင့်စဉ်သွားသလို တဆစ်ဆစ် နာကျင်နေမိရဲ့၊ စိုးရိမ်ထိတ်လန့်နေနေတာပေါ့၊ ကျုပ်က အသံကုန်ဟစ်ပြီး ခေါ်လိုက်တယ်လေ၊

"ဗိုးထူးရေ - ဗိုးထူး - မင်းရှိတဲ့နေရာက အသံပြုစမ်း၊ အဘိုးတို့ ပနော်ဝါးတစ်လုံး ရထားတယ်၊ ဘာမှမစိုးရိမ်နဲ့တော့လေ"

စကားသံဆုံးတဲ့အချိန်မှာ မလှမ်းမကမ်းတနေပြီး ကျုပ်မြေး တန်ပြန်ပြလိုက်တဲ့အသံကို သဲသဲကွဲကွဲကြားရတယ်၊

"အဘိုး - အဘိုး - ကျုပ် ဒီမှာဗျို့ - ဒီမှာ"

"အေး - ကြားတယ် - ကြားတယ်၊ အဲဒီနေရာမှာ ကိုယ်ဖော့ပြီးနေနော်"

ကျုပ်တို့နဲ့ နှစ်လံတွာလောက်က ကြားလိုက်ရတဲ့အသံဆီကို ပနော်တွယ်ဖက်ပြီး ကူးသွားကြတယ်၊ ညဥ့်အချိန်ဆိုတော့ ကျုပ်တို့နှစ်ယောက်လက်တစ်ဖက်စီနဲ့ ရေကိုယက်တဲ့အသံဟာ ပင်လယ်ပြင်မှာ မိုးချုန်းသံအလားကြားနေရတယ်၊ ကျုပ်မြေးကလည်း ပင်လယ်သမားပဲ၊ အတွေ့အကြုံရှိပြီးသားလေ၊ ကျုပ်ဆီကို ကူးခတ်လာလေရဲ့၊ လေးငါးချက်လောက် ကူးခတ်လိုက်တာနဲ့ သုံးဦးစလုံး တစ်ပေါင်းတစ်စည်းတည်း ပြန်ဖြစ်သွားကြသပေါ့၊

••  ••

ညဥ့်အမှောင်အောက်မှာ ပနော်ဝါးကတစ်လုံး၊ လူသားက သုံးယောက်ပနော်ဝါးကို လက်တစ်ဖက်စီ ကိုင်ထားပြီး ပင်လယ်ရေစီးအတိုင်း မျောပါနေလေရဲ့၊ လောလောဆယ် ကျုပ်တို့အသက်အန္တရာယ် ကင်းရှင်းနေသေးတယ်လေ၊ မသေနိုင်သေးဘူး၊ ရေနစ်နေတဲ့သူ့အဖို့ မြက်တစ်ပင်ဟာသူ့အသက်သခင်ပဲ မဟုတ်လား၊

ကျုပ်တို့သုံးဦးအတွက် ဒီပနော်ဝါးဟာ အသက်သခင်ကျေးဇူးရှင်ပေါ့၊ အကယ်၍ ကယ်ဆယ်မယ့်သူနဲ့ တွေ့တော့လည်း ကျုပ်တို့ကုသိုလ်ပဲလေ၊ ဘာပဲဖြစ်ဖြစ် အခုအချိန်မှာ ကျုပ်စိတ်တွေ ယောက်ယက်ခတ်နေတာ အမှန်ပဲ၊ သို့လော - သို့လောနဲ့ပေါ့၊ အခုမျောပါနေတဲ့ ပင်လယ်ရေစီးကြောင်းဟာကမ်းခြေဘက် ထိုးဝင်နေတဲ့ ရေစီးကြောင်းဆိုတစ်မျိုး၊ ဒီလိုမှမဟုတ်ပင်လယ်ကူးသင်္ဘောတွေ သွားလာနေတဲ့ အပြင်ရေစီးကြောင်းဆီ မျောပါသွားလို့ကတော့ တကယ့်မတွေးဝံ့စရာပဲ၊ ထိုအချိန် ကျုပ်မြေးဗိုးထူးက အသံတုန်ယင်စွာနဲ့ ပြောရှာတယ်၊

"အဘိုး - ရေသောက်ချင်တယ်၊ ရေငတ်လွန်းလို့ နှုတ်ခမ်းတွေ ခြောက်တပ်လာပြီ"

ကျုပ်တို့ဘဝက သနားစရာသတ္တဝါတွေပေါ့၊ ကျုပ်တို့ ဘေးပတ်ဝန်းကျင်မှာ ပင်လယ်ပြင်ကြီး ဝန်းရံနေပေမယ့် သောက်လို့မရဘူးလေ၊ ရေငန်တွေ မဟုတ်လား။ နွေကာလဆို ပင်လယ်ရေကို ယူငင်ပြီး နေလှန်းဆားတို့၊ ဂျုန်ဆားတို့တောင် ချက်နိုင်တယ်လေ၊ ဘယ်လောက်ထိ ငန်သလဲဆိုတော့၊ ကျုပ်တို့ပါးစပ်ထဲ လှိုင်းပုတ်လို့ တိုးဝင်လာရင် အငန်ဓာတ်ဟာ လျှာမှာ စွဲကျန်ရစ်နေသဗျ။

ထိုအချိန် ငပြာရည်က ပနော်ကိုင်ထားတဲ့လက် ညောင်းညာကိုက်ခဲဟန်တူရဲ့၊ ကျန်တစ်ဖက် ပြောင်းကိုင်ပြီး ပြောလေရဲ့၊

"ဗိုးထူး - ပင်လယ်ရေတော့ ယောင်မှားပြီး မသောက်လေနဲ့နော်၊ ရေနစ်လို့မသေသပဲ၊ ရေငတ်ဝမ်းကျဖြစ်ပြီး ကုန်းရောက်မှ အသက်ထွက် သေသွားဦးမယ်"

"ကျုပ်တို့အဖြစ်က ဆိုးလွန်းပါတယ်ဗျာ - ကိုငပြာရယ်၊ အရင်လို အနေးဖြစ်ဆိုတာမျိုးပဲ၊ ကျွန်တော် မဆင်မခြင်လုပ်မိလို့ အားလုံးဒုက္ခရောက်ကြရတယ် မဟုတ်လား၊ အခုလိုဖြစ်ရတာ ကျွန်တော့်အပြစ်ပါ"

"ဘာပဲဖြစ်ဖြစ် - ငါတို့ရဲ့ကံတရားဟာ ဒီလိုအဖြစ်မျိုးနဲ့ ကြုံရမယ်ဆိုတာ အတိတ်ဘဝက ပါလာလို့ပဲ - လူကလေး၊ စိတ်ထဲမှာ လောလောဆယ်ဆယ် နိုးရမှာက စတ်စဲမေမင်းဆိပ်ရေလယ်ကျွန်းရဲ့ ဗုဒ္ဓဆံတော်ရှင် စေတီတော်မြတ်ကို ရည်မှန်းပြီး ဦးခိုက်နေတော့ကွာ"

"အဘိုးပြောမှ သတိရတော့တယ်၊ ကျွန်တော်တို့ ပိုက်တန်းကနေပြီး စတ်စဲရေလယ်ကျွန်းဘက်ကို ဦးတည်စီးဆင်းနေတဲ့ရေကြောင်း ရှိသယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပ - ဗိုးထူးရယ်။ အခု ရေတက်လေ - ရေတက်ချိန်ပေါ့"

"အေး - ဟုတ်တယ်ကွာ။ လှေမြုပ်ပြီး ပင်လယ်ထဲ မျောပါနေလို့ စိတ်တွေ ကယောင်ချောက်ချားဖြစ်နေတာနဲ့ ငါလည်း ဒီအချက်တွေကို မတွေးမိဘူး။ ရေတက်ချိန် ဒီရေစီးအတိုင်း မျောပါနေရင် မလွဲမသွေ ရေလယ်ကျွန်းဆီရောက်မှာ အမှန်ပဲ၊ အကယ်၍ အဲဒီလိုမဟုတ်ရင်တော့ အပြင်ရေစီးကြောင်း ရောက်သွားလိမ့်မယ်"

ထိုအချိန် လှိုင်းတစ်လုံးက ကျုပ်တို့မျက်နှာတွေကို ဝုန်းခနဲ လာရိုက်ခတ်တယ်၊ ကျုပ်မျက်နှာ စပ်ဖျဉ်းဖျဉ်းနဲ့ အသည်းခိုက်အောင် ခံစားလိုက်ရတယ်လေ၊ ကျုပ်လိုပဲ ကျန်တဲ့လူတွေ နာနာကျင်ကျင် ခံစားရမှာပဲ၊ ဒီကြားထဲ ရေပိုးကောင်တွေက ကျုပ်တို့ရဲ့တစ်ကိုယ်လုံးကို တွယ်ကပ်ကိုက်ခဲနေတာပေါ့၊ မြွေပူရာ ကင်းမှောင့်ဆိုတာ ဒါမျိုးဖြစ်မှာပဲ၊ ဒါကြောင့် ကျုပ်တသတိပေးမိတယ်၊

"မင်းတို့လက်တွေ ပနောင်ဝါးကို စွဲစွဲမြဲမြဲကိုင်ထားကြနော်၊ ပနောင်ဝါးလွတ်သွားလို့ကတော့ ကိုယ်ကျိုးနည်းပြီတာ မှတ်ကြတော့ ..."

"စိတ်ချပါ - ဗိုးရစ်ကြီး၊ ပနောင်ဝါးကို ဖက်တွယ်ထားရလို့ ကျုပ်တို့လက်တွေထုံကျင်ကိုက်ခဲနေပြီဗျာ၊ အခု - ကျုပ်တို့ပင်လယ်ထဲမျောနေတာ ခြောက်နာရီလောက် ရှိပြီမဟုတ်လား၊ ချေပြန်ကျချိန်ဆို ကမ်းခြေနဲ့ ပြန်ဝေးသွားမှာစိုးသဗျ"

"ဟုတ်တယ် - အဘိုး၊ ကိုင်ပြာရှည်ပြောတာ မှန်တယ်၊ ရေကျဆို အပြင်ဘက် ပြန်ပါသွားမှာ ကြောက်ရတယ်"

"အေးကွာ - ငါတို့တစ်တွေရဲ့ကံတရားပေါ့၊ အတတ်နိုင်ဆုံး တက်ညီလက်ညီနဲ့ ကမ်းခြေအမြန်ရောက်အောင် အားစိုက်ပြီး ယက်ကြကွာ"

ကျုပ်ပြောတဲ့အတိုင်း လက်တစ်ဖက်က ပနောင်ဝါးကို ဖက်တွယ်ထား ကျန်တစ်ဖက်နဲ့ ပြိုင်တူယက်ကြတယ်၊ အသက်သေဆုံးမှာကို နမြောတွန့်တိုကြသကိုး၊ ကျုပ်က လူကြီးလေ၊ သူတို့ တစ်ချက်ယက်ရင် ကျုပ်က နှစ်ချက်ယက်မိတယ်၊



သူတို့ စိတ်ဓာတ်ကျမှာ စိုးမိလေရဲ့၊ ပင်လယ်ဆိုတာ ညဥ့်အချိန် အလွန်စိတ်ချောက်ချားဖို့ကောင်းသဗျ၊ ဒါကြောင့် တခြားအတွေးစိတ် မဖြစ်အောင် စိတ်ထဲပေါ်လာတဲ့အတိုင်း ပြောလိုက်မိတယ်၊

"ငါတို့တစ်တွေ - အခုလိုတက်ညီလက်ညီနဲ့ ဖွဲလုံ့လရှိရှိ လုပ်ကြလို့ကတော့ ဇနကထုံး နှလုံးမူသလိုပေါ့ကွာ၊ မမလောနတ်သမီးနဲ့ တွေ့ဖို့ကိန်းဆိုက်လိမ့်မယ်"

"ဗိုးရစ်ကြီးကတော့ လုပ်ချလိုက်ပြန်ပြီ၊ ပင်လယ်ထဲ မျောပါရင်း ဒုက္ခရောက်နေတာတောင် အရွှန်းအဖောက် ပြောနိုင်သေးတယ် - အံ့ရောပဲ"

"အင်း - အဘိုးပြောသလို မမလောနတ်သမီး လာကယ်, မကယ်တော့ အတပ်မပြောနိုင်ပေမယ့် ကျွန်တော်တို့ မင်းဆိပ်က လူတွေကတော့ လှေတွေနဲ့ လိုက်ရှာနေကြမှာ အမှန်ပဲ၊ ကျွန်တော်တို့တစ်တွေကိုတော့ မိသားစုတွေနဲ့ မင်းဆိပ်သားတွေက ဒီအချိန်လောက်ဆို သေကုန်ကြပြီလို့ ထင်မှာပဲ၊ ငါးပူတင်းတပေါ့ - ဟုတ်လား"

"ဒါနဲ့ - ဒီလ သီတင်းကျွတ်လနော် - ငပြာရှည်"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ - ဗိုးရစ်ကြီး၊ မြန်မာလနဲ့ မြန်မာရက်တွေတောင် မေ့ကုန်ပြီလား၊ အရက်ကို အလွန်အကျွံသောက်တော့ မှတ်ဉာဏ်တွေ မေ့ကုန်တာဖြစ်မယ်"

"ငါ့စကားကို အပြစ်တင် မစောပါနဲ့ဦး၊ ဆုံးအောင် နားထောင်ကြပါ၊ ငါငယ်စဉ်က ဘုန်းတော်ကြီးကျောင်းမှာ စာသင်ခဲ့ရတယ်၊ လောကနီတိရဲ့ ဆက်သက်လို့ နေထွက်၊ နေဝင်အကြောင်း သိခဲ့ရတယ်လေ၊ ရှေးက မြန်မာကြီးတွေဟာ နေထွက်၊ နေဝင်နဲ့ပတ်သက်လို့ "ကျွတ်၊ မေး၊ နင်တို့" ဆိုပြီး မှတ်သားထားကြလေရဲ့၊ ကျွတ်ဆိုတာ သီတင်းကျွတ်လပေါ့၊ မေးစကားဟာ ...သျှာအရ ငါးဂဏန်းလေ၊ "နင်တို့" က သုံးညဆိုသကွဲ့၊ ဒါကြောင့် သီတင်းကျွတ်လမှာ နံနက်ငါးနာရီတိတိ အရုဏ်တက်၊ မပျက်လို့ရေ၊ နာရီပိုင်းလ ...း သုံးပါလေတဲ့ကွ - မှတ်ထားကြ"

www.burmeseclassic.com

"ဒါဆို - မကြာခင် အရုဏ်ကျင်းပြီး မိုးစင်စင်လင်းတော့မယ်လို့ ဆိုချင်တယ်ပေါ့ - ဟုတ်လား - ဗိုးရစ်ကြီး၊ မိုးထိန်ထိန်လင်းလာရင် ပင်လယ်ပြင်ဝန်းကျင်အားလုံးကို ကောင်းကောင်းမြင်တွေ့နိုင်ပြီပဲ၊ ဒါပေမဲ့ - ကျွန်တော်တို့ရဲ့မျက်နှာနဲ့ ရင်ဘတ်ကို လှိုင်းနဲ့ ရေစီးအားက တွန်းပို့နေသလို သတိထားမိတယ်၊ ရေပြန်ကျချိန် ဖြစ်လောက်ပြီထင်တယ်"

ငံပြာရည်ပြောမှ စိုးရိမ်မိသွားတယ်၊ ရေစီးအတိုင်း ရေ့ဘက်ကို မျောနေရာမှ ယခုတော့ ရေမျက်နှာစာကနေပြီး ရေစီးအား တွန်းကန်နေသလို သိလိုက်ရလေရဲ့၊ သို့ဖြင့် ကျုပ်တို့တစ်တွေ လှိုင်းက ပုတ်လိုက်၊ လှိုင်းနဲ့ အတူ ရှေ့ကို မျောပါသွားလိုက်၊ လှိုင်းပြန်အကျ ရေအဆွဲနဲ့ နောက်ပြန်ဆုတ်ပါသွားနေသဗျ၊ ထိုအချိန် နေရာ့က ကြက်တွန်သံ ကြားရတယ်၊

•• ••

"အော် - အီး - အီး - အွတ်"

"အလိုလေး ..."

ကျုပ်တို့ ဝမ်းသာသွားတယ်၊

"ဒါ - မိုးလင်းကြက်တွန်တဲ့အသံပဲ၊ ငါတို့ကမ်းခြေနဲ့ မဝေးတော့ဘူး၊ မိုးလင်းရင်တော့ - ငါတို့အသက်အန္တရာယ် မစိုးရိမ်တော့ပါဘူးကွ"

"ဟာ - ကျုပ်ခြေထောက်နဲ့ ရေအောက်က ကျောက်ဆောင် တိုက်မိလိုက်တယ်၊ ကမ်းခြေအစပ်ရောက်နေလို့လား မသိဘူး"

ငံပြာရည်စကားဆုံးသောအခါ စက်စဲတောင်ပေါ်ကျောင်းဆီမှ ခုန်းမောင်းခေါက်သံ ကြားလိုက်ရတယ်၊ ကျုပ်တို့အတွက် အားတက်စရာ၊ ဝမ်းသာစရာပင်၊ မကြာမီ ထွက်ပေါ်လာမည့် အရုဏ်ဦး ရောင်နီနဲ့အတူ ကျုပ်တို့ အသက်ရှင်နိုင်ဖို့အတွက် အခွင့်အလမ်းတစ်ရပ် မဟုတ်လား၊

"အဘိုးရေ - ကျုပ်တို့မသေနိုင်တော့ဘူးဗျ၊ စက်စဲရေလယ်ဘုရားကျွန်းနားကို ရောက်နေပြီပဲ၊ စောစောက ကိုငံပြာရည်ပြောတာ ဟုတ်မယ်၊ သူ့ခြေထောက်နဲ့ ကျောက်ဆောင်တိုက်မိတာ ဆိုတာလေ၊ အဲဒါဖြစ်နိုင်တယ်၊ ဒီရှေ့တည့်တည့်ကို ကြည့်စမ်း၊ ကျွန်းရိပ်မည်းမည်း မဟုတ်လား"



ကျုပ်တို့အားလုံး ကျွန်းရိပ်မည်းမည်းကို မျက်လုံးကျွတ်မတတ် စိုက်ကြည့်လိုက်ကြတယ်၊ အမှောင်ရိပ်က ဖုံးလွှမ်းနေသေးသဖြင့် သဲသဲကွဲကွဲတော့ မမြင်ရသေးဘူး၊ မှုန်ဝါးဝါးနဲ့ပေါ့၊ မကြာမီ ရောင်နီဦး ပေါ်တော့မယ့် အရိပ်လက္ခဏာ ပြနေပြီ"

တဖြည်းဖြည်း အရိပ်မည်းမည်းကျရောက်နေတဲ့ဆီကို နီးသထက် နီးကပ်လာလေရဲ့၊ အမှောင်ထု လျော့ပါးစပြုနေတဲ့ ပတ်ဝန်းကျင်အောက်မှာ အရိပ်မည်း ထင်ရှားစပြုနေပြီလေ၊ ဗိုးထူးက လူငယ်ပီပီ ထိုနေရာသို့ စူးစူးစိုက်စိုက်ကြည့်လျက် အားရဝမ်းသာစွာ အော်ပြောတယ်၊

"အရုဏ်ဦးရောင်နီ ပေါ်လာနေပြီ - ပေါ်လာပြီ၊ ကျုပ်ထင်ထားတဲ့အတိုင်း စက်စဲမင်းဆိပ် ရေလယ်ဘုရားကျွန်းဗျို့ ပင်လယ်မှာ ကျုပ်တို့ မသေနိုင်တော့ဘူး"

ဒါကြောင့် ကျုပ်တို့ရဲ့ ယုတ်လျော့နေတဲ့ ခွန်အားတွေ ပြည့်တိုးပွားလာသယ်၊ တစ်ညလုံး ပင်ပန်းခဲ့သမျှ စိုးရိမ်သောကတွေ တစ်မဟုတ်ချင်း လွင့်စဉ်တုန်ရဲ့၊ ရှိသမျှခွန်အားတွေ ညှစ်ထုတ်ပြီး ကျွန်းပေါ်ရောက်အောင် ကူးခတ်နေကြတာပေါ့၊

ဒါပေမဲ့ - အမြင်နီးသလောက် ခရီးက ဝေးကွာနေတုန်းပဲ၊ လှိုင်းက နောက်ကျောမှ ပုတ်ခတ်လိုက်၊ ကျုပ်တို့လူစုလည်း ကျွန်းအခြေနား ကပ်သွားလိုက်၊ တစ်ဖန် လှိုင်းပြန်ဆင်းသွားလိုက်၊ ကျုပ်တို့အားလုံး ပင်လယ်ပြင်ဘက်ပြန်ပါသွားလိုက်နဲ့ပေါ့၊ အသည်းယားစရာ၊ စိတ်သောကဖြစ်စရာပဲ၊ အချိန်ကြာလာတော့ ကျွန်းနားနီးလို့ ခံစားနေရတဲ့ ဝမ်းသာကြည်နူးမှုတွေ တောင် ပျက်ပြယ်စပြုလာမိတယ်၊

"ဗိုးရစ်ကြီးရေ - ကျုပ်တို့အဖြစ်က ပါးစပ်နားတော့နေတဲ့မုန့်ပဲသရေစာ ခြကြီးပေါ် ရုတ်တရက် ပြုတ်ကျသလို ဖြစ်နေသဗျ၊ အခုအချိန် ရေပြန်ကျချိန်ဆိုတော့ ပင်လယ်ထဲ ပြန်မျောပါသွားရင် ဒုက္ခပြန်ရောက်ကုန်လိမ့်မယ်"

"အေး - ဟုတ်တယ်၊ ပင်လယ်ထဲ တစ်ညလုံး စုန်ဆန်မျောခဲ့ပြီး အခုသလောက်ပဲ ကျွန်းနားရောက်နေပြီးမှ သေမယ့်ကိန်း ပြန်ဆိုက်သယ်ဆိုရင်



www.burmeseclassic.com

တော့ ငါတို့ကုသိုလ်ကံက ဆိုးပါတယ်ကွာ၊ ငါတို့အသက်ရှင်နေသရွေ့ ရှိသမျှ လက်ကျန်ခွန်အားနဲ့ ရုန်းကန်လိုက်ရအောင်ဟေ့"

ဒီလိုနဲ့ လက်တစ်ဖက်က ပနောင်ဝါးကို တွယ်ထားပြီး ကျန်တစ်ဖက်နဲ့ အားတက်သရော ကူးခတ်လာကြတယ်။ လှိုင်းတစ်ချက်အပုတ်မှာ ကမ်းခြေအနီး ရောက်သွားလေရဲ့၊ ကျုပ်မြေး ဖိုးထူးဟာ ရရှိလာတဲ့ အခွင့်အရေးကို ကောင်းကောင်းအသုံးချလိုက်တယ်။ ဖက်တွယ်ထားတဲ့ပနောင်ကိုလွှတ်ပြီး လှိုင်းနဲ့အတူ ကျွန်းပေါ်ရောက်အောင် အသည်းအသန်ကူးခတ်နေတော့တယ်။

ထိုအချိန် ကျုပ်မြေး ဖိုးထူး ကျွန်းပေါ် ရောက်ရှိသွားပြီ၊ ရေစပ်ကနေပြီး ကျုပ်တို့ကို ကြည့်နေလေရဲ့၊ သူ့တစ်ကိုယ်လုံး မိမွေးတိုင်း ဖမွေးတိုင်းလေ။

နောက်တစ်ချက် လှိုင်းတစ်လုံးဖြစ်ပေါ်လာပြန်ပြီ၊ ကျုပ်တို့လည်း ရရှိတဲ့ အခွင့်အရေး လက်လွှတ်ခံလို့ မဖြစ်ဘူး။ လှိုင်းကလည်း ခပ်ပြင်းပြင်းပဲ၊ လှိုင်းလုံးကြီးနဲ့အတူ ကျွန်းနားရောက်လာတော့ ပနောင်လွှတ်ပြီး အားကုန်ကူးခတ်ကြတာပေါ့။

ကျုပ်တို့အားလုံး ကျွန်းပေါ်ရောက်ကုန်တာ ယုံတောင် မယုံနိုင်ကြဘူး။ ဒီအချိန်ကျမှ ပြုံးနိုင်ကြတယ်၊ ကျုပ်တို့နှစ်ယောက်လည်း ကိုယ်ပေါ်မှ အဝတ်အစား ဗလာကျင်းလို့ပေါ့၊ တစ်ယောက်နဲ့တစ်ယောက် မရှက်နိုင်ကြပါဘူး။ အရှက်ပြေပြုံးပြကြပြီး ဘုရားတုန်းဝန်းကျင်မှာ အရှက်လုံအောင် ကာကွယ်ဖို့ ရှာဖွေကြလေရဲ့၊ ဖျာတွေ့သူက ဖျာ၊ အဝတ်ပိုင်းတွေ့သူက အဝတ်ပိုင်းနဲ့ပေါ့၊ ဘာပဲပြောပြော - လောလောဆယ်ဆယ် အရှက်လုံကြပြီလေ။

အခြေအနေက လွှတ်မြောက်လာတော့ "ဓလုတ်ထိမှ အမိတ" မိတာ အမှန်ပဲ၊ ရင်ပြင်တော်တက်ပြီး စက်စဲရေလယ်ဆံတော်ရှင်မြတ်ကို ဦးခိုက်ကန်တော့လိုက်ကြတယ်၊

ထိုအခိုက် ကျုပ်တို့ရဲ့ရင်ထဲမှာ ပြောမတတ်အောင် ဝမ်းသာနေတာ အမှန်ပဲ၊ အခုအချိန် ရေစစ်ချိန်လေ၊ မေင်းဆိပ်ကို သွားလို့ရပေမယ့် တို့ရဲ့ အခြေအနေနဲ့ကိုယ်မို့ ကျွန်းပေါ်မှာ အချိန်ကုန်ခံနေကြရလေရဲ့၊ အခုမှ သန်းခေါင်ပြင် ညဥ့်မနက်တော့ဘူး မဟုတ်လား။



ဒီလိုနဲ့ ရေပြန်တက်ချိန် ရောက်ရှိလာပြန်ပြီလေ။ ရေပြန်တက်လို့ ကျွန်းအနီးဝန်းကျင်ကို လှေတစ်စင်း ဖြတ်မောင်းလာတယ်၊ အဝတ်စတစ်ခိုင်းနဲ့ လှုပ်ယမ်းပြီး ငပြာရည်အချက်ပြနေတာ မမြင်ကြဘူး။ လှသုံးယောက်ရှိတာ တစ်ယောက်မှ မမြင်ကြတာ အံ့ရဲ့၊

"တောက် - ဒီလူတွေ မျက်စိတော်တော်မှုံကြတာပဲ"

"ဖိုးထူးရေ - ပင်လယ်မှာ အရှအေးမိပြီး မသေပဲ ကုန်းပေါ်ရောက်မှ လေတိုးတဲ့အအေးဒဏ် ခံရလို့ သေတော့မှာပဲ၊ အခုမှ ဝမ်းထဲ ဆာဆာလောင်လောင်ဖြစ်လာတယ်"

"ဟုတ်တယ် - တစ်ညဥ့်လုံး ပင်ပန်းထားသမျှ ရင်ထဲအေးသွားအောင် တစ်ခုခုစားလိုက်ရရင် ကောင်းမှာပဲ"

ရေတောင် တော်တော်ကမ်းပြည့်လာပြီဖြစ်တယ်၊ ထိုစဉ် လှေတစ်စင်း ကျွန်းဘက်ကို ဦးတည်လာနေလေရဲ့၊ ဖိုးထူးက လက်ညှိုးညွှန်ပြလျက် ငပြာရည်လက်ထဲက အဝတ်စကို လှမ်းယူလိုက်တယ်၊

သူက ရေစပ်တော်တော်ဆင်းပြီး ဝှေ့ယမ်းပြတာ ... လှေပေါ်ကလူတွေ တွေ့သွားဟန်တူရဲ့ဗျာ၊ ကျုပ်တို့ကျွန်းဆီ တန်းတန်းမတ်မတ် ရုတ်မောင်းလာနေတာပေါ့၊ ကျုပ်တို့အားလုံး ဝမ်းသာလို့ ထခုန်မတတ်ပဲ၊ တဖြည်းဖြည်း ကျွန်းအနီးကို လှေရောက်လာတော့မှ လုံးလုံးလျားလျား စိတ်ချသွားတော့တယ်၊

သူတို့တစ်တွေ ကျွန်းပေါ်တက်လာပြီး ကျုပ်တို့အရှက်လုံအောင် လုံချည်အောင်းဘီတွေ ပေးကြတယ်၊ ကျွန်းက လှေပြန်အထွက်မှာတော့ ဝါးတစ်လုံးနဲ့ လုံချည်ကို ချည်နှောင်ကာ လှေဦးတွင် အလံအဖြစ် စိုက်လိုက်တယ်၊

မကြာမီ ချောင်းတွင်းထဲသို့ လှေမောင်းဝင်ခဲ့တယ်၊ ကျုပ်တို့လှေကိုမြင်တော့ ကမ်းပေါ်က လူတွေ အုတ်အော်သောင်းတင်းပေါ့၊

www.burmeseclassic.com

ကမ်းစပ်မြေပြင်ကို ကျူပ်ခြေထောက် ချမိတော့ ဒူးတွေတောင် တဆတ်ဆတ်နဲ့ တုန်ယင်နေလေရဲ့။ ကျူပ်မိန်းမ မစိန်သုန်အနီး ရောက်လာတယ်။ သူ့မျက်နှာ ဝိုထားရလွန်းလို့ အမ်းတမ်းတမ်းနဲ့။ ကျူပ်ကို မချိပြုံးပြုလေရဲ့။ ကျူပ်ဘေးက မြေးဖိုးထူးဆီ လှမ်းသွားပြီး မျက်ရည်စမ်းစမ်းနဲ့ ပြောရှာတယ်။

"လူကလေးရယ် - မသေကောင်း မပျောက်ကောင်းကွယ်။ မနက်ဖြန်သင်္ကန်းဝတ်ဖို့ လုပ်ပေတော့နော် - ဟင့် - ဟင့်"

ငံပြာရည်မိန်းမကလည်း ပါးပြင်မှာ မျက်ရည်တွေ စီးဆင်းနေတာ အတိုင်းသားပဲ။ ကျူပ်တို့ကို ဝိုင်းဝန်းမေးမြန်းနေကြသဗျ။ ပင်လယ်သား အချင်းချင်းဆိုတော့ စိတ်မကောင်းဖြစ်နေကြတာပေါ့။ ငိုသူငိုး ကရုဏာသက်သူသက်၊ ကြေကွဲဝမ်းနည်းဝမ်းသာဖြစ်သူဖြစ်။ ချောင်းကမ်းဘေး သဲသောင်ပြင်ပေါ်မှာ အုတ်အုတ်ကျက်ကျက်နဲ့ ဒီအချိန်မှာ ကြည်သိန်းနဲ့ ကကျိကချောင် ချစ်သိန်းတို့နှစ်ဦး ကျူပ်အနား ရောက်ရှုလာလေရဲ့။ ကျူပ်တို့ကို လာခေါ်တဲ့ လှေကသူတို့လှေလေ။ ချစ်သိန်းက စပ်ဖြဲဖြဲနဲ့ပြောတယ်၊ အခုအချိန်ကစပြီး ဖိုးရစ်ကြီးကို ဘွဲ့ထူးတစ်ခု ထပ်တိုးပေးရမယ်။ ပင်လယ်မှာ တစ်ညလုံး ပနောင်ဝါးတစ်လုံးနဲ့ ဖက်တွယ်ပြီး အသက်ရှင်လာတဲ့အတွက်ကြောင့် "ဖိုးရစ်ကြီး ပနောင်ထွန်းမြ" ပေါ့တဲ့။

လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်က ပင်လယ်ပြင်တွင် အသက်မသေပဲ ပြန်ရောက်လာသော စက်စဲမင်းဆိပ်မှရေလုပ်သားကြီး ဦးထွန်းမြနှင့် ရွာသားအားလုံးကို သတိရတမ်းတလျက် ရေးဖွဲ့လိုက်ပါသည်။

>>> ဟိန်းထက်ဇော်



www.burmeseclassic.com

www.burmeseclassic.com

# ၆၆ ရာဂအမိုက်မှောင်သည်

ပစ္စုပ္ပန်ကာလမှာသာမက နောင်သံသရာဘဝထိပင်

ဝဋ်ကြွေးရှိတတ်ပုံကို သံဝေဂရဖွယ်ရာအဖြစ် ..

၆၆

"**ဘောကြီးတို့** ထောင်မှာ သာထွန်းအောင်ဆိုတဲ့ အကျဉ်းသား များ ရှိသလားကွယ့်"

ကျွန်ုပ်မှာ မိတ်ဆွေတစ်ဦး၏ အိမ်တက်မင်္ဂလာ ဆွမ်းကျွေး အခမ်းအနားသို့ တက်ရောက်ခဲ့ရာ ပင့်သံဃာငါးပါးအနက် သံဃာတစ်ပါးက အထက်ပါအတိုင်း မေးလိုက်ခြင်း ဖြစ်၏။

"ဘယ်သာထွန်းအောင်များလဲ ဘုရား"

"ဟို - ဦးဇင်းတို့ မော်ဘီရှိုင် ညောင်ပင်ရွာက ကျောင်းဆရာ သာထွန်းအောင်လေ - ဒကာကြီး"

"တင်ပါ့ - သူက ဘာအမှုနဲ့ ရောက်နေတာလဲ ဘုရား"

"အင်း - လူသတ်မှုဆိုပါတော့"

"ဩော် - ဒါဆို - တပည့်တော် သိပြီ ဘုရား၊ ဟို - သူငယ် - သူငယ်ချင်း ကျော်ထင်ကို အရက်မူးပြီးသတ်ခဲ့မိတဲ့သာထွန်းအောင်ကိုပြောတာမဟုတ် လား ဘုရား"

"မှန်ပါတယ် - ဒကာကြီး၊ အမှန်တော့ - သာထွန်းအောင် တကယ် သတ်ခဲ့တာက သူငယ်ချင်းစိန်မောင်ကိုပါ၊ ကျော်ထင်က ကြားက မြေစာပင် ဖြစ်ရတာပါ - ဒကာကြီး"

"တင်ပါ့ ဘုရား၊ ဒါနဲ့ - ဦးဇင်းက ဒီအမှုကို ဘယ်လိုကြောင့် အသေးစိတ် သိနေရတာပါလဲ ဘုရား"

ကျွန်ုပ်က အံ့အားတသင့် မေးမိသည်။

"သိဆို - အဲဒီအချိန်က သူ့သူငယ်ချင်း စိန်မောင်ဆိုတာ ကျုပ်ကိုယ် တိုင်ဖြစ်ခဲ့လို့ပဲ - ဒကာကြီး"

"ဗျာ - ဘယ်လို"

ကျွန်ုပ် ကိုယ့်နားကိုယ် မယုံနိုင်အောင် ပါးစပ်ဟောင်းလောင်း ပွင့်သွား မိသည်၊ ဘယ့်နှယ် - အလှူတွင် အမှတ်မထင် တွေ့ရသော ဦးဇင်းတစ်ပါးက ထောင်ထဲကအကျဉ်းသား၏ လူသတ်မှုနှင့်မှ တိုက်တိုက်ဆိုင်ဆိုင် လာပတ် သတ်နေရတယ်လို့၊

"အင်း - ဒကာကြီးတော့ တော်တော်အံ့ဩသွားမိမယ် ထင်ပါရဲ့၊ အမှန် တော့ - ဦးဇင်းနဲ့ ဒကာကြီးလည်း ရေစက်ရှိလို့ ခုလို ဆုံတွေ့ကြရတာပဲကွယ့်၊ ဒီလိုလုပ်ပါ - ဒကာကြီး၊ ဒီအမှုကို စိတ်ဝင်စားတယ်ဆိုရင်တော့ ဒကာကြီး အားတဲ့တစ်နေ့နေ့ ဦးဇင်းတို့ကျောင်းကို လာခဲ့ပါလားကွယ့်"

ကျွန်ုပ်ခဏစဉ်းစားလိုက်ကာ -

"တင်ပါ့ ဘုရား၊ တပည့်တော် - လာနိုင်အောင် ကြိုးစားပါ့မယ်"

အမှန်မှာ ထိုနေ့က ဦးဇင်းကျေနပ်အောင် အလိုက်အထိုက် ဖြေခဲ့မိခြင်း သာ ဖြစ်ပါသည်၊ စိတ်ထဲမှာတော့ သေချာပေါက်သွားမည်ဟု ရည်ရွယ်ချက် ခိုင်ခိုင်၊ သို့တစေ၊ ထိုအမှုကို မကြာခဏဆိုသလို သတိရနေမိသည်၊

သာထွန်းအောင် အမှုဖြစ်စဉ်ကို ကျွန်ုပ်အား ပြောပြစဉ်က သူအရက်မူး သော ငယ်သူငယ်ချင်းကျော်ထင်ကို ဂုက်ကြီးတောင်ဓားဖြင့် ထိုးသတ်မိခြင်း ဖြစ်ပါသည်၊ သူငယ်ချင်းစိန်မောင် (အခုဦးပဥ္စင်းအကြောင်း)၊ ထည့်စွန်း သစ်စမှုပင် မပါ၊



www.burmeseclassic.com

www.burmeseclassic.com

အဘယ်ကြောင့် ဤသို့ဖြစ်ရပါလေသနည်း။ သူသူငယ်ချင်း စိန်မောင်ကို ချွန်လုပ်ထားရလောက်အောင် အဘယ်သို့သော အကြောင်းထူးများ ရှိနေပါလေသနည်း။ မည်သို့ဆိုစေ၊ ကျွန်ုပ်အနေနှင့်သာ ထွန်းအောင်ကိုလည်း ထပ်မံမေးမြန်း၍ မသင့်တော့၊ သူကိုယ်တိုင် ထိမ်ချန်ထားသော ကိစ္စကို နှိုက်မေးခြင်းက သူ့ကို စိတ်ဒုက္ခရာပေးသလို ဖြစ်သွားနိုင်မည်။

ထို့ကြောင့် ကျွန်ုပ် ဦးဖင်းစိန်မောင်နှင့်တွေ့ဆုံရန် ဆုံးဖြတ်ခဲ့ပြီး သူ သတင်းသုံးရာ မော်ဘီခရိုင်ရှိ ညောင်ပင်သာရွာ (သို့) သွားရောက်ခဲ့သည်။ ဦးဖင်းအား အခန့်သင့် ဖူးတွေ့ရသည်။

"အင်း - ဖြစ် ခဲ့ ပျက် ခဲ့ သမျှတွေ ရဲ့ လက် သည် တရားခံ အစစ်ဟာ စိန်မောင်ဆိုတဲ့ ဦးဖင်းပါပဲကွယ်။ ကဲပါလေ - ဒကာကြီး လိပ်ပတ်လည်သွားအောင် အစကနေပဲ ပြောပြပါတော့မယ်"

ကျွန်ုပ်က လှုပ္ပယ်ပစ္စည်းများ ဆက်ကပ်၍ ဦးသုံးကြိမ် ချပြီးသည်နှင့် ဦးဖင်းက စ ပြောခြင်း ဖြစ်၏။

"ဒီလိုကွယ့် - ကျုပ်ရယ်၊ ကျော်ထင်ရယ်၊ သာထွန်းအောင်ရယ်ဆိုတာ ညောင်ပင်သာရွာရဲ့ ဇာတိရက်မြုပ်သနွေးရွာသားတွေဆိုပါတော့ အဲ - ကျုပ်တို့သုံးယောက်အတွဲက ရွာမှာ နာမည်ကြီးပဲ - ဒကာကြီး။ အင်း - အကောင်တော့ မထင်နဲ့။ အားအားရှိ ထန်းတောထဲမှာချည်း အရှိန်ကုန်နေကြတဲ့ ငမူးအဖွဲ့ဆိုပြီးတော့လေ။ ဟဲ - ဟဲ - ကျုပ်တို့ထဲမှာ သာထွန်းအောင်က တစ်မူထူးခြားတဲ့ကောင်ပဲ။ သူက မူးဆိုပြီး နာမည်သာကြီးနေတာ အမှန်တော့ ဒီကောင်က ကျုပ်နဲ့ကျော်ထင်လို အမူးအလဲ မသောက်တတ်၊ တစ်ခွက် တစ်ဖလားသောက်ပြီး အမြည်းတိုင်စားနေတတ်တဲ့ လူတစ်မျိုးကွယ့်။ ထူးခြားတာက ကျုပ်က ဘယ်လောက်ပဲ ဖမ်းချုပ်ပြီး အတင်းတိုက်တိုက် သောက်တတ်တဲ့ကောင် မဟုတ်ဘူး။ ကျုပ်တို့ အတင်းလောင်းထည့်လို့ ဝင်သွားတဲ့ ထန်းရည်တွေကိုတောင် မျိုမချဘဲ ထွေးထုတ်ပစ်တဲ့ကောင်လေ ..."

"ဒါ့ထက် - ထူးခြားတာက ကျုပ်တို့သုံးယောက်လုံးရဲ့မိဘတွေဟာ တောင်သူယာလုပ်၊ ဓားမခုတ်တွေဖြစ်ပေမယ့် ဒီကောင်က ကျုပ်တို့လို



လယ်ထဲ၊ ရွှံ့ထဲဆင်းပြီး နွားနဲ့ရုန်းချင်တဲ့စိတ်မျိုး မရှိဘူး။ သူ့ရည်မှန်းချက် ပညာတတ်ကျောင်းဆရာလေးဖြစ်ချင်တာလေ။ သူကလည်းကြိုးစား၊ မိဘတွေကလည်း အားပေးကြတာဆိုတော့ ကျုပ်နဲ့ကျော်ထင်သာ ရွာကျောင်းမှ လေးတန်းနဲ့ ကျောင်းထွက်လိုက်ရတာ၊ သူက အလယ်တန်း၊ အထက်တန်းအထိ မြို့တက်ပြီး ပညာသင်နိုင်ခဲ့တယ်လေကွယ်။ အဲ - ကျုပ်တို့မှာတော့ အတန်းပညာဆိုတာနဲ့ဝေးပြီး ဝဿန်ကာလ မိုးကျပြီဆိုရင် ထွန်တုံးဆွဲ၊ လယ်ထဲဆင်းပြီး နွားနဲ့ရုန်းနေရမြဲပါပဲ၊ ရေးကုသိုလ်ကံ အကျိုးမပေးတော့လည်း မြို့နဲ့ဝေးပြီး တောသားဟာ တောသားဖြစ်မြဲပါပဲ - ဒကာကြီး"

"တင်ပါ့ဘုရား"

"သာထွန်းအောင်က သိတင်းကျွတ်ကျောင်းပိတ်ရက်တို့၊ ဒီဇင်ဘာကျောင်းပိတ်ရက်တို့မှာ ရွာကို ပြန်လာတတ်တယ်။ မြို့ပေါ်အနေများလို့ မသိဘူး အသားအရည်တွေ တစ်နေ့တခြားစိုပြေလာလိုက်ပုံများ ဝင်းလို့ ပြောင်လို့ ကျုပ်တို့ တောသားရွှံ့ပုပ်ရောင်အသားနဲ့တော့ ဆီနဲ့ရေလို ကွာပ။ သူ ရွာရောက်လာရင် ဟိုတုန်းကလို ထန်းတောထဲ လိုက်သောက်တာကိုတော့ မျောက်မကွက်ဘူး။ ဒီကောင် - မြို့ရောက်သွားပေမယ့် ဘဝင်မြင့်မသွားဘဲ တောကငယ်ပေါင်းတွေကိုတော့ မမေ့နိုင်တာတွေ့ရတယ်။ ကျုပ်တို့ ဒီကောင်ကို အဲဒါတစ်ခုတော့ အရမ်းသဘောကျတယ်၊ ဒါပေမဲ့ - သောက်နည်းကတော့ ပြောင်းမသွားဘူး၊ အရင်လို တစ်ခွက်၊ တစ်ဖလားပဲ၊ သူက အဲဒါထက်ပိုရင် မူးတတ်လို့တဲ့ - ဒကာကြီးရဲ့"

"တင်ပါ့ဘုရား"

"သာထွန်းအောင်က ပင်ကိုဉာဏ်ရည်ကပဲထက်လို့လား၊ ဒါမှမဟုတ် ဘာကပဲ ကောင်းလို့လား မသိဘူး၊ လူတကာ တဖုတ်ဖုတ်ကျနေတဲ့ ဆယ်တန်းကို နှစ်ချင်းပေါက်အောင်သတဲ့၊ အဲဒါ - ဘယ်လောက် ပျော်ကြ ...သို့ - သူ့အဘက သူ့သား သာထွန်းအောင်ကို ထမ်းပိုးပြီး ရွာတစ်ပတ် ...လျှောက်သတဲ့ဗျ၊ သူ့အိမ်မှာလည်း စတုဒိသာ ကျွေးသလို၊ ရွာ ...တော်ကျောက်ညှင်းပေါင်းကျွေးတယ်လေ။ ဒါပေမဲ့ - လူ့ကံဆိုတာကလည်း


www.burmeseclassic.com

www.burmeseclassic.com

အခက်သား။ ကိုယ်ဖြစ်ချင်သလို ဖြစ်တာမှ မဟုတ်ပေပဲ။ သာထွန်းအောင်က ပညာရေးတက္ကသိုလ် တက်ပြီး အထက်တန်းပြ ဆရာဖြစ်ချင်တာလေ။ သူ့မိဘတွေကလည်း အရင်ကတည်းက သဘောတူကြပြီးသား။ ဖြစ်ချင်တော့ သူ့အဘက သာထွန်းအောင် ဆယ်တန်းအောင်ပြီးလို့မှ မကြာသေး။ လယ်ထဲမှာ ပိုးထိလို့ ဆုံးပါရောလား - ဒကာကြီး"

"တင်ပါ့ ဘုရား၊ ဒါဆို - သူ့ပညာရေးတက္ကသိုလ် တက်နိုင်ခဲ့သေးလား ဘုရား"

"ဘယ်တက်နိုင်ပါတော့မလဲကွယ်၊ တစ်ဦးတည်းသောသား ဆိုပေမယ့် သူ့အဘ ဆုံးပါးသွားတော့ မအေအိုကြီးလည်း စိတ်ထောင်းကိုယ်ကြေပြီ ပေါ့ကွယ်၊ ဒါပေမဲ့ - သူ့သားရဲ့ မူလရည်မှန်းချက်ကို မပျက်စေချင်တာနဲ့ ရန်ကုန် ဆရာဖြစ်တစ်နှစ်သင်တန်းကိုတော့ တက်ခွင့်ပြုခဲ့တယ်လေ၊ သာထွန်းအောင်လည်း အခြေအနေအရ ပညာရေးတက္ကသိုလ်ကို လက်လျှော့ပြီး ဆရာဖြစ်သင်တန်းပဲ တက်ခဲ့ရရှာတာပေါ့ - ဒကာကြီးရယ်"

"တင်ပါ့ ဘုရား"

"အင်း - နဖူးစာတို့ ရေစက်တို့ဆိုတာ ဒကာကြီးတို့ ယုံကြည်မလား မသိဘူး။ ဒါတွေက အတော်ဆန်းကြယ်တာကလား။ အထူးသဖြင့် သာထွန်းအောင်အတွက် ဆိုပါတော့၊ သူ - ဆရာဖြစ်အောင်လို့ သင်တန်းဆင်းတော့ ကျုပ်တို့ညောင်ပင်သာရွာက မူလတန်းကျောင်းမှာ တာဝန်ကျသတဲ့လေ။ ထူးခြားတာက ကျုပ်တို့ရွာကျောင်းမှာ တာဝန်ကျတာ သူတစ်ယောက်ထဲ မဟုတ်ဘူးကွယ့်၊ မလှခင်ဆိုတဲ့ ဆရာမလေးတစ်ယောက်လည်း ပါသေးတယ်လေ၊ မလှခင်က သာထွန်းအောင်နဲ့ ရန်ကုန်ဆရာဖြစ်သင်တန်းမှာ အတူတက်ခဲ့ကြတာတဲ့၊ မလှခင်က ပဲခူးသူတဲ့၊ အမှန်တော့ သူတို့နှစ်ယောက်က သင်တန်းတက်ရင်းက သမီးရည်းစားဖြစ်ပြီး ဘဝကြင်ဖော်အဖြစ် လက်တွဲကြဖို့ ကတိပြုခဲ့ကြတာတဲ့ကွယ့်"

"တင်ပါ့ ဘုရား"

"တစ်ခုဆိုးတာက သာထွန်းအောင်က သူ့အမေအိုကြီးကို အသိမပေးဘဲ သင်တန်းဆင်းတာနဲ့ မလှခင်နဲ့ ရုံးတက်လက်မှတ်ထိုးပြီး ရွာကို တစ်ခါတည်း ခေါ်ချလာတာပဲကွယ့်၊ ဒီတော့လည်း သူ့အမေမှာ ဘာတတ်နိုင်ဦးတော့မလဲ၊ သားကကြိုက်လို့ တရားဝင်လက်ထပ်ယူလာမှတော့ ချွေးမတော်လိုက်ရတာပေါ့လေ၊ တစ်ရွာလုံး ဒီသတင်းပြန့်သွားလို့ ဆရာမအသစ် မလှခင်ဆိုတာကို အရမ်းတွေ့ချင်၊ မြင်ချင်နေကြတာပေါ့၊ သာထွန်းအောင်က တော်ပါတယ်၊ ရွာဦးကျောင်းဆရာတော်ကိုပင့်ပြီး ရွာလုံးကျွတ် ဖိတ်ပြီး မင်္ဂလာဆွမ်းကျွေးပွဲ လုပ်ပေးတယ်လေကွယ်"

"တင်ပါ့ ဘုရား၊ ဒါနဲ့ - ဦးဇင်းတို့လည်း ဖိတ်မှာပေါ့"

"ဟာ - ဘယ်နေမလဲ၊ ကျုပ်တို့ ငယ်သူငယ်ချင်း အရင်းအချာကြီးတွေဘာ ထိပ်ဆုံးကပေါ့၊ အဲဒီပွဲမှာ သာထွန်းအောင်က သူ့မိန်းမ မလှခင်နဲ့ ကျုပ်တို့တစ်တွေနဲ့ တစ်ယောက်ချင်း မိတ်ဆက်ပေးတာပေါ့ကွယ်၊ အဲ - အဲဒီမှာ ကျုပ်ငမိုက်သားစိန်မောင်ရဲ့ ဒီဘဒ္ဒကမ္ဘာမှာ ငရဲကြီးရှစ်ထပ်က ပြန်မတက်နိုင်တဲ့ ရာဂအမှောင်ဖတ်လမ်း နိဒါန်းပျိုးခဲ့တာပါပဲ - ဒကာကြီး"

"အဲဒါ ... ဘာကို ဆိုလိုတာပါလဲ ဘုရား"

"အင်း - အဲဒါကိုတော့ ရှေ့မျက်နှာ နောက်ထားပြီး ပြောပြရတော့မှာပဲ။ ဒကာကြီးမပြောပြလို့လဲ မဖြစ်ဘူးလေ၊ ကျုပ် - ဒကာကြီးကိုသာထွန်းအောင်အကြောင်း စ,မေးခဲ့တာကိုက ကျုပ်ရဲ့မဟာအမှားကို သတိသံဝေဂရပြီး နောင်လာ နောင်သားတွေ ဘဝသင်ခန်းစာရအောင် ဒကာကြီးကတစ်ဆင့် ခန်းဖြောင့်ချက်ပေးလိုက်ချင်လို့ပဲကွယ့်"

"တင်ပါ့ ဘုရား၊ အမိန့်ရှိပါ"

"ဒီလိုကွယ့်၊ သာထွန်းအောင်လင်မယား ရွာကို ရောက်လာကြတယ် ဆိုရုံပဲ ထူးခြားတဲ့သတင်းတစ်ခု တစ်ရွာလုံး မွှေးပြန့်နေပါလေရော၊ တခြားတော့ မဟုတ်ဘူး၊ သာထွန်းအောင်ရဲ့ဇနီး ကျောင်းဆရာမ မလှခင်တခင်တန့်ကို ချောမောလှပတယ်ဆိုတဲ့ သတင်းပါပဲ၊ ကျုပ်နဲ့ကျော်ထင်သာ ဒွန်းဆိုတာကို သွားကြည့်ချင်နေကြပေမယ့် လယ်ယာအလုပ်တွေမအား

www.burmeseclassic.com

www.burmeseclassic.com

နိုင်အောင် ဖြစ်နေတယ်လေ၊ ညနေပိုင်း အလုပ်နားချိန် ရောက်ပြန်တော့လည်း ကျုပ်တို့က အရက်ကလေး တမြမြနဲ့ဆိုတော့ သူ့အိမ်သွားလည်လို့ မဖြစ်ပြန်ဘူး။ မူးရူးနေတဲ့ကျုပ်တို့ ပြောမှား ဆိုမှားဖြစ်ရင် သာထွန်းအောင်အတွက် မကောင်းဘူး မဟုတ်လား - ဒကာကြီး"

"တင်ပါ့ဘုရား။ ခုမှ - ရွာရောက်ဖူးတဲ့ဇနီးအသစ်ကလေး အထင်သေးသွားနိုင်တာပေါ့ဘုရား"

"ဒါပေါ့ - ဒကာကြီးရဲ့၊ အဲလို မသွားဖြစ်ခဲ့ရာက မင်္ဂလာဆွမ်းကျွေးနေ့ကျမှ သူ့ဇနီးကို စမြင်ဖူးတော့တာပေါ့၊ အဲ - ပြောပါရစေတော့ကွယ်။ သာထွန်းအောင်မိန်းမ မလှခင်ဆိုတာ တော်ရုံချောတာ လှတာမှ မဟုတ်ဘဲ၊ သူ့ကိုမြင်လိုက်ရတာနဲ့ တိမ်ယံကြားက လပြည့်ဝန်းကြီး ထွက်လာသလို တစ်ခန်းလုံး လင်းထိန်သွားပါလေရဲ့၊ နဖူးကျဉ်းကျဉ်း၊ နှာတံစင်းစင်း၊ နီထွေးတဲ့ နှုတ်ခမ်းနှစ်မြွာနဲ့ သွယ်လျတဲ့မျက်နှာ၊ ပိတုန်းရောင်လို နက်မှောင်ရှည်လျားတဲ့ဆံပင်၊ သပြေသီးမှည့်လို ဝင်းလဲ့စိုပြေလှတဲ့အသားအရေ၊ အိုဗျာ ကျုပ်တို့စာထဲမှာသာ ဖတ်ဖူးတဲ့ မိန်းမတို့ရဲ့ ကောင်းခြင်းငါးဖြာဆိုတာ အားလုံး မလှခင်ဆီမှာ စုနေတာကွယ့်"

"တင်ပါ့ဘုရား"

"အမှန်ဆို - ကျုပ်က ဘုန်းကြီးကျောင်းထွက်ပါ၊ ငါးပါးသီလမှာပါတဲ့ ကာမေသုမိစ္ဆာရာကံထိုက်ရင် ဘဝပေါင်းများစွာ ခံစားရမယ့်ဝဋ်ဆင်းရဲကို ကျုပ်မသိလို့ မဟုတ်ဘူး၊ မြတ်စွာဘုရား ဟောကြားခဲ့တဲ့ အပါယ်ငရဲကျရောက်တတ်တဲ့ အကုသိုလ်တွေကိုလည်း နားမလည်လို့ မဟုတ်ပါဘူး။ အဲဒါတွေအားလုံး ငယ်စဉ်တတည်းက ကျုပ်နှလုံးသားထဲမှာ သန္ဓေတည်အသားကျပြီးသားပျာ၊ အဲ - ဒါပေမဲ့လေ - ကျုပ်မျက်စိထဲ အဲဒါကလွဲပြီး ဘာဆိုဘာမှ မမြင်နိုင်တော့ဘူးလေ၊ ကြည့်စမ်း - တဏှာပေမရဲ့ စွဲလမ်းတွယ်တာမှုက ဘယ်လောက်တောင် ကြောက်စရာကောင်းလဲလို့၊ ရှက်ရှက်နဲ့ ဆက်မပြောရရင် - ဒီရာဂစိတ် ဘယ်လောက်ထိ ပြင်းပြလာသလဲဆို အဲဒီနေ့ကစပြီး မလှခင်ကို တစ်နေ့မမြင်ရ မနေနိုင်အောင် ဖြစ်လာတယ်။ အဲဒီ

ကြောင့်လည်း ရွာက မုလတန်းကျောင်းကို သာထွန်းအောင် တွေ့ချင်သလိုလိုနဲ့ မလှခင်ကို နေ့တိုင်း သွားသွားကြည့်ရတာဖြင့် အမော၊ ကျွန်ုပ်ရတ်သိ ထဲမှာတော့ အဖြူအစိမ်းနဲ့ကျမှ သူ့ကိုယ်လုံးအလှတ ပိုအချိုးအဆစ် ပေါ် လွင်ပြီး ရုပ်လုံးကြွလာသလိုပဲ ကျောင်းပိတ်ရက်ကျပြန်တော့လည်း ကျွန် တ မနေနိုင်ပြန်ဘူး။ လမ်းကြုံလို့ ဝင်လာသလိုယောင်နဲ့ ရမည်ရှာပြီး သူတို့အိမ် တစ်ခေါက်လောက်ဝင်ရတာပေါ့။

"တင်ပါ့ဘုရား"

အဲလို မခင်လှကို တစ်ရက် မမြင်ရ မနေနိုင်အောင် စွဲလမ်းနေရာတာနေ အဆင့်တွေကျော်တက်ပြီး မလှခင်နဲ့အတူ ပေါင်းသင်းနေထိုင်ချင်တဲ့စိတ် မှိုင်းတွေ တဖွားဖွား ပေါ်လာပါတော့တယ်၊ အဲဒါနဲ့ - မလှခင်ကို ဘယ်လို



"ဟေ့ - သာထွန်းအောင် - ငကြောက် - သတ္တိရှိရင် ဆင်းခဲ့လေကွာ"

လို့ အော်ခေါ်မိတယ်။ အဲဒီတုန်း သာထွန်းအောင် အိမ်ပေါ်က ငှက်ကြီးတောင်ဓား ဆွဲခုန်ဆင်းလာပြီး ကျုပ်ကို ခုတ်ထိုးလိုက်ပါလေရော။

www.burmeseclassic.com

ကြံစည်ရင် ရနိုင်မလဲဆိုပြီး အချိန်ရှိသရွေ့ ညဏ်နီညဏ်နက် ထုတ်နေမိတယ်။ နောက်ဆုံး အကြံကောင်းတစ်ခု ရလာတယ်။ သာထွန်းအောင်မိန်းမ ရပြီးကတည်းက ကျုပ်တို့ငယ်သူငယ်ချင်းတွေကို တစ်ဝိုင်း မကျွေးရသေးဘူးလေ၊ အဲဒီ-သူ့ကို ကျုပ်ပွဲကောင်းတော့သာ ထွန်းအောင်က ပထမတော့ အင်တင်တင် လုပ်နေသေးတယ်၊ ဒါပေမဲ့-ကျုပ်ကို ငြင်းလို့ မရမှန်းသိလို့ လာမယ့်စနေနေ့ညနေ သူ့အိမ် လာခဲ့ကြဖို့ ချိန်းလိုက်တော့တယ် အကာကြီး"

"တင်ပါ့ဘုရား"

"ကျုပ်ကလည်းအကြံပိုင်တဲ့ခွေးပဲဗျာ၊ သာထွန်းအောင်ကဒီရွာသားကျောင်းဆရာလေးဆိုတော့ ရပ်ရေး ရွာရေး လူမှုရေးအဖွဲ့တွေမှာ ပါတယ်ကွယ့်၊ အဲဒါကြောင့်-ညဘက်ဆို ဟိုက လာခေါ်၊ ဒီကလာခေါ်နဲ့ အိမ်မှာနေရတယ်ကို မရှိလှဘူး။ ကျုပ်က အဲဒီအခြေအနေကို သိထားတော့ ညဘက် သူ့အပြင်သွားနေတုန်းမလှခင်ကိုကြံစည်မယ်ပေါ့လေ။ ဒါကိုကျုပ်အကြောင်းအတွင်းသိ၊ အစင်းသိနေတဲ့ ကျော်ထင်က အဲလိုသူငယ်ချင်း အချင်းချင်းသစ္စာမဖောက်ဖျက်ဖို့ ကျုပ်ကို အတန်တန်တားတယ်၊ ဒါပေမဲ့-ကျော်ထင်ကျုပ်ကို မလှန်ရဲဘူး။ သူက ကျုပ်ဆို အသေကြောက်တဲ့ ငယ်ကြောက်လေ။ ခုလည်း ကျုပ်အကြံအစည်ကို တစ်ခွန်းမှ အထွန့်မတက်ရဲဘဲ အစီအစဉ်အတိုင်း သာထွန်းအောင်အိမ်ဆီ လိုက်ပါခဲ့ရတာပေါ့ကွယ်"

"တင်ပါ့ဘုရား"

"အဲဒီညက ကျုပ်တို့သူငယ်ချင်းသုံးယောက် ရေးဖြစ်နောက်ကြောင်းတွေပြောရင်း သောက်လိုက်ကြတာ၊ မီးတောက် ပုလင်းကြီးတစ်လုံးအကုန်မှာ ကျုပ် ကြိုတင်တွက်ဆထားတဲ့အတိုင်းပါပဲ၊ လူမှုရေးအဖွဲ့တစ်ခုက သာထွန်းအောင်ကို လာခေါ်ကြပါလေရောလား၊ သာထွန်းအောင်ကကျုပ်တို့ကို ဆက်သောက်ဖို့နဲ့ မလှခင်ကိုလည်း အမြည်းမပြတ် ထည့်ပေးဖို့မှာသွားသေးတယ်၊ ကျုပ်နဲ့ကျော်ထင်လည်း ဆက်သောက်ကြတယ်၊ ကျုပ်အတော်လေး ရေချိန်ကိုက်ချိန်မှာ မလှခင်ထွက်လာပြီး အမြည်းတွေလာ

ထည့်ပေးတယ်၊ သူ-အိမ်ထဲ ပြန်အဝင်မှာ သူ့ကို အိပ်ခန်းထဲ အထိ ထွန်းသွင်းတယ်၊ စိတ်ရိုင်းဝင်နေတဲ့ကျုပ်ဟာ အသိစိတ်ပျောက်ပြီး သူ့နောက်တအယီးအယိုင်နဲ့ ထလိုက်သွားမိတယ်၊ မလှခင်ကို မိတာနဲ့ သူ့နောက်တနေ သိမ်းကြုံးဖက်ထားလိုက်တော့တယ်၊ အဲဒီမှာ မလှခင်က လန့်ဖျပ်ပြီး -

"လာကြပါဦးတော့-ဟောဒီက ကိုစိန်မောင်ကြီး ကျွန်မကို မတရားကြံနေလို့"

လို့ အော်ဟစ်လိုက်တော့တယ်၊ ကျုပ်လည်း လန့်ပြီး လက်အလွှတ်လိုက်မှာ ကျော်ထင်က ကျုပ်လက်ကို အတင်းဆောင့်ဆွဲပြီး အိမ်အောက်ရောက်အောင် ခေါ်ချသွားတယ်၊

အဲဒီမှာမလှခင်အော်သံကြောင့် အူယားပြေးအလွှားရောက်လာတဲ့ သာထွန်းအောင်က ကျုပ်ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး -

"စိန်မောင်-မင်း-ငါ့မိန်းမကို"

လို့ အသံတုန်ကြီးနဲ့မေးတယ်၊ ကျုပ်က မူးနေတာဆိုတော့ -

"အေး-ဟုတ်တယ်-ငါကြံတာကွ၊ မင်း-ဘာလုပ်ချင်လဲ"

လို့ စိန်ခေါ်လိုက်မိတယ်၊ သာထွန်းအောင်ဘာမှ မပြောဘဲ အိမ်ပေါ်ကို အမြန်ပြေးတက်သွားတာ တွေ့ရတယ်၊ အဲဒီအချိန်မှာ ကျော်ထင်က ခြံဝင်းထဲက အမြန်ဆုံးထွက်ဖို့ပြောရင်း အတင်းဆွဲခေါ်တယ်၊ ကျော်ထင်က ငယ်ကြောက်ပေမယ့် ကျုပ်တစ်ခုခုဖြစ်မှာကို အလွန်စိတ်ပူတတ်တဲ့ကောင်ဗျ။ ကျုပ်က မူးကလည်းမူး၊ အသိစိတ်ကလည်း မဲ့နေတာဆိုတော့ သူခေါ်ရာ မလိုက်ဘဲ အိမ်ဘက်လှည့်ပြီးတော့ -

"ဟေ့-သာထွန်းအောင်-ငကြောက်-သတ္တိရှိရင် ဆင်းခဲ့လေကွာ"

လို့ အော်ခေါ်မိတယ်၊ အဲဒီတုန်း သာထွန်းအောင် အိမ်ပေါ်က ငှက်ကြီးတောင်ဓား ဆွဲခုန်ဆင်းလာပြီး ကျုပ်ကို ဆောင့်ထိုးလိုက်ပါလေရော၊ အဲဒီအချိန် "အား" ခနဲ အော်သံနဲ့အတူ ကျော်ထင် မြေကြီးပေါ်ကို ခွေခနဲ လဲကျသွားတာ မြင်လိုက်ရတယ်၊ သူ့ရင်ဘတ်မှာ ဓားတန်းလန်းကြီးနဲ့၊ သွေးတွေတလည်း မြင်မကောင်းအောင်ထွက်လို့၊ တကယ်တော့ ကျော်ထင်တာ

www.burmeseclassic.com

www.burmeseclassic.com

ကျုပ်နဲ့သာ ထွန်းအောင် ကြားဝင်ဖျဉ်ရင်း မားစာခံ ဖြစ်သွားရရှာတာပါ ဒကာကြီး"

"အခြေအနေက ဘယ်လိုဆက်ဖြစ်လဲ ဘုရား"

"အင်း - အခြေအနေက နိုင်ငံရှုပ်တော့ ကျော်ထင် ပွဲမျင်းပြီးသေတယ်။ သာထွန်းအောင် - လူသတ်မှုနဲ့ အဖမ်းခံရတယ်။ မလှခင် - သူမိဘများရှိတဲ့ ပဲခူးကို ပြန်သွားတယ်၊ ကျုပ်ကတော့ - ကျုပ်ကြောင့် ငယ်သူငယ်ချင်း၏ တစ်ယောက်သေ၊ တစ်ယောက်အဖမ်းခံရ၊ သူငယ်ချင်းရဲ့အိမ်ထောင်ပါ ပြိုကွဲခဲ့ရတဲ့အဖြစ်ဆိုးကို သံဝေဂရပြီး အရက်သေစာကို တစ်သက်လုံး ဝေရာမဏီလုပ်ဖို့ ဘုရားမှာ လှူလိုက်တယ်။ တကာရာဂစိတ်ရိုင်းကို ဦးနှောက်ပညာချွန်းနဲ့ မထိန်းချုပ်နိုင်ဘဲ ကျူးလွန်မိတဲ့ အကုသိုလ်တွေ ဘဝအဆက်ဆက်လျှော့နည်းလိုလျှော့နည်းငြားရှာဦးကျောင်းဆရာတော် ဆီမှာ လျှောက်ထားတောင်းပန်ပြီး သာသနာဘောင် ကူးပြောင်းခဲ့တယ်။ ဒါပေမဲ့ - ဒကာကြီး"

"ဒါပေမဲ့ - ဘာဖြစ်လဲ ဘုရား"

"ဩော် - ဝဋ်ကြွေးဆိုတာ အင်မတန် ကြောက်စရာ ကောင်းလှတယ် ဒကာကြီး။ ဘုရားသော်မှ မရှောင်လွှဲနိုင်ဘူး မဟုတ်လားကွယ်၊ ကျွန်ုပ် ကျူး လွန်ခဲ့တဲ့အကုသိုလ်က နောင်ဘဝမှာ ဘယ်လိုဆိုးကျိုးတွေ ပေးမယ်မသိဘူး။ ခု - ဒီဘဝမှာ လက်ငင်းဝေဒနာဆိုးကျိုးတွေ ခံစားနေရပြီလေ - ဒကာကြီး"

"ဘယ်လိုဝေဒနာဆိုးကျိုးတွေလဲ ဘုရား"

"အင်း - ပြောရမှာတော့ ခပ်ရှက်ရှက်ပဲ၊ ကျုပ်မှာ လွန်ခဲ့တဲ့တစ်နှစ် ကျော်လောက်ထဲက ဆီးကျိတ်ကင်ဆာ ဖြစ်နေတာကွယ့်၊ မကြာသေးခင်ကပါ ပါရဂူနဲ့ထပ်ပြတော့ အလွန်ဆုံး ခြောက်လပဲ နေရတော့မယ်တဲ့၊ ကျုပ် ဒီဝေဒနာ ခံစားရကတည်းက ဘယ်ကိုမှ ဆွမ်းစား မကြွတော့ဘူး၊ ကျောင်းမှာပဲ ဝိသသနာထိုင်ပြီး ဝေဒနာကို ရှုမှတ်နေတယ်၊ ဟိုအပတ်က အိမ်တက်ဖိတ်တဲ့အင်းစိန်က ဒကာကြီးကတော့ ဆရာရင်း၊ တပည့်ရင်းတွေ ဖြစ်နေတယ်လေ။ ပြီးတော့ - သူမိတ်ဆွေထောင်ပိုင်ကြီးလည်း လာမယ်ပြောတာနဲ့ ကျုပ် ဘရားရှုမှတ်ရင်း သွားခဲ့ရတာပါ။ လူတွေရှေ့မှာတော့ ကျုပ်ဝေဒနာကို အောင့်အည်းသည်းခံပြီး ဟန်လုပ်ကြွခဲ့ရတာပေါ့။ ခုတော့ - ကျုပ်ရင်ထဲမှာအနှစ်နှစ်အလလကိန်းအောင်းနေခဲ့တဲ့သံဝေဂတရားကိုထောင်ပိုင်ကြီး ဆီမှာ ဝန်ချ ရင်ဖွင့်လိုက်ရလို့ ကျုပ် သေပျော်ပါပြီကွယ်၊ အဲ - ကျုပ်တစ်ခု မေတ္တာလုပ်ခံခဲ့ချင်တာက ငယ်သူငယ်ချင်းအပေါ်သစ္စာဖျက်ပြီး ဖောက်ပြား ခဲ့မိတဲ့ ကျုပ်ရဲ့အမှားတွေကို ဒီဘဝနဲ့ပဲ ကျေအေး ခွင့်လွှတ်ပေးပါတော့လို့ သာထွန်းအောင်ကို တောင်းပန်ပေးဖို့ မှာခဲ့ပါရစေကွယ်"

"တင်ပါ့ဘုရား။ တပည့်တော် - ဆောင်ရွက်ပေးပါ့မယ်"

ကျွန်ုပ် ထိုသို့ ကတိပေးခဲ့မိသော်လည်း ဘုန်းကြီးကျောင်းမှ ပြန်လာပြီး အချိန်အတန်ကြာသည်အထိ သာထွန်းအောင်ကို အသိပေးရန် ချီတုံချတုံ ဖြစ်နေမိသည်၊ ဤကိစ္စ ပြောလိုက်ခြင်းဖြင့် သာထွန်းအောင်အတွက် မည်သို့ အကျိုးရှိနိုင်ပါသလဲ၊ ကျွန်ုပ်အနေနှင့်မူသာ ထွန်းအောင်အဖို့ အကျိုးမရှိ အညှိအပြင် ခါးသီးသောအတိတ်၏အကြောကိုသာ ပြန်လည်ခံစားရမည်ကို ၏ သို့ဖြစ်ရာ ထောင်ဒဏ်ဆယ်နှစ်၏ နေသားထက်ဝက်ကျော် ရနေပြီဖြစ် သော သာထွန်းအောင်အားထောင်မှလွှတ်သည့်နေ့မှ ထုတ်ပြောတော့မည် ဟု ဆုံးဖြတ်လိုက်မိသည်၊

ထိုနေ့မှ သုံးလခန့်အကြာတွင် သတင်းစာ၌ ဦးဇင်းကိုစိန်မောင် ပျံလွန် တော်မူကြောင်း နာရေးသတင်းကို ဖတ်လိုက်ရ၏။

ဩော် - တကာပေမ တည်းဟူသော အဝိဇ္ဇာအမှောင်တိုက်အတွင်း ဒုစ္စာနစ်မြောနေသမျှ သတ္တဝါတို့သည် သံသရာဝဋ်ဆင်းရဲ၌ ဝဲစင်းနေ ကြရဦးမည် မဟုတ်ပါလား။

>>> ပဟိုစော



www.burmeseclassic.com

www.burmeseclassic.com

**ထူးကြီး** ။ ဒီနေ့ ထောင်မှ လွတ်ခဲ့သည်၊
ထူးကြီးသည် သူ့တစ်သက်တာတစ်လျှောက်လုံး ထောင်ထဲမှာသာ အချိန်ကုန်လွန်၍ ထောင်ထဲမှာပင် သေရလိမ့်မည်ဟု ယုံကြည်မျှော်လင့်ထားသူ ဖြစ်သည်။ ထောင်အာဏာပိုင်များက သူ့ကိုခေါ်ပြီး ယနေ့မှစ၍ ထောင်မှ ထွက်ခွင့်ပေးလိုက်ပြီဟု ပြောလိုက်သည့်စကားကို သူ့အား ငရဲသို့ သွားစေဟု အမိန့်ချမှတ်လိုက်သည့်သဖွယ် ထူးကြီး ခံစားခဲ့ရ၏၊




# သောင်းဂုပင်

## မိုက်တယ်ခိုတာ ဒီလိုလား

www.burmeseclassic.com

www.burmeseclassic.com

"ခုဆို - ခင်ဗျားက လွတ်လပ်တဲ့သာမန်လူတစ်ယောက် ဖြစ်သွားပြီ၊ ခင်ဗျားအနေနဲ့ အပြင်လောကမှာ လွတ်လပ်စွာ လှုပ်ရှားသွားလာနိုင်ပြီ၊ ဒီတော့ - ကိုထူကြီး - ခင်ဗျားအနေနဲ့ အတိတ်က ကျူးလွန်ခဲ့တဲ့ မိုက်ပြစ်တွေကို မေ့ပစ်လိုက်ပါ။ မိုက်ပြစ်တွေရဲ့အကျိုးကို ပေးဆပ်ပြီးပြီ၊ ဝေါရှုခဲ့ပြီးပြီလို့ မှတ်ယူပါ။ အပြင်လောကမှာ လူသစ် စိတ်သစ်နဲ့ ရိုးသားတဲ့ အသက်မွေးဝမ်းကျောင်းမှု လုပ်ပြီး အေးအေးဆေးဆေး နေပေတော့၊ ကိုထူကြီးအတွက် ကျုပ် ဝမ်းသာတယ်ဗျာ"

ထောင်မှမထွက်ခွာခင် ထောင်မှူးကြီးက သူ့ကိုခေါ်၍ ပြောကြားခဲ့သည့် စကားများ ဖြစ်ပါသည်၊ သူတို့က အထိမ်းအမှတ်ပွဲတစ်ခုအတွက် အကျဉ်းသားများကို လွှတ်ပေးရာတွင် ထူကြီးပါဝင်ကြောင်း အားရဝမ်းသာ ပြောကြားခဲ့လေသည်၊ လူတစ်ယောက်ကို ဒုက္ခဆင်းရဲတွင်းထဲ ရောက်အောင် နင်ထုတ်ခြင်းအတွက် သူ ဘာကြောင့်ဝမ်းသာနေသလဲ ထူကြီး စဉ်းစားလို့ မရခဲ့ချေ။

••❧••

အမှန်တကယ်လည်း ထူကြီးသည် ထောင်ဘူးဝမှ ထွက်သည်နှင့် ဒုက္ခတောထဲသို့ ရောက်သွားရပါသည်၊

လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ် ထူကြီး ထောင်ကျစဉ်က သူဝင်ခဲ့ရသောထောင်မှာ ဤထောင် မဟုတ်ချေ၊ နှစ်သုံးဆယ်အတွင်း ထောင်နှစ်ကြိမ် ပြောင်းရွှေ့ခဲ့ရသည့်အတွက် ယခု သူထွက်လာသော ထောင်ရှိသည့်မြို့မှာ ယခင်က သူရောက်ဖူးသောမြို့မဟုတ်ပါ။



ထူကြီးသည် ယောင်ချာချာနှင့်ပင် လမ်းမအတိုင်း လျှောက်လာခဲ့သည်၊ အတန်ကြာ လျှောက်လာသည့်အခါ လူအတော်များများ စုဝေးနေသည့်နေရာတစ်ခုသို့ ရောက်လာလေ၏၊ ထူကြီးက သွားလာလှုပ်ရှားနေသူများ၊ ထမ်းပိုးသယ်မ,နေသူများ၊ ဥဒဟိုဝင်ထွက်နေသော ယာဉ်ရထားများတိုကြည့်၍ထိုနေရာကို "ဈေး" ဟူ၍သိလိုက်ရလေသည်၊ ရောင်းဝယ်ဖောက်ကားပုံများနှင့် ကုန်ပစ္စည်းများအပေါ် သတ်မှတ်သည့်ငွေကြေးများကို သူ မသိတော့ပါ၊ ငွေဟု တွေးလိုက်မိသည်နှင့် သူက သူ့အိတ်ကပ်ကလေးကို စမ်းကြည့်လိုက်မိလေသည်၊ သူ့မှာ ပိုက်ဆံတစ်ပြားတစ်ချပ်မှ မရှိတာသိ၍ ထောင်မှူးကြီးက ပေးလိုက်သော ငွေစက္ကူတစ်ရွက် သူ့အိတ်ကပ်ထဲ၌ ရှိနေလေ၏၊ ထူကြီးက အိတ်ကပ်ထဲမှ ငွေစက္ကူကို နှိုက်ယူလိုက်သည်၊ ပိုက်ဆံကိုအသုံးမပြုတာကြာ၍ ဘယ်လောက်တန်ဖိုးရှိတဲ့ငွေစက္ကူဆိုတာ ထူကြီး မသိပါ၊

ထူကြီး ငွေစက္ကူကိုဖြန့်ကာ ဖတ်ကြည့်လိုက်၏၊ (၅၀၀) ဟူသော ဂဏန်းဖြင့် ဖော်ပြထားချက်နှင့် "ငါးရာကျပ်" ဟု စာသားဖြင့် ဖော်ပြထားချက်များကိုဖတ်ကာ သူ တုန်လှုပ်သွားလေးသည်၊ ငါးရာ - ငါးရာ အများကြီးပါလား၊ ငါးရာသည် လူတစ်ယောက်၏ဘဝကို ဝယ်နိုင်သည်၊ သူကိုယ်တိုင် သူ့ဘဝကို ငါးရာဖြင့် အဝယ်ခံခဲ့ရဖူးပါသည်၊

"လုပ်မလား - ငါးရာ ပေးမယ်"

အသားနီစပ်စပ်လူ၏ အသံဝဲဝဲဖြင့် ပြောသည့်စကားကို သူယုံစားမိသည်၊ ကြိုးကလေးကို ဆွဲလိုက်ရုံနှင့် ငွေငါးရာပေးမယ်တဲ့၊ သူ မယုံသင်္ကာဖြစ်နေတာကိုသိ၍ထိုလူက "ရော့ - လောလောဆယ် - နှစ်ရာယူထား" ဆိုကာ ငွေနှစ်ရာကို ရက်ရက်ရောရော ထုတ်ပေးခဲ့သည်၊ သူ့ရတွက်ကြည့်တော့ ထစ်ဆယ်တန် အရွက်နှစ်ဆယ်တိတိ၊ တကယ့်ငွေနှစ်ရာပါလား၊ အိတ်ထဲ

ရောက်လာသော ငွေ(၂၀၀)က နောက်ထပ် (၃၀၀)ရဖို့အတွက် တွန်းအားပေးခဲ့လေသည်။ အတိတ်ကို ပြန်တွေးရင်း ထွေကြီး သက်ပြင်းချလိုက်သည်။

သူ ဆာလောင်လာသည်၊ ထွေကြီး ဈေးထဲလျှောက်ကာ စားသောက်ဆိုင်များကို လိုက်ကြည့်သည်၊ တစ်နေရာ၌ မုန့်ဟင်းခါးဆိုင်တစ်ဆိုင်ကို တွေ့သည်၊ ဆိုင်ရှင်မိန်းမက မုန့်ဟင်းခါးဟင်းရည်အိုးကို မွှေလိုက်ရာ အနံ့က ထောင်းခနဲထပြီး ထွေကြီးနှာခေါင်းဝသို့ လာတိုးလေသည်။

ထွေကြီးက မုန့်ဟင်းခါးဆိုင်ရှေ့တွင် ဝင်ထိုင်လိုက်လေသည်။

"မုန့်ဟင်းခါးတစ်ပွဲ"

ဈေးသည်ပြင်ပေးသော မုန့်ဟင်းခါးကို ထွေကြီး အားရပါးရစားလေသည်၊ ဖိမ်ဆွဲ၍စားလေသည်၊ ကုန်သွားမှာစိုး၍ ဖြည်းဖြည်းချင်း စားလေသည်။

"ဘယ်လောက်လဲ"

"နှစ်ရာ"

"ဘာ ..."

"နှစ်ရာလေ"

"နှစ်ရာ – နှစ်ရာတောင် – များလှချေလား။ ဟုတ်ရဲ့လားဗျာ၊ ကျုပ်ငယ်ငယ်တုန်းက တစ်ပွဲမှ တစ်မတ်ရယ်၊ အကြော်နဲ့မှ ပြားသုံးဆယ်"

"ဘာ ..."

ဈေးသည်က သူ့ကို စကားဆုံးအောင် အပြောမခံဘဲ သံကုန်ဟစ်အော်ထည့်လိုက်သည်။

"ယီးတီးယားတားမလုပ်နဲ့ဗန်း၊ ရူးသလိုကြောင်သလို လာလုပ်မနေနဲ့၊ ပေဘာဒီမှာ အရပ်ကတို့ရေ – မုန့်ဟင်းခါးတစ်ပွဲ တစ်မတ်ထင်လို့ စားတာတဲ့တော်၊ ပေ့လူကြီး – ပိုက်ဆံပေးရမှာစိုးလို့ ရူးကြောင် မူးကြောင် လာလုပ်မနေနဲ့၊ ငတ်နေရင် တောင်းစား၊ ယောက်မတာ မိသွားမယ်၊ ဘာအောက်မေ့ထုံး"

"မဟုတ်ပါဘူး – မသိလို့ပါ၊ ကျုပ် – ကျုပ်မှာ ခုမှ ထောင်ကထွက်လာတာမို့ပါဗျာ"

"ထောင်ထွက်ဆိုပြီး ကြောက်မယ်ထင်လို့လား၊ ကျုပ် မုန့်ဟင်းခါးဖိုး ပေးလိုက၊တော့ ..."

"ပေးပါမယ် – ပေးပါမယ်၊ ပါပါတယ် – ရော့ – ရော့"

ထွေကြီးက အိတ်ကပ်ထဲမှ ငါးရာတန်ကို အမြန်ထုတ်ပေးလိုက်ရလေသည်။

ဘုရား၊ ဘုရား၊ မုန့်ဟင်းခါးတစ်ပွဲ နှစ်ရာတဲ့၊ သူ ထောင်ကျနေတဲ့အတောအတွင်း ကမ္ဘာလောကကြီး ပြောင်းပြန်လန်သွားလေပြီလား။

သည်အတိုင်းဆိုလျှင် သူများလုပြီဟုထင်ခဲ့သောငွေငါးရာသည်ကြာကြာအသုံးခံမည်မဟုတ်၊ စားသောက်ဖို့အတွက် ငွေရှာရပေတော့မည်၊ ထောင်မှူးကြီးက ရိုးရိုးသားသား လုပ်ကိုင်စားသောက်ဖို့ သူ့ကို မှာလိုက်သည်၊ သူ ဘာလုပ်ရမည်နည်း၊ ထောင်ထဲမှာ လုပ်ခဲ့သောအလုပ်မျိုးမဟုတ်လျှင် သူ ဘာမှမလုပ်တတ်တော့ပါ။ သူ့ကိုစိုက်ပျိုးခင်းတစ်ခင်းမှာ ခိုင်းတဲ့သူရှိပါမှ သူ အလုပ်ရတော့မည်။

ထွေကြီးသည် မြို့ထဲတွင် လျှောက်သွားကာ သူလုပ်ရမည့်အလုပ်ကို လိုက်ရှာလေသည်။

တစ်နေရာတွင် ဗိနပ်လုပ်ရန်အတွက် သားရေပြားတွေ ကိုက်ညှပ်နေသည့်အလုပ်သမားများကို တွေ့၍ အလုပ်ကလေးများ ရနိုင်မလားဟု ဝင်မေးကြည့်သည်၊ အလုပ်သမားတစ်ယောက်က "ဟိုမှာပိုင်ရှင်" ဆိုကာ ထိပ်ပြောင်ပြောင်လူကြီးတစ်ယောက်ကို လက်ညှိုးထိုးပြသည်၊ ထေ့ကြီး အလုပ်ရနိုင်မလားဟု ရိုရိုကျိုးကျိုး သွားမေးသည်ကို လူကြီးက သူ့အား ခြေဆုံးခေါင်းဆုံးကြည့်ကာ ခေါင်းကို ပြုတ်သွားလုမတတ် ခါယမ်းရင်း "မဖြစ်ပါဘူး သွား - သွား - သွား" ဟု မောင်းထုတ်လိုက်လေသည်၊

ထေ့ကြီးသည် တစ်နေကုန် တစ်နေခန်း အလုပ်လိုက်ရှာသည်၊ အလုပ်လိုက်ရှာနေသည်နှင့်ပင် ညနေစောင်းတော့မည်၊ ဗိုက်ကလည်း ဆာလာပြန်လေပြီ၊

ထေ့ကြီးသည် ထောင်ကို သတိရမိ၏၊ ထောင်ထဲမှာ ဘာမှပူပန်သောက ရောက်စရာမလို၊ စားချိန်တန် စား၊ အိပ်ချိန်တန် အိပ်ရုံပင်၊ ကိုယ်တာဝန်ရှိသည့်အလုပ်ကို မည်မျှပင်ပန်းသည်ဖြစ်စေ လုပ်ပေးလိုက်လျှင် တာဝန်ကျေသည်၊ ထေ့ကြီးသည် ထောင်ကို လွမ်းလာ၏၊ ထောင်ထဲကိုပြန်သွားချင်စိတ်ပေါက်လာသည်၊

သူသည် လမ်းဘေးတစ်နေရာမှ အရိပ်ရသော အုတ်ခုံလေးတွင်ထိုင်ကာ သူ့ဘဝ၏ ကံဆိုးမှုများကို တွေးနေမိလေသည်၊

သူသည် လူမှန်းသိတတ်စကတည်းက ကံဆိုးခဲ့သည်၊ သူ့မိခင်က သူ့ကိုမွေးပြီးပြီးချင်း မီးတွင်းထဲမှာပင် သေဆုံးခဲ့သည်၊ ဖခင်က စိတ်လေလွင့်ကာ ထိုအချိန်မှစ၍ ရွာမှ ထွက်သွားသည်၊ သူသည် အဖေ၊ အမေကို မမြင်ဖူးခဲ့ရ၊ သူ့ကို ဖခင်၏အစ်ကိုဖြစ်သူက ကောက်ယူကျွေးမွေးခဲ့သည်၊ ကြည်ကြည်ဖြူဖြူ မွေးခဲ့ခြင်းတော့ မဟုတ်၊ ဘကြီးသည် မိန်းမ၏အပြောခံရကာ မွေးခဲ့ရခြင်းဖြစ်သည်၊ ဘကြီးမိန်းမ ပြောရခြင်းမှာလည်း အပြစ်မဟုတ်၊ သူတို့မှာ



အဲ - တစ်ကြိမ်တစ်ခါတည်းသာ၊ တစ်ကြိမ်တစ်ခါတည်းသာ


သူ့မိုက်ခဲ့မိပါသည်။ အဲဒါကလည်း ကြိုးကလေးကို ဆွဲရုံနှင့် ငွေငါးရာရမည်ဆို၍

လုပ်မိခြင်းဖြစ်သည်။ ကြိုးကလေးတစ်ချောင်းကို ဆွဲလိုက်ရုံဖြင့်

လူမိုက်ဖြစ်သွားမည်ဟု မထင်ခဲ့မိပါ။

ထိုသို့ မသိနားမလည်ခြင်းကြောင့် ကြိုးတစ်ချောင်းကို အင်အားမစိုက်ပဲ

ဆွဲလိုက်ရုံဖြင့် သူ လူမိုက်ကြီး ဖြစ်ခဲ့ရလေ၏။



ဝင် ကလေးငါးယောက် ရှိနေရာ ထေ့ကြီးသည် သူတို့အတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်နေသည်၊

သည်လိုနှင့် သူ့အသက် ခြောက်နှစ်လောက်အရောက်တွင် သူ့ကို ရွာဦးဘုန်းကြီးကျောင်းမှာ အပ်နှံလိုက်တော့သည်၊ ဘကြီးက သူ့ကို နာမည်လေးတော့ မှည့်ပေးခဲ့သေးသည်၊ "မောင်ထေး" တဲ့၊

www.burmeseclassic.com

ဘုန်းတော်ကြီးကလည်း မိဘမဲ့ကလေးအပေါ် ကရုဏာထားရှာပါသည်။ အခြားကျောင်းသားများနှင့် ထန်းတူထားသည်။ စာသင်ပေးသည်။ သို့သော် ထွေကြီးသည် သင်ပုန်းကြီးမှ တက်မလာခဲ့ချေ။ သင်ပုန်းကြီး တော့ရုံသာ ရှိခဲ့သည်။ စာကို ဘယ်လိုမှ သင်ပေးလို့မရ။

ဘုန်းကြီးက ထွေကြီးကို ဝေယျာဝစ္စနိုင်းစေရန်နှင့် ဆွမ်းခံကြွရာတွင် နောက်မှ ဆွမ်းအုပ်ပိုက်လိုက်ရန်အတွက်သာ သုံးတော့သည်။ နိုင်းစေသည်ဆိုသော်လည်း ထွေကြီးကို နိုင်းလိုက်လျှင် ဘယ်တော့မှ အဖြစ်တကျ ပြီးစီးလေ့ မရှိချေ။ ဘာနိုင်းနိုင်း၊ အပေါက်လမ်းမတည့်လွန်း၍ ဘုန်းကြီးက သူ့ကို "လူ့အနွံ့" ဟု ဘွဲ့ပေးသည်။ "လူမိုက်" ဟု ခေါ်သည်။ "ဗာလာန်" ဟု ခေါ်သည်။

ထို့ကြောင့် ဘုန်းကြီးက မောင်ထူးဆိုသည့် သူ့နာမည်ကိုဖျက်ကာ "မောင်ထု" ဟု ခေါ်လေတော့သည်။ မောင်ထုမှ ထွေဖြစ်လာသည်။ အသက်ကြီးလာတော့ ငယ်သူတွေက ခေါ်ကြတာ ထွေကြီး။ နာမည်မှာပင် ထုသည်၊ ထိုင်းသည်၊ ထုံသည်၊ နံ့သည်၊ အသည်၊ နသည် ဆိုသည့်အဓိပ္ပာယ်တွေ အပြည့်ပါဝင်နေ၏။

တစ်နေ့တော့ မြို့ကျောင်းမှာ စာဝါလိုက်နေသော ဦးဇင်းတစ်ပါး ကြွလာတွင် မြို့အပြန်၌ ထွေကြီးကို မြို့သို့ ထည့်လိုက်လေသည်။

"သူ့ကိုမြို့မှာ ဘာအလုပ်ပဲရရ သွင်းပေးလိုက် - ဦးဇင်းကြီး ဘယ်လောက် ပင်ပန်းပင်ပန်း ဒီကောင် လုပ်နိုင်တယ်။ ဟဲ့ - ထွေ - မြို့ရောက်ရင် ဦးဇင်းကြီး စကား နားထောင်၊ ကောင်းကောင်းနေ - မမိုက်နဲ့ - ကြားလား"

သည်လိုနှင့် ထွေကြီး မြို့ရောက်ခဲ့သည်။ မြို့က မီးရထားလမ်းရှိသည့်မြို့ ဖြစ်ရာ ဦးဇင်းကြီးက သူ့ကို ဘူတာတွင် ကုန်တင်ကုန်ချနေရာ၌ရရန် ပြောပေးလိုက်သည်။ ဦးဇင်းကြီးမျက်နှာဖြင့် သူသည် ဘူတာတွင် ကူလီဖြစ်ခဲ့ရလေ၏။



ထွေကြီးသည် အလုပ်ကို ရိုးရိုးသားသား လုပ်ခဲ့ပါသည်။ ကြိုးလည်း ကြိုးစားခဲ့ပါသည်။ ဘုန်းကြီးမှာလိုက်တဲ့အတိုင်း လိမ်လိမ်မာမာနေခဲ့ပါသည်။

အဲ - တစ်ကြိမ်တစ်ခါတည်းသာ၊ တစ်ကြိမ်တစ်ခါတည်းသာ သူမိုက်မဲမိပါသည်။ ဒါကလည်း ကြိုးကလေးကို ဆွဲရုံနှင့် ငွေငါးရာရမည်ဆို၍ လုပ်မိခြင်းဖြစ်သည်။ ကြိုးကလေးတစ်ချောင်းကို ဆွဲလိုက်ရုံဖြင့် လူမိုက်ဖြစ်သွားမည်ဟု မထင်ခဲ့မိပါ။

ထိုသို့ မသိနားမလည်ခြင်းကြောင့် ကြိုးတစ်ချောင်းကို အင်အားမစိုက်ဝဲ ဆွဲလိုက်ရုံဖြင့် သူ လူမိုက်ကြီး ဖြစ်ခဲ့ရလေ၏။

အသားနီစပ်စပ်လူကို တစ်နေ့တည်း သုံးလေးကြိမ်မြင်လိုက်ရ၍ သူ သတိပြုမိခဲ့သည်။ အသားနီစပ်စပ်လူသည် သူ့ကို အကဲခတ်ကြည့်နေတာကိုလည်း သူရိပ်မိသည်။ နေ့လယ်ခင်းကျတော့ အသားနီစပ်စပ်လူက သူ့အနီးသို့ ရောက်လာကာ "တိုင်ပင်စရာရှိလို့ ခေါ်လိုက်ခဲ့ပါ" ဟု ခေါ်လေရာ သူ အံ့အားသင့်သွားလေသည်။

အသားနီစပ်စပ်လူသည် အများသုံးအိမ်သာများအနီးသို့ သူ့ကိုခေါ်သွားတာ ပြောပြလေသည်။ အသားနီစပ်စပ်လူက သူ့ကို ကြိုးလေးတစ်ချောင်း အား ဆွဲပေးနိုင်မလားဟု မေးလေသည်။ ကြိုးကို ဆွဲရုံကလေး ဆွဲပေးရုံဖြင့် သူ့ကို ငွေငါးရာပေးမည်ဟုလည်း ဆိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုလဲ - လုပ်မလား - ငါးရာပေးမယ်"

သူ မယုံကြည်ဟန်ဖြင့် ကြည့်နေသည်ကို ရိပ်မိသော အသားနီစပ်စပ်လူက "ရော့ - လောလောဆယ် နှစ်ရာယူထား" ဆိုကာ ငွေနှစ်ရာကိုရက်ရက်ရောရော ထုတ်ပေးခဲ့သည်၊ သူရေတွက်ကြည့်တော့ တစ်ဆယ်တန်အရွက်နှစ်ဆယ်တိတိ၊ တကယ့်ငွေနှစ်ရာပါလား။

"ဘယ်လိုလုပ်ရမယ်ဆိုတာ ကျုပ်ပြမယ် - လာ - လိုက်ခဲ့"

အသားနီစပ်စပ်လူက သူ့ကို ဘူတာနှင့် ခပ်လှမ်းလှမ်းသို့ ခေါ်သွားလေသည်၊ ကုန်လှောင်ရုံများအလွန် ရထားအဝင်လမ်း၊ သစ်ပင်တန်းဘေး ရထားသံလမ်းရှိရာ ကုန်းမြင့်၏အောက်ဘက်၊ ထိုနေရာတွင် ကြိုးတစ်ချောင်းကိုတွေ့ရသည်၊ ကြိုးမှာ ပျော့ပျောင်းသော သံမဏိကြိုးဖြစ်သည်၊ ကြိုးစသည်ဘယ်နေရာတွင် ဆုံးသည်ကို သူမသိ၊

"ခင်ဗျားက ရထားလာရင် ဟောဒီကြိုးစလေးကို ခင်ဗျားဘက်ကို ဆွဲလိုက်ရုံပဲ - ဒါပဲ၊ ဒါလေးလုပ်ရုံနဲ့ ခင်ဗျား ငါးရာရမှာနော်"

"ဟုတ်ပြီလား - ခင်ဗျားဆွဲရမယ့်အချိန်က ဟိုဘက်ကဝင်လာတဲ့ရထားခေါင်းတွဲကုန်ရုံရှေ့ရောက်ပြီဆိုတာနဲ့ ဆွဲရမှာ - မှတ်မိလား"

ရထားလာတဲ့အထိ သူရပ်စောင့်နေခဲ့သည်၊ ငွေနှစ်ရာ စရန်ယူထားတာနဲ့ တန်မျှအောင် သူ့ဘက်က တာဝန်ကျေဖို့ လိုသည်မဟုတ်ပါလား၊

ရထားဝင်လာပြီ၊ ရထားက သူရပ်နေသည့်နေရာကို ကျော်သွားသည်၊ သူသည် ခေါင်းတွဲကို သတိထားကြည့်နေ၏၊ ရထားခေါင်းတွဲသည်၊ ကုန်ရုံရှေ့သို့ ရောက်ပါပြီ၊ အသားနီစပ်စပ်လူ ညွှန်ကြားသည့်အတိုင်း သူက ကြိုးကို သူ့ဘက်သို့ ဆွဲချလိုက်သည်၊

အုန်းခနဲ ကျယ်လောင်သော ပေါက်ကွဲသံကြီး ပေါ်ထွက်လာသည်၊ သူလန့်သွားသည်၊ သူ့ရှေ့မှ သံလမ်းပေါ် ပြေးနေသော ရထားတွဲများ မိုးပေါ်သို့



မြောက်တက်တုန်သည်၊ ငရဲပွက်သကဲ့သို့ အော်ဟစ်သံများ ကြားလိုက်ရသည်၊ မြေပြင်သည် သိမ့်သိမ့်တုန်သွား၏၊

ထေူကြီးသည် ရုတ်တရက် ပြောင်းလဲသွားသောမြင်ကွင်းကို အံ့ဩစွာရပ်ကြည့်နေခဲ့သည်၊ သူဆွဲလိုက်သော ကြိုးကလေးနှင့် မီးရထားကြီး ပေါက်ကွဲတိမ်းမှောက်သွားခြင်းတို့ ဆက်စပ်မှုကို ထိုအချိန်အထိ သူမသိသေး၊ မသိ၍သာ နေရာမရွှေ့ရပ်ကြည့်နေမိခြင်း ဖြစ်ပါသည်၊

ထိုနေရာသို့ လူအများ ရောက်လာပြီး ကြိုးစကိုင်ရပ်နေသော သူ့ကိုအမြင်တွင် ဝိုင်းဝန်းဖမ်းချုပ်ကာ အချုပ်ခန်းထဲသို့ ပို့လိုက်ကြလေသည်၊ ဘာလုပ်ကြတာလဲ၊ သူမှာ ဘာအပြစ်ရှိလို့လဲ၊ ထေူကြီး နားမလည်နိုင်ချေ၊

တရားရုံးတွင် ရုံးတင်စစ်ဆေးတော့ သူ့အတွက် တပ်ထားသောပုဒ်မများက များပြားလွန်းလှပေသည်၊ ပြည်သူပိုင်ပစ္စည်း ဖျက်ဆီးမှုတဲ့၊ လူအစုလိုက် အပြုံလိုက် သေစေမှုတဲ့၊ ဗုံးဖောက်ခွဲမှုတဲ့၊ နိုင်ငံတော်လုပ်ကြံမှုတဲ့၊ သောင်းကျန်းသူနှင့် ဆက်သွယ်မှုတဲ့၊

ဒါတွေ တစ်ခုမှ သူ မကျူးလွန်ခဲ့ပါ၊ အသားနီစပ်စပ်လူက ငွေငါးရာပေးမယ်ဆိုလို့ ကြိုးစကလေးကို ဆွဲရုံဆွဲလိုက်တာပါ၊ ဒါတောင် ငါးရာအပြည့်မရခဲ့၊ နှစ်ရာပဲ ရခဲ့သည်၊ အစစ်ခံတော့လည်း သူက ရိုးသားစွာပင် ထိုသို့အစစ်ခံခဲ့လေသည်၊

တရားသူကြီးက သူ့ကို အလုပ်ကြမ်းနှင့် ထောင်ဒဏ် အနှစ်(၄၀)ကျခံရန် ပြစ်ဒဏ်ချမှတ်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com

အုတ်ခုံပေါ်တွင်ထိုင်ရင်း ငိုက်ခနဲဖြစ်သွားရာမှ နှာဝသို့ဝင်လာသော အကြော်နံ့ကြောင့် ထေ့ကြီး လန့်နိုးသွားသည်။ အတိတ်ဖြစ်စဉ် အတွေးများလည်း လွင့်ပျောက်သွား၏။ အကြော်နံ့ကြောင့် ထေ့ကြီး ဆာလောင်မှုတ်သိပ်သွားသည်။ ပြင်းထန်စွာ ဆာလောင်လာလေပြီ။ ထေ့ကြီး အိတ်တပ်ထဲမှ တစ်ရာတန်သုံးရွက်ကို စမ်းသပ်ရင်း အကြော်ဆိုင်သို့ ထလာလေသည်။

"အကြော်တစ်ခု ဘယ်လောက်လဲ"

သည်တစ်ခါတော့ မေးစမ်းပြီးမှစားရန် သင်ခန်းစာ ရလိုက်လေပြီ။

"တစ်ခု ငါးဆယ်"

ပြားငါးဆယ်လား၊ ကျပ်ငါးဆယ်လား ... ထေ့ကြီး စဉ်းစားရပြန်သည်။ ဈေးသည်ကိုတော့ ထပ်မမေးရဲ၊ ပြားငါးဆယ်တော့ ဘယ်နည်းနဲ့မှမဖြစ်နိုင်။ မုန့်ဟင်းခါးတစ်ပွဲတောင် (၂၀၀) ဆိုတော့ ထေ့ကြီးသည် ဗန်းထဲမှ ဘယာကြော်နှစ်ခုကို ကောက်ယူလိုက်၏၊ တစ်ရာတန် တစ်ရွက်ပေးလိုက်တော့ ပြန်မအမ်းပဲ ဈေးသည်က ဈေးဗန်းအောက်ထည့်လိုက်သည့်အတွက် တစ်ခု ငါးဆယ်ဆိုတာ သေချာသွားသည်။

ထေ့ကြီးသည် စောစောက ထိုင်ခဲ့သော အုတ်ခုံလေးဆီ ပြန်သွားကာ ဘယာကြော်ကို စားလေသည်။ ဘယာကြော်သေးသေးလေးနှစ်ခုမှာ ထေ့ကြီး နှစ်ကြိမ်ဝါးလိုက်သည်နှင့် ကုန်သွားလေ၏၊ ထေ့ကြီး အဆာမပြေသေးပါ။ ပို၍ပင် ဆာလာသည်၊ သူ ငွေရှာမှ ဖြစ်တော့မည်။

ညရောက်လျှင် အိပ်စရာနေရာ လိုလာတော့မည်၊ ဘုရား ... ဘုရား ... ငါ ဘယ်မှာ အိပ်ရပါ့မလဲ၊ ပြင်ပလောကသို့ ရောက်ရသည့်အတွက် ကြုံရသောဒုက္ခပါကလား။ ထောင်ထဲတွင် သည်လိုသောကမျိုး ဖြစ်စရာမလို၊ ထောင်ထဲမှာ နေရတာကမှ ကောင်းသေးသည်။ ထောင်ထဲ ပြန်သွားရတာကမှ ကောင်းဦးမည်။



ထိုစဉ် သံရှည်ဆွဲ၍ အော်မြည်လိုက်သော ရထားဥဩသံကို သူ ကြားလိုက်ရ၏။

ဟုတ်သားပဲ၊ ဒီမြို့မှာ ဘူတာရုံ ရှိသည်၊ သူ ထောင်ထဲမှာတုန်းကလည်း ရထားဥဩသံကို အချိန်မှန် ကြားရသည်။

ထေ့ကြီး ဥဩသံကြီးကြားရာအရပ်သို့ မှန်းဆ၍ လာခဲ့လေသည်၊ ကြာခင် ဘူတာရုံကို တွေ့လိုက်ရ၏။ သူသည် ဘူတာရုံသို့ သွက်လက်စွာ လျှောက်လာခဲ့လေသည်၊ အခုနက ကြားလိုက်ရသော ဥဩသံကိုအော်မြည်ခဲ့သည့် မီးရထားသည် ဘူတာထဲသို့ ဝင်လာချိန်ဖြစ်သည်၊ ဘူတာထဲ သူ ရောက်တော့ ရထားက ဆိုက်ပြီးနေပြီ၊ ခရီးသည်များ ဆင်းနေပြီ။

ထေ့ကြီးသည် အနီးဆုံးတွဲတစ်တွဲသို့ ပြေးသွားကာ ခရီးသည်တစ်ဦး၏ အထုတ်အပိုးများအား သယ်ယူရင်း စကားစပ်လိုက်သည်။

"ကျွန်တော် သယ်ပေးမယ် - အစ်ကိုကြီး၊ ပစ္စည်းက ဒါပဲလား - ရှိသေးလား"

သူက ခရီးသည်နှင့် ပြောဆိုမည်ကြံဆဲ ... သူ့လည်ကုတ်ကို တစ်စုံတစ်ယောက်က ဆောင့်ဆွဲလိုက်သည်၊ သူလှည့်ကြည့်လိုက်တော့ ယူနီဖောင်းဝတ် မီးရထားဝန်ထမ်းတစ်ဦး၊

"ဟေ့လူ - ဘာလုပ်တာလဲ"

"ကျုပ် - ကူလီထမ်းမလို့ပါ"

"ဘာ - နားမလည်ဘူးလား၊ အသင်းဝင်မဟုတ်ပဲ လုပ်ခွင့်မရှိဘူး - သွားသွား"

ထေ့ကြီးသည် အံ့သြစွာ နားမလည်စွာ ဆုတ်ခွာခဲ့ရလေသည်၊ ကူလီထမ်းဖို့ကို အသင်းဝင်စရာ လိုသေးသတဲ့လား၊ ဘာအသင်းလဲ၊ အပြင်လောက၏ ပြောင်းလဲနေမှုများကို ထေ့ကြီး လိုက်မမီတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com

ထေ့ကြီးသည် ဘူတာထဲမှ ခုံတန်းလေးပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

မောင်စ,ဖျိုးပေပြီ၊ သည်တစ်ညတော့ ဘူတာထဲမှာပဲ အိပ်ရပေတော့မည်။

ခုံတန်းပေါ်ထိုင်ရင်း အိပ်ငိုက်လာသည်၊ အိပ်ပစ်လိုက်တော့မည်ဟန်ပြင်ကာ ခုံတန်းပေါ် လှဲချလိုက်၏။

"ဟေ့လူ - ဘူတာထဲမှာ အိပ်လို့မရဘူး၊ သွား - သွား - ဒီအချိန် ဘူတာထဲမှာလည်း နေခွင့်မရှိတော့ဘူး - ထွက်တော့"

တာဝန်ရှိသူတစ်ဦးက သူ့ကို လှဲနေရာမှနိုး၍ နှင်လွှတ်လိုက်လေသည်။

• •

ထေ့ကြီးသည် လမ်းမတစ်လျှောက်လျှောက်လာရင်း မြောင်းကြီးတစ်ခုကို ဖြတ်ထိုးထားသော တံတားပေါ်တွင် ဘေးပေါင်တန်း၌ ထိုင်လို့ရသောကြောင့် တက်ထိုင်လိုက်သည်။ သူသည် အိပ်လည်း အိပ်ချင်နေသည်၊ ဆာလည်း ဆာလောင်နေသည်၊ အိပ်လိုက်ရင်တော့ ဆာတာ မေ့သွားလိမ့်မည် ထင်ပါသည်၊ ဘယ်နေရာမှာ အိပ်ရမှာပါလိမ့်၊ ထောင်ထဲမှာတော့ ဒါတွေ အတွက် ပူပန်နေစရာ မလို၊ ထောင်ထဲမှာ နေတာကမှ သောက ကင်းသေးသည်။

ထိုစဉ် မော်တော်ကားတစ်စီး ဖြတ်သွားရာ ကားမီးရောင်က တံတားအောက်ခြေကို ထိုးလိုက်သောကြောင့် တံတားအောက်ဘက် မြင်ကွင်းကို သူ မြင်လိုက်ရလေသည်။ တံတားအောက် မြောင်းထဲတွင် ရေမရှိ၊ မြောင်းက ကျယ်မပြောလှသည်၊ မြောင်းထဲကနေ တံတားအောက်ကို ဝင်အိပ်လို့ ရနိုင်မလား။

ထေ့ကြီးက ကြာကြာစဉ်းစားမနေ၊ ဘေးဘီမှာ လူမရှိတုန်း တံတားဘေးမှ ကုပ်တွယ်ကာ မြောင်းထဲသို့ ဆင်းလိုက်သည်၊ မြောင်းထဲမှာ ရေသိပ်မရှိ၊ ရေက မြောင်းအလယ်အခုကြောင်းတွင်သာ စပ်စပ်စပ်ရှိသည်၊ မြောင်းကို အုတ်ဖြင့် ပေါင်စတ်ထားသည်မို့ ဘေးနံစက်က အုတ်နံရံဖြစ်နေသည်။

ထေ့ကြီးက မြေကြီးပေါ် ထိုင်ချလိုက်သည်၊ စိုထိုင်းထိုင်းဖြစ်နေသည်မှအပ နေရတာ အဆင်မပြေလှ၏။ သူသည် မြေကြီးပေါ်ထိုင်ကာ နံရံဘက်ကို ကျောပေး၍ နံရံကို မှီထိုင်လိုက်သည်၊ ဒီအတိုင်းအိပ်ရရင်တော့ မဆိုး။

ထေ့ကြီးသည် ထောင်၏နွေးထွေးသော လုံခြုံမှုခိုင်ခံမှုကို သတိရလိုက်သည်၊ သူ့အတွက် ထောင်ထက်ကောင်းတဲ့နေရာ ဘာမှမရှိပါကလား၊ ထောင်ထဲမှာဆိုရင် ယခုအချိန် သူ နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်နေပေရော့မည်၊ ထောင်ထဲသာ ပြန်သွားလိုက်ချင်စမ်းပါဘိတော့။

• •

မနက်မိုးစင်စင်လင်းမှ သူ နိုးတော့သည်။

နံရံကို မှီ၍ ထိုင်လျက်အိပ်ခဲ့သော်လည်း နိုးလာတော့ မြေကြီးပေါ်မှာ လဲလျောင်းလျက်သားဖြစ်နေသည်၊ သူ့အောက်ပိုင်းတစ်ခုလုံးသည် စိုထိုင်းသော မြေကြီးတွင် တစ်ညလုံး လဲလျောင်းခဲ့သောကြောင့် ရေငွေ့များရိုက်ကာ စိုရွှဲလျက် ရှိလေပြီ၊ တစ်ကိုယ်လုံး ထုံကျင်ကိုက်ခဲနေ၏၊ ဒီပုံအတိုင်းဆိုကြာရင် သူ့အသက်အရွယ်ဖြင့်အလွယ်တကူ သေဆုံးသွားနိုင်သည်၊ ထောင်ထဲပြန်ရောက်မှဖြစ်တော့မှာပါ။

www.burmeseclassic.com

www.burmeseclassic.com

ထွေကြီးသည် မြောင်းထဲမှာပင် အပေါ့အပါးသွားကာ မြောင်းပေါင်ပေါ်သို့ပြန်တက်ခဲ့၏။

သူ မြောင်းထဲမှတက်လာသည်ကို အသက်ဆယ်နှစ်အရွယ်ကလေးတစ်ယောက်က တံတားပေါ်မှ ရပ်ကြည့်နေလေသည်။ ကောင်လေးက လက်တစ်ဖက်တွင် ထိပ်၌ သံချွန်ပါသော တုတ်တစ်ချောင်းကို ကိုင်ထားကာ ညစ်ပတ်ပေရေနေသော မြွေရေခွံအိတ်ကြီးကို ကြိုးဖြင့်သိုင်း၍ လွယ်ထားလေသည်။ အခြားလက်တစ်ဖက်ကို အီကြာကွေးတစ်ချောင်းကို ကိုင်ကာ အားရပါးရ စားနေ၏။ ပလတ်စတစ်၊ စက္ကူ စသော အမှိုက်အိုအစများ ကောက်သည့်ကလေးတစ်ယောက် ဖြစ်သည်။ ကောင်လေး မုန့်စားနေသည်ကို ကြည့်၍ ထွေကြီး ဆာလောင်လာသည်။ သူ့အသားများ တဆတ်ဆတ်လှုပ်လာသည်အထိ ဆာလောင်မွတ်သိပ်လျက်ရှိသည်။ အစာဆာလောင်စိတ်ကြောင့် ခေါင်းများ တရိပ်ရိပ် မူးနေ၏။ ထောင်ကို မွတ်သိပ်စွာ တမ်းတစိတ်က ရင်နှင့်အပြည့် ပေါ်လာပြန်သည်။

မနက်စင်စင်လင်းနေပြီဖြစ်၍ ဈေးသွားဈေးလာများ၊ ဆိုက်ကားမြင်းလှည်းများ၊ ခေါင်းရွက်ဈေးသည်များ သွားလာလှုပ်ရှားနေသည်ကို မြင်နေရသည်။ ထွေကြီး ဆာလောင်နေသည်။ ဆာလွန်းလို့ သူ ဒေါသတွေ ထွက်လာသည်။ ပလတ်စတစ်ကောက်သည့်ကောင်လေးသည် အမှိုက်ပုံရှိရာသို့ ထွက်သွားလေသည်။ လက်တစ်ဖက်တွင် အီကြာကွေးကိုကိုင်ရင်း ပလုတ်ပလောင်း စားသောက်နေ၏။ ထွေကြီးသည် ကလေးငယ်ကို မနာလိုဝန်တိုဖြစ်သွားမိလေသည်။ ကောင်လေးသည် အမှိုက်ပုံကို တုတ်တံဖြင့် ထိုးဆွကာ ရှာဖွေလျက်ရှိသည်။ သီချင်းလေး တအေးအေးဖြင့် ....။

ထွေကြီးသည် ကောင်လေးရှိနေသည့်အမှိုက်ပုံဆီကို လိုက်သွားလိုက်သည်။ သူ တစ်စုံတစ်ရာကို ဆုံးဖြတ်လိုက်ပြီး



သူက အနီးပတ်ဝန်းကျင်တွင် ရှာကြည့်လိုက်သည်။ အမှိုက်ပုံဘေးမှ သစ်သားချောင်းတစ်ချောင်းကိုအမြင်တွင် ကောက်ယူလိုက်သည်။ ကောင်လေးရှိရာနေရာသို့ သစ်သားချောင်းကို မြဲမြံစွာကိုင်လျက် လျှောက်သွားလိုက်သည်။ ကောင်လေးက သီချင်းတအေးအေးဖြင့် အမှိုက်ပုံကို ထိုးဆွဆဲ၊



ကောင်လေးအနီးရောက်သည်နှင့် ထွေကြီးက သစ်သားချောင်းကို
လက်နှစ်ဖက်ဖြင့် စုံကိုင်ကာ ကောင်လေးနောက်စေ့ကို ရိုက်ချလိုက်သည်။
ကောင်လေးက ဘာမှပင် သိလိုက်မည်မဟုတ်။ အသံတစ်ချက်မှ
ထွက်လိုက်နိုင်ပဲ အမှိုက်ပုံပေါ် မှောက်လျက်လဲကျသွားသည်။ လဲကျသွားရုံဖြင့်
ပြီးသော သေမှုဖြစ်မည်။ သေမှ သူရည်ရွယ်ချက် အကောင်အထည်ပေါ်လိမ့်မည်။
ထွေကြီးသည် လဲကျနေသော ကောင်လေး၏ဦးခေါင်းကို ဆက်၍ရိုက်နေပါသည်။

www.burmeseclassic.com

ကောင်လေးအနီးရောက်သည်နှင့် ထေ့ကြီးက သစ်သားချောင်းကို လက်နှစ်ဖက်ဖြင့် စုကိုင်ကာ ကောင်လေးနောက်စေ့ကို ရိုက်ချလိုက်သည်။ ကောင်လေးက ဘာမှပင် သိလိုက်မည်မဟုတ်။ အသံတစ်ချက်မှ မထွက်လိုက်နိုင်ပဲ အမှိုက်ပုံပေါ် မှောက်လျက်လဲကျသွားသည်။ လဲကျသွားရုံဖြင့် မပြီးသေး၊ သေမှဖြစ်မည်။ သေမှ သူ့ရည်ရွယ်ချက် အကောင်အထည်ပေါ်လိမ့်မည်။ ထေ့ကြီးသည် လဲကျနေသော ကောင်လေး၏ဦးခေါင်းကို ဆက်၍ ရိုက်လေသည်။

မြင်ကွင်းကို ဆိုက်ကားသမားတစ်ယောက်နှင့် ခေါင်းရွက်သည်တစ်ယောက်က မြင်လိုက်သည်။

"အမလေးတော့ - သတ်နေပြီ - သတ်နေပြီ"

"လာကြပါဦး - ကလေးကို နှိပ်စက်နေတယ်"

ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံသွားလေသည်။ လူတွေ ရုတ်ရုတ်သဲသဲ ပြေးလာကြသည်။ ထေ့ကြီးက လှည့်မကြည့်။

ကောင်လေးကိုငုံ့ကြည့်လိုက်သည်။ ခေါင်းမှသွေးများမှာ မြင်မကောင်းအောင် ထွက်နေသည်။ ကောင်လေးသည် တစ်ချက် ဆတ်ခနဲတွန့်လိုက်ပြီးနောက် လုံးဝငြိမ်ကျသွား၏။ ထေ့ကြီးက လက်ထဲမှ သစ်သားချောင်းကို ရေမြောင်းထဲသို့ လှမ်းပစ်ချလိုက်လေသည်။

ကောင်လေးလက်ထဲက တစ်ဝက်ကျန်သောအိကြာကွေးကိုအလောင်းလက်အား ဖြေ၍ယူလိုက်သည်။ မြေကြီးများပေနေသော အပိုင်းကို ပုဆိုးဖြင့်ပွတ်ကာ အားရပါးရ စားလိုက်သည်။

လူအများက ထေ့ကြီးကို ဝိုင်းကြည့်နေကြသော်လည်း ဝင်မဖမ်းရဲ၊ မလုံးရဲ၊ ထွက်မပြေးနိုင်အောင်သာ ဝိုင်းထားကြသည်။ လူတစ်ယောက်အသက်ကို သွေးအေးအေးသတ်ခဲ့သူကို သူတို့ အကဲခတ်နေကြသည်။



မကြာလှသောအချိန်တွင် ရဲများ ရောက်လာ၏။

"ဟေ့ - မပြေးနဲ့"

မပြေးပါ။ ထေ့ကြီး မပြေးပါ။ ပြေးဖို့ရည်ရွယ်ချက်လည်း မရှိပါ။

ထေ့ကြီးက အနီးရောက်လာသောရဲများကို လက်နှစ်ဖက်စုံယှက်၍ ရှေ့ထိုးပေးလိုက်သည်။ ရဲများက လက်ထိတ်ဖြင့် ခတ်လိုက်လေသည်။ ပြီးနောက် ထေ့ကြီးကို ကြမ်းတမ်းစွာ ဆွဲခေါ်သွားကြသည်။

လက်ထိတ်ခတ်လျက် တန်းလန်းဖြင့် ကြမ်းတမ်းစွာ ဖမ်းချုပ်ခေါ်ဆောင်သွားခြင်းခံရသော ထေ့ကြီး၏နှုတ်ခမ်းများက ပြုံးနေလေသည်။

>>> ဆောင်းလှလင်

စာမူရှင်များသို့
သည်းထိတ်ရင်ဖိုမဂ္ဂဇင်းတွင်
ရွေးချယ်ဖော်ပြခဲ့သော စာမူများ၌ အချို့စာမူရှင်များသည်
ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊
ဆက်သွယ်စုံစမ်း၍မရရှိခြင်း စသည့် အခက်အခဲများရှိပါသဖြင့်
စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ
စာမူခနှင့် လက်ဆောင်စာအုပ် ထုတ်ယူနိုင်ရန်ဆက်သွယ်မှု
ပြုကြပါရန် ပန်ကြားအပ်ပါသည်။
လေးစားစွာဖြင့်
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း

www.burmeseclassic.com

## ဝမ်းနည်းခြင်းမှတ်တမ်း

ပန်းချီအောင်စံမြင့်

ဗိုလ်ကြီးအောင်မြင့် (ငြိမ်း) ပုသိမ်

အသက်(၆၇)နှစ်



ဆရာ ပန်းချီအောင်စံမြင့်သည် ရန်ကုန်မြို့ အမှတ်-၁၀/၄၆၊ ထပ်ကျော် လမ်း၊ ရဲဘော်ပေါင်းရပ်ကွက်၊ အမှတ်(၄)လမ်းမကြီး၊ ရွှေပြည်သာမြို့နယ် နေအိမ်တွင် ၈-၁၀-၂၀၁၃(အင်္ဂါ)နေ့၊ ည(၉း၂၀)နာရီတွင် ကွယ်လွန်အနိစ္စ ရောက်သွားပါသဖြင့် Quality Publishing House စာအုပ်တိုက်မိသားစုနှင့် သည်းထိတ်ရင်ဖိုမဂ္ဂဇင်းအယ်ဒီတာအဖွဲ့မှ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

Quality [illegible]

[illegible]

[illegible]

ဓမ္မရိပ်သာတွင် လိုအပ်နေသော
ဆောက်လုပ်ဆဲဓမ္မာရုံအတွက် အလှူငွေ
ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

မင်္ဂလာဒုံမြို့နယ်၊ အပိုင်(၄)၊ ပေါက်ကုန်းရပ်ကွက်၊ တောအရာမ အတုလဂုဏ်ရည်စာသင်တိုက်၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတွင် (၃၃)ဖုပ၊ (၆၆)ပေအရွယ် နှစ်ထပ်ဓမ္မာရုံ ဆောက်လုပ်လျက် ရှိပါသည်၊ ဓမ္မာရုံ ဆောက်လုပ်ရာတွင် ပါဝင်လှူဒါန်းလိုသော အလှူရှင်များ ထည့်ဝင်လှူဒါန်းနိုင်ရန် နိုးဆော်အပ်ပါသည်၊

တောအရာမ

**အတုလဂုဏ်ရည်စာသင်တိုက်**

**မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ**

အပိုင်(၄)၊ ပေါက်ကုန်းရပ်ကွက်၊
မင်္ဂလာဒုံမြို့နယ်။
ဖုန်း-၀၉ ၄၉၃၀၄၀၇၈

www.burmeseclassic.com